
www.burmeseclassic.com

# ခေတ်ပီဖြ

သန္ဒရှိုက်သံ




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၅ ဧပြီ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ဈေး - ၁၂၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅ ၈၃

ခေတ်ပိုဖြူ
ဆန္ဒရိုက်သံ/ ခေတ်ပိုဖြူ - ရန်ကုန်
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ - စာ ၊ ၁၂·၃ × ၁၈ စင်တီ။
(၁) ဆန္ဒရိုက်သံ


# ခေတ်ပိုဖြူ

# ဆန္ဒရိုက်သံ

(အပြင်းစားအချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

ဘ၀တစ်ခုအဆင်ပြေဖို့
အချစ်တွေ တခမ်းတနား ချပြခဲ့ပြီး
လောကဒဏ်ကို အံတုခဲ့တဲ့ကောင်မလေးတစ်ယောက်
အချစ်စစ်လို့ ရင်ဘတ်က နားလည်လာတဲ့တစ်နေ့မှာ . . .

(Dramar ကောင်းကောင်းကိုမှ ဖတ်ချင်ကြသော
စာဖတ်ပရိသတ်များအတွက်)
ရွေးချယ်သောစာပေဗေါဓိတင်ကလောင်ရှင်

လူငယ်စာရေးဆရာမလေး
ခေတ်ပို့မြို့

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ယမထာ ...ဟဲ့ ယမထာ ...ကောင်မ ခေါ်နေတာ ကြားဘူးလား။ ဒီကောင်မ ဒီလောက်ခေါ်နေတာတောင် မကြားဘူး။ ဘယ်သွားသေနေတာလဲ"

ကျွန်မ ထမင်းအိုးတည်နေစဉ် အိမ်ရှေ့မှ အော်ကြီးဟစ်ကျယ် နေသော အမေ့အသံကြောင့် တည်လက်စ ထမင်းအိုးကိုထားခဲ့ ပြီး အိမ်ရှေ့သို့ ထွက်လာခဲ့ရသည်။ အမေ့အသံကြောင့် ထမင်းအိုး ထားခဲ့လို့လည်း မရပေ။

အမေက ငါးဖိုင်တစ်ခုတွင် ငါးရွေးသည့် အလုပ်လုပ်ကာ အတွက် ဝမ်းစာကို ရှာဖွေသည်။ အလုပ်ကြမ်းလုပ်ရသူမို့ အမေ့



www.burmeseclassic.com

www.burmeseclassic.com



နှပ်ရည်က အသက်ထက်ပိုပြီး အိုစာနေသည်။ လူပေါင်းစုံနှ
ပေါင်းရသူမို့ အပြောအဆိုကလည်း ကြမ်းတမ်းသည်။

သူမတို့ရပ်ကွက်လေးက ရန်ကုန်မြို့၏ဆင်းရဲသားရပ်ကွ
ကလေးတစ်ခုပင်။ မီးရထားလမ်းဘေးတွင် တည်ရှိနေသော ရပ်ကွ
ငယ်လေးမို့ ဆယ့်နှစ်ရာသီလုံးလုံး ရွံ့ဗွက်အမှိုက်သရိုက်များဖြင့် ပေ
ပွကာ နံစော်နေတတ်သည်။

ထူးဆန်းတာက ဒီလိုစုတ်ချာလှသောရပ်ကွက်လေးတွ
လှလာဖြစ်သော သူမ၏ရုပ်ရည်ပင်ဖြစ်သည်။ အသားအရေ ကိုယ်
ကိုယ်ထည် တင်ပါးဖုံးထိ ရှည်လျားသော ဖြောင့်စင်းထူထဲလွန်းသ
ဆံပင်စသည့် သူမ၏အလှတရားတို့က မြင်သူတိုင်း ငေးမောချီးကျ
လောက်အောင် အပျိုဖော်ဝင်စအရွယ်တွင် ထင်ရှားလွန်းလှသည

ရှက်ကြမ်းရေကျိုလောက်သာရှိသော အမေက သူမ
ဖအေတူသမီးဟု ခဏခဏပြောရှာသည်။ အဖေ၏ပုံပန်းသဏ္ဌာန်
တော့ သူမ မမှတ်မိတော့ပါ။ သူမ လေးနှစ်သမီးအရွယ်တွင် ယ
လုပ်ရင်း ဆောက်လက်စတိုက်ပေါ်မှ ပြုတ်ကျကာ သေဆုံးသွာ
သည်။

ထိုအချိန်မှစ၍ အမေသည် ရှာအလုပ်ကြမ်း ဝင်ရောက်
ကိုင်ရတော့သည်။ သူမ အပျိုဖော်ဝင်စအချိန်တွင်လည်း အပြ





သိပ်မထွက်နိုင်းတော့ဘဲ အိမ်တွင်းအောင်းနိုင်းခဲ့သည်။ ဖူးစင်နေအောင် လှလွန်းသော သူမကို ရပ်ကွက်ထဲမှ တေလေဂျပိုးတွေနှင့် ရသွားမည်စိုးသောကြောင့်ဟု ပြောသည်။

"ယမထာ . . . မလာသေးဘူးလား"

"လာပါပြီ အမေရဲ့ . . . ဘာလို့စွတ်အော်နေတာလဲ၊ ထမင်းအိုးတည်နေရင်းမို့လို့ ချက်ချင်းထွက်မလာတာပါ"

အမေက ပါးစပ်ထဲတွင်ဝါးနေသော ကွမ်းတံတွေးကို အပြင်ဘက်သို့ ဖျစ်ခနဲမြည်အောင်ထွေးရင်း . . .

"ထိုင်စမ်းပါဦး ညည်းကလည်း . . . မတ်တတ်ကြီး၊ ငါသားအမိချင်း တိုင်ပင်စရာလေးရှိလို့ပါအေ"

သူမ အမေ့စကားကြောင့် အမေ့ဘေး ဝင်ထိုင်လိုက်သည်။ အမေက သူမလက်အား လှမ်းကိုင်ကာ . . .

"ငါတို့ ငါးဒိုင်မှာ ကုလီထမ်းတဲ့ ကိုသောင်းစိန်ကို ညည်း သိတယ်မလား"

သူမ စဉ်းစားလိုက်ပြီး . . .

"အော် သိပြီ . . . ဟိုတစ်ခါက အမေ့ကို ပိုက်ဆံတစ်သောင်း ချေးတဲ့ဦးလေးမလား၊ အခု ဘာဖြစ်လို့လဲ . . . အဲဒီလူ သေလို့လား"

"ဟဲ့ . . . ဖွ လွဲပါစေဟယ်၊ ညည်းကလေ ပြောလိုက်ရင်



www.burmeseclassic.com

နှုတ်ခေါက်ကြီးပဲ၊ ဘယ့်နှယ့် သေရမှာတုန်းဟဲ့၊ သူက ငါ့ အခုအိမ်ပြန်လာတော့ အတူပြန်လာရင်း ငါ့ကို လက်ထပ်ပါရစေတဲ့ အဲ့ဒါ . . .''

''အာ . . . အမေကလည်း ဒီအသက်အရွယ်ကြီးရောက်မှ ဘာလို့ယောကျ်ားထပ်ယူရမှာလဲ၊ မယူပါနဲ့''

အမေ့ပြောလက်စ,စကားကိုဖြတ်ပြီး သူမ အတင်းကန့်ကွက်ပစ်လိုက်သည်။ ထိုလူကြီးကို သူမ သိသားပဲ အလကားအရက်သမားကြီး။

''ညည်း . . . မသိသေးပါဘူး ယမထာရယ်၊ ကိုသောင်းစိန်က အရက်နည်းနည်းပါးပါး သောက်တတ်တာကလွဲရင် လူကောင်းတစ်ယောက်ပါအေ၊ ခွေမရှိ့ မျိုးမရှိတဲ့ တစ်ကောင်ကြွက်၊ အရက်သောက်တာက ယူပြီးသွားရင် ငါတားပေးပါ့မယ်အေ၊ အခု ငါ့တစ်ယောက်တည်းရဲ့လုပ်စာက ငါတို့သားအမိ လောက်တယ်ဆိုရုံလေး၊ ကိုသောင်းစိန်သာ ငါနဲ့ယူပြီးလို့ရှိရင် သူ့ရှာတဲ့ပိုက်ဆံက အပိုဝင်ငွေလေးဖြစ်တာပေါ့အေ . . . ညည်းအတွက် လိုအပ်တာလေးတွေလည်း ဝယ်လို့ရတာပေါ့''

''အမေက တိုင်ပင်တာမှ မဟုတ်တာပဲ၊ သမီးကို ထောက်ခံနိုင်းနေတာကို''

ငါးတွေထည့်ထားရှိ ညှိစော်နံနေသည့်တောင်းထဲမှ ကွမ်းယာ





ထုပ်ကိုယူပြီး ကွမ်းတစ်ယာကိုထုတ်ကာ ပါးစောင်တွင်ငုံသည်။ ပြီးမှ

''အခုကိစ္စတွေ အကုန်လုံးဟာ ငါ့အတွက်မဟုတ်ဘူး ယမထာ၊ ညည်းက ရုပ်ရည်လေးက လှလှပပဆိုပေမယ့် အဝတ်အစားက ကောင်းကောင်းကန်းကန်း တစ်စုံမှရှိတာမဟုတ်ဘူး။ ငါ့ရှာစာကလည်း ညည်းအတွက် အဝတ်အစားဝယ်ပေးဖို့ လောက်တာမဟုတ်ဘူးလေ''

''အမေရာ . . . သမီးကို ဆွဲဆွဲမထည့်ပါနဲ့၊ အမေယူချင်ရင် ယူချင်တယ်လို့ပြောပါ၊ အမေ အရမ်းသဘောကျနေတယ်ဆိုရင်လည်း သမီးမတားတော့ပါဘူး၊ အမေပျော်တယ်ဆိုရင် သမီးလည်း ပျော်ပါတယ်၊ ဒါပေမဲ့ အဲဒီလူကြီး အရက်တော့ မသောက်နိုင်းနဲ့နော်''

''အေးပါ . . . ငါတားပေးပါ့မယ်၊ ကဲ . . . ကဲ . . . သွားဆမင်းအိုးသွားကြည့်လိုက်ဦး''

သူမစိတ်တို့ လေးပင်နွေးကွေးစွာဖြင့် မီးဖိုခန်းတွင်းသို့ ဝင်ခဲ့သည်။

အင်းလေ . . . အမေ စိတ်ချမ်းသာတယ်ဆိုရင် ပြီးတာပါပဲ။ အမေ့မှာလည်း ဆယ့်လေးနှစ်လုံးလုံး တစ်ယောက်တည်း ရုန်းကန်ခဲ့တာဆိုတော့ အမှီသဟဲလေးလိုချင်ရှာမှာပေါ့။ ဒါကို သူမဘက်က နားလည်ပေးရမည်ပဲလေ။

ထိုနောက်ပိုင်းရက်များတွင်တော့ အမေနှင့်ဦးသောင်းစိန်

www.burmeseclassic.com



ယူလိုက်ကြပြီး သူမတို့အိမ်သို့ ဦးသောင်းစိန်တစ်ယောက် ပြောင်းရွှေ့လာခဲ့တော့သည်။ ဦးသောင်းစိန် ရောက်လာသောရက်များတွင် သူမတစ်ယောက် နေထိုင်ရတာ အရင်လိုမလွတ်လပ်တော့ပေ။ အိမ်ကလည်း ကျဉ်းမြောင်းလွန်းသည့်မို့ မျက်နှာချင်းမဆိုင်ချင်သော်လည်း ရှောင်နေ၍မရ။ အမေက အထိုက်အလျောက် ပြောဆိုဆက်ဆံပါဆိုပေမယ့် သူမကတော့ ထိုလူကြီးကို စကားကောင်းကောင်း ဝင်မပြောရဲပေ။ မတော်တဆပြောမိခဲ့လျှင်တောင်မှ သူမတစ်ကိုယ်လုံးကို စူးရဲစွာစိုက်ကြည့်တတ်သည့် ထိုလူကြီး၏အကြည့်ဒဏ်ကိုမခံနိုင်၍ ပြောလက်စ,စကားများ လည်ချောင်းထဲတွင် တစ်စို့ပျောက်၄ကျန်တော့သည်။

ဦးသောင်းစိန် သူမတို့အိမ်သို့ ရောက်စ,ရက်များတွင်တော့ သူ့ရှာလို့ရသမျှ ပိုက်ဆံကို သူသောက်ရန်အတွက် အရက်ဖိုးနည်းနည်းသာယူကာ ကျန်ဟာအားလုံးကို အမေ့ထံအပ်သည်။ အမေ ပျော်နေသောမျက်နှာကို မြင်ရတော့ သူမလည်း အမေ့အတွက် ပျော်ရွှင်ရတော့သည်။

လက်ထဲတွင် အိပ်ဝင်ငွေလေးရှိနေတော့ အဝတ်အစားသုံးလေးစုံသာရှိသော သူမအတွက် အလတ်စားပိတ်စလေးတွေ လေး... ထည်ဝယ်ပေးကာ သူမတို့ရပ်ကွက်နှင့် အတော်အတန်ဝေးသော ရပ်ကွက်ထဲတွင်ရှိသည့် အပ်ချုပ်ဆိုင်ကောင်းကောင်းလေးတွင် လို...





အပ်ပေးသည်။

အထည်တွေအပ်ပြီး နှစ်ပတ်လောက်ကြာတော့ အပ်ထည်ပြွေ သွားယူရန်အတွက် သူမ ညနေစောစော ရေချိုးလိုက်သည်။ ရေချိုးပြီး သနပ်ခါးရေကျဲလေးလူးကာ ပါးကွက်ပါးပါးလေးကွက်လိုက်သည်။ ဆံပင်လေးကိုတော့ ဒီအတိုင်းပဲ ဖားရားချထားလိုက်ပြီး လိမ္မော်နုရောင် ခပ်ခပ်နွမ်းနွမ်းဝမ်းဆက်လေးကို ဝတ်ဆင်ပြီးချိန်မှာတော့ သူမဟာ ဘာမှမပြင်ဆင်လိုက်ရဘဲ အလိုအလျောက်လှပသော မင်းသမီးလေးတစ်ပါးလို ဖြစ်သွားခဲ့ရပါပြီ။

ထိုနေ့သည် သူမအတွက် အိပ်မက်တစ်ခုထဲသို့ ဝင်ရောက်ရန် အစပြုသောနေ့တစ်နေ့ဆိုတာ သူမ အမှန်တကယ်ပင် မသိခဲ့ရိုး အမှန်ပါ။ အင်္ကျီရွေးရန်အတွက် ပိုက်ဆံယူပြီး အိမ်ပေါ်မှအဆင်းတွင် အပြင်ကပြန်လာသော ဦးသောင်းခိန်နှင့် တိုးတော့သည်။

ဦးသောင်းစိန်က သူမကိုယ် စူးစိုက်ကြည့်လျက် . . .

"လှလို့ပလို့ပါလား . . . ဘယ်သွားမလို့လဲ ကောင်မလေး"

စူးရဲလွန်းသောအကြည့်တွေကြောင့် သူမအသံ တုန်တုန်ယင်ယင်နှင့် . . .

"အင်္ကျီသွားယူမလို့ ဦးလေး . . . အမေရော . . ."

"နောက်က ပါလာပါတယ်ကွာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို သိမ်းသွားတော့မယ် . . . ထမင်းစားချင်ရင် စားလို့ရပြီနော်၊ ဟင်းတွေက အကုန်နွှးခပ်ပြီးသား။ သိမ်းတော့ ပြန်လာမှစားတော့မယ်"

သူမ ပြောပြီးထွက်လာခဲ့တော့သည်။

အပ်ထည်တွေရွေးပြီး အပြန်လမ်းလျှောက်ရင်း ဟိုငေးဒီငေးဖြင့် ပြန်လာခဲ့သည်။ လမ်းကြားလေးတစ်ခုနားအရောက် လမ်းတွင်းမှ အရှိန်နှင့်မောင်းထွက်လာသော ကားတစ်စီးကြောင့် အလန့်တကြားဖြင့် ခုန်ရှောင်လိုက်မိသော သူမမှာ ကားမတိုက်မိဘဲ လမ်းဘေးအစပ်ရှိ ကျောက်စရစ်ခဲ သေးသေးလေးတွေကို နင်းမိပြီး လျှောခနဲဖြစ်သွားရကာ ဗိုင်းခနဲလဲကျတော့သည်။

လဲကျသည့်အရှိန်ကမသေးတော့ လက်ထဲမှအထုပ်တွေကလည်း တစ်နေရာဆီလွင့်ကျလျက်။ ထိုစဉ် ကားက ရပ်သွားပြီး ကားတံခါးဖွင့်ကာ ဆင်းလာခဲ့သူက သူမတို့အရွယ်ကောင်လေးတစ်ယောက်၊ မချောပေမယ့် ခေတ်ရေစီးပြေးလွန်းသည့်ဒီဇိုင်းမျိုးနှင့် ခပ်မိုက်မိုက်ပုံစံ။ ထိုကောင်လေးက သူမဘေး ဒူးထောက်ထိုင်ချကာ . . .

"ဘာဖြစ်သွားသေးလဲ . . . sorry ပါဗျာ၊ ကျွန်တော် သူငယ်ချင်းတွေနဲ့စိတ်ဆိုးပြီး ပြန်လာတာမို့ပါ၊ စိတ်အရမ်းဆိုးနေတော့ ကားကို အရှိန်ပြင်းပြင်းနဲ့ သတိလက်လွှတ်မောင်းမိသွားတာ၊ ဒီက





တော်တော်လန့်သွားတယ် ထင်တယ်နော်"

"ဟုတ်ကဲ့ . . . ရုတ်တရက် ဆိုတော့လေ၊ ဒါပေမဲ့ . . . ရပါတယ် ချော်လဲရုံလဲတာပါ၊ ကားနဲ့လည်း တိုက်မိတာမှမဟုတ်ဘဲ"

ပြောရင်း အထုပ်တွေကောက်ကာ သူမ ထရပ်လိုက်စဉ် ခြေထောက်မှ ဆစ်ခနဲနာကျင်သွားရကာ လူကပါ ယိုင်သွားတာမို့ ကောင်လေးက လှမ်းထိန်းလိုက်ရင်း . . .

"ဖြစ်ရဲ့လားဗျာ . . . ဘယ်သွားမလို့လဲ . . . ကျွန်တော်လိုက်ပို့ပေးမယ်လေ၊ ဟို ကျွန်တော် အခွင့်အရေးယူတာ မဟုတ်ဘူးနော်၊ ဒီက ခြေထောက်နာနေတယ်ထင်လို့ပါ"

"ခြေထောက်ကတော့ တကယ်နာနေတယ်"

သူမ ခြေထောက် တကယ်နာနေတာမို့ ဟန်မဆောင်ဘဲ ပြောလိုက်မိသည်။

"ခြေထောက်နာနေရင် ကျွန်တော် လိုက်ပို့ပေးမှာပေါ့"

"ဟို . . . နေပါစေ နာတော့နာပေမယ့် ထောက်မရအောင် တာတော့မဟုတ်ပါဘူး၊ ရပါတယ် တော့ဘာသာ ခပ်ဖြည်းဖြည်း မ်းလျှောက်သွားလိုက်ပါ့မယ်"

သူက ပြုံးရင်း . . .

"ကျွန်တော့်နာမည်က ဆန္ဒသွေးပါ၊ E major second



www.burmeseclassic.com

www.burmeseclassic.com



year အား ဒီကနာမည်ကရော ပြောဦးလေ၊ ဘာ major လဲ"

သူပြောသည့် majar ဆိုတာရော second year ဆိုတာတွေကိုရော သူမ သိလည်းမသိ နားလည်းမလည်ပါ။ မသိဆို သူမက လေးတန်းနှင့်ကျောင်းထွက်ခဲ့ရသူကိုး။ အခုတော့ သူ့မေးခွန်းကို ဘယ်လိုပြန်ဖြေရမယ်မှန်း မသိချေ။

"ထော့နာမည်က ယမထာပါ"

"ယမထာ ဟုတ်လား။ နာမည်က မှတ်လှချေလား။ အတန်းကရော . . ."

"ဟို . . . ဟိုလေ . . . ထာ . . . ထာက . . . ဆယ်တန်း . . . ဆယ်တန်း မအောင်သေးဘူးရှင့်"

အထစ်ထစ်အငေါ့ငေါ့နှင့် ဖြေသောသူမအပြောကြောင့် . . .

"ဟာ . . . sorry ဗျာ"

တောင်းပန်နေသော သူ့ကိုကြည့်ပြီး သူမ ရယ်ချင်သွားသည်။

"ရပါတယ် ဆန္ဒရယ်၊ ထာက ဉာဏ်သိပ်မကောင်းဘူးလေ၊ အဲဒါကြောင့် မအောင်တာပါ"

"ကြိုးစားပေါ့ဗျာ၊ ဒါနဲ့ ဒီနှစ်ရော ပြန်ဖြေမှာလား"

သူ့အမေးကြောင့် ရယ်ချင်စိတ်ကို မြိုသိပ်ကာ ခပ်တည်တည်နှင့် ဖြေလိုက်သည်။





"အိမ်က စီးပွားရေး သိပ်အဆင်မပြေလို့ မဖြေတော့ပါဘူး"

"ဪ . . . ကျွန်တော်တော့ ယောက်ျားကြီးတန်မဲ့ စပ်စုမိတာလွန်သွားပြီ ထင်တယ်နော်"

"ရပါတယ်ရှင်"

"ဒါနဲ့ ထာက အသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်ပါ"

"ဪ . . . ကျွန်တော်နဲ့ မတိမ်းမယိမ်းပေါ့၊ အခု အိမ်ပြန်မှာလား၊ ဘယ်မှာနေတာလဲ"

"ဟိုး ရှေ့ကရပ်ကွက်မှာနေတာလေ၊ အကျီချုပ်ပြီးသားတွေ သာရွေးတာ၊ သွားတော့မယ်နော်"

နာနေသောခြေထောက်ကို ညှာပြီး ခပ်ဖြေးဖြေးလေး လျှောက်ကာ သူ့ရှေ့မှ ထွက်လာခဲ့သည်။

"ထာ . . . ကျွန်တော် ထာ့ကို နောက်ထပ်တွေ့ချင်ရင် ဘယ်နေရာလိုက်ရှာရမလဲဟင်"

"ဟို . . . ထာက အပြင်သိပ်မထွက်ဘူးရှင့်"

"ဒါဆို အိမ်လိပ်စာပြောလေ၊ ကျွန်တော် အိမ်လာလည်မှာပေါ့"

သူ့စကားကြောင့် သူမ မျက်ဝန်းလေး ဝိုင်းစက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကိုလာလည်မယ်ဟုတ်လား။ ဟို ထာတို့ အရမ်းဆင်းရဲတာ၊ ရှင် ထာတို့အိမ် လာလည်ချင်မှာမဟုတ်ပါဘူး။ ထာတို့အိမ်က ပိစိကွေးလေးရယ်"

"ဟာ ... ထာကလည်းဗျာ၊ ခင်မင်မှုမှာ ဆင်းရဲတာတွေ ချမ်းသာတာတွေ မရှိပါဘူး။ ဆင်းရဲတော့ရော ဘာဖြစ်လဲ၊ ကျွန်တော်ကတော့ လာလည်မှာပဲ၊ ထာက ကျွန်တော်ကို မခင်ဘူးထင်တယ်"

သူ့ကို သူမကလည်း ခင်မင်နေမိပြီမို့ ...

"ထာတို့က ဟိုနားက မီးရထားလမ်းဘေးက ရပ်ကွက်လေးထဲမှာ နေတာပါ။ ယမထာတို့အိမ်လို့ မေးလိုက်ရင် လူတိုင်းသိပါတယ်၊ ကဲ ... ထာထွက်လာတာလည်း တော်တော်လေးကို ကြာနေပြီဆိုတော့ သွားတော့မယ်နော်"

"ကျွန်တော် တကယ်လာလည်မှာနော်"

သူ့စကားကြောင့် သူမ ပြုံးပြီး ခေါင်းညိတ်ပြလိုက်မိသည်။

အိမ်ကိုပြန်လာသည့် လမ်းတစ်လျှောက်လုံးတွင်လည်း သူ့မျက်နှာသာ မြင့်ယောင်နေမိသည်။ အိမ်ရောက်တော့ အမေက ...

"ညည်းကလည်း ကြာလိုက်တာအေ ... အင်္ကျီသွားယူတာ ဒီလောက်တောင်ကြာရသလား၊ ငါတောင် နောက်ကလိုက်လာမယ်





သုပ်နေတာ"

ရေတစ်ခွက် အမြန်ခပ်သောက်လိုက်ပြီး ...

"သမီး အင်္ကျီတွေယူပြီး ပြန်လာတော့ ကားတစ်စီးက လမ်းကြားထဲက အရှိန်နဲ့မောင်းထွက်လာလို့ တိုက်မိမလိုဖြစ်သွားတယ် အမေ၊ တိုက်တော့မတိုက်မိပေမယ့် ကျောက်စရစ်ခဲလေးတွေကြောင့် ချော်လဲတာ ခြေထောက်က နည်းနည်းနာသွားတယ်"

"ကားမောင်းတဲ့လူက ညည်းကို ဘာမှမလုပ်ပေးဘူးလား"

သူမ စကားမဆုံးသေးဘဲ အမေက ဖြတ်မေးသည်။

"ကားပိုင်ရှင်ကိုယ်တိုင်က ဆင်းပြီးတောင်းပန်တာပါ အမေရဲ့ မောင်းတာကလည်း သူကိုယ်တိုင်ပဲလေ"

"ဟဲ့ ... ကားပိုင်ရှင်က ယောကျ်ားလား မိန်းမလား။ ညည်း ဆေးဖိုးလေး ဘာလေး မတောင်းလိုက်ဘူးလား"

အမေ့ရဲ့ လောဘတက်သောစကားများကြောင့် သူမ စိတ်ညစ်သွားရသည်။

"အမေကလည်းလေ ... ဆေးဖိုးတောင်းရအောင် ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်တဲ့ဟာကို၊ ပြီးတော့ သူ့ကားနဲ့တိုက်မိတာလည်း မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ် လန့်ပြီးချော်လဲတာ၊ နောက်ပြီး ကားမောင်းတဲ့ကောင်လေးကလည်း သမီးနဲ့ ရွယ်တူလောက်ပဲရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ရှက်စရာတောင်ကောင်းသေးတယ်''

''ဘယ်လို ... ဘယ်လို ... ကားပိုင်ရှင်ကောင်လေးက ညည်းလောက်ပဲရှိတယ်ဟုတ်လား''

''ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ''

အမေ့စကားကို နားမလည်သလို ပြန်မေးလိုက်ရသည်။

''ညည်းတော့ ကံကောင်းတော့မယ်ထင်တယ် ယမထာ ကောင်လေးက ညည်းလိုချောချောလေးကို စိတ်တော့ဝင်စားသွားရ မယ်ဆိုတာ ငါ ရဲရဲကြီးလောင်းလိုက်ချင်တယ်အေ''

''အာ ... အမေကလည်း ... ဒါနဲ့ အမေ့ယောက်ျားကြီး ရော''

သူမက အိမ်ထဲငေ့ဲကြည့်ရင်း မေးလိုက်သည်။

အမေက ကွမ်းတဗျစ်ဗျစ်ဝါးရင်း ...

''အရက်ဆိုင်ပေါ့အေ၊ အလုပ်ကလည်း သူ့ငွေးနဲ့ ဘာဖြ သနာဖြစ်တယ်မသိဘူး။ အလုပ်ပြုတ်လာတယ်လို့ ပြောတာပဲ၊ ငါ့မှာ လည်း ပိုက်ဆံလေးလက်ထဲ အဆင်ပြေမလားမှတ်တယ် စိတ်ညစ် ပါတယ်အေ ...''

အင်း ... အမေတော့ အလုပ်လေးအဆင်ပြေလို့ ပိုက်ဆံ လေးတွေများ အပိုသုံးလို့မှမဝသေး ဟိုလူကြီးက အလုပ်ပြုတ်လာပြန်





တဲ့။ အမေတော့ ဒုက္ခရောက်တော့မှာပါပဲ။

''အခုတလော ... အဲဒီလူကြီး အရက်တွေပိုသောက်လာ တယ်၊ အမေ သူ့ရှိရင် သမီးအိမ်မှာနေရတာ မလွတ်လပ်ဘူး''

''အိုအေ ... ညည်းကလည်းတစ်မျိုး၊ မလွတ်လပ်ဘူးပြောရ အောင် သူက ညည်းကိုဘာလုပ်နေလို့တုန်း။ ကိုသောင်းစိန်က အရက် သာသောက်တာ တခြားစိတ်တွေတော့ မရှိပါဘူးအေ၊ ညည်း အစိုးရိမ် လွန်နေတာပါ''

ယောက်ျားကို ယုံကြည်နေသောအမေ့ကို သူမ ဘာမှထပ် မပြောချင်တော့ဘဲ လက်မြှောက်အရှုံးပေးထားလိုက်တော့သည်။ ကိုယ် ထင်ရင် ခုတင်ရွှေနန်းပဲ မဟုတ်ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

အချစ်နဲ့ စတွေ့တုန်းကတော့
နှလုံးသားက မငုံ့မရဲနဲ့ပါ။
ဆိတ်ငြိမ်လွန်းတဲ့ ချစ်ခြင်းရဲ့အသံကို
နှလုံးသားနဲ့ ခံစားနိုင်တဲ့တစ်နေ့မှာ
အတွက်ကင်းတဲ့ ချစ်ခြင်းဥယျာဉ်ထဲမှာ
အလှဆုံးပန်းလေးတစ်ပွင့်အဖြစ်
ဖန်ဆင်းခွင့်ရချင်မိတယ် လောကရယ် . . .

# အခန်း (၂)

သူမ အိမ်နောက်ဖေးတွင် အဝတ်လျှော်နေစဉ် အိမ်ရှေ့ဆီမှ ကားရပ်သံ ကြားလိုက်ရသည်။

ထိုစဉ် နေသိပ်မကောင်း၍ အလုပ်မသွားသော အမေက ထမင်းအိုးတည်နေရာမှ လှမ်းအော်သည်။

"ယမထာ . . . ငါတို့အိမ်ရှေ့မှာ ကားရပ်သံကြားတယ်၊ ထွက်ကြည့်လိုက်ဦး"

အမေ့ကို ခေါင်းညိတ်ပြရင်း အိမ်ရှေ့သို့ ထွက်လာခဲ့လိုက်သည်။ ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်နှင့် ကားပေါ်မှ ဆင်းလာသော သူ့ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ဆန္ဒပါလား"

"တော့ဆီ လာလည်တာလေ၊ ခြေထောက်က သက်သာရဲ့လား"

သူက အိမ်တံစက်မြိတ်နားသို့ရောက်အောင် လျှောက်လာရင်း ခပ်ပြုံးပြုံးအမူအရာနှင့် မေးလာခဲ့သည်။

"သက်သာပါတယ်၊ ဘာမှ သိပ်မဖြစ်တဲ့ဟာကို"

ဒီလို စုတ်ပြတ်သပ်နေသော ရပ်ကွက်ထဲကို ကားအကောင်းစားကြီးနှင့်ပင် လာသော သူ့ကို ပတ်ဝန်းကျင်မှ မသိမသာတစ်မျိုး ပေါ်တင်တစ်မျိုးဖြင့် လှမ်းစပ်စုနေကြသည်။ တစ်အိမ်နှင့်တစ်အိမ်လည်း လက်ဟန်ခြေဟန်များဖြင့် ပြောကြဆိုကြသေးသည်။ ရပ်ကွက်ထဲရှိ ကလေးငယ်များကလည်း သူတို့၏ဘဝတွင် တစ်ခါမှ ထိတွေ့မကိုင်တွယ်ဖူးသော ကားကြီးကို ပွတ်သပ်ကာ ကိုင်ကြည့်နေကြသည်။

သူမမှာတော့ အရမ်းကို အားနာနေကာ သူ့အား အိမ်ထဲသို့ ခေါ်လိုက်ပြီး . . .

"အားနာလိုက်တာ ဆန္ဒရယ်၊ လာ . . . လာ . . . ဒီဖျာလေးမှာ ထိုင်နော်၊ အိမ်က အရမ်းကျဉ်းတော့ အားနာတာပါပဲ"

"ရပါတယ်ဗျာ၊ ရော့ . . . ဒါ ကျွန်တော့်လက်ဆောင် ထောင်မိသားစုအတွက် ဝယ်လာတာ"





သူက သူလက်ထဲမှကိုင်ထားသောပစ္စည်းအိတ်တွေကို သူမထံ ကမ်းပေးရင်း ပြောသည်။

"ဘာလို့ဝယ်လာရတာလဲ ဆန္ဒရယ်၊ ထောတို့နှစ်ယောက်ရဲ့ ခင်မင်မှုမှာ ဒီလိုလက်ဆောင်ပစ္စည်းတွေ မလိုပါဘူး"

ထိုစဉ် အမေက အိမ်နောက်ဖေးမှ ထွက်လာသည်။

"ဆန္ဒ . . . ဒါ ထော့အမေလေ၊ အမေ . . . သူက ထောမနေ့က ပြောပြထားတဲ့ သူငယ်ချင်း ဆန္ဒသွေးတဲ့"

"ဪ . . . အေး . . . အေးပါကွယ်၊ သမီးသူငယ်ချင်းဆိုတော့ အဒေါ့်သားပဲပေါ့ကွယ်၊ နောက်လည်း လာလည်နော် သား၊ သမီးကတော့ ပြောပါတယ် . . . မနေ့က ကားတစ်စီးနဲ့ တိုက်မိမလိုဖြစ်တယ်တဲ့"

"ဟုတ်ပါတယ် အဒေါ် . . . အဲဒါ ကျွန်တော် မောင်းလာတဲ့ကားပါ"

"အေး . . . အေး . . . အေး . . . ကဲ စကားပြောကြဦးကွယ်၊ အဒေါ် ထမင်းအိုးတန်းလန်းကြီးနဲ့မို့လို့လေ"

သူက ခေါင်းတညိတ်ညိတ်နှင့် . . .

"ရပါတယ် အဒေါ် . . . လုပ်စရာရှိတာ သွားလုပ်ပါ ကျွန်တော့်ကို အားမနာပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဘေးပတ်ဝန်းကျင်နှင့် သူမတို့အိမ်ကို သူအကဲခတ်နေပုံရသည်။ သူ့ပုံစံကိုကြည့်ရတာလည်း ဒီလိုနေရာကို အခုမှ ရောက်ဖူးပုံရသည်။

အင်းပေါ့လေ ... ရွှေဘုံပေါ်မှာ ကြီးပြင်းလာခဲ့ပုံရသော သူ့လိုလူမျိုးက ဒီလိုရပ်ကွက်မျိုးကို ဝတ္ထုတွေထဲမှာ ဖတ်ဖူးရုံကလွဲလို့ ဘယ်ရောက်ဖူးပါ့မလဲ။

သူပြန်သွားတော့မှ အမေက အိမ်ရှေ့ပြန်ထွက်လာပြီး ...

"ဟဲ့ ... ကောင်လေးက ချောချောလေးပဲ၊ ညည်းကိုတော့ ရပ်ကွက်ထဲက ကောင်မတွေ အားကျနေကြပြီသိလား၊ ဟယ် ... ဒီဟာတွေက ငါတို့ကို ပေးသွားတာလား၊ အများကြီးပါလား၊ ဟီး ... ဟီး ... ပျော်စရာကြီးတော်၊ ညည်းသာ ဒီလိုကောင်လေးနဲ့ ရသွားရင်တော့ ငါသေပျော်ပါပြီအေ"

"အာ ... အမေကလည်း သမီးတို့က ရိုးရိုးသားသားခင်တာပါ"

"အိုအေ ... ကောင်လေးဘက်ကသာ မရိုးသားရင် ညည်းဘက်ကလည်း ရိုးသားလို့မရပါဘူးအေ"

သူမကတော့ သက်ပြင်းလေးကိုသာ မရဲတရဲချမိလိုက်တော့သည်။ သူကရော သူမတို့၏အခြေအနေကို လက်ခံနိုင်ပါမည်လား





အမေကတော့ လက်ဆောင်ရသောပစ္စည်းတွေကို တစ်ခုချင်းထုတ်ကြည့်နေသည်။ ကွက်ကီးမုန့်တွေ၊ အိုဗာတင်းတွေ၊ ကိတ်မုန့်ဘူးတွေကိုကြည့်ရင်း အလွန်ပျော်ရွှင်နေပုံရသည်။ သူမတို့ဘဝတွင် ဒီလိုစားစရာမျိုးတွေကို အမေ့ညီမဒေါ်လေးနှင်းက တစ်ခါတလေ ဝယ်ပေး၍ စားရသည်မှလွဲလျှင် ဝယ်မစားနိုင်ချေ။ ဒေါ်လေးနှင်းကိုယ်တိုင်ကလည်း သိပ်အချမ်းသာကြီးမဟုတ်ဘဲ ရှရစားစားထဲကပဲမို့ အမြဲတမ်း ဝယ်မပေးနိုင်ခဲ့ပေ။ သူမတို့ထက်တော့ အဆင်ပြေသည့် ဒေါ်လေးနှင်းက သူမတို့နှင့် သုံးအိမ်ကျော်တွင် မိသားစုနှင့်အတူနေထိုင်သည်။

❋

သူမတို့အိမ်သို့ သူလာလည်ပြီး တစ်ပတ်တိတိပြည့်သောနေ့တွင် သူ ထပ်ရောက်လာခဲ့သည်။ သူ့ကိုမြင်လိုက်ရတော့ သူမ အတော်ပင် ဝမ်းသာသွားခဲ့သည်။

"ဆန္ဒ ... လာလည်တာလား၊ လာလေ အိမ်ပေါ်ကို"

"မတတ်တော့ဘူး ... ထာ့ကို လာခေါ်တာ၊ အအေးသွားသောက်ရအောင်လေ"

"ဆန္ဒ ဘာနဲ့လာတာလဲ၊ ကားမပါဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူက အိမ်ရှေ့တွင် ခင်းထားသော အုတ်ခဲကျိုးပေါ်တွင် ရပ်နေတာမို့ မေးလိုက်ခြင်းဖြစ်သည်။ မနေ့က တစ်ရက်လုံး မိုးသည်းခဲ့တာမို့ ရပ်ကွက်တစ်ခုလုံး ရွှံ့ဗွက်တွေဖြင့် ပြည့်နှက်နေသည်။

''ဗွက်တွေနဲ့ဆိုတော့ ကားက ဒီအထိ ဝင်လို့မရဘူးလေ၊ လမ်းထိပ်မှာပဲရပ်ထားခဲ့တယ် ... ထာ လိုက်မယ်မလားဟင်''

''ဟို လိုက်တော့လိုက်ချင်ပါတယ်၊ ဒါပေမဲ့ ... အိမ်မှာက ဘယ်သူမှမရှိကြဘူး၊ ခဏနော် ... ဘေးအိမ်ကို ပြောခဲ့လိုက်မယ်''

သူမ ဘေးအိမ်သို့သွားလိုက်ကာ ...

''အရီးမြရေ ... အရီးမြ ...''

''ဟေ ... ဘာလဲ၊ ယမထာ ပြော''

တစ်ဖက်အိမ်မှ အဒေါ်ကြီးတစ်ယောက် ထွက်လာပြီး မေးတာမို့ ...

''အရီးမြ ... သမီး သူငယ်ချင်းနဲ့အအေးဆိုင်သွားမလို့ အိမ်ကို အမေတို့ မလာခင်လေးအထိ ခဏလောက်ကြည့်ထားပေးပါနော်''

''အေး ... အေး ... ငါကြည့်ထားလိုက်မယ်၊ မိထာရယ် ငါတော့ ညည်းကို အားကျလိုက်တာ''

အရီးမြစကားအား သူမ မကြားချင်ယောင်ဆောင်လိုက်ပြီး

''ကဲ ဆန္ဒ ခဏနော်၊ ထာ အဝတ်အစားလဲလိုက်ဦးမယ်''





''သွားလဲလိုက်လေ၊ ကျွန်တော် ကားထဲကပဲ သွားစောင့်လိုက်မယ်''

သူမ ခေါင်းညိတ်ပြလိုက်ပြီး အိမ်ပေါ်တက်လာခဲ့လိုက်သည်။ အစိမ်းနုရောင်ချည်ထည် လည်ထောင်အင်္ကျီလက်တိုလေးကို အနက်ရောင်တွင် အစိမ်းနုရောင်စပေါ့လေးတွေပါသော ထမီလေးနှင့်တွဲဝတ်လိုက်ကာ ဆံပင်တွေကို အပြောင်သိမ်းပြီး စုချည်လိုက်သည်။ မျက်နှာလေးကိုတော့ ဘာမှလိမ်းမနေတော့ဘဲ ဒီအတိုင်းလေးပဲ ထွက်လာခဲ့လိုက်တော့သည်။

သူ့ကားနားရောက်တော့ သူက ကားတံခါးကို အဆင်သင့်ဖွင့်ပေးရင်း ...

''အရမ်းလှတာပဲ ထားရယ်''

''မမြှောက်ပါနဲ့ရှင်၊ ထာ ဘာမှမလိမ်းလာပါဘူး''

''ဘာမှမလိမ်းတာတောင် ဒီလောက်လှရင် လိမ်းများ လိမ်းလိုက်ရင် ဘယ်လောက်တောင်များ လှသွားမလဲမသိဘူးကွာ၊ ထာက လေ ကျွန်တော့်အတွက်တော့ နတ်သမီးတစ်ပါးလိုပဲ''

''ဟွန်း ... တော်တော် အပြောကောင်း''

သူမက ချစ်စရာမျက်စောင်းလေးထိုးရင်း ပြောလိုက်သည်။ သူက သူမကို မကြာခဏဆိုသလိုပင် လာခေါ်ကာ ဆိုင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုခုတွင် အစားအသောက်တစ်ခုကို ဝယ်ကျွေးတတ်သည်။ သူနှင့်ခင်မင်မှု သက်တမ်းကြာရှည်လာခဲ့သည်နှင့်အမျှ သူ ခေါ်ကျွေးမွေးတတ်သည့်ဆိုင်များတွင် အဆင့်အတန်းရှိရှိ စားသောက်တတ်နေပြီဖြစ်သည်။ ဖွန်း၊ ခက်ရင်း၊ တူ၊ ဓား စသည့်ပစ္စည်းများကိုလည်း စနစ်တကျ ကိုင်တွယ်ကာ စားသုံးတတ်နေခဲ့ပြီ။

တစ်ရက်တော့ သူနှင့်အတူတူ ညနေစာ အတူတူစားရင်း သူက သူမကို ရီဝေစွာ စိုက်ကြည့်လာခဲ့သည်။

"စားလေ ဆန္ဒ . . . ဘာကြည့်နေတာလဲ"

"ထာ . . . ထာ့ကို ကျွန်တော် ပြောစရာတွေ ရှိတယ်၊ ကျွန်တော်ပြောလိုက်ရင် ထာ ကျွန်တော့်ကို စိတ်ဆိုးသွားမှာလည်း စိုးရိမ်နေတယ်၊ ထာ စိတ်ဆိုးသွားရင် အခုလိုမျိုး ထမင်းအတူစားခွင့် အတူလျှောက်လည်ခွင့်တွေ နောက်ထပ် မရတော့မှာကိုလည်း စိုးရိမ်နေတယ်"

"ဒီလောက် စကားတွေ ပလ္လင်ခံနေရအောင် ဘာစကားမို့လို့လဲ၊ ကဲ . . . ပြောပါဦး"

သူမက မျက်လုံးလေးကို ထောင့်ကပ်ရင်း မေးလိုက်သည်။

"ကျွန်တော်လေ . . . ထာ့ကို အရမ်းချစ်တာပဲ"

"ရှင်"





ရုတ်တရက်ကြီး ပြောချလာသော သူ့စကားကြောင့် သူမ အံ့ဩလန့်ဖျပ်သွားရသည်။ သူကတော့ တုန်တုန်ယင်ယင်ဖြစ်နေသော သူမ၏လက်ကလေးကို တယုတယ ကိုင်ပြီး . . .

"ကျွန်တော် တကယ်ပြောတာပါ ထာရယ်၊ ကျွန်တော် ထာ့ကို အပျော်ရည်ရွယ်တာ မဟုတ်ပါဘူး၊ တကယ် လက်ထပ်ဖို့ [illegible] ရည်ရွယ်ထားတာပါ၊ ထာရော . ထာ ကျွန်တော့်ကို ချစ်ရဲ့လား"

သူ ဆုပ်ကိုင်ထားသော သူမ၏လက်ကလေးကို အသာရုန်းထွက်ရင်း . . .

"မဖြစ်နိုင်ပါဘူး ဆန္ဒရယ်"

"ဟာ . . . ဘာလို့ မဖြစ်နိုင်ရမှာလဲကွာ၊ ကျွန်တော်က ထာ့ကို အတည်ချစ်တာပါ"

"တကယ်ကို မဖြစ်နိုင်ပါဘူးဆို"

"ထာကလည်း မဖြစ်နိုင်ဘူးဆိုတာ မချစ်နိုင်ဘူးလို့ ပြောတာ [illegible] မဟုတ်တာ၊ ထာသာ ကျွန်တော့်ကို ရဲရဲကြီးသာ ပြန်ချစ်လိုက်[illegible]ရာရာအားလုံး သူ့အလိုလို ဖြစ်နိုင်သွားလိမ့်မယ်"

သူ့စကားဆုံးတော့မှ သက်ပြင်းရှည်ကြီးတစ်ခုကို သူမ [illegible]လိုက်မိတော့သည်။

"ထာတို့အခြေအနေကို ဆန္ဒအသိဆုံးပါ၊ ဆန္ဒတို့ဘဝနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထာတို့ဘဝက မိုးနဲ့မြေလို ကွာခြားလွန်းပါတယ်၊ ဆန္ဒတို့ဘက်က ထာကို လက်ခံနိုင်မှာ မဟုတ်ပါဘူး''

''အဲဒီအတွက်ဆိုရင်တော့ စိတ်မပူပါနဲ့တော့ ထာရယ်၊ ကျွန်တော့်မိဘတွေက ကျွန်တော့်ဆန္ဒတစ်ခုတည်းကိုပဲ ရှေ့တန်းတင်တာပါ၊ ကျွန်တော် ရင်ဆိုင်မှာပါ၊ အခု ကျွန်တော် သိချင်တာက ထာရဲ့အဖြေပဲ''

အဖြေကို ဖွတ်အတင်းပဲ တောင်းနေသော သူ့ကို သူမ သနားလည်း သနား၊ ရယ်လည်း ရယ်ချင်လာခဲ့သည်။ သူ့ကိုထပ်ပြီး မညှဉ်းဆဲချင်တော့တာမို့ ...

“ကဲပါ ဆန္ဒရယ် ... ထာလည်း ဆန္ဒကို အရမ်းချစ်ပါတယ်”

“ထာ ... ထာ တကယ်ပြောတာနော်၊ ပျော်လိုက်တာကွာ”

သူက လက်သီးလက်မောင်းတန်းပြီး ထအော်တာမို့ ဆိုင်တွင်းရှိလူများက သူ့ကို ဝိုင်းကြည့်နေကြသည်။

ဒီလိုနှင့် သူမတို့နှစ်ယောက်၏ချစ်သူဘဝဟာ ပျော်ရွှင်စရာတွေနှင့်အတိ ပြီးနေတော့သည်။ တစ်ရက်တော့ သူက သူမတို့အိမ် ရောက်လာပြီး စက္ကူဗူးကြီးတစ်ဗူး ကမ်းပေးကာ ...

''ဒီနေ့ညကျရင် ကိုယ်တို့အိမ်မှာ ပွဲရှိတယ် ထာ၊ ကိုယ့်သူငယ်ချင်းတွေရော၊ ဒယ်ဒီတို့ မာမီတို့ မိတ်ဆွေတွေရော လာကြမှာ





ကိုယ့်မိဘတွေနဲ့ ထာကို မိတ်ဆက်ပေးမလို့လေ''

သူ့စကားကြောင့် သူမမှာတော့ ရင်တုန်ပန်းတုန်ဖြစ်သွားရတော့သည်။

''ထာ ကြောက်တယ် ဆန္ဒရယ်''

''ကိုယ်ရှိတာပဲကွာ၊ ဘာကြောက်စရာလိုလို့လဲ၊ ကိုယ့်မိဘတွေက သဘောကောင်းပါတယ်''

''ဒါပေမဲ့ ... ကြောက်တာပေါ့လို့၊ ဒါနဲ့ ဒီဗူးက ဘာတွေလဲ''

''ဪ ... ဒီအထဲမှာ ထာ ညကျရင်ဝတ်ဖို့အတွက် အဝတ်အစားတွေ အကုန်လုံးပါတယ်လေ၊ ပွဲက ခုနစ်နာရီခွဲလောက်မှ စမှာဆိုတော့ ခြောက်နာရီလောက်ကျရင် ဒီကို မိတ်ကပ်ပြင်ဆရာမကို ကိုယ်ခေါ်လာခဲ့မယ်၊ ဆရာမကို ပို့ပြီးပြီးချင်း ကိုယ်ကပြန်ရမှာ၊ ခုနစ်နာရီခွဲလောက်မှ ထာနဲ့မိတ်ကပ်ပြင်ဆရာမကို ခေါ်ဖို့အတွက် ကားသပ်သပ်လွှတ်လိုက်မယ်၊ ကိုယ်ကတော့ အိမ်ကပဲ စောင့်နေလိုက်မယ်လေ''

သူပြန်သွားတော့ သူမရင်တွေ ပရမ်းပတာခုန်ရင်း ကျန်နေခဲ့တော့သည်။ အကြောင်းစုံသိသွားသော အမေကတော့ ပျော်လွန်း၍ နေတာသည်။ သူမလည်း ပျော်ရွှင်ပေမယ့် သူ့မိဘတွေကို တွေ့ဆုံဖို့အတွက်တော့ ထိတ်လန့်နေမိသည်။

စက္ကူဗူးကြီးကို ဖွင့်ကြည့်လိုက်တော့ အနက်ရောင်ဂါဝန်ပျော့



www.burmeseclassic.com

www.burmeseclassic.com



ပျော့ရှည်ရှည်လေးတစ်ထည်က လှပလွန်းနေသည်။ ဒါ့နောက်ရောင် ဟိုက်ဟီး(လ်)ဖိနပ်လေးကတစ်ရံ။ ပုလဲပုတီး၊ ပုလဲနားဆွဲ၊ ပုလဲဟန် ချိန်းလေးတွေက တစ်ဆင်စာ။ လှပလွန်းလှသောပစ္စည်းလေးတွေကို ကိုင်ကြည့်ရင်း သူမကတော့ ကျေနပ်ပျော်ရွှင်ရပြန်သည်။

ညနေခြောက်နာရီရောက်တော့ မိတ်ကပ်ပြင်ဆရာမကို သူ လိုက်ပို့ပြီးပြန်သွားသည်။ မိတ်ကပ်ဆရာမက သူတတ်စွမ်းသမျှ ပည တွေဖြင့် သူမကို အစွမ်းကုန်ခြယ်သပေးတော့သည်။ အားလုံးပြင်ဆင် ခြယ်သပြီးတော့ အင်္ကျီနှင့်လက်ဝတ်လက်စားတွေဝတ်ကာ သူ ကိုယ်သူမ မှန်ထဲတွင် ကြည့်လိုက်မိသည်။

မိတ်ကပ်ပြင်ဆရာမက သူမကို တစိမ့်စိမ့်ကြည့်နေရင်းမှ ...

"သမီးက အရမ်းလှတာပဲဟယ်၊ မမကတော့ သမီးတ ဝက်လောက်လှရင်ပဲ သေပျော်ပါပြီ၊ ကိုသွေးလေးက ကံကောင်းလို တာနော်၊ ရွှေရုပ်ကလေး ကောက်ရသလိုကို ဖြစ်နေတော့မှာပ ခြော် ... နေဦး၊ နေဦး ... ဒီပုလဲပုတီးကို ဒီအတိုင်းမဆွဲ နှစ်ပတ်လောက်လျှိုပြီးဆွဲလိုက်၊ အဲဒါမှ ပိုကြည့်ကောင်းသွားမှာ"

ထိုစဉ် အိမ်ရှေ့မှ ကားရပ်သံ ကြားလိုက်ရတာမို့ ...

"ဟော ... အိမ်ရှေ့က ကားသံကြားတယ် မမ၊ လာခေ ထင်တယ်"





"အေး ... ဖိနပ်စီးတော့လေ သွားရအောင်"

ဖိနပ်လေးကို တစ်ခါတည်းစီးပြီး ထွက်လာသော သူမကို အမေက ခပ်ပြုံးပြုံးမျက်နှာထားကြီးနှင့် ကြည့်ပြီး ...

"ငါ့သမီးက အတော်ချောတာပဲအေ၊ အေးလေ ... ရွှေပင် နားတော့ ရွှေကျီးဖြစ်ရမှာပေါ့"

"အမေ ... သမီးတို့ သွားတော့မယ်"

"အေး ... အေး"

သူမတို့ကို လာကြိုသည့် ကားလေးက သူဌေးတွေသာ သီးသန့်နေထိုင်ပုံရသော သူဌေးရပ်ကွက်တစ်ခုအတွင်းသို့ ဝင်ရောက် ခဲ့ပြီး ခေတ်မီလှပသော တိုက်ကြီးတည်ရှိရာ ခြံကျယ်ကြီး၏တစ်နေရာ တွင် ထိုးရပ်သွားသည်။

ကားမောင်းသည့်လူက ...

"ကျွန်တော် ကိုသွေးကို သွားခေါ်ပေးပါ့မယ်၊ ခဏစောင့် ပါဦးနော်"

"ဟုတ်ကဲ့"

သူမတို့နှစ်ယောက် ကားပေါ်မှမဆင်းသေးပဲ မီးရောင်စုံများ ကြားတွင် ပျော်ရွှင်နေကြသော လူကုံထံအသိုင်းအဝိုင်းကိုကြည့်ကာ မိတ်ကပ်ဆရာမက ...



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းသာတဲ့လူတွေကြတော့လည်း အရမ်းချမ်းသာကြဟာ
ပဲနော်"

"ဟုတ်တယ်နော် အစ်မ၊ ထာတို့လို လူတန်းစားတွေကြ
တော့လည်း ကုန်းကောက်စရာလေးတောင် မရှိအောင်ကို ဆင်းရဲ
လွန်းတယ်"

အစ်မက သူမလက်ကလေးကို အားပေးသလို ဆုပ်ကိုင်ရင်း

"အစ်မတို့လည်း ငယ်ငယ်တုန်းက ဒီလိုပါပဲကွယ်"

"ထာတို့လောက်တော့ ဆိုးလိမ့်မယ် မထင်ပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်၊ သူ့အတိုင်းအတာ
နဲ့သူတော့ ဒုက္ခရောက်ခဲ့တာပေါ့"

ထိုစဉ် အနောက်တိုင်းဝတ်စုံအနက်ရောင်ကို သေသပ်ကျ
စွာဝတ်ထားသော သူမ၏မွေးမြင်းသားက ပြုံးရွှင်သောမျက်နှာလေးနှ
ရောက်လာခဲ့ပါသည်။ ကားတံခါးဖွင့်ပြီးမှ . . .

"လာ . . . မဝါ အရမ်းတော်တာပဲဗျာ၊ ကျွန်တော့်ကောင်
လေးက အခုတော့ နတ်သမီးလေးဖြစ်သွားပြီ"

"အံမယ် . . . မဝါပြင်တာက အဲလောက်မဟုတ်ပါဘူးနော်
ဒီက ညီမလေးကိုက ဘာမှမပြင်လည်း အလိုအလျောက် လှနေ
သူဆိုတာကို မင်း မေ့နေပြီလား"





"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့်ချစ်သူလေးကိုက အရမ်း
လှလွန်းလို့ပါ"

သူ ရယ်မောရင်းမှ ပြန်ပြောသည်။ သူက သူမလက်ကို
ဆုပ်ကိုင်ရင်း ရောင်စုံမီးများကြားရှိ လူအုပ်ကြီးရှိရာဆီသို့ ခေါ်ဆောင်
သွားတော့သည်။

"လာ . . . ထာ . . . ဘာမှမကြောက်နဲ့နော်၊ ဒယ်ဒီတို့ကို
လည်း ကိုယ်ပြောထားပြီးပြီ၊ ထာကို မျှော်နေကြတယ်"

မဝါအား ထိုင်ခုံတစ်ခုတွင် သူက နေရာချပေးပြီး သူမလက်
ကို ဆွဲခေါ်ကာ သူ့မိဘများရှိရာသို့ . . .

"ဒယ်ဒီနဲ့မာမီ . . . ဒါ သားပြောထားတဲ့ သားရဲ့ချစ်သူလေး
ထာတဲ့ နာမည်က"

ဖြူဖြူချောချော အမျိုးသမီးကြီးက သူမလက်ကလေးကို
ဆွဲခေါ်ရင်း . . .

"လာ . . . သမီးလေး လာ၊ ဒီမှာ မာမီတို့နဲ့အတူ ထိုင်ရ
အောင်၊ သမီးလေးက အရမ်းချောတာပဲကွယ်၊ ကိုနိုင်ရေ ခင်တို့တော့
ချွေးမရ ကံကောင်းပြီရှင်၊ သားလေးက အရမ်းရွေးတတ်တာပဲ"

"ထာ . . . ဒါ ကိုယ့်မာမီနဲ့ဒယ်ဒီလေ၊ မချောဘူးလား"

သူမက သဘောကောင်းပြီး ဖော်ရွေတတ်ပုံရသော သူ့မိဘ



www.burmeseclassic.com

www.burmeseclassic.com



တွေကို အပြုံးနုလေးနှင့် နှုတ်ဆက်လိုက်ပြီး ...

"ဆန္ဒက ဒယ်ဒီနဲ့မာမ့်ကို လုံးဝမတူဘူးနော်၊ ဒယ်ဒီတို့က အရမ်းချောနေပြီး ဆန္ဒကကျတော့ အရမ်းရုပ်ဆိုးနေတယ်"

ဒယ်ဒီက သူမစကားကြောင့် တဟားဟားအော်ရယ်ကာ..

"ဟား ဟား ဟား ... ခင်ရေ မင်းသမီးကတော့ ကိုယ်တို့ကို မြှောက်နေပြီကွာ၊ သမီး အဝစားနော်၊ အားမနာနဲ့ ဟုတ်လား"

မာမီက အော်ရယ်ရင်း ပြောနေသော ဒယ်ဒီ့ဗိုက်ခေါက်ကို အသာဆိတ်ဆွဲရင်း ...

"ကိုနိုင် ဘာလို့ အဲလိုအော်ရယ်ရတာလဲ၊ သိက္ခာမဲ့လိုက်တာ၊ အဲလိုမျိုး အရှက်မရှိတဲ့လုပ်ရပ်တွေကို ခင်လေး မကြိုက်ဘူးဆိုတာ သိရဲ့သားနဲ့"

"Sorry ... Sorry ပါကွာ၊ ကိုယ် အပျော်လွန်းသွားလို့ပါ၊ ဆင်ခြင်ပါ့မယ် ... ဟုတ်ပြီလား"

"အင်း ... ဟဲ့ ... သား သမီးလေးအတွက် စားစရာတွေ သွားယူပေးလိုက်ဦးလေ၊ သမီးလေး စားပြီးရင် မာမီတို့မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးမယ်၊ ပြီးမှ သားက သူ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးလိမ့်မယ် ဟုတ်လား"

သူမ စားသောက်ပြီးတော့ သူ့မာမီက သူတို့၏မိတ်ဆွေတွေ





နှင့် မိတ်ဆက်ပေးသည်။ ထိုစဉ်မှာပဲ သူရောက်လာပြီး ...

"မာမီ ... ထားကို ခေါ်သွားလို့ရပြီလား၊ သားသူငယ်ချင်းတွေနှင့် မိတ်ဆက်ပေးမလို့"

"အေး ... ခေါ်သွားလေ သား"

"လာ ... လာ ... ကိုယ်နဲ့လိုက်ခဲ့"

သူက သူ့သူငယ်ချင်းကောင်လေး၊ ကောင်မလေးတွေနှင့် မိတ်ဆက်ပေးသည်။

"ထား ... ဒီကောင်တွေက ပြည့်စုံ၊ အောင်သူ၊ နန္ဒ၊ ကိုဖြိုး၊ ဟိုဘက်က ကောင်မတွေက သက်မာ၊ ခိုင်စုပြတ်၊ ပေရယ်၊ သန္တာဝင်းတဲ့ မှတ်ထားနော်၊ ဟေ့ကောင်တွေ ဒါက ငါ့ချစ်သူ ယမထားတဲ့"

"ဟာ ... ငဒွေး congratulation ကွာ၊ မင်းချစ်သူက ချောလှချည်လားကွာ၊ ငါ မနာလိုတောင် ဖြစ်လာပြီကွာ"

"ဟေ့ကောင်တွေ ... မနာလိုမဖြစ်နဲ့၊ ဒါ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲ၊ တော်ပြီကွာ မင်းတို့လို ကြာကူလီကောင်တွေနားမှာ ငါ့ချစ်သူကို ထားလို့မဖြစ်ဘူး၊ လာ ထား သွားရအောင်"

"အဖြစ်သဲနေလိုက်တာဟာယ်"

"ထား ပြန်မှဖြစ်တော့မယ် ဆန္ဒ၊ အရမ်းညဉ့်နက်နေပြီ၊ ထက်နောက်ကျရင် မကောင်းဘူး။ ထားတို့ပတ်ဝန်းကျင်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒအသိပဲလေ၊ ပြောချင်တာတွေ လျှောက်ပြောကြမှာ''

သူက ခေါင်းတညိတ်ညိတ်နှင့် ...

''အင်း ... ကိုယ် လိုက်ပို့ပေးမယ်၊ ဒယ်ဒီတို့ကို နှုတ်ဆက်လိုက်ဦးနော်''

သူနှင့်အတူ သူ့မိဘတွေထံသွားကာ နှုတ်ဆက်လိုက်သည်။

''ဒယ်ဒီနဲ့မာမီ ... ထာ ပြန်တော့မယ်နော်''

''ပြန်တော့မလို့လား သမီးလေးရယ်၊ နေပါဦးလား''

''အရမ်းနောက်ကျနေလို့ပါ''

''အေး ... ဟုတ်သားပဲ၊ သား ... သမီးလေးကို လိုက်ပို့ပေးလိုက်နော်''

''ဟုတ်ကဲ့''

သူမကို လိုက်ပို့ပေးရင်း ကားပေါ်တွင် ...

''ထာ ... မနက်ဖြန် ကိုယ် ထာ့ကို နေ့လယ်တစ်နာရီလောက် လာခေါ်မယ်၊ လိုက်ပြစရာတစ်ခုရှိလို့''

''ထူးထူးဆန်းဆန်းပါလား၊ ဘာလိုက်ပြမလို့လဲ''

''မနက်ဖြန်ကျတော့ သိရမှာပေါ့ကွာ၊ ထာသာ အဆင်သင့်စောင့်နေနော်''

''ဟုတ်ကဲ့ပါ ... ဒါနဲ့ ဒီအဝတ်အစားတွေကို ဆန္ဒကို





ပြန်ပေးမယ်နော်''

''အာ ... ပေးစရာ မလိုပါဘူးကွာ၊ ကိုယ်က ထာ့ကို လက်ဆောင်ပေးတာပါ၊ ဟိတ် ... ဒီပုလဲတွေက အစစ်တွေနော်၊ အဲဒါတွေအားလုံး ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝယ်ထားတာ''

''ဟင့်အင်း ... ဒီလောက် တန်ဖိုးကြီးတဲ့ပစ္စည်းတွေကို ထာ အပိုင်မလိုချင်ပါဘူး။ ထာ ဆန္ဒ့ကိုချစ်ခဲ့တာ ဒါတွေ လိုချင်လို့ မဟုတ်ဘူး။ ထာက ဒီပစ္စည်းတွေ အစစ်မပြောနဲ့ အတုတောင် ဝယ်ဝတ်နိုင်တာ မဟုတ်ဘူးလေ၊ အသွားအလာတွေရှိလို့ ထုတ်ဝတ်ဖြစ်ရင်တောင် ဘတ်ဝန်းကျင်က ... ကြည့်စမ်း ... သူဌေးသားကို အပိုင်ကြံလိုက်လို့ ဒီလိုတွေဝတ်ရတယ်လို့ ထင်ကုန်ကြမှာ၊ ထာ သိက္ခာတော့ အကျမခံနိုင်ဘူး ဆန္ဒရယ်''

သူက ကားမောင်းရင်းမှ သူမလက်ကလေးကိုကိုင်ရင်း ...

''ထာ မဝတ်ချင်ရင်လည်း သိမ်းထားလိုက်ပါကွာ၊ ကိုယ့်လက်ဆောင် ထာ့ဆီမှာရှိနေတယ်ဆိုတာ သိနေရရင်ပဲ ကျေနပ်ပါပြီကွာ''

သူမ သက်ပြင်းချလိုက်မိသည်။

''ဆန္ဒ အဆင်းပေးတဲ့အတွက် ထာ ယူထားလိုက်ပါမယ်၊ ဒါပေမဲ့ ဆန္ဒ တစ်ခုသိထားဖို့က ဒီပစ္စည်းတွေကို ထာ လုံးဝမမက်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ဆိုတာကိုပါပဲ''

''ကိုယ် သိပါတယ် ထာရယ်၊ ထာ ဘယ်လောက် ရိုးသားတယ်ဆိုတာကို ကိုယ် ယုံကြည်ပြီးသားပါ၊ အဲဒီလို ရိုးသားလွန်းတဲ့ သိုးဖြူလေးမို့ ကိုယ်က ပိုတန်ဖိုးထားရတာပေါ့ကွာ''

''ထာလည်း ဆန္ဒကို အသက်နဲ့ထပ်တူ ချစ်ရတာပါပဲရှင်၊ အရင်ကလေ ထာ့ဘဝမှာ ထာ့ကိုယ်ထာ အချစ်ဆုံးပဲ ဟုတ်တယ်လေ . . . ဆန္ဒပဲ တွေးကြည့် . . . လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ်ထက် ဘယ်သူ့ကိုမှ ပိုမချစ်နိုင်ကြပါဘူး။ ဒါပေမဲ့ အဲဒီလို ကိုယ့်ကိုယ်ကိုယ်ပဲ ချစ်တတ်တဲ့ ထာက ကိုယ့်ကိုယ်ကိုယ်ထက် ဆန္ဒကို ပိုချစ်မိခဲ့တယ်၊ အဲဒါ အမှန်ပဲ ဆန္ဒ''

''ထာကတော့ကွာ . . . အရမ်းအပြောကောင်းတာပဲ''

သူက ချစ်စနိုးလေးဖြင့် သူမဆံပင်လေးတွေကို လှမ်းဖွလိုက်တာမို့ ကားလေးအတွင်းတွင် ကြည်ကြည်နူးနူး ရယ်သံလေးများ ဆူညံသွားရတော့သည်။

* * *



ပျော်ရွှင်စရာနည်းနည်းနဲ့ အရာရာမမျှော်လင့်ရဲခဲ့သူကို
ရယူလိုအားရှိအောင် တည်ဆောက်ပေးခဲ့တယ်။
အခုတော့ သူ့အပြုံး
သူ့မျက်လုံးလေးတွေမှာ ပျော်ဝင် ပျော်ရွှင်တတ်ခဲ့ပြီ။
သူ့စကား သူပေးတဲ့အားတွေမှာ
ဘဝခါးခါးကို မေ့ထားလို့ ရနေခဲ့ပြီ။
သူ့သံစဉ် သူ့တေးသွားတွေကြားမှာ
နှလုံးခုန်သံတွေ စည်းချက်မှန်နေခဲ့ပြီ။
သူ့ရင်ခွင်ကို လုံ သူ့မေတ္တာတွေကိုခြုံပြီး
လုံခြုံရတဲ့အတွက် လောကရေ . . .
ကျေးဇူးအထူးကမ္ဘာပါပဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သူခေါ်ဆောင်ရာ အိမ်ရာခြံဝင်းကျယ်တစ်ခုထံသို့ သူမ လိုက်သွားမိသည်။ သူက ကွန်ဒိုတိုက်ကြီးများ ရှိရာနေရာတွင် ကားကို ရပ်လိုက်ပြီး . . .

"လာ . . . ထာ သုံးလွှာကို တက်ရမယ်"

သုံးလွှာကို ဓာတ်လှေကားဖြင့် တက်ခဲ့ကြပြီး အခန်းတစ်ခန်းရှေ့ရောက်တော့ သူက သူ့ထံတွင်ပါလာသော သော့နှင့်ဖွင့်ကာ . . .

"ထာ . . . အထဲကို ဝင်လေ၊ ကဲ . . . ကြည့်ပါဦး၊ ဒီတိုက်ခန်းက ကိုယ့်ဒယ်ဒီနဲ့မာမီက ကိုယ့်ရဲ့ဆယ့်ရှစ်နှစ်ပြည့်မွေးနေ့တုန်းက လက်ဆောင်အဖြစ် ဝယ်ပေးထားတာလေ၊ ဒီညွှန်းနဲ့ decaration





ကတော့ ကိုယ့်စိတ်ကြိုက် ပြင်ထားတာလေ၊ ဘယ်လိုလဲ ထာ သဘောကျရဲ့လား"

သူမဘဝတွင် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မမြင်ဖူးခဲ့ရသော တိုက်ခန်းကြီးကို တအံ့တသြနှင့်ကြည့်ရင်း . . .

"အရမ်းလှတာပဲ ဆန္ဒရယ်"

"ဒါ . . . ကိုယ်နဲ့ထာ လက်ထပ်ပြီးရင် အတူတူနေရမယ့် တိုက်ခန်းလေ၊ ရေချိုးခန်းရယ်၊ မီးဖိုခန်းရယ်၊ အိမ်သာရယ်မှာ ကြွေပြားတွေကို ထာ့ကြိုက်တဲ့အရောင် ကပ်ရအောင်လေ၊ ထာ ဘယ်အရောင်ကပ်ချင်လဲ ပြော"

သူ့လက်မောင်းလေးကို မှီတွယ်လိုက်ပြီး . . .

"ဆန္ဒသဘောပါပဲ၊ ထာက ဘာမှနားလည်တာ မဟုတ်ဘူး"

"ခြော် . . . ထာလေးကလည်း ဒါက နားလည်တာ မလည်တာနဲ့ မဆိုင်ပါဘူးကွာ၊ ထာ့ရဲ့အကြိုက်ဆုံးအရောင်ကို ပြောလေ"

"အင်း . . . သခွားရောင်လေး"

"အိုကေ . . . အဲဒီနေရာတွေကို သခွားရောင် ကြွေပြားလေးတွေ ကပ်လိုက်မယ် . . . ဟုတ်ပြီလား"

"ဆန္ဒ . . . ဆန္ဒမိဘတွေက ထာရဲ့ဆန္ဒကို သဘောတူရဲ့လားဆယ်၊ ထာတို့က အရမ်းဆင်းရဲတော့လေ"

www.burmeseclassic.com



သူမ၏စိုးရိမ်ထိတ်လန့်နေသော စကားကြောင့် သူက သူမ မျက်နှာလေးကို ဆွဲမော့စေပြီး . . .

"ဒီမှာ အချစ် . . . ကိုယ့်မိဘတွေရဲ့အချစ်ဆုံးသားပါကွာ၊ ထာတို့ ဆင်းရဲတာကိုလည်း ပြောပြပြီးသား။ မာမီက ကိုယ့်ကို ဘာ ပြန်ပြောလဲသိလား"

"ဟင့်အင်း"

"မာမီက ဆင်းရဲတာပြဿနာမဟုတ်ပါဘူးတဲ့၊ စိတ်သဘော ထားဖြူစင်ဖို့၊ သိက္ခာရှိဖို့၊ အကျင့်စာရိတ္တကောင်းဖို့က အဓိကတဲ့၊ သားကချစ်ရင် မာမီတို့ကလည်း ချစ်ရမှာပဲတဲ့၊ ကဲ . . . ထာ၊ ကိုယ်တို့ အတွက် ဘာလိုသေးလို့လဲကွာ"

သူ့စကားဆုံးတော့ သူမ အလွန်ပဲပျော်ရွှင်သွားရပါသည်။

"တကယ်လား ဆန္ဒရယ်၊ ထာ . . . အိမ်မက်မက်နေတာ မဟုတ်ပါဘူးနော်"

"တကယ်ပါကွာ၊ ဪ . . . ထာ့ကို အရေးကြီးတဲ့အခန်းကို လိုက်ပြရအုံးမယ်"

သူကဦးဆောင်ခေါ်သွားကာ အခန်းတစ်ခု၏ တံခါးကိုရှေ ရောင်သော့လေးနှင့် ဖွင့်လိုက်ကာ . . .

"ကဲ . . ထာ အရင် ရှေ့ကဝင်ကြည့်ပါဦး"





သူမ မဝင့်မရဲနှင့် အခန်းတွင်းသို့လှမ်းဝင်လိုက်သည်။ ပထမ ဆုံးမြင်လိုက်ရတာက ကျွန်းကုတင်ကြီးပေါ်တွင် အဖိုးတန်မွေ့ယာ၊ ခေါင်းအုံးနှင့် ကတ္တီပါစောင်ကြီးတစ်ထည်၊ ကျွန်းမှန်တင်ခုံကြီးတစ်ခု ပေါ်တွင်တော့ အလှပြင်မိတ်ကပ်ပစ္စည်းအစုံ၊ နံရံကပ်ဗီရိုကြီးတွေက သုံးလုံး။ နံရံကပ် TV ကြီးကလည်း ခမ်းနားစွာနေရာယူလျက်ပင်။

"ဒါ . . . ဒါတွေက . . ."

"ဒါတွေက တစ်နေ့ ထာပိုင်ဆိုင်ရမယ့်အရာတွေလေ"

"ဒါတွေအားလုံးကို ဆန္ဒဘယ်တုန်းက ဝယ်ထားတာလဲ ဟင်"

"ကိုယ်ပြောရင် ထာယုံမှာမဟုတ်ဘူးသိလား။ ထာနဲ့ချစ်သူစ ဖြစ်တဲ့နေ့ကစပြီး ထာ့အတွက်ရည်ရွယ်ပြီး ကိုယ်ဝယ်စုခဲ့တာလေ၊ ကိုယ့်အဖြစ်က ရယ်စရာများကောင်းနေပြီလား"

သူမကတော့ သူ့ကိုချစ်လွန်း၍ ရင်ခွင်ထဲဝင်လိုက်ကာ . . .

"ထာအတွက် အခုလောက်အထိ တွေးပေးခဲ့တဲ့အတွက် ဆန္ဒကို အရမ်းကိုကျေးဇူးတင်မိပါတယ်၊ တကယ်တော့ ထာ့ဘက်က ဆ ဒီဥစ္စာနေတွေ ဆန္ဒမှာရှိမနေခဲ့ရင်လည်း လက်ထပ်မှာပါပဲ၊ ထာ့ အသက်နဲ့ရင်းပြီး ကတိပေးပါတယ် ဆန္ဒရယ်"

"ချစ်လိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူက တင်းကျပ်စွာဖက်ရင်း သူမမျက်နှာလေး ထက်သို့ အနမ်းတွေချွေချတော့သည်။ အချိန်တွေကြာလာသည်နှင့် အမျှ မွှတ်သိပ်သောသူ့အနမ်းတွေက ပိုမိုပြင်းရှကြမ်းတမ်းလာခဲ့ကာ သူမခန္ဓာကိုယ်အနှံ့ ပွတ်သိပ်ချော့မြှူလာသော သူ့လက်အစုံကလည်း တောင့်တခြင်းတွေပြည့်နှက်နေသည်။ အသိစိတ်က ရုန်းထွက်ကြည့် ပါသော်လည်း မသိစိတ်က လွင့်မျောချင်မိတာမို့ သူခေါ်ဆောင်ရာ နူးညံ့သည့်သုခဘုံသို့ ကောက်ကောက်ပါအောင် လိုက်သွားမိလေတော့ သည်။

တသိမ့်သိမ့်ရှိုက်ငိုနေသော သူမ၏ကျောပြင်လေးကို ပွတ် သိပ်ချော့မြှူနေရင်းမှ …

"ထာ … မငိုပါနဲ့ကွာနော်၊ ကိုယ် … ကိုယ် တကယ် ချည်ရွယ်ပါဘူးကွာ၊ ကိုယ်လေ ထော့ကို အရမ်းချစ်လွန်းလို့ ဖြစ်သွား တာပါ၊ ကဲ … ဒီမှာ ကိုယ့်ကိုကြည့်ပါဦးကွာ၊ ကိုယ်က ထော့ကိုမယူ ထားသွားမှာမို့လို့လား ပြောပါဦး၊ မိဘတွေကလည်း သဘောတူထား ပြီးပြီလေ၊ ကိုယ်ကလည်း ထော့ကိုအဆုံးရှုံးမခံနိုင်ဘူး၊ ထော့ဘက် လည်း ကိုယ့်လိုပဲမလား၊ လာ … မငိုနဲ့တော့နော်၊ အခု ကိုယ်အိမ်ပြ ရောက်တာနဲ့ မာမိတို့ကို ဖွင့်ပြောလိုက်တော့မယ်နော် … အမြန်ဆုံ လက်ထပ်ရအောင်၊ တိတ်တော့နော်"





သူ့ရင်ခွင်ထဲတိုးဝင်လိုက်ပြီး …

"ထော့ကို ထားမသွားပါနဲ့နော်၊ ထာ အရမ်းကြောက်တယ်"

"အာ … မကြောက်ပါနဲ့ကွာ၊ ကိုယ်က ထော့ကိုပဲ လက်ထပ် မှာပါ အခု ထော့ကို အိမ်ပြန်လိုက်ပို့ပေးမယ်နော်"

အိမ်ပြန်ရောက်တော့လည်း သိပ်နေမကောင်းဟု အမေ့ကို ညာပြောကာ အိပ်ရာထဲ ဝင်ခွေနေလိုက်သည်။ သူမ၏ဆုံးရှုံးသွားခဲ့ သော အပျိုစင်ဘဝလေးအတွက် ဝမ်းနည်းနေမိသည်။ တကယ်ဆို လက်မထပ်ရသေးဘဲနှင့်တော့ ဒီလိုအဖြစ်မျိုး လုံးဝကြီးကိုမကြုံချင် ပါ။ သို့ပေမယ့်လည်း ဒီအဖြစ်အပျက်ကြီးကတော့ အမှန်တကယ်ပင် ဖြစ်ပျက်သွားခဲ့ရပေပြီ။

ဘုရား … ဘုရား … တကယ်လို့ ဆန္ဒနဲ့သာ လက်မထပ် ဖြစ်ခဲ့ရင်တော့ ငါ့ဘဝတော့ စုတ်ပြတ်သပ်ပါပြီ။

ထိုအတွေးဆိုးကြီးက ခေါင်းထဲသို့ ရုတ်တရက် ဝင်လာတော့ သူမ အိပ်မပျော်နိုင်တော့ပေ။

သူ အိမ်ပြန်ရောက်ရောက်ချင်းမှာပဲ ကားပေါ်မှဆင်းကာ…

"မာမိရေ … မာမီ"

"ဟဲ့ … ဟဲ့ … ဩော် ဒီကလေးနဲ့ ဘာလို့ ဒီလောက် အောင် အသံပြဲကြီးနဲ့ အော်နေရတာလဲ၊ ဒီမှာ ဟာမိထိုင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဘူးလား"

မာမိက ညည်ခန်းတွင်း စွယ်တာထိုင်ထိုးနေရင်းမှ လှမ်းပြော

သည်။

"sorry မာမီ၊ သား မာမီ့ကိုမမြင်လို့ပါ"

"သားနော် ... အဲဒီလို အာကျယ်အာကျယ်လုပ်တာ မာ

မကြိုက်ပါဘူးဆို၊ အဲဒီလို အာကျယ်တာက အကျင့်ပါပြီး လူတွေကြား

ထဲမှာသာ အော်မိရင် ရှက်စရာကောင်းလိုက်မယ့်ဖြစ်ခြင်း"

သူ့ကို မာမိက မျက်စောင်းလေးထိုးရင်း ပြောသည်။

"ဟုတ်ကဲ့ပါ မာမီရာ၊ နောက် သားဆင်ခြင်ပါ့မယ်၊ အ

ဘောင် မာမီဆူနေတာနဲ့ သားပြောမယ့်စကားတွေတောင် ပျောက်ကု

ပြီ"

"ကဲပါ ... ပလီမနေပါနဲ့ ပြောစရာရှိတာသာပြော"

"ဟိုလေ ... မာမီ သားကိုမိန်းမလိုက်တောင်းပေးတော့

ယမထာလေးကိုလေ"

သူ့စကားကြောင့် မာမီ မျက်လုံးလေးပြူးသွားရကာ ...

"ဟဲ့ ... ဟဲ့ ... ဒါက ဘယ်လိုဖြစ်တာလဲ မြန်မြန်ဆန်ဆ

ကြီးပါလား သားရဲ့၊ ကောင်မလေးမိဘတွေနဲ့လည်း မာမီတို့ မဆုံ

သေးဘူးလေ၊ တစ်ရက်တော့အေးအေးဆေးဆေး သွားတွေ့လို





ပါ့မယ်ကွယ်"

"သားလည်း လိုက်မယ်လေ မာမီ"

"သား လိုက်စရာမလိုသေးပါဘူးကွယ်၊ မာမီတို့ဘာသာ

သွားညှိလိုက်ပါ့မယ်၊ တကယ့်တောင်းရမ်းတဲ့နေ့ရောက်မှသာ သားက

သတို့သားနေရာကနေ အဆင်သင့်လိုက် ဟုတ်ပြီလား။ အခု မာမီတို့

ဘာ လူကြီးချင်း ညှိနှိုင်းကြရုံသက်သက်ပဲ၊ ကလေးတွေဝင်မပါတာ

အကောင်းဆုံးဖြစ်လိမ့်မယ်၊ မာမီ့ကိုသာ လိပ်စာပေးလိုက်"

မာမီတောင်းသောလိပ်စာကို ပေးရင်း ...

"မာမီတို့က မနက်ဖြန်လောက် သွားကြမှာလား။ သား သူတို့

ကို ကြိုပြောထားလိုက်မယ်လေ"

"ဘာမှကြိုပြောမနေနဲ့ သား ... မာမိက မင်းကိုမွေးထားတဲ့

အမေနော်၊ မင်း မာမီ့ရှေ့ကကျော်ပြီး ဘာမှမလုပ်ပါနဲ့၊ ကြားလား"

သူ မာမီ့ကို ပွေ့ဖက်ပစ်လိုက်ပြီး ...

"မာမီ ... ထာတို့က ကျူးကျော်ရပ်ကွက်လေးမှာနေရတာ၊

အရမ်းလည်းဆင်းရဲတယ် မာမီ"

"ဒါတွေအားလုံး မာမီ သိထားပြီးသားတွေလေ"

"သား သူ့ကို အရမ်းချစ်တယ်"

"ချစ်ပေါ့ သားရဲ့၊ မာမီတို့ဘက်က ဆင်းရဲတာကို အပြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



မမြင်ပေးပါဘူး။ သားမင်္ဂလာဆောင်ကို အမြန်ဆုံးဖြစ်စေရမယ်လို့ မာမီ အာမခံတယ် ဟုတ်ပြီလား''

''ဟေး . . . ဒါမှ တို့မာမီကွ''

ပြောရင်းမှ မာမို့ပါးဖောင်းဖောင်းလေးကို လိမ်ဆွဲပစ်လိုက်သည်။ သူ့အတွက်ကတော့ မာမီဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးမိခင် တစ်ယောက်ပဲလေ။

''အမေ''

''ဘာတုန်း''

အမေက ငါးခေါင်းကို ခုတ်ထစ်နေရာမှ ထူးသည်။

''နေ့လယ်က ဆန္ဒ လာသွားတယ်၊ စာမေးပွဲရှိလို့ ဒီတစ်ပတ် လုံး သမီးဆီ မလာနိုင်ဘူးတဲ့''

''အဲဒါဘာဖြစ်လဲ . . . သူ မအားလို့ မလာတာပဲဟာ''

''အဲဒီကိစ္စမဟုတ်ဘူး။ အခု ဆန္ဒပြောသွားတာက သူ့မိဘ တွေ အမေနဲ့တွေ့ဖို့ လာမှာတဲ့''

''ဟေ . . . ဘယ်တော့လဲ''

သူမစကားကြောင့် အမေလည်း စိတ်ပူသွားပုံရသည်။ ခုတ် လက်စ ငါးခေါင်းတွေကို ဒီအတိုင်းထားပစ်ခဲ့ပြီး သူမဘေးတွင် ထိုင်ကာ . . .





''ဘယ်တော့လာမှာတဲ့လဲ''

''အဲဒါတော့ သူလည်း သေချာမသိဘူးတဲ့၊ သူ့မိဘတွေ အလုပ်နားတဲ့နေ့တစ်ရက်ရက်ပေါ့၊ သူတို့ဘက်ကတော့ သဘောတူ ယ်တဲ့၊ သူ့မာမီက အမြန်ဆုံး စီစဉ်ပေးမယ်လို့ပြောတယ်''

''ဟယ် . . . ဒါဆို ပျော်စရာပေါ့ဟဲ့''

''အမေ . . . သမီးတို့အိမ်မှာ သူတို့က လာတွေ့မှာတဲ့''

''ငါတို့အိမ်မှာ''

အမေ တွေဝေသွားပုံရသည်။ အိမ်ကိုလည်း ဝေ့ဝိုက်ကြည့် လိုက်ပြီး . . .

''လာတွေ့တော့လည်း တွေ့ပေါ့အေ . . . ငါတို့ ဆင်းရဲတယ် တာ သူတို့သိသားပဲ''

''ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အမေရယ် . . . သမီး ့ ကြောက်နေမိတယ်''

''ဘာကြောက်စရာလိုလဲအေ၊ ကိုယ်က သမီးရှင်ပဲ၊ တောင်း ရာရှိတာ တောင်းဆိုရမှာပဲ''

''အမေ''

အမေ့စကားကြောင့် သူမ အလန့်တကြား အော်လိုက်မိ ည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲအေ . . . ညည်းကလည်း လန့်လိုက်တာ"

"အ . . . အထင်သေးသွားပြီမယ် အမေရယ်၊ သိပ်ပြီးတော့ [illegible] မကောင်းဆိုပါနဲ့နော်"

"အိုအေ . . . ညည်းကလည်း တန်ရာတန်ကြေးတော့ [illegible] မှာပေါ့၊ ငါတို့ဘက်က သမီးချောချောလှလှတစ်ယောက်လုံးကို [illegible] ထားတဲ့ဟာ"

"အမေရယ် . . . ဒါက လူရောင်းစားတဲ့ပွဲမှ မဟုတ်တာပဲ"

"ညည်း အသာနေစမ်းပါအေ"

သူမ အမေ့ကို လက်မြှောက်အရှုံးပေးထားလိုက်ကာ အိမ်[illegible] သို့ ဝင်လာခဲ့တော့သည်။ အခုရက်ပိုင်းတွင် သူမစိတ်ထဲ ဘာ[illegible] လေးနေမှန်းမသိဘဲ စိတ်တွေလေးလံနေမိသည်။ ထိုအကြောင်း[illegible] တော့ အမေ့ကို ပြောမနေချင်တော့ပေ။

❋ ❋ ❋



အတ္တနဲ့ဆန္ဒကြား
အခါခါလွန်ဆွဲကြရင်းနဲ့ပဲ
ငိုချင်းတေးသွားတွေ
ခန်းလုံးပြည့်ခဲ့ရတယ်။
ခေါင်းစဉ်မရှိတဲ့အိပ်မက်တွေနဲ့
ရင်ခုန်သံတွေစုစည်းနေချိန်မှာ
အချိန်အခါမဟုတ်ဘဲ
ရင်ဝကိုမိုးကြိုးတွေပစ်ချခံခဲ့ရတာ
ဘယ်ဘဝကဝဋ်ကြွေးတွေများလဲ လောကရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ရှင့်မှာလည်း အလုပ်သာ မလုပ်နိုင်တာ၊ ဒီစောက်ရည်ကို တော့ နေ့တိုင်း သောက်ချင်တယ်ပေါ့ ဟုတ်လား။ အလုပ်ကိုတော့ ဟိုဟာလက်ကြောမတင်း၊ ဒီဟာ လက်ကြောမတင်းနဲ့၊ ရှင်လိုချင်တဲ့ အပြားက အလုပ်မလုပ်ဘဲ ဘယ်က,ရမှာလဲ၊ အိမ်မှာ စားဖို့တောင် အနိုင်နိုင်တာကို၊ သူ့အရည်အတွက်က နေ့တိုင်း ပေးရသေးတယ်၊ အားကိုးရမလားလို့ လင်ယူမိပါတယ် . . . အခုတော့ အားမကိုးရတဲ့ အပြင် လူကိုတောင် အိမ်မှာ တင်ကျွေးထားရသေးတယ်"

"ဟဲ့ကောင်မ, မိမြမေ . . ဒီမှာ ငါ ပိုက်ဆံရတုန်းက မင်းကို အကုန်အပ်ခဲ့တာပဲကွ၊ အခု ငါ မအပ်နိုင်တော့မှ ဒီလိုစကားမျိုး





ထွက်ရသလားကွ"

"ထွက်တယ် တော်ရေ . . . ထွက်တယ်၊ အခု ကျုပ်လုပ်စာ တစ်ခုတည်းနဲ့ စားနေရတာ၊ ဒီကြားထဲ ရှင်က တောင်းသေးတယ်၊ ရှင် ဒီလို အပြောမခံချင်ရင် အလုပ်လုပ်၊ အလုပ်မလုပ်ချင်ရင်တော့ အိမ်ပေါ်ကဆင်း"

အမေကတော့ အပြတ်ပြောနေပေပြီ။

"ဘာကွ . . . မင်း ဘာစကားပြောတာလဲ၊ မင်းနော် ငါ မပြောလိုက်ချင်ဘူး။ မင်းရော ဘာထူးလို့လဲ မင်းသမီးကို ဗန်းပြပြီး တိုကောင့်ဆီက ခြူးစားနေတာ မဟုတ်လား"

"ရှင်နော် . . . စကားကိုကြည့်ပြော"

"ကြည့်မပြောတော့ ဘာလုပ်ချင်လဲကွ . . . ငါ"

"ဒီလောက်တောင် ဖြစ်လှတာ ကဲဟယ် . . ."

အမေက ထိုင်နေရာမှ အနီးရှိ သနပ်ခါးတုံးဖြင့် ကောက်ပေါက်သည်။ အမေ့တက်က ကြည့်တော့လည်း သည်းမခံနိုင်စရာပါ။ ဒီနေ့ အမေ နေသိပ်မကောင်း၍ အလုပ်မဆင်းပေ၊ အခုရက်ပိုင်းတွင် အမေ့ကျန်းမာရေးအခြေအနေက တရှောင်ရှောင်။ အဖေ ဆုံးပြီးကတည်းက အလုပ်ကြမ်းလုပ်ရသည့်ဒဏ်တွေကြောင့် အစားမစားနိုင်ဘဲ တရှောင်ရှောင်ဖြစ်နေသည်။ ဒါကို သိရက်သားနှင့် မနက်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



အရက်ဖိုးတောင်းနေသည်။

တကယ်လည်း အမေ့တွင် ပိုက်ဆံတစ်ကျပ်မှ ရှိမနေပါ။ အလုပ်မဆင်းနိုင်တော့ ပိုက်ဆံကမဝင်။ အိမ်မှာတောင် ရှိတာလေးနှင့် စားသောက်နေရတာကို ထိုလူကြီးလည်း အသိပေ။ အမေက မရှိလို့ မပေးတာကို တစ်မနက်လုံး ကျီကျီနှင့်။

အခုလည်း သူတစ်ခွန်း ကိုယ်တစ်ခွန်းနှင့် အော်ကြီးဟစ်ကျယ် ရန်ဖြစ်ရင်းမှ ပါးစပ်နှင့်တင် မဟုတ်တော့ လက်တွေရော ခြေထောက်တွေပါ ပါလာကြကာ အိမ်ရှေ့ ရွံ့ဗွက်မခြောက်တခြောက်တွေပေါ်မှာ နားပန်းလုံးနေကြတော့သည်။ သူမကတော့ ထိုမြင်ကွင်းကို ကြည့်ရင်း ရှက်ရွံ့လာသည်။ တားကြည့်ပေမယ့် ဘယ်လိုမှ တားမရပေ။

ပတ်ဝန်းကျင်မှ လူများကတော့ ဒီလိုမြင်ကွင်းမျိုးဟာ အိမ်တိုင်းလိုလို ဖြစ်နေကြမို့ မထူးဆန်းတော့သည့်သဘောမျိုးနှင့် ကိုယ့်အလုပ်ကိုယ် လုပ်ကိုင်နေကြတော့သည်။

ထိုစဉ် သူမအတွက် ဘယ်လိုမှ ထင်မှတ်မထားသော သူ့မိဘတွေ ရောက်ရှိလာကြခြင်းပဲ ဖြစ်သည်။ သူ့မာမီက ရန်ဖြစ်ကာ သတ်ပုတ်နေကြသော အမေတို့ကို အံ့ဩစွာဖြင့် ကြည့်နေကြသည်။ ကားသံ မကြားရပဲ့ယောက်တော့ ကားကို လမ်းထိပ်တွင် ရပ်ထားခဲ့တာ





ပဲ ဖြစ်ရမည်။

သူမ အိမ်ရှေ့သို့ထွက်ရပ်လိုက်ပြီး . . .

"အမေ"

"အမေ"

သူမအော်သံက တိုးမပေါက်ပေ။

"အမေ . . . တော်ကြတော့ ဟိုမှာ ဆန္ဒရဲ့မိဘတွေ ရောက်နေကြပြီ"

အသံခပ်ကျယ်ကျယ်ဖြင့် သူမ အော်လိုက်တော့မှ အမေတို့ ရန်ပွဲ ရပ်သွားကာ အမေက ခေါင်းစုတ်ဖွားဖြင့် ထဘီကို ပြင်ဝတ်ရင်း

"သူဌေးမကြီး . . . သြော် . . . သူဌေးကြီးလည်း ပါတာကိုး။ အိမ်ပေါ်ကို ကြွပါရှင်၊ ဟဲ့ မိထာ . . . ညည်းယောက္ခမတွေကို ခေါ်လိုက်ဦးလေ"

"ဟုတ် . . . ဟို . . . ကြွပါ ဒယ်ဒီနဲ့မာမီ၊ ထိုင် . . . ထိုင်ပါရှင်"

သူမမှာလည်း ရှက်စိတ် ကြောက်ရွံ့စိတ်တို့ ရောပြွန်းကာဖြင့် အသံလေး တုန်တုန်ယင်ယင်နှင့် ခေါ်လိုက်ပါသည်။ သူ့မိဘတွေက သူမခင်းပေးသော ဖျာစုတ်လေးပေါ်တွင် ထိုင်ရင်း အိမ်အခြေအနေကို အကဲခတ်သည်။ အမေကတော့ ခေါင်းကို တဖျင်းဖျင်းနှင့် ကုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူ့အခေါ်တွင် လာထိုင်သည်။ ဦးသောင်းစိန်က အိမ်ပေါက်ဝတွင် စိတ်ထိုင်ကာ အကဲခတ်သည်။

"အမေ ... ဒါက ဆန္ဒရဲ့မိဘတွေပါ၊ မာမီ ... ဒါကတော့ အမေပါ၊ ဟိုအပေါက်ဝမှာထိုင်နေတာကတော့ အမေ့ရဲ့နောက်အိမ်ထောင် ဦးသောင်းစိန်တဲ့၊ အမေ့နာမည်ကတော့ ဒေါ်မြမေပါ"

သူ့မာမီက လျှို့ဝှက်နက်နဲသော အပြုံးမျိုးဖြင့် ပြုံးရင်း ...

"ခုလိုတွေ့ရတာ အရမ်းပဲ ဝမ်းသာရပါတယ်ရှင်၊ ဒါကတော့ ကျွန်မ အမျိုးသား ဦးမောင်မောင်နိုင်ပါ၊ ကျွန်မကတော့ ဒေါ်ခင်မာဝေပါ၊ အခုလာရတဲ့ကိစ္စကတော့ ကျွန်မသားနဲ့ ဒီက အစ်မကြီးတို့ရဲ့ သမီးလေး မေတ္တာမျှနေကြတယ်ဆိုတာ သိရလို့ လာကမ်းလှမ်းတဲ့ သဘောပါ"

အမေက ဝမ်းသာအားရလေသံကြီးနှင့် ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ဝမ်းသာပါတယ်၊ ကမ်းလှမ်းတယ်ဆိုတော့ တောင်းရမ်းတဲ့သဘောပေါ့နော်၊ ဒါပေမဲ့ပေါ့ သူဌေးမကြီးရယ် ကျွန်မသမီးလေးကို ဂုဏ်မြင့်တဲ့အနေနဲ့ စိန်တစ်ဆင်စာ၊ တိုက်တစ်လုံး၊ ကားတစ်စီးလောက်ဆိုရင် တော်ပါပြီ သိပ်အများကြီး မလိုပါဘူး"

"အိုး ... မေမေကလည်း ဘာတွေပြောနေမှန်းမသိဘူး မာမီ ထာ တောင်းပန်ပါတယ်နော်"





သူမ အမေ့စကားကြောင့် သူ့မာမီကို တောင်းပန်လိုက်သည်။ မာမီကတော့ နှစ်သိမ့်သလို အပြုံးမျိုးနှင့် ...

"ရပါတယ် သမီးရယ်၊ သမီးအမေ လွှတ်လွှတ်လပ်လပ် ပြောပါစေကွယ်"

"ကျွန်မက သမီးတစ်ယောက်လုံးကို ပေးထားရတာလေ၊ ကျွန်မဘက်က ဒီလောက်တော့ တောင်းဆိုလို့ရပါတယ်နော်၊ ဟဲ့ကောင်မ ... ညည်း လူကြီးတွေ စကားပြောနေရင် ဝင်ဝင်မပါစမ်းနဲ့ ငါ ဖါးပိတ်ရိုက်လိုက်ရ"

အမေက ပြောနေကြအတိုင်း ရှိုင်းရှိုင်းစိုင်းစိုင်း ပြောလိုက်သဖြင့် သူ့မိဘတွေကို သူမ အလွန်ပင် အားနာသွားရသည်။ သူ့ဒယ်ဒီကတော့ ရောက်ကတည်းက စကားတစ်ခွန်းမှ ဝင်မပြောပေ။ သူ့မာမီသာ ဦးဆောင်၍ ပြောနေသည်။ ဒယ်ဒီက မာမို့စကားတစ်ခွန်းတည်းနှင့် ပြီးပုံရသည်။

"ကဲ ... ကျွန်မတို့ ပြန်လိုက်ပါဦးမယ်၊ ခွင့်ပြုပါဦးရှင်၊ အစ်မကြီးပြောတဲ့ ကိစ္စတွေကို ဖြစ်အောင်လုပ်ပေးပါ့မယ်၊ အကျိုးအကြောင်းကိုတော့ အိမ်ရောက်မှ မိသားစုနဲ့ တိုင်ပင်ပြီး အကြောင်းပြန်လိုက်ပါ့မယ်၊ ကဲ ... ယမထာ မာမီတို့ ပြန်လိုက်ဦးမယ်"

"ဟုတ် ... ဟုတ်ကဲ့ပါ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ခွင့်ပြုပါဦးနော်"

ဒယ်ဒီကလည်း ထရပ်ရင်း နှုတ်ဆက်သည်။

သူ့မိဘတွေ ပြန်သွားတော့မှ သူမမှာ

"သမီးတော့ သေသာသေလိုက်ချင်တော့တယ် အမေရယ်"

"ကဲ . . . ဒါက ဘာဖြစ်ရတာလဲ၊ အခု ဘာဖြစ်နေလို့တုန်း"

"ဘာဖြစ်ရမှာလဲ၊ သူ့မိဘတွေလာတဲ့အချိန်ကျမှ ရန်ဖြစ်ရ သလား"

အမေက ကွမ်းတများစ်ဝါးရင်းမှ သူမကို မျက်စောင်းထိုး ကာ . . .

"ငါတို့ကလည်း ဘယ်သိမှာလဲဟဲ့၊ ညည်းအခု အမေ့ကတည်းက ဝင်ဖျန်ဖြေပါလား၊ ဘာမှတော့ ဝင်မပြောဘဲ ထိုင်ကြည့်နေပြီးတော့ အခုမှလာပြီး အပြစ်တင်နေတယ်"

"ဒီက အော်နေတာကိုတော့ မကြားဘဲနဲ့များ"

"နေစမ်းပါဦး . . . အခု နင့်ယောကျ်ားတွေက ငါတို့ရန်ဖြစ် တဲ့ကိစ္စကို ဘာပြောသွားလို့လဲ"

"ဘာမှတော့ မပြောပေမယ့် မကောင်းဘူးပေါ့၊ အမေရာ ပြီးတော့ သူတို့ရှေ့မှာ ညည်းယောကျ်ားတွေဆိုပြီး ဘာလို့ပြောရတာ လဲ"





"ဟဲ့ . . . ခြော် . . . အဲဒါ ညည်းယောကျ်ား မဟုတ်လို့ ငါ့ယောကျ်ားလား။ တော်ပြီ . . . မိတ္တာ ဆက်မပြောနဲ့တော့၊ ဆက်ပြောရင် ငါ ညည်းကို ထသတ်ရလိမ့်မယ်"

သူမတော့ အမေတစ်ယောက်နှင့် စိတ်အညစ်ကြီး ညစ်ရတော့သည်။

"အမေကတော့လေ . . . တကယ်ပါပဲ၊ တောင်းလိုက်တဲ့ပစ္စည်းတွေကလည်း အရမ်းပဲ၊ သူတို့ စေတနာရှိရင် ပေးမှာပေါ့၊ ကိုယ်က စတောင်းတော့ အရမ်းမက်လွန်းရာမကျဘူးလား"

"ငါလုပ်တဲ့ကိစ္စ ညည်းဝင်မပါနဲ့လို့ ပြောထားတယ်နော်၊ အခုလည်း သူတို့ဘက်က ငြင်းတာမှ မဟုတ်တာ၊ ညည်းကိုယ်က ငိုးရိမ်လွန်းတာပါအေ"

"မတော်တဆ လွဲမှာစိုးလို့ အမေရေ . . . သိပြီလား"

အမေက သူမခေါင်းကို ခေါက်ခနဲခေါက်ရင်း . . .

"ငါ အခု ရပ်ကွက်ထဲ လျှောက်ကြွားလိုက်ဦးမယ်"

အမေ အောက်ဆင်းသွားတော့ ဟိုလူကြီးကလည်း အောက်ဆိုက်ဆင်းသည်။

"ဒါနဲ့ တော်က ဘယ်သွားမှာတုန်း"

"ငါလည်း ပျော်လို့ သွားသောက်မလို့ပေါ့ကွ၊ အရက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကြွားရင်းပေါ့ကွာ ... ဟဲ ဟဲ''

"ပိုက်ဆံ ဘယ်ကရလဲ''

"ဟဲ ... ဟဲ ... မကြာခင် သူဌေးဖြစ်တော့မှာပဲဟ
အကြွေးသောက်မှာပေါ့ကွ''

အမေတို့လင်မယား ပွစိပွစိဖြင့် ထွက်သွားတော့မှ သူ
အိပ်ခန်းလေးထဲ ဝင်ခဲ့သည်။ အိပ်ရာပေါ် လှဲရင်း သူမ၏ဘဝရှေ့
ကို တွေးနေမိသည်။

တကယ်ကို ဘာမှရေရေရာရာမရှိဘဲ ဝေဝေဝါးဝါးမျှသာ

သူ စာမေးပွဲပြီးပြီးချင်း အိမ်သို့ပြန်လာခဲ့ကာ ထမင်းစာ
ရေချိုးပြီးတာနှင့် ထာ့ဆီသို့ လစ်ရမည်ဟု တွေးလာခဲ့သည်။ အိ
ရောက်တော့ ဧည့်ခန်းထဲ ဝင်ဝင်ချင်း ဒယ်ဒီရော၊ မာမီရော ထိုင်
ကြတာကို တွေ့လိုက်ရသည်။

"ဟာ ... ဒယ်ဒီတို့ ဒီနေ့ ဘယ်မှမသွားကြဘူးလား''

"သွားပြီးပြီ သား ... ခုပဲပြန်ရောက်တာ၊ ယမထာတို့ဆီ
က ပြန်လာတာ''





သူ မျက်နှာပင့်လိုက်ကာ ထိတ်ထိတ်ပျာပျာဖြင့် မာမီ့ဘေးတွင်
ဝင်ထိုင်လိုက်သည်။ ဒယ်ဒီက သူ့ကို စိုက်ကြည့်ရင်း ...

"သား ... သားက ယမထာ့ကို တော်တော်ချစ်သလား''

သူ ဟက်ခနဲ ရယ်လိုက်သည်။

"ဒယ်ဒီကလည်းဗျာ ချစ်လို့ ဒယ်ဒီတို့ကို တောင်းနိုင်းတာ
ပေါ့ဗျ၊ အခု ဘာဖြစ်လို့လဲဟင်၊ အဆင်ပြေတယ်မို့လား''

ရင်တထိတ်ထိတ်ဖြင့် မေးသာမေးလိုက်ရသည် မာမီတို့ဘက်
က သဘောမတူဘူးလို့ ပြောလိုက်မှာကိုလည်း ကြောက်သည်။

"ကဲ ခင်ရေ ... မင်းပဲ ပြောလိုက်တော့ကွာ၊ ကိုယ် အစည်း
အဝေးရှိသေးလို့ သွားတော့မယ်၊ သား ... မင်းလည်း ငယ်တော့
တာမှ မဟုတ်တာကွာ၊ မင်းမာမီပြောတာကို သေချာနားထောင်၊
ပြီးတော့ သေချာဆုံးဖြတ်၊ ဒယ်ဒီတို့ အခုပြောတာ ဒယ်ဒီတို့အတွက်
အခုမှမပါဘူးနော်၊ သားအတွက်ပဲ ပြောနေတာ၊ ရေရှည်ကိုကြည့်
ကွာ၊ မင်းအတွက်ဆိုရင် ဒယ်ဒီတို့က အဆင်သင့်ပဲ၊ အခုကိစ္စက
သားရဲ့အဆုံးအဖြတ်ပဲလိုတယ်၊ ကဲ ... ဒယ်ဒီပြောချင်တာက
ဒီလောက်ပဲ ... ဒယ်ဒီသွားမယ်''

ဒယ်ဒီပြောသွားတာတွေကို သူ တစ်ခုမှ နားမလည်ပါ။

"သားတော့ ဘာမှနားမလည်တော့ဘူး မာမီ၊ ဘာတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လို့လဲဟင်''

မာမီက သူ့ဆံပင်လေးတွေကို သပ်ပေးရင်းမှ သက်ပြ
ချသည်။

''သား ... မာမီပြောတာကို သေချာနားထောင်နော်၊ သာ
ဒယ်ဒီ ဒီမနက်ပိုင်း အလုပ်အားလို့ မာမီတို့ ယမထာဆီ သွားကြတ
သားပေးထားတဲ့လိပ်စာအတိုင်းပဲ အဲဒီရပ်ကွက်ကလေးကို ရှာတွေ
တယ်၊ ရွှံ့တွေ, ဗွက်တွေ အရမ်းများလို့ ကားကို လမ်းထိပ်မှာ ဒ
ဘာနဲ့ စောင့်ခိုင်းထားခဲ့တယ်၊ ပေစုတ်နေတဲ့ လမ်းလေးအတို
လျှောက်လာရင်း လမ်းမှာတွေ့တဲ့ လူတစ်ယောက်ကို ယမထာတို့
ဘယ်အိမ်လဲလို့ မေးရတာပေါ့၊ ရှေ့နည်းနည်းသွားရင် ရောက်ပါပြ
အဲဒီလူက ပြောလို့ မာမီတို့ ဆက်လျှောက်ခဲ့တယ်၊ မာမီလေ အ
လမ်းတွေမှာ လျှောက်ရင်း ဘာစဉ်းစားမိလဲ သိလား''

သူ ခေါင်းခါပြလိုက်မိသည်။ မာမီက သူ့လက်ကို ခပ်
ဆုပ်ကိုင်ကာ ...

''ဒီလိုရပ်ကွက်မျိုးမှာ လူလာဖြစ်ရတဲ့ ယမထာလေ
အရမ်းသနားသွားတယ်၊ အဲဒီအချိန်မှာ မာမ့်စိတ်ကို တကယ်မညာ
ဘူးသိလား သား၊ ယမထာလေးကို အဲဒီရပ်ကွက်က အခု တ
တည်း ခေါ်ထုတ်သွားချင်စိတ် တကယ်ကိုဖြစ်နေတာ၊ နောက်





မိန်းမတစ်ယောက်ကိုတွေ့လို့ ယမထာတို့အိမ်ကို ထပ်မေးလိုက်တယ်၊
အဲဒီမိန်းမက သူနဲ့မလှမ်းမကမ်းမှာ လုံးထွေးသတ်ပုတ်နေတဲ့လူနှစ်
ယောက်ကို လက်ညှိုးထိုးပြီး ... အဲဒါ ယမထာအမေနဲ့ပထွေးတဲ့၊
အဲဒီနောက်က အိမ်က ယမထာတို့အိမ်တဲ့၊ ယမထာလည်း ရှိတယ်
လို့ပြောတယ်၊ မာမီတို့မှာလည်း လင်မယားရန်ဖြစ်နေတာဆိုတော့
ရှေ့ဆက်ရကောင်းနိုး ပြန်ရကောင်းနိုးနဲ့ တွေဝေနေတာပေါ့၊ လင်မ
ယားနှစ်ယောက် ရန်ဖြစ်တာကလည်းဟယ် တကယ့်ကို မကြားဝံ့မနာ
သာတွေ ဆဲဆိုနေကြတာ၊ မာမ့်တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မကြုံ
ပါဘူးကွယ်၊ ရှက်စရာကောင်းလိုက်တာ၊ အဲဒီအချိန်မှ ယမထာက
အိမ်ထဲက ထွက်လာပြီး မာမီတို့ကို မြင်သွားတယ်၊ သူ့အမေတို့ကို
ခေါ်အော်တယ်၊ ဟိုလင်မယားကလည်း သူ့အရှိန်နဲ့သူ သတ်လို့
ကောင်းတုန်း၊ နောက်တော့ ယမထာက အသံအကျယ်ကြီးနဲ့ လှမ်း
အော်တာ၊ အဲဒီတော့မှပဲ မီးကို ရေနဲ့ငြိမ်းလိုက်သလို ဖုတ်ဖက်ခါပြီး
ခေါင်းစုတ်ဖွားနဲ့ မာမ့်ကို သူဌေးမကြီး ... သူဌေးမကြီးလို့ တဖွဖွ
ပြီး အိမ်ပေါ်တက်ခိုင်းတော့တာပဲ၊ ယမထာကလည်း ခုနက အသံ
ကျယ်ကြီးနဲ့ အော်ထားတာ သူမဟုတ်တော့တဲ့အတိုင်းပဲ ယဉ်ကျေး
လိုက်တာလွန်ရော''

သူ သက်ပြင်းတစ်ချက်ကို ကျိတ်ရှိုက်လိုက်သည်။ ဒီပုံစံအ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်င်းဆိုရင် သူနှင့်သူမတို့အတွက် အထိအငေ့ါတစ်ခုတော့ ရှိနေပြီ
သူတွေးနေတုန်း မာမီကပဲ ဆက်၍ပြောသည်။

"ဘယ်လောက်ပဲ ယဉ်ကျေးချင်ယောင်ဆောင်ဆောင် ခုန
ပဲ လောလောဆယ် အလိမ်ပေါ်ထားတော့ အတုန်တုန်အယင်ယင်
ပေါ့၊ အဲ့ဒါပြောတာပေါ့ သားရယ် ရွှေပင်နားတော့ ရွှေကိုးဆိုပေမယ့်
ကျိုးဟာ ကျိုးပါပဲ၊ အဲဒီလို ဗိဖဆိုတာလည်း ဖျောက်လို့မရဘူး သာ
အဲဒီပတ်ဝန်းကျင်တစ်ခုလုံးကလည်း ဒီလိုပဲ အာကျယ်အာကျယ်
ပြောနေကြတာပဲ၊ ပြီးတော့ ယမထာရဲ့ပထွေးကလည်း အကြည့်
က ရိုင်းလိုက်တာကွယ်၊ မာမီဝတ်ထားတဲ့ စိန်တွေကို ပြူးပြဲကြည့်
လိုက်တာများ၊ ယမထာ့အမေက သူ့သမီးကို တောင်းရမ်းရင် တို
တစ်လုံး၊ ကားတစ်စီးနဲ့ စိန်တစ်ဆင်စာတဲ့၊ ကဲ . . . အဲဒါသာကြ
တော့ သားရယ်၊ ဒီမိန်းမ ပိုက်ဆံဘယ်လောက်မက်တယ်ဆို
အရမ်းသိသာလွန်းတယ်၊ မာမီက အဲလိုမတောင်းလည်း ယမထာ
ချစ်နေတာဆိုတော့ အလိုက်တသိ ပေးမှာပါ၊ ဒီနေ့မှ ယမထာ
သားစုရဲ့ life ကို မှန်မှန်ကန်ကန် သိလိုက်ရတာပဲ၊ မာမို့စိတ်
အတိုင်းသာဆိုရင်တော့ မာမီ အပြတ်ပြောပြီး ထပြန်ခဲ့မှာအ
သား၊ ဒါပေမဲ့ . . မာမီက ယမထာလေးကို သမီးလေးတစ်ယော
ချစ်သွားခဲ့တယ်၊ သားလည်း သူ့ကို ရူးရူးမူးမူးချစ်နေခဲ့တယ်ဆို





ယမထာလေးမျက်နှာကို ထောက်ပြီး မယုတ်မလွန်ပဲ ပြောခဲ့တယ်"

သူ့ မာမို့ကိုစိုက်ကြည့်ရင်း ဖြေညင်းစွာ မေးလိုက်သည်။

"အခု . . . ဒါဆို မာမီက ဘယ်လိုစီစဉ်မှာလဲ"

"မာမီရော သားဒယ်ဒီရော စီစဉ်ထားတာက ဒီရက်ပိုင်း
သား ယမထာ့ဆီကို မသွားနဲ့ဦး၊ ယမထာနဲ့မာမီ နှစ်ယောက်တည်း
တွေ့ပြီး ဆွေးနွေးညှိနှိုင်းဦးမယ်"

"သား ဒီစာမေးပွဲမပြီးသေးလို့ မရောက်တာ တစ်ပတ်ပြည့်
တော့မယ် မာမီ"

"ကောင်းတယ် သား . . . ဒါမှ ယမထာ မာမီဆုံးဖြတ်နိုင်း
ကို သူပိုင်ပိုင်နိုင်နိုင်ချနိုင်မှာ၊ မာမို့ကိုစွပြီးရင် သားအတွက်
ကောင်းဆုံးဖြစ်စေရမယ်၊ ဟုတ်ပြီလား သား"

"ကျေးဇူးတင်ပါတယ် မာမီ"

သူ ပြောပြီးထရပ်ကာ အခန်းထဲသို့ဝင်ခဲ့ပြီး ခုတင်ပေါ်သို့
လှဲလိုက်မိသည်။ ထမင်းစားချင်စိတ်လည်း မရှိတော့ဘဲ အားအင်
ကုန်သွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမိဘတွေ ပြန်သွားကတည်းက ဟိုတွေးဒီတွေးနှ
အိပ်ပျော်သွားခဲ့သည်။ အိပ်ပျော်နေရာမှ သူမခေါင်းထဲ အန္တရာယ်အရ
အသက်တစ်ခုကိုရလိုက်၍ လန့်နိုးသွားရသည်။ ဖျတ်ခနဲ မျက်တော
ကို ဖွင့်ကြည့်လိုက်စဉ်မှာတော့ သူမ၏ခန္ဓာကိုယ်တစ်ခုလုံးကို တ
တော့ဝါးတော့မည့်အတိုင်း စူးစိုက်ကြည့်နေသော ဦးသောင်းစိန်
သူမဘေးရောက်နေသည်။ အိပ်မျော်လွန်နေသော သူမက စောင်
ထားတာမဟုတ်၍ ထဘီလေးက ဒူးအထိပေါ်လုပေါ်ခင်။ သူမ အလ
တကြားနှင့် . . .

"ဦး . . . ဦးလေး . . . အမေရော . . . အမေ ဘယ်မှာလဲ

"နင့်အမေ ရပ်ကွက်တည်း တစ်အိမ်တက်ဆင်း ကြား
ထုတ်နေရာမှာပေါ့။ နင်ကလည်း နင့်အကောင်နဲ့ ယူရတော့မယ်ဆိုတေ
ပျော်နေမှာပေါ့၊ ငါ့မှာသာ ဘယ်သူမှ မသိအောင် အသည်းတွေ
နေရတာ"

အဆီပြန်သောမျက်နှာကြီးက သူမနှင့်နီးကပ်လာတာမို့ သူ
ဝုန်းခနဲ ထထိုင်လိုက်သည်။

"ဦးလေး . . . ကျွန်မအခန်းထဲက အခုထွက်သွားပါ"

သူမ ကြောက်စိတ်ဝင်လာကာ ထရံနားကပ်လိုက်ရင်း
လိုက်သည်။ အမေကလည်း ခုချိန်ထိပေါ်မလာ။





"ငါက နင့်ကိုချစ်လို့ပေါ့ ယမထာ၊ အစကတော့ အလှ
ကြည့်ထားမလို့ပါပဲ၊ ဒါပေမဲ့ . . . ငါ့ထက်ဦးတဲ့သူပေါ်လာတော့ ငါ
အလှမကြည့်နိုင်တော့ဘူး ယမထာ . . . ဟား . . . ဟား"

ပြောရင်း သူမကို လှမ်းဖက်သည်။ သူမ ရှိသမျှအင်အားနှင့်
အတင်းရုန်းသည်။ အင်အားချင်းမမျှတော့ ရုန်းမရ။ ရမ္မက်ဆန္ဒပြင်းပြ
သော အနမ်းကြမ်းများကြောင့် သူမ မူးမေ့မတတ် ခံစားနေရသည်။

အတင်းအဓမ္မဆန်သော ရိုက်ချက်ကြမ်းကြမ်းများအောက်
တွင် သူမဘဝက တစ်စစီဖွဲ့ကြွေလျက်။ နာကျင်မှုများနှင့်အတူ တစ်
ကိုယ်လုံးနုံးချည့်နေသောခံစားမှုက သူမ၏မျက်ရည်စက်တွေကို ဟား
ကိုက်နေကြသလို။

'ဆန္ဒ'ရေ ခွင့်လွှတ်ပါ။ သူမဘဝ ဒုတိယအကြိမ်နစ်မွန်း
ခြင်းက သူမအတွက် သွေးပျက်ချင်စရာ။ ချစ်သူကို ဘယ်လိုမျက်နှာ
နှင့် လက်ထပ်ရပါ့မလဲ။ အဖက်ဆယ်၍မရလောက်အောင်ကို
ပြတ်သပ်သွားသော သူမဘဝကတော့ ဟိုးအောက်ဆုံးသို့
ကျခဲ့လေပြီ၊ ဝမ်းနည်းလွန်းလှသဖြင့် ရှိုက်ကြီးတငင်ငိုကြွေးမိသည်။
တ်မာကြီးကတော့ ကာမဆန္ဒပြည့်ဝသွားပြီမို့ အပြင်သို့ထွက်သွား
ပြီ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ မဖြစ်နိုင်ဘူးဆိုတဲ့ အရာတွေက
တကယ် ဖြစ်ဖြစ်လာခဲ့တာပဲ မဟုတ်လား။
ခုတော့ဖြင့်...
စာအုပ်ကြားမှာညှပ်နေရတဲ့
မျက်ရည်ပန်းတစ်ပွင့်ကို
ဘယ်လိုရင်ဘတ်မျိုးနဲ့
လာဖွင့်ဖတ်ကြမှာတဲ့လဲ လောကရယ်။

## အခန်း (၅)

ထိုနေ့ကကိစ္စကို အမေစိတ်မကောင်းဖြစ်မှာစိုး၍ သူမ ဖွင့်မပြောဖြစ်ခဲ့ပါ။ အပြုံးမျက်နှာလေးနှင့် ပျော်ရွှင်နေသောအမေ့ကို ထိုဗိုက်ကြီးကြောင့် စိတ်မညစ်စေချင်။ အတွေးထဲ သူ့မျက်နှာကို မြင်ယောင်မိပြန်တော့ လူတစ်ကိုယ်လုံး နုံးချည့်သွားရသည်။

သူ့ဘဝနှင့်သူမဘဝက မထိုက်တန်တော့ပေ။ သူမဟာ မသန့်ရှင်းသော မိန်းကလေးတစ်ယောက် ဖြစ်နေခဲ့ပြီ။

ထိုစဉ် သူမ မမြင်ဖူးသောလူတစ်ယောက် ရောက်လာကာ

"ယမထာတို့အိမ်လား ခင်ဗျာ"

ယဉ်ယဉ်ကျေးကျေးမေးလာသောကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကျွန်မ ယမထာပါ"

ဟု ဖြေလိုက်သည်။

"ကျွန်တော်က ဒေါ်ခင်မာဝေတို့အိမ်က ဒရိုင်ဘာပါ၊ ဒေါ်ခင်မာဝေက ယမထာနဲ့ စကားပြောချင်လို့ ကျွန်တော်နဲ့ လိုက်ခဲ့ဖို့အတွက် မှာလိုက်ပါတယ်၊ သူက 'ဆင်ဖြူတော်' Restarurant က စောင့်နေပါတယ်"

"ကြော် ... ဟုတ်ကဲ့ .... ကျွန်မ အဝတ်အစားလဲလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ ... ကျွန်တော် ကားထဲကပဲ စောင့်နေလိုက်မယ်၊ ကားက လမ်းထိပ်မှာ ရပ်ထားခဲ့ရတယ်"

"ဟုတ်ကဲ့"

သူ အဝတ်အစားလဲပြီးချိန်တွင် အမေ ပြန်ရောက်လာသည်။

"ဟဲ့ ... ဒါက ဘယ်သွားမလို့လဲ"

"ဆန္ဒမာမီက စားသောက်ဆိုင်ကို လာခဲ့ဖို့ ကားလွှတ်လိုက်လို့ပါ"

"ဟေ ... ဟုတ်လား ... ဒါဆို သွားလေ၊ ကိုယ့်ဘက်ကတော့ ဘာတစ်ခုမှ အလျှော့မပေးနဲ့နော်၊ ငါ ပြောထားတဲ့အတိုင်းပဲကြားလား။ ဒါနဲ့ ညည်းဦးလေး မနေ့ကတည်းက ထွက်သွားတာ





ခုထက်ထိ ပြန်မလာသေးဘူး။ ဘယ်မှာသွားသေနေလည်း မသိဘူး"

"မသိပါဘူး အမေရာ"

ထွက်သာ ထွက်လာခဲ့ရပေမယ့် စိတ်တွေကတော့ လေးလံထိုင်းမှိုင်းနေသည်။ သူနှင့်လက်ထပ်ရဖို့ကို ဘယ်လိုမှ စိတ်မလုံတော့။ သူမ အမှန်အတိုင်း သူ့ကို ဖွင့်ပြောပြပြီး ဆုံးဖြတ်ခိုင်းရမည်။ သူ့လိုဖြူစင်သည့် ချစ်သူအပေါ်တွင် သူမ မညာရက်ပေ။ သူ့ဘက်က ဘာပဲဆုံးဖြတ်ဆုံးဖြတ် သူမ လိုက်နာမည်။

'ဆင်ဖြူတော်' စားသောက်ဆိုင်ကြီးရှေ့ ကားရပ်တော့ သူမ အတွေးစပျက်သွားရသည်။ ဒရိုင်ဘာခေါ်ဆောင်ရာ စားပွဲဝိုင်းဆီသို့ လိုက်ပါခဲ့သည်။

"လာ သမီး ... ထမင်းမစားရသေးဘူးမလား၊ ဒီဆိုင်က မြန်မာထမင်းဟင်း အရမ်းကောင်းတယ်၊ မာမီကတော့ ဟင်းတွေ မှာထားပြီးပြီ၊ သမီး စားချင်တာရှိရင် ထပ်မှာလေ"

သူမကို ချိုချိုသာသာဖြင့် ဂရုစိုက်လွန်းတာမို့ သူမ အနေရခက်လှသည်။

"ထာက အကုန်စားပါတယ် မာမီ၊ ချေးမများတတ်ပါဘူး"

ထမင်းနှင့်ဟင်းတွေရောက်လာတော့ သူမက ဇွန်းနှင့်ခက်ရင်းကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်ကာ သေသေသပ်သပ် စားနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ဖွန်းနဲ့ခက်ရင်းနဲ့ စားတတ်သားပဲ"

"ဟုတ်ကဲ့ ... ဆန္ဒ သင်ပေးထားတာတွေပါ"

မာမီက မျက်နှာလေးပြုံးကာ ခေါင်းတညိတ်ညိတ်နှင့် လုပ်နေသည်။ သူမတို့ စားသောက်ပြီးတော့မှ ...

"ကဲ ... ဒီနေ့ သမီးကို မာမီခေါ်ရတဲ့အကြောင်းအရင်းကတော့ တခြားမဟုတ်ပါဘူး၊ ပထမ မာမီပြောချင်တာက သမီးကို သားက အရမ်းချစ်တယ်ဆိုတာကို သိတယ်နော်၊ မာမီတို့ကလည်း သမီးကို လိုလားတယ်၊ ဒါ အမှန်အကန်ပဲ၊ ရွှေပင်ကိုနားတဲ့အချိန်မှာ အရင်ဘဝ ... အင်း ... ရှင်းရှင်းပြောရရင် ရိုးရိုးကျိုးဘဝက ပတ်ဝန်းကျင်ဆွေမျိုးအားလုံးကို မေ့ထားစေချင်တယ်၊ သမီး မာမီပြောတာတွေကို သဘောပေါက်လား"

"ဟို ထာ့ကို ပွင့်ပွင့်လင်းလင်းပဲပြောပါ မာမီ"

"အင်း ... မာမ့်ဘက်က ပွင့်ပွင့်လင်းလင်းပြောရရင်တော့ သမီးက သားကို လက်ထပ်ရင် အခု သမီးနေတဲ့ အသိုင်းအဝိုင်း ပတ်ဝန်းကျင်ကို စွန့်လွှတ်ရမယ်၊ ကုန်ကုန်ပြောမယ်ကွာ သမီးရဲ့အမေကိုတောင် မေ့ထားခဲ့ရမယ်"

"ရှင်"

မထင်မှတ်ထားသောစကားကြောင့် သူ အံ့ဩတုန်လှုပ်သွား





ရသည်။

"ဟုတ်တယ် သမီး၊ ဘယ်လိုလဲ စဉ်းစားနော်၊ အဲဒီလိုလုပ်နိုင်မယ်ဆိုရင် သမီးအမေ တောင်းဆိုတာအားလုံးကို မာမီတို့ဘက်က လိုက်လျောပေးမယ်"

ဪ ... လက်စသတ်တော့ စိန်တစ်ဆင်စာ တိုက်တစ်လုံးပေးပြီး အမေရင်းကို စွန့်လွှတ်ခိုင်းနေတာကိုး။ ဒီလိုအလုပ်မျိုးကိုတော့ သူမဘက်က ဘယ်တော့မှ လုပ်လေမည်မဟုတ်၊ မိဘကျေးဇူးကို စိန်တစ်ဆင်စာနဲ့ လဲရမည်လား။ မာမ့်ဘက်က ပြောပုံက ယဉ်ကျေးပေမယ့် ကိုယ့်ဘက်ကို ယက်လွှန်းသည်။

သူမရင်ထဲ သစ္စာတွေ ဘယ်ကဘယ်လို ရောက်လာသည်မသိ။

"ထာ့ဘက်ကတော့ ဝမ်းနည်းပါတယ် မာမီ၊ ယောက်ျားတစ်ယောက်နဲ့ လက်ထပ်ဖို့အတွက် ကိုယ့်အမေကို စွန့်လွှတ်ရမယ့်အလုပ်မျိုးကို ထာ့ထစ်သက် စိတ်ကူးတောင် မယဉ်ဖူးပါဘူး။ ထာ့ဘက်က ပွင့်ပွင့်လင်းလင်းပြောရရင် ဆန္ဒမရှိလို့ ထာ့ဘဝက ဘာမှဖြစ်မသွားပါဘူး၊ ဆန္ဒမရှိလည်း ထာ အသက်ရှင်လို့ရတယ်၊ အမေမရှိလို့တော့ မဖြစ်ဘူး။ ထာ့ဘဝမှာ အမေတစ်ယောက်တည်း ရှိရုံနဲ့ ပြည့်စုံပါတယ် မာမီ"



www.burmeseclassic.com

www.burmeseclassic.com



မာမီက ရေခွက်ယူကာ တစ်ငုံသောက်လိုက်ပြီး ...

''ကောင်းပြီလေ ယမထော၊ မင်းဆုံးဖြတ်ချက်ကို မင်း မပြင်တော့ဘူးဆိုရင် ကိုယ့်လမ်းကို ဆက်လျှောက်ရုံပဲပေါ့၊ ငါ့ဘက်က အခုလိုပြောရတာလည်း မင်းကို ဂုဏ်မြှင့်စေချင်လို့ပါ''

သူမ ထရပ်လိုက်မိသည်။

''ကျေးဇူးတင်ပါတယ်၊ ထာ ဂုဏ်မမက်ပါဘူး။ ထော့ဘဝမှာ ထော့အမေသာရှိရင် လုံလောက်ပါတယ်၊ သွားခွင့်ပြုပါဦး''

မျက်ရည်စက်လက်ဖြင့် ဆိုင်ထဲမှ ထွက်လာခဲ့လိုက်သည်။ ရှိပါစေတော့ သူမဘဝဟာ ဘယ်တော့မှ အေးချမ်းရလိမ့်မည်မထင်ပေ။ အခုလည်း ကိုယ့်လမ်းကိုယ်လျှောက်ဆိုတာ သူနှင့်သူမကို လမ်းခွဲလိုက်တော့လို့ ပြောနေတာပဲ ဖြစ်ရမည်။ သူနှင့်သူမက အပျော်တွဲ သက်သက် ရှိခဲ့ကြတာမှမဟုတ်တာ။ ပြီးတော့ ချစ်သူအဆင့်ထက် လည်း ကျော်လွန်ခဲ့ပြီ။ ဟိုလူယုတ်မာကြီးကြောင့်လည်း သူမဘဝ မည်းညစ်သွားခဲ့ရပြီလေ။

✲

ယမထော့ဘက်က သူမပြောသလို လက်မခံတာမို့ 'ဒေါ်ခင်





ပေ'တစ်ယောက် စိတ်ဓာတ်အကြီးအကျယ်ကျနေသည်။ ဒီပုံစံအတိုင်း သာဆိုရင်တော့ သားကို ယမထာတို့အသိုင်းအဝိုင်းသို့ အဝင်မခံနိုင်ပါ။ ယမထာတစ်ယောက်တည်းဆိုရင်တော့ ဘာအရေးလဲ၊ လက်ထပ်ပေးပြီး သူမတို့နှင့်အတူ ခေါ်ထားရုံပေါ့။

အခု ယမထာက သူ့အသိုင်းအဝိုင်းကိုမပြတ်ချင်။ သူတို့ဘက်က အသိုင်းအဝိုင်းရဲ့အကျင့်စရိုက်တွေကိုလည်း သူမ မကြိုက်။ တွေးလေတွေးလေ စိတ်တိုင်းမကျရလေပဲ။ ဘယ်လိုနည်းနဲ့မှ သဘောတူလို့မရ။

လက်ထပ်ပေးလိုက်ပြန်ရင်လည်း နောက်ပိုင်း ပြဿနာရှုပ်မှာ မြင်ယောင်သေးသည်။ အမေကတစ်မျိုး။ ပထွေးကတစ်မျိုး၊ ဆွေမျိုးတွေကတစ်မျိုးနှင့် ဒီဘက်ကမိသားစုကိုပဲ လာလာနှိပ်စက်ကြမှာ။ ဒိုက်ဆံလိုတိုင်းသာ လာတောင်းရင်တော့ ဒုက္ခပါပဲ၊ မဖြစ်ပါဘူး သားနဲ့ ယမထာကို အမြန်ပြတ်အောင်လုပ်ရမှာပဲ။ မလုပ်ရင်တော့ အခြေအနေက အတော်ဆိုးကုန်မှာ။

သားအတွက် အကောင်းဆုံးတွေနဲ့ပဲ ကြုံစေချင်သူမို့ ယမထော့ အတွက်ကတော့ အဆိုးတွေပဲဖြစ်လာမလား။ ယမထော့နေရာမှ စဉ်းစားကြည့်ပြန်ရင်လည်း မှန်နေတာပဲ။ ယောက်ျားတစ်ယောက်ကို ရဖို့ အတွက် မိခင်ရင်းကိုစွန့်လွှတ်ဖို့မသင့်ပေ။ သူမ မှားသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



အို . . . သား ကောင်းစားဖို့အတွက်ပဲဟာ။

သားရော, ယမထာရော မာမ့ိကို ခွင့်လွှတ်ပါကွယ်။

အဋ္ဌ . . . မိခင်တစ်ယောက်က သားတစ်ယောက်အတွက် အဋ္ဌ။ ဒီအဖြူရောင်အဋ္ဌကို နားလည်ပေးနိုင်ပါ့မလား သားရယ် . .

ပေါ်တီကိုအောက် ကားရပ်တာနှင့် သူ မာမ့်ကားထံ ပြေးသွားလိုက်ရင်း . . .

“မာမီ . . . အဆင်ပြေရဲ့လားဟင်၊ ထော့ကို ဘာပြောလိုက်တာလဲ”

သူက မာမီအိမ်ထဲကိုတောင်မဝင်ရသေးခင် အတင်းလိုက်မေးတာမို့ မာမီက သူ့ထံ မျက်စောင်းတစ်ချက်ထိုးကာ . . .

“အဲဒီလောက်လည်း သဲသဲမလှုပ်စမ်းပါနဲ့ သားရယ်၊ မင်းရဲ့ကောင်မလေးအကြောင်း မာမီ ပြောပြမယ် သေချာနားထောင်၊ မာမီက သူ့ကို စိတ်စမ်းတဲ့အနေနဲ့ မေးလိုက်တာ၊ သူ့ကိုလည်း ယုံကြည်လို့ပါ၊ ဒါပေမဲ့ . . . မာမီ ယုံကြည်ထားသလို၊ မာမီထင်ထားသလိုအဖြေက ထွက်မလာဘူး”





“မာမီက ဘယ်လိုမေးလို့ သူက ဘယ်လိုဖြေလိုက်လို့လဲ”

သူက ညွှန်ခန်းရှိ မာမီထိုင်ချလိုက်သော ဆိုဖာဘေးတွင် ဝင်ထိုင်ရင်း မေးလိုက်သည်။

“မာမီက သူ့ကို စိန်တစ်ဆင်စာ၊ ကားတစ်စီး၊ တိုက်တစ်လုံးနဲ့သာ မာမီတို့ဖက်က တင်မတောင်းနိုင်ခဲ့ရင် ဆန္ဒကို လက်ထပ်နိုင်ဦးမှာလားလို့ မေးလိုက်တယ်၊ ပြီးတော့ . . . မာမီက . . .”

“ခဏလေး မာမီ . . . ခဏလေး၊ သူက ဘာပြန်ဖြေလဲဟင်”

မာမ့်စကားကိုဖြတ်၍ သူက အလောတကြီးပင် မေးလိုက်သည်၊ မာမီက သူ့ဆံပင်လေးတွေကို အသာအယာ သပ်တင်ပေးရင်း

“သားရဲ့မိန်းကလေးက သူ့ဘဝမှာ သားမရှိလည်း ဘာမှဖြစ်မသွားပါဘူးတဲ့ကွယ်၊ သားမရှိလည်း သူ အသက်ဆက်ရှင်လို့ရပါတယ်တဲ့၊ ဒီမယ် . . . သားကသာ သေမလောက်ချစ်နေရတာပါကွယ်၊ ကိုကလေးမက သူ့ဘဝအတွက်ပဲ သူကြည့်တာ”

သူ တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။

“သူက တကယ်ပဲ အဲလိုဖြေလိုက်သလား မာမီရာ”

သူ၏ မချိတင်ကဲရေရွတ်သံအဆုံး မာမီက သူ့လက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"သား မယုံဘူးဆိုရင် အဲဒီကောင်မလေးကို ပြန်မေးကြည့် လိုက်လေ၊ ပြီးတော့ . . . သားဘက်က သူ့အပေါ် စမ်းသပ်မှုတစ် လုပ်ရဦးမယ်၊ ဒါဟာ . . . သားအတွက်ရော၊ သူ့အတွက်ပါ နောက် ဆုံးအခွင့်အရေးပဲ၊ ဒီနေ့ကစပြီး နှစ်ပတ်တိတိပြည့်တဲ့နေ့မှာ သား သူ့ဆီကိုသွားပြီးတော့ . . ."

မာမီ၏ညွှန်ကြားမှုအဆုံး သူ သက်ပြင်းမောတစ်ချ ကျိတ်ချလိုက်မိတော့သည်။

❋

'ဆန္ဒ'ရယ် ထားကိုမေ့လိုက်ပါတော့ကွယ်။ ထာတို့ဆုံမိဖို့ဆို ဘယ်လိုမှမဖြစ်နိုင်တော့လို့ပါ။

အခုဆိုရင် အမေက အိပ်ရာထဲပင် လဲနေချေပြီ၊ ဆယ့်ရှစ် ကျော်လုံးလုံး အလုပ်ပင်ပန်းခဲ့သည့်ဒဏ်တွေကြောင့် ထင်၏။ အ အိပ်ရာထဲလဲခဲ့သည်မှာ တစ်ပတ်ပင်ကျော်ခဲ့ပြီ။ အမေ့ကို ဆေး ပြချင်ပေမယ့် ရှိတဲ့ပိုက်ဆံလေးကလည်း အမေ အလုပ်မဝင်နိုင် ကြာပြီမို့ ဆန်ဝယ်ဖို့တောင် အနိုင်နိုင်ပင်၊ သူမအတွက် တစ်ခုစိတ်ရ သာရတာက ဟိုလူယုတ်မာကြီးက အဲ့ဒီနေ့ကစပြီး အိမ်ပြန်မလာ





သာကြောင့်ဖြစ်သည်။

အမေ့ကျုန်မာရေးက အခုရက်ပိုင်းမှာ အခြေအနေပို၍ဆိုးလာ ခဲ့သည်။

"ယမထာရေ . . . ယမထာ"

အော်ခေါ်သံနှင့်အတူ အပြေးတစ်ပိုင်းလှမ်းဝင်လာသော အိမ် ချေအိမ်မှ 'မငွေ'၏အသံကြောင့် တွေးလက်စအတွေးပင် ပျက်သွား တာ . . .

"မငွေ . . . ဘာဖြစ်လာလို့လဲဟင်"

'မငွေ'က လှေကားမှာပင် ထိုင်လိုက်ပြီး . . .

"နင့်ပထွေးကို ဟိုဘက်ရပ်ကွက်က ကန်ထဲမှာ ရေနစ်သေ လို့ အလောင်းဆယ်လာပြီတဲ့"

"ရှင် . . . ဘယ်လို မငွေ . . . ထာ့ကို သေသေချာချာ ပြန် ပြောပါဦး"

"ဒီလိုဟ . . . နင့်ပထွေးက မူးမူးရူးရူးနဲ့ ဟိုဘက်ရပ်ကွက် က ရေကန်ထဲ ရေဆင်းကူးတာနေမှာပေါ့အေ၊ ရေနစ်တာ ဘယ်တုန်း က နစ်တာလည်းတော့ ငါလည်း မသိဘူး။ အခုမနက်မှ အလောင်း ပေါ်လာလို့ ရဲတွေရော၊ ရပ်ကွက်လူကြီးတွေရော ဆယ်နေကြတယ်"

"သေသာသေလိုက်ချင်တော့တာပါပဲ အစ်မရယ်၊ အမေက



www.burmeseclassic.com

www.burmeseclassic.com



လည်း နေမကောင်းဘူး။ ထာကလည်း ဘာမှလုပ်တတ်တာ မဟု
ဘူး ... ဒုက္ခပါပဲ၊ သေတာတောင် လူတွေကို ဒုက္ခပေးသွားေ
တယ်''

သူမ စိတ်ညစ်ညစ်နှင့် ခေါင်းကို တဖျင်းဖျင်းကုတ်
ညည်းတွားလိုက်မိသည်။

''အဲဒီအသုဘကိစ္စအတွက်တော့ ဘာမှမပူနဲ့ မိ
ရပ်ကွက်လူကြီးတွေကို ပြောလိုက်မယ်၊ ငါ့တာဝန်ထား''

''ဘယ်လိုပြောမှာလဲ အစ်မ''

''ဪ ... အသုဘကိစ္စကို ညည်းတို့ ဘာမှမတတ်နိုင်
နာရေးကူညီမှုအသင်းကို ကူညီခိုင်းဖို့အတွက်ပေါ့''

''ဟုတ် ... ကူညီပေးပါ အစ်မရယ်၊ အားကိုးပါတယ်
အသုဘကိစ္စအဝဝကို ရပ်ကွက်လူကြီးတချို့နှင့် နာရေး
မှုအသင်းကြောင့် အစစအရာရာအဆင်ပြေသွားခဲ့ရသည်။

သူမ အမေ့ထဘီတွေ လျှော်နေစဉ်မှာပဲ ...

''ထာ''

အနားကပ်၍ ဖွ...ါလိုက်သည်မို့ သူမ လန့်သွားမိသည်

''ဪ ... ဆန္ဒရယ် လန့်လိုက်တာ၊ ဘယ်ပျောက်ေ
လဲ၊ အခုမှပဲ ပေါ်လာတော့တယ်''





''ကိုယ်မအားလို့ပါ၊ ဒါနဲ့ ထာ ... ကိုယ်နဲ့ ခဏလောက်
က်ခဲ့လို့ရမလားဟင်''

သူမ ခြံစည်းရိုးတွင် ထဘီတွေကို လှမ်းလိုက်ပြီး ...

''အမေ နေမကောင်းဘူး ဆန္ဒ။ အခြေအနေက တော်တော်
တယ်၊ တစ်ယောက်တည်းတော့ ထားခဲ့လို့မဖြစ်ဘူးထင်တယ်၊
နေဦး အမေ့ကို မေးကြည့်လိုက်ဦးမယ်''

သူမ အိမ်ပေါ်သို့ တက်ခဲ့လိုက်ကာ ...

''အမေ ... အမေ''

သူမ ခေါ်သံကြားတော့ အမေက အိပ်ရာထဲမှ အားယူကာ
လုံးလေး ဖွင့်ကြည့်သည်။ အမေ စကားသိပ်မပြောနိုင်တော့ဘဲ
လည်း သိပ်မထွက်တော့ပါ။

''အမေ ... ထာ ဆန္ဒနဲ့ အပြင်ခဏလောက် လိုက်သွား
အမေတစ်ယောက်တည်း ဖြစ်ရဲ့လား။ ထာ မကြာပါဘူး ...
''

အမေက အသာအယာခေါင်းညိတ်ပြသည်။ အမေ့လက်ဝါး
ကို နမ်းလိုက်ပြီး 'ဆန္ဒ' နှင့် အပြင်ကို လိုက်ခဲ့လိုက်တော့သည်။
ကို တစ်ယောက်တည်း ထားခဲ့ရတာကိုတော့ သူမစိတ်ထဲ
င့်ပေ။ နောက်ဆံတင်းနေမိသည်။ အမေ့ကို စိတ်မချပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်လည်း မတွေ့ရတာကြာပြီမို့ လိုက်လာမိခဲ့ခြင်း ဖြစ်သည်။

သူ ကားမောင်းနေတာကို သူမ ဘေးမှ သူ့မျက်နှာချောချော ကို ငေးနေမိသည်၊ သူ့မျက်နှာက ဘာရယ်ကြောင့်တော့မသိ အရင်ထက် ရွှင်ရွှင်ပျပျမဟုတ်ဘဲ တည်တည်တင်းတင်းလေး ဖြစ်နေသည်။

သူက ကားလေးကို အေးချမ်းစိတ်ငြိမ်သော လမ်းဘေး တစ်နေရာတွင် ရပ်လိုက်သည်။ သူက ဘေးတွင် ချထားသော အိတ် အနက်ကြီးကို သူ့ပေါင်ပေါ်သို့ ဆွဲယူလိုက်တာမို့ . . .

သူမက သူ့ပေါင်ပေါ်မှ အိတ်ကြီးကို လက်ညှိုးနှင့်ထိုး...

"အဲဒါ ဘာတွေလဲဟင်"

"ပိုက်ဆံတွေပါ"

သူက ခပ်တည်တည် မျက်နှာထားလေးနှင့် ဖြေသည်။

"ပိုက်ဆံတွေ . . . ဟုတ်လား။ ဘယ်လောက်တောင်မို့ ဒီအိတ်ကြီးနဲ့ ထည့်လာရတာလဲ"

သူမကို သူက အကဲခတ်သလိုကြည့်ရင်း . . .

"သိန်းတစ်ရာတည်းပါ"

"သိန်းတစ်ရာ"

သူမတို့လို ဘဝတွေကျတော့ ပိုက်ဆံတစ်သောင်းပင် ...
အောင် မကိုင်ဖူးပေ။ ပိုက်ဆံချမ်းသာတဲ့သူတွေကျတော့ သိန်းတစ်...





...င် ကလေးကစားစရာကျလို့။

"ထားကို ကိုယ်တစ်ခုမေးမယ်"

"အင်း . . . မေးလေ"

"ဟိုးရက်က ထားနဲ့မာမီ တွေ့ဖြစ်ကြတယ်ဆို"

"အင်းလေ . . . ဆန္ဒကို မာမီက မပြောပြဘူးလား"

"ပြောပါတယ်၊ အဲဒါကြောင့် မေးမလို့ပါ၊ ကိုယ်မေးတဲ့ ...ခွန်းကိုပဲ အမှန်အတိုင်းနဲ့ လိုရင်းကို ဖြေနော်၊ အပိုတွေကို မပြော...

"အင်းပါ . . . မေးလေ"

"လွန်ခဲ့တဲ့တစ်ပတ်လောက်က ထားက ကိုယ့်အမေပြော ...ဘာတွေကို ငြင်းလိုက်တယ်ဆို"

"အင်း . . . ဟုတ်တယ်၊ ငြင်းလိုက်တယ်လေ"

"ပြီးတော့ ထားဘဝမှာ ကိုယ်မရှိလို့ ဘာမှမဖြစ်ဘူး၊ ကိုယ် ...ရှိရင်လည်း အသက်ရှင်နိုင်တယ်လို့လည်း မာမီ့ကို ပြောလိုက်သေး ...တယ်ဆို"

သူ့မေးခွန်းအဆုံး သူမက သူ့ထံ စူးခနဲ တစ်ချက်စိုက်ကြည့်

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖြေသည်။

"မင်း တကယ်နေနိုင်တယ်ပေါ့ ဟုတ်လား။ မာမီပြောတဲ့ အတိုင်း မလုပ်ဘဲနဲ့လေ"

ဘယ်လိုမေးခွန်းမျိုး မေးလိုက်ရတာလဲ 'ဆန္ဒ'ရယ်။

"ဖြေလေ . . . မယမထာ"

သူမတစ်ခွန်းချင်း အေးစက်စွာ ဖြေလိုက်သည်။

"နေနိုင်တယ်"

"ကျေးဇူးပဲ ယမထာ၊ မင်းစိတ်ဓာတ်ကို စောစောစီးစီးသိ လိုက်ရတဲ့အတွက်ပါ၊ ဒီလောက် ကိုယ့်တို့အပေါ်မှာကောင်းခဲ့တဲ့ မာမီ့ အစီအစဉ်တွေအတိုင်း မင်း လိုက်မလုပ်နိုင်တာဟာ မင်းအဆင့်အတန်း ကို မင်း ဖက်တွယ်ထားလို့ပဲ၊ ငါကိုက မှားတာပါ၊ မင်းလို ဘာအရောင် အဆင်းမှမရှိတဲ့ 'လင်းတ' လို ငှက်မျိုးကိုမှ 'ဒေါင်း' တွေထဲကို ခေါ်ခဲ့မိတဲ့ ငါကပဲ မှားတယ်လို့ထားလိုက်ပါတော့ကွာ"

သူပြောနေတာတွေကို သူမ နားမလည်ပါ။ သူတို့အသိုင်း အဝိုင်းထဲကိုဝင်ဖို့အတွက် သူမအမေကို စွန့်လွှတ်ရမည်တဲ့လား။ ဒါဟာ တရားပါသတဲ့လား။

"မဟုတ်ဘူး ဆန္ဒ . . . ထားအနေနဲ့ ထားကိုမွေးထားတဲ့ အမေကို"





"မင်း ဘာမှဆက်မပြောနဲ့၊ ငါ . . . ငါ့အမေရဲ့စကားကိုပဲ နားထောင်လိုက်တော့မယ်၊ ငါ . . . ငါ့အမေ သဘောတူထားတဲ့ မိန်းကလေး ကိုပဲ ငါ လက်ထပ်လိုက်တော့မယ်"

သူမက သူ့ကို တစ်ခါမှမမြင်ဖူးသော လူတစ်ယောက်လို ကြည့်ရင်း . . .

"ဆန္ဒ . . . ရှင် . . . ရှင် . . . ဆန္ဒအစစ်မှဟုတ်ရဲ့လား၊ ဆန္ဒအစစ်ဆိုရင် ဒီလိုမျိုး ဘယ်တော့မှ ဆုံးဖြတ်မှာမဟုတ်ဘူး"

ရှိုက်ကြီးတငင်ငိုရင်းနှင့် . . .

"ဆန္ဒ . . . ဆန္ဒ လက်ထပ်မယ့်ကောင်မလေးက ထား လောက် ဆန္ဒကို ချစ်နိုင်ပါ့မလားဟင်"

"မင်း စိတ်မပူပါနဲ့ကွာ၊ လင်းတထက်တော့ ငှက်တိုင်း လှပါ တယ်ကွာ"

သူမ သူ့လက်ကိုလှုပ်ယမ်းရင်း ကလေးတစ်ယောက်လို ငို ကြွေးမိကာ . . .

"ဆန္ဒရယ် . . . ထားတို့အချစ်တွေက သာမာန်မဟုတ်ခဲ့ဘူး လေ ပြီးတော့ . . . ထား . . . ထားတို့က ချစ်သူအဆင့်ကိုကျော်ပြီး"

သူက သူမ စကားမဆုံးသေးခင်မှာပဲ လက်ကာပြပြီး . . .

"အဲဒီ့အတွက် ငါ စဉ်းစားထားပြီးသားပါ၊ ဒီအိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သိန်းတစ်ရာတိတိပါတယ်၊ မင်းအတွက် နစ်နာကြေးအဖြစ် ယူထားလိုက်၊ မင်းတို့ဘဝတွေအတွက်တော့ ဒီပိုက်ဆံတွေက အသုံးဝင်မှာပါ"

"ဆန္ဒ ... ဆန္ဒ ... ဒါ ထော့ကိုစော်ကားနေတာလား၊ ဟုတ်လား၊ နစ်နာကြေး ... ဟုတ်လား"

"အေး ... ခပ်ရိုင်းရိုင်းပြောရရင်တော့ မင်းအတွက် လျော်ကြေးပေါ့ကွာ၊ မင်းအတွက် လျော်ကြေး"

ထိုအသံ၊ ထိုမျက်နှာထား ...

ထိုအချိန်ခဏလေးအတွင်းမှာပဲ သူမ သိပ်ချစ်ခဲ့ရတဲ့ ယောကျ်ားတစ်ယောက်ကို သေလောက်အောင် နာကျင်မုန်းတီးသွားမိတာပဲဖြစ်သည်။ ထိုအချိန်တွင် မျက်စိထဲပေါ်လာတာက အမေ့ပုံရိပ်။ ဟုတ်တယ် ... အမေ့ကို ဒီငွေနဲ့ ဆေးကုရမယ်။ ဒီငွေဟာ သူမရဲ့ အပျိုစင်ဘဝအတွက် တန်ရာတန်ကြေးရတာပဲ။ သူမ ယူကိုယူရမည်။ သူမ ဒီငွေတွေကို မယူလိုက်လျှင် ရှုံးသွားပေတော့မည်။ ကိုယ့်တက်က တစ်ခုပေးဆပ်လိုက်ရလျှင် ကိုယ်ကလည်း တစ်ခုပြန်ယူရမှာပဲ။ သူမ မျက်နှာကို ချက်ချင်းတည်လိုက်ကာ ...

"ကောင်းပြီ ဆန္ဒ ... ဒီငွေတွေကို ကျွန်မလက်ခံတယ်"

သူမအသံဟာ တိုးတိတ်လွန်းပေမယ့် သူ့နားထဲတွင်တော့ ချိန်ကိုက်ဗုံးတစ်ခုလို ပေါက်ကွဲလွင့်စဉ်သွားခဲ့သည်။





"ဒီငွေတွေကို ကျွန်မ ယူပြီးရင် ရှင်နဲ့ ဘာမှထပ်ပတ်သတ်စရာမလိုတော့ဘူး ဟုတ်လား၊ ကျွန်မ ရှင့်ကို အရမ်းမုန်းတယ် ဆန္ဒ"

ပြောပြီး သူမ သူ့ထံမှ ငွေထုပ်ကိုဆွဲကာ ကားပေါ်မှ ဆင်းခဲ့လိုက်တော့သည်။

သူ မြင်ကွင်းထဲမှ သူမ ပျောက်ကွယ်သွားသည်အထိ မှင်တက်ငေးမောမိနေရာမှ သတိပြန်ဝင်လာကာ ရင်ထဲနွမ်းလျသွားတော့သည်။ သူ့ရင်ထဲမှာ တွေးထင်ထားတာက သူပေးလျှင် သူမဘက်က ပိုက်ဆံကို ငြင်းလိမ့်မည်။ သူမဘက်သာ ငြင်းလိုက်လျှင် သူနှင့်သူမကို မာမိက ချက်ချင်းလက်ထပ်ပေးပေလိမ့်မည်။ သူ ခန့်မှန်းထားခဲ့တာ လောက်ပါပဲ။ ခုတော့ ...။

သူမက မာမီထင်ထားခဲ့သလို ငွေမက်သော မိန်းကလေးဖြစ်နေပေသည်။ သူ့ကိုတောင် လုံးဝ အရေးစိုက်မသွားခဲ့ပေ။ သူ အလွန်ချစ်ခဲ့ရသော ဒီမိန်းမချောလေးကို သူ အလွန်ပဲ နာကြည်းမုန်းတီး သွားခဲ့တော့သည်။

❋

မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျရင်း အိမ်ပြန်လာခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ခရီးတစ်လျှောက်လုံးတွင် အမေ့ကိုပဲ သတိရနေမိသည်။ ခုချိန်မှာ အမေ့ရင်ခွင်ထဲဝင်ပြီး တစ်ဝကြီး ငိုချင်နေခဲ့သည်။ အခုဆိုလျှင် ပိုက်ဆံလည်း သူမလက်ထဲတွင် ရှိနေခဲ့ပြီ။ အမေ့ကို ဆေးကုပြီး လုပ်ငန်းလေးတစ်ခု လုပ်ကိုင်ပြီး သားအမိနှစ်ယောက် အတူတကွ လုပ်ကိုင်စားသောက်ရမည်။ တွေးကြည့်ရုံနှင့် ပီတိဖြစ်ရပါသည်။

တစ်ချက်တစ်ချက်တွင်တော့ သူ့မျက်နှာကို နာနာကြည်းကြည်း မြင်ယောင်မိသည်။ 'တောက်' တစ်ချက် ခေါက်လိုက်ရင်း အတွေးထဲမှ ထုတ်ပစ်လိုက်သည်။ ဟွန်း . . . ရယ်စရာတော့ ကောင်းသား။ သူတို့နှင့် အသိုင်းအဝိုင်းတူ မိန်းကလေးတစ်ယောက်ကို လက်ထပ်နိုင်ရန်အတွက် ငွေပေးပြီး သူမကို လမ်းရှင်းလိုက်သည့်သဘောပေါ့။ သူ့အမေနိုင်းတာမှ ဟုတ်ပါလေစ။

သူမ ကားတစ်စီးတားလိုက်သည်။ ကားထဲရောက်မှ အိတ်ကို အသာဖွင့်ကြည့်လိုက်မိသည်။ ဘုရားရေ . . . တစ်သောင်းတန်တွေ အုပ်လိုက်ပါလား။ ဘုရား . . . ဘုရား ဒီလောက်များတဲ့ငွေတွေ ငါ တစ်ခါမှ မကိုင်ဖူးခဲ့ဘူး။

တွေးရင်းပင် သူမ ကြောက်လန့်လာခဲ့သည်။ ဒီပိုက်ဆံတွေကို မထိရဲ မကိုင်ရဲဖြစ်နေခဲ့သည်။ သူမတို့လမ်းထိပ်ရောက်တော့ ကားရပ်ခိုင်းကာ ကားထဲမှထွက်ရင်း အိတ်ထဲမှ တစ်သောင်းတန်တစ်





ရွက်ကို ထုတ်ပေးလိုက်ကာ ပြန်အမ်းငွေကိုကိုင်ရင်း လက်တစ်ဖက်မှ အိတ်အနက်ကိုဆွဲပြီး လမ်းထဲသို့ ဝင်ခဲ့သည်။

အိမ်နားရောက်တော့ အိမ်ရှေ့တွင် လူစုရုံးစုရုံးနှင့် တွေ့ရတာမို့ သူမ ရင်ထိတ်သွားရကာ အပြေးလေးသွားမိတော့သည်။

"ဒေါ်လေးနှင်း . . . ဘာဖြစ်လို့လဲဟင်"

"ဟယ် မိထာ . . . နင် အခုမှ လာရသလားဟဲ့၊ ဟိုမှာ နင့်အမေ ဆုံးပြီ . . . အီး . . . ဟီး . . . ဟီး"

"ရှင်"

ဒေါ်လေးနှင်းက ပြောရင်း အော်ငိုတော့သည်။ ဒေါ်လေးနှင်းက အမေ့ကို အလွန်ချစ်သည်။ သူမ အိမ်ပေါ်သို့ လွှားခနဲ ပြေးတက်လိုက်ကာ . . .

"အမေ"

အမေ့အလောင်းက ရုပ်ကွက်မှ ပြင်ဆင်ပေးထားပြီးပြီ၊ သူမ ဘယ်လိုမှ မယုံနိုင်ပေ။ သူမ ထွက်သွားခဲ့တာ တကယ့်ခဏတာလေးပါ။

"ဟင့်အင်း . . . မဟုတ်ဘူး၊ မဟုတ်ဘူး၊ အမေသေတာ မဟုတ်ဘူး၊ အမေ အိပ်ပျော်နေတာပါ၊ အမေ အိပ်နေတာ သေချာပါတယ်၊ ဆရာဝန် သွားခေါ်ပေးကြပါရှင်၊ ဘယ်လောက်ကုန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို ထာ ကုပေးပါ့မယ်၊ အမေ ... အမေ ထာ ပြန်လာပြီလေ အမေ ... ထပါဦး အမေရဲ့၊ အမေ ထာ့ကို စိတ်မချဘူးဆို၊ အခု ... ထာ ... ထာ့ကို တစ်ယောက်တည်း ထားမသွားပါနဲ့ အမေ"

သူမ အမေ့အလောင်းကိုဖက်ကာ သွေးရူးသွေးတန်းနှင့် ပြောနေမိသည်။

အမေရယ် အခု ထာတို့ မဆင်းရဲတော့ဘူး အမေရဲ့။ ထာ မှာ ပိုက်ဆံတွေ ရှိနေပြီ။ အမေ့ကို ချစ်လွန်းလို့ ထာ့ချစ်သူနဲ့လဲပြီး ယူလာတဲ့ ပိုက်ဆံတွေလေ အမေရဲ့။ ပြန်လာခဲ့ပါ အမေရယ်။ ထာ့ အားကိုးစရာ မရှိလို့ပါ။

ထာ့ဆီ ပြန်လာခဲ့ပါ အမေရယ် ... ပြန်လာခဲ့ပါ။

❋

အမေ့ရက်လည်ပြီးတော့ သူမကို ဒေါ်လေးနှင်းက စကား လာခဲ့သည်။

"မိထာ ... သမီး ဒေါ်လေးတို့ အိမ်မှာလာနေမလား။ ထာ စိတ်ကို ဒေါ်လေး နားလည်တယ်၊ အခု ထာ ဘာဖြစ်ချင်လဲ ... ဒေါ်လေးနှင်းကိုပြော"





"ဒေါ်လေးနှင်း ... ထာ အပြင်သွားနေတဲ့ခဏလေးအတွင်း မှာ အမေ ဘာလို့ အခုလို ဖြစ်သွားရတာလဲဟင်"

ဒေါ်လေးနှင်းက ကွမ်းအစ်ဖွင့်ကာ ကွမ်းတစ်ယာ ယာရင်း

"အဲဒီနေ့က အိမ်မှာ ကြက်သားလေး နည်းနည်းချက်လို့ မြ စားရအောင် လာပို့တာ၊ ဒေါ်လေး အိမ်ပေါ်ရောက်တော့ မမြကို အိပ်နေတယ်ပဲ ထင်တာ၊ ဟင်းခွက်လေး အသာထားပြီး ပြန်မလို့ပါပဲ ပါပေမဲ့ ... ပူပူနွေးနွေးလေးစားတော့ ပိုကောင်းမှာပဲဆိုပြီး သူ့ကို တစ်ခါတည်း ကျွေးရအောင် နှိုးတာ လုံးဝခေါ်လို့မရတော့ဘူး။ အဲဒါနဲ့ နီးအနားက လူတွေကို လှမ်းအော်ခေါ်ရတာ"

"အမေ သနားပါတယ် ဒေါ်လေးရယ်"

သူမက ပြောရင်း ငိုပြန်သည်။

"ပြီးတာတွေလည်း ပြီးသွားပြီပဲ သမီးရယ်၊ ကဲ ... ဒေါ်လေးမေးတာ ဖြေပါဦးကွယ်၊ သမီး ဘာဆက်လုပ်မလဲ"

ဒေါ်လေး၏မေးသံအဆုံး သူမ သက်ပြင်းချလိုက်ကာ ...

"ထာ ... ဒီအိမ်နဲ့ခြံကို ဒီအတိုင်းပဲထားမယ်၊ ဒေါ်လေးနှင်း ပဲ စောင့်ရှောက်ပေးပါ၊ ထာကတော့ တစ်လတစ်ခါလောက်ပဲ ကြည့်မယ်"

"ဟင် ...ထာက ဒေါ်လေးတို့အိမ်မှာ လာမနေဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ထာက ဘယ်သွားနေမလို့လဲ''

''ထာ မြို့ထဲနဲ့နီးတဲ့ အဆောင်တစ်ခုမှာ ငှားနေမယ် ဒေါ်လေး''

''သမီးကောင်လေးကရောကွယ်''

သူမ နာနာကြည်းကြည်း ခေါင်းကို ခါယမ်းလိုက်မိသည်။

''သူ့အကြောင်းမပြောပါနဲ့တော့ ဒေါ်လေးရယ်''

''ဘယ်လိုဖြစ်ရတာလဲကွယ်''

''အဲဒီကိစ္စ အစမဖော်ပါနဲ့တော့နော်၊ ထာ တောင်းပ တယ်၊ ထာ မေ့ထားချင်လို့ပါ။ အခု ဒီအိမ်လေးကို အမေ့အငွေ့အသ တွေရှိလို့ ထာ မရောင်းချင်တာပါ၊ ဒေါ်လေးနှင်း စောင့်ရှောက် ပါနော်၊ ထာ စိတ်ချပါ့မယ်''

''အေးပါ ... ထာရယ်၊ ဒါနဲ့ လောလောဆယ် အ လခပေးဖို့အတွက်ရော ပိုက်ဆံရှိရဲ့လား၊ မရှိရင် ဒေါ်လေး နား လေး ရောင်းပြီး ယူသွားအောင် အဆင်ပြေမှ ပြန်ပေးပေါ့''

''ရပါတယ် ဒေါ်လေး ... ထာ့မှာရှိပါတယ်၊ နောက် ထာ အလုပ်ရှာမှာပါ၊ ဒေါ်လေးကို ထာ ကျေးဇူးအရမ်းတင်ပါ

သူမ၏ဘဝတစ်ဆစ်ချိုးကို သူမလက်နှင့်ပဲ စရေးခဲ့ သည်။





ဒုက္ခဆိုတာ သူမအတွက် မိတ်ဆွေဖြစ်နေပြီမို့ သူမ ကြောက်မိတော့ပေ။ အားလုံးကို ရင်ဆိုင်ရဲခဲ့ပြီ။ သူမအမေ၏အငွေ့ အသက်တွေရှိသော ဒီအိမ်ငယ်လေးမှ မခွာချင်ပါ။

သို့ပေမယ့် ...

* * *



www.burmeseclassic.com

www.burmeseclassic.com

ကဲပါ…

ကြယ်ကြွေသောနေ့တွေကို ရေစုံမျောလိုက်ကြပါစို့
ခံစားမှုအတုတွေကို ဘယ်တော့မှ
မထုဆစ်ခဲ့ဘူး ဆိုပေမယ့်
ရင်ထဲမှာ မိုးအတုတွေရွာပြီး
စိမ်းလန်းစေခဲ့မိတယ်။
ရယ်သံတွေရဲ့ ရင်ဘတ်မှာတော့
အလွမ်းအမာရွတ်တွေ ကျပ်ပြည့်တင်းပြည့်
အဲလို…-အေးခဲစပြုနေတဲ့ ငါ့အတွေးတွေက
တိမ်မြူတွေလို ဝဲရုပ်လွင့်ပါးနေကြလေရဲ့။
လေနီကြမ်းတွေကြားမှ အိပ်မက်အကောင်းစားတွေကို
ကိုက်ချီလာတဲ့ ရင်ကွဲငှက်ကိုမြင်မိတော့
ရင်ထဲမှန်းကျပ်တစ်ဆို့သွားကာ
ဘာကြောင့်လဲ လောကရယ်…

## အခန်း (၆)

ပြန်တွေးကြည့်လျှင် ခဏလေးဆိုပေမယ့် အချိန်အားဖြင့် … သုံးလကျော်ခန့် ကြာခဲ့ပေပြီ။ လှည်းတန်းရှိ အမျိုးသမီး …ဆောင်တစ်ခုတွင် ငှားနေခဲ့သည့် သူမအတွက် အလုပ်ရှာရတာ …ယ်တမ်းကျတော့ ထင်သလောက်မလွယ်ကူလှပေ။ ဘာပညာမှ …သည့်သူမအတွက် ဘယ်အလုပ်ရှင်ကအလုပ်ခန့်မှာလဲလေ။ …ရေးဝန်ထမ်း သွားလျှောက်မိတော့လည်း သူမလိုမြူနရှော့မှတ် …နီးကလေးက လက်ကြောတင်းအောင် မလုပ်နိုင်လောက်ပါဘူး …တာ မခန့်လိုက်ပေ။

လက်ထဲရှိသည့်ငွေလေးနှင့် အလုပ်သေးသေးလေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ယောက် လုပ်ရအောင်လည်း သူမမှာကြိုတင်လေ့လာထားကော [illegible] မရှိ၊ စိတ်ညစ်လွန်း၍ လက်ထဲရှိသည့်ပိုက်ဆံတွေကို အကျိုးဝယ်လို [illegible] အလုပ်ပြင်ဆိုင်သွားလိုက်နှင့် အကုန်လျှောက်သုံးနေမိသည်။ သူမ [illegible] တစ်ခန်းတည်းအတူနေသည့် အခန်းဖော်ကောင်မလေး 'နန်းမိုစ်' [illegible] တစ်နေ့တော့ သူမကိုညွှန့်ခံပွဲတစ်ခုသို့ အဖော်ခေါ်လာသည်။

"လိုက်ခဲ့ပါ ထားရယ် ... နော် ... အဲဒီပွဲကတကယ့် [illegible] ဒိတ်ကြဲတွေချည်းပဲ လာမယ့်ပွဲမို့ ငါတစ်ယောက်တည်း မသွားရဲ [illegible] ဟယ် ... နော်"

သူမလည်းပျင်းနေတာမို့ လိုက်သွားချင်မိသည်။

"အင်း .. လိုက်တော့လိုက်ချင်ပါတယ်၊ ဒါနဲ့ နင်ကအဲဒီ [illegible] ပွဲကို ဘယ်သူနဲ့ပတ်သက်လို့ သွားတာလဲ"

"အင်း ... ငါ့ ပါတနာတစ်ယောက်ကြောင့် ဆိုပါတော့ [illegible]

"ပါတနာ ... ဟုတ်လား"

"အင်းလေ"

'နန်းမိုစ်'က သူမဘေးတွင်ဝင်ထိုင်ရင်းမှ ဖြေသည်။

"ပါတနာဆိုတာ ချစ်သူကိုပြောတာလား"

"အိုး ... ဟိုး ... ဟိုး ... နင်ကသိပ်ရိုးတာပဲဟယ် [illegible]

သူမကတော့ ဘာမှကိုနားမလည်ပါ။





"ကဲပါ ထားရယ် ... ငါ နင့်ကိုခင်လို့ ပြောပြမယ်၊ ငါနဲ့ [illegible] လူက ဘာမှမတော်စပ်ဘူး။ ငါ့ဘဝတစ်ခုလုံးကို ထောက်ပံ့ပေးနေ [illegible] တစ်ယောက်ပါ၊ လောလောဆယ် နင် အဲ့ဒီလောက်ပဲ သိထားလိုက် [illegible]

စိတ်ထဲမှာတော့ နန်းမိုစ်စကားကို ခပ်ရေးရေး သဘော [illegible] ပေါက်လိုက်မိသလိုပင်။ နန်းလည်း သူမလိုပဲ ဘာအလုပ်မှ မယ်မယ် [illegible] ရှိတဲ ပိုက်ဆံကို ရေလိုသုံးနေနိုင်တာ နောက်ကွယ်မှာ တစ်ခုခုရှိနေ [illegible] ပဲပေါ့။ ထိုနေ့က သူမ ညွှန့်ခံပွဲကို လိုက်သွားမိသည်။ ဂါဝန်ပျော့ [illegible] လိမ္မော်ရောင်လေးက သူမခန္ဓာကိုယ်ကောက်ကြောင်းအလှကို [illegible] နဲ့ ပေါ်လွင်နေသည်။ နန်းက သူမဆံပင်ကို ကပိုကရိုဆံထုံး [illegible] ထုံးပေးထားတာမို့ ညွှန့်ခံပွဲကြီးတစ်ခုတွင် သူမအလှက ထင်ထင် [illegible] ားကြီးကို လှပနေသည်။

ထိုစဉ် နန်းက အသက်လေးဆယ်ကျော်အရွယ်ယောကျ်ား [illegible] ယောက်ကိုခေါ်လာကာ သူမနှင့် မိတ်ဆက်ပေးသည်။

"ကိုကြီး ... ဒါ နန်းရဲ့အခန်းဖော်သူငယ်ချင်းလေ ယမထာ [illegible] ထာ ... ဒါ ငါ့ရဲ့ကိုကြီးလေ၊ ဦးအောင်မြင့်မြတ်တဲ့ မှတ်ထား [illegible]

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာဝမ်းသာပါတယ် ယမထာ"

ထိုလူက လက်ကမ်းပေးတာမို့ သူမ လက်ဆွဲနှုတ်ဆက်[illegible] သည်။

နန်းက ထိုသူ့လက်မောင်းကို တွဲလိုက်ပြီး ...

"ထာ နင်တစ်ယောက်တည်း ဖြစ်ရဲ့လား။ ငါ ကိုကြီးနဲ့ [illegible] ပေါ်ကို ခဏသွားမလို့ဖြစ်မလားဟင်၊ သိပ်မကြာပါဘူး"

"ရပါတယ် နန်းရဲ့၊ လိုက်သွားလေ ... ငါ ဒီမှာထိုင်နေ[illegible] မယ်"

"ယမထာ စားချင်တာယူစားနော်၊ ဒီပါတီရှင်က ကို[illegible] ဘော်ဒါအရင်းကြီးလေ အားမနာနဲ့"

"ရပါတယ် ဦးမြင့်မြတ်၊ ကျွန်မ နေလို့ရပါတယ်"

ဦးအောင်မြင့်မြတ်၏လက်မောင်းကိုတွဲခိုပြီး လိုက်သွား[illegible] နန်းကို သူမ ငေးနေမိပါသည်။ နန်းဟာ သိပ်အလှကြီးမဟုတ်[illegible] ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်လေးရှိသော ညို[illegible] လေးတစ်ယောက်ပါပဲ။ တစ်ဆောင်လုံးက နန်းကို သိပ်အခေါ်အ[illegible] မလုပ်ကြတာကို သူမ သတိထားမိသည်။ ဒါကို နန်းလည်း သိ[illegible] သိသိကြီးနှင့်ပင် တမင်ကို ဂရုမစိုက်ဘဲနေသည်ဟု သူမတော့[illegible] သည်။ အဆောင်ပိုင်ရှင်ကလည်း နန်း ပေးကမ်းကျွေးမွေးထား[illegible]





နန်းကို အပြစ်မပြောပေ။

နန်းကတော့ ဘယ်သူ့ကိုမှ အဖက်မလုပ်ဘဲ ကားမျိုးစုံနှင့် လာခေါ်သော ယောကျ်ားလေးတွေနှင့် အပြင်ကိုထွက်မြဲပင်။

နန်းအကြောင်း တွေးနေစဉ် သူမရှေ့သို့ ခုနက ဦးအောင်မြင့် မြတ်အရွယ်လောက်ရှိမည့် တည်ကြည်ခန့်ညားပြီး အလွန်ကြည့် ကောင်းသော လူတစ်ယောက်ရောက်လာခဲ့သည်။

"ကျွန်တော် ဒီခုံမှာ ထိုင်လို့ရမလားခင်ဗျာ"

ယဉ်ယဉ်ကျေးကျေးပင် တောင်းဆိုလာတာမို့ သူမ မငြင်းမိ လိုက်ပေ။

"ဟုတ် ... ထိုင်ပါ"

"မင်းတစ်ယောက်တည်း လာတာလား။ အဖော်မပါဘူး လား"

"ပါပါတယ်၊ နန်းက ဦးမြင့်မြတ်နဲ့ ခဏလိုက်သွားလို့ပါ"

"နန်း ... နန်းမိုစ်ကို ပြောတာလား"

ထိုလူက စဉ်းစားသလိုလုပ်ရင်းမှ မေးလာသည်။

"ဩော် ... ဟုတ်ပါတယ်၊ ကျွန်မက နန်းရဲ့သူငယ်ချင်းပါ"

"အိုကေ ... အိုကေ ကိုယ်က လင်းခေတ်ပါ၊ မြင့်မြတ်ရဲ့ သူငယ်ချင်းပါ၊ ဒါက ကိုယ့်လိပ်စာကတ်"



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာကတ်လှလှလေးတစ်ခု သူမလက်ထဲသို့ရောက်လာ

သည်။

"ကျွန်မနာမည်က ယမထာပါ"

"ယမထာ ... အိုး သိပ်လှတဲ့နာမည်လေးပဲ"

"ကျေးဇူးတင်ပါတယ် ဦးလေး"

"ဘယ်လို ... ဟား ... ဟား ... ဟား"

ဦးလေးဟုခေါ်လိုက်သော သူမ၏အခေါ်အဝေါ်ကို သူ

သဘောတကျရယ်လေတော့သည်။

"မင်းခေါ်လိုက်မှပဲ ကိုယ့်ကိုယ်ကို အသက်ကြီးမှန်း သတိ

တော့တယ်ကွာ၊ ကိုယ်က သိပ်ပြီးတော့ငယ်ချင်တာကွ၊ အခု ကိုယ်

တော်တော့်ကိုရွတ်တွနေပြီလားကွာ ... ဟုတ်လား၊ ဟား ... ဟာ

... ဟား"

ခေါင်းမော့ပြီး အားပါးတရရယ်လိုက်တော့မှ ဦးလင်းခေ

ဟာ အရမ်းကြည့်ကောင်းပြီး ချောမောတဲ့လူတစ်ယောက်ဆိုတာ ပိုပေ

ချာသွားတော့တယ်။

"ကျွန်မက အဲလိုသဘောနဲ့ခေါ်လိုက်တာမဟုတ်ပါဘူး

... လေးစားသမှုနဲ့ပါ"

"အန်ကယ်လေးလို့ ခေါ်လေ၊ ဒါနဲ့ ... မင်းက အသ





ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ကိုးနှစ်ပြည့်ပြီးသွားပါပြီ"

"ဪ ... ငယ်ငယ်လေးပဲ၊ ကိုယ်ကတော့ လေးဆယ့်သုံး

ပြီကွ"

"ဟုတ်ကဲ့ ... အန်ကယ်လေး နေပါတယ်"

"အေးပါကွာ ... မင်းပဲပြော၊ ဒါနဲ့ မင်းက ဘယ်မှာနေတာ

လဲ"

"လှည်းတန်းမှာလေ၊ နန်းနဲ့တစ်ခန်းတည်းပဲ"

"အဆောင်မှာနေတာပေါ့၊ ဒါဆို ..."

သူ့ဘက်က စိတ်ဝင်တစားမေးလာတာမို့ ...

"ဟုတ်ကဲ့"

ဟု သူမ ဖြေပေးလိုက်တော့သည်။

"ထာ့မိဘတွေက နယ်ကလား၊ အဆောင်မှာနေတယ်ဆို

တော့လေ"

"မဟုတ်ပါဘူး ရွှေပေါက်ကံဘက်ပါ၊ မိဘတွေ ဆုံးသွား

တော့ အိမ်မှာတစ်ယောက်တည်း မနေချင်တော့တာနဲ့ အဆောင်မှာ

နေတာပါ"

"အိုး ... ကလေးဘဝက သနားစရာပဲ၊ အားကိုးမရှိဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ တစ်ယောက်တည်းပါ''

''ကလေးတို့အဆောင်က ကောင်းရောကောင်းရဲ့လား ကလေးအဆင်မပြေရင် ကိုယ့်ကိုပြောနော်၊ အဆင်ပြေအောင်ကူညီ ပေးမယ်''

''ကျေးဇူးတင်ပါတယ် အန်ကယ်လေး''

သူမ၏အလုအပေါ်တွင် အတော်လေးပျော်ဝင်နေဟန်ရှိသော ထိုယောက်ျားကို သူမ အပြုံးချိုလေးတွေ ခြွေပေးနေမိသည်။

ထိုစဉ် နန်းပြန်ရောက်လာကာ . . .

''ထာရေ ပြန်ကြရအောင်၊ ကိုကြီးက ကားတစ်စီးနဲ့ လိုက် ပေးမလို့စိစဉ်နေတယ်၊ ဪ . . . ဦးလင်းက နန်းသူငယ်ချင်း ညှော်ခံနေတယ်ပေါ့ ဟုတ်လား''

''နန်းကတော့ ပြောတော့မယ်ကွာ . . . ဟုတ်ပါတယ် ကျွန်တော် ညှော်ခံနေရပါတယ်''

''အဟင်း . . . ဟင်း''

နန်းက သဘောကျစွာရယ်ရင်း . . .

''ဦးလင်းရော . . . နန်းတို့ ဘယ်တော့စားရမှာလဲ''

''ဟာ . . . နန်းက ကိုယ့်ကို ဒေါက်ဖြုတ်တာလား။ ရှု ရှုစရာတောင်မှမရှိတာ ဘယ်လိုလုပ်စားရမှာတုန်းကွ''





''ဦးလင်းကလည်း . . . ဦးလင်းသာ ရှုချင်ရင် ဝိုင်းဝိုင်းကို လည်လို့ မသိတာကျနေတာပဲ''

''နန်းရယ် . . . မင်းလာမှပဲ ကိုယ့်သိက္ခာတွေ အဖတ်ဆယ်လို့ ကိုမရတော့ဘူး''

ထိုစဉ် ဦးအောင်မြင့်မြတ်ရောက်လာကာ . . .

''ဟာ . . . လင်း ငါက မင်းပြန်သွားပြီတောင်ထင်နေတာ၊ မင်းက ဒီရောက်နေတာကိုး''

''မြင့်မြတ် . . . မင်းလေဒီလေးကို ပြောထားဦးကွာ ငါ့ကို လာကျုပ်နေတယ်''

''ကျုပ်တာမဟုတ်ပါဘူး ကိုကြီးရာ . . . နန်းလေးက အမှန် တရားတွေကိုပဲပြောတာပါ''

နန်းက ခပ်ချွဲချွဲလေးပြောလိုက်တော့ ဦးမြင့်မြတ်က ရယ် ရင်း. . .

''ကဲ . . . ကဲ . . . နန်း ကားအဆင်သင့်ပဲ''

''ဒါဆို နန်းတို့ပြန်တော့မယ် ကိုကြီး။ ဦးလင်း လိမ်မ္မာနော်''

''အန်ကယ်လေး ထာ ပြန်တော့မယ်၊ ဦးမြင့်မြတ် ပြန်လိုက် ဦးမယ်နော်''

''ဟုတ်ပြီ . . . ယမထာ''



www.burmeseclassic.com

www.burmeseclassic.com



"ထာ ... ငါပြောတာ မယုံမရှိနဲ့နော်၊ ဦးလင်းက နင့်ကို ကြွေနေပုံရတယ်ဟ၊ ကလေးလို့လည်း ခေါ်သေးတယ်ဆိုတော့ နင့်ကို ကြွေနေတာသေချာပြီ၊ ဦးလင်းက စော်ကြည်ဘဲကြီးနော့၊ ရုပ်လည်း ဖြောင့်တယ်၊ ဥစ္စာလည်း တောင့်တယ်၊ သူသာ ခြွေမယ်ဆိုရင် ကြွေ မယ့်ပန်းလေးတွေ ဒုနဲ့ဒေးပဲ၊ နင် စိတ်ကူးမမှားနဲ့ ထာ၊ ငါအတည်ပြော နေတာ လိုတာရတွင်းကြီးနော်၊ အပိုင်သာဆွဲထားလိုက် နင် လုံးဝမနစ် နာဘူး၊ ငါ လောင်းရဲတယ် သိလား၊ ထာ သိပ်မကြာခင်အချိန်အတွင်း မှာ သူ နင့်ဆီကိုရောက်လာလိမ့်မယ်"

ညစ်ခံပွဲမှပြန်ရောက်လာကတည်းက နန်း ပြောသောစကား တွေထဲတွင် ဦးလင်းခေတ်က မပါမပြီးဖြစ်နေသည်။ သူမအတွက် ဦးလင်းခေတ်ကို လိုအပ်လို့လား။ မိုခိုစရာတစ်ခုရှိရင် နည်းနည်းတော့ သူမအတွက် အဆင်ပြေနိုင်ဖွယ်ရှိသည်။ ဘာပဲပြောပြော သူမ နစ်နာ မှာမဟုတ်တာတော့အမှန်ပင်။

"နန်း ... နင် ဦးမြင့်မြတ်ကိုယူဖို့ အစီအစဉ်ရှိလား"

"ဟင့်အင်း"

"ဘယ်လို၊ နင် သူ့ကိုချစ်တယ်မို့လား နန်း"

"ဟင်း ... ဟင်း ... ဟင်း"

နန်းက သူမအမေးကြောင့် နာနာကြည်းကြည်းရယ်ရင်း





"အချစ်ဆိုတာ ငါ့ဘဝထဲက ကွယ်ပျောက်သွားတာ ကြာလှ ပေါ့"

သူမကတော့ နန်း၏စကားတွေကို နားမလည်နိုင်။

"ငါ ဥပမာပြောပြမယ် ထာ၊ နင် သေချာနားထောင်နော်၊ မိန်းမတစ်ယောက်မှာ သူ့အပိုင်မဟုတ်တဲ့ ငွေတွင်းတွေ အများကြီးရှိ တယ်ဟာ၊ အဲဒီတွင်းတွေထဲက ကြိုက်တဲ့အချိန် ကြိုက်သလောက် သုံးနိုင်တဲ့အခွင့်အရေးတွေလည်း သူ့မှာ ရှိနေသေးတယ်၊ အဲဒီလို တွင်းတွေအများကြီးထဲကမှ တစ်တွင်းကိုအပိုင်ပေးမယ်၊ အဲဒီလူ အတွက် အဲဒီတွင်းက ကိုယ်ပိုင်ဖြစ်သွားပြီ၊ ကျန်တဲ့တွင်းက ယူလို့မရ တော့ဘူး၊ အခွင့်အရေးတွေ လုံးဝဆုံးရှုံးသွားပြီဟာ၊ အဲဒီတော့ ငါ ဒီတွင်းကြီးကို အပိုင်မယူချင်တာဆန်းသလား၊ ငါ့အတွက် အပိုင်မှမလို အပ်တာ၊ နင် သဘောပေါက်ရဲ့လား"

သူမ ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆို နင် သူ့ရှေ့မှာလုပ်တဲ့ အမူအယာတွေက ဟန်ဆောင် နေတာပေါ့ ဟုတ်လား နန်း"

"ငါ့ရဲ့အမူအရာတွေက တခြားလူတွေရှေ့လည်း ဒီပုံစံ အတိုင်းပဲ"

"နန်း ... နင် ဘာလို့အခုလိုဘဝမျိုးရောက်ရတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



နန်းက သူမဘေးတွင်ဝင်ထိုင်ရင်း ...

"ဒီအကြောင်းတွေကို ငါလည်း တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်ပါတယ်ဟာ၊ ငါ့ငယ်ဘဝက ဒီလိုဟ၊ ငါ့အမေက သူဌေးအိမ်တစ်အိမ်က အိမ်ဖော်လေ၊ ငါ့အဖေကတော့ ငါ ငယ်ငယ်လေးတည်းက မတွေ့ဖူးသေးဘူး၊ ခုထက်ထိလည်း မမြင်ဖူးဘူး၊ အဲဒီသူဌေးအိမ်မှာ လူပျိုအရွယ်သားနှစ်ယောက်ရှိတယ်၊ အငယ်က ငါ့ထက်နှစ်နှစ်ကြီးတယ်၊ အကြီးက ငါ့ထက် ဆယ်နှစ်ကျော် ကြီးတယ်၊ သူကတော့ သဘော်သား၊ ငါတို့သားအမိက သူတို့တိုက်ကြီးရဲ့နောက်ဘက်က အိမ်သေးသေးလေးမှာနေရတယ်၊ ငါ ဆယ့်ငါးနှစ်သမီးအရွယ်လောက်တုန်းကပေါ့ဟာ အမေနဲ့သူဌေးကတော် ဈေးသွားကြတုန်း အငယ်ကောင်က ငါ့အိမ်ထဲရောက်လာပြီး ချစ်ကြောင်းတွေပြောတယ်၊ နောက် သူ ငါ့ကိုစော်ကားတော့တာပဲ၊ ပြီးတာနဲ့ သူထွက်ပြေးသွားတယ်၊ နောက်ပိုင်း ငါ့ကို မသိချင်ယောင်ဆောင်ပြီးရှောင်နေတော့တာပဲ၊ ငါကလည်း ရှက်လွန်းလို့ အမေ့ကိုလည်း မပြောရဲခဲ့ဘူးလေ၊ အဲဒီနောက်ပိုင်းမှ အငယ်ကောင်က အိမ်က ငွေတွေခိုးပြီး ထွက်ပြေးသွားတာပဲ၊ သူက ဆိုးတယ်ဟ၊ အရက်,ဖဲ လောင်းကစားအကုန်မကောင်းဘူး၊ သူတို့အိမ်တွင်းရေးကိုတော့ ငါလည်း သေချာတော့ မသိပါဘူးဟာ၊ တစ်ရက်တော့ ငါ့ခြံထဲမှာ အပင်တွေ ဧ





ာင်းနေတုန်း ကိုကိုကြီးရောက်လာတယ်၊ ပြီးတော့ အငယ်ကောင့်ဳိင်ယာရီကို ဖက်ပြီးပြီတဲ့၊ ငါနဲ့အငယ်ကောင်ရဲ့ အဖြစ်အပျက်တွေကို ည်း သူသိတယ်တဲ့ဟာ"

"နင်က နင့်ဆန္ဒမပါခဲ့ဘူးလို့ မငြင်းလိုက်ဘူးလား နန်း"

သူမက နန်း၏စကားမဆုံးသေးခင်မှာပင် ဖြတ်မေးလိုက်မိည်၊ နန်းက တစ်နေရာသို့ တွေတွေငေးငေးလေး စိုက်ကြည့်နေတ်မှ ...

"ငြင်းတာပေါ့ ထာရယ်၊ သူကလည်း ယုံပါတယ်တဲ့၊ တွေကိုလည်း အငယ်ကောင့်ဒိုင်ယာရီကို အမှတ်မထင် ဖတ်မိရင်း သိလိုက်ရတာတဲ့၊ အငယ်ကောင်ရဲ့ဒိုင်ယာရီထဲမှာ ရေးထားတာ ငါ့ကို လက်ထပ်ဖို့အတွက် လုံးဝအစီအစဉ်မရှိဘူးတဲ့၊ပြီးတော့ ပြောသေးတယ်၊ သူက ငါ့ကို ဟိုးအရင်ကတည်းက ချစ်ခဲ့ရတာ သူ့ညီကြောင့် ပန်းကောင်းအညွန့်ကျိုးဖြစ်ခဲ့ရတဲ့ ငါ့ရဲ့ဘဝကို ယ်တင်ချင်တယ်တဲ့ဟာ၊ သူ ငါ့ကိုလက်ထပ်ပါရစေတဲ့၊ သူ ခေါက် သဘော်က ပြန်လာရင် ငါ့ကို လက်ထပ်ပါရစေလို့ ာင်းတယ်၊ နင်စဉ်းစားကြည့်စမ်းပါ ထာ၊ သူများမလိုချင်လို့ ခဲ့တဲ့ အကြွေပန်းကိုမှ သူက တယုတယ ကောက်ယူနမ်းရှိုက် ငါ သူ့ကို အားမကိုးသင့်ဘူးလား၊ မယုံကြည်သင့်ဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



အားကိုးရာမဲ့နေတဲ့ ငါ့ဘဝအတွက် ကိုကိုကြီးဟာ တန်ခိုးရှင်တစ်ပါး ပါဟာ၊ ငါ သူ့ကို အရမ်းကို ချစ်မိသွားခဲ့တယ်''

နန်းက ပြောရင်း မျက်ရည်တွေကျလာကာ ထိုမျက်ရည်တွေ ကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း သုတ်လိုက်ရင်းမှ မဲ့ပြုံးတစ်ချက် ပြုံးပြန်သည်။

''အဲဒီကိုကိုကြီးနဲ့ရော နင်နဲ့ဟို''

''ဖြစ်ခဲ့တယ်၊ အတူနေခဲ့ဖူးတယ်''

သူမ စကားမဆုံးခင်မှာပင် နန်းက အဖြေပေးခဲ့သည်။ နန်း ပဲဆက်၍ ...

''သူ့ကိုတော့ ငါကိုယ်တိုင် လိုလိုချင်ချင်နဲ့လက်ခံခဲ့တာ နောက်တော့ သူ သင်္ဘောတက်သွားခဲ့တယ်၊ နှစ်နှစ်လောက်ကြာ စာတစ်စောင်ပဲရောက်လာခဲ့တယ်၊ ငါ့ဆီကိုတော့ မဟုတ်ဘူး သူ့မိဘတွေဆီကိုလေ၊ ရောက်လာတဲ့စာဟာ ငါ့အတွက်တော့ တကယ့်ကို သွေးပျက်စရာပဲ ထာ၊ သူ နိုင်ငံခြားသူတစ်ယောက် လက်ထပ်ပြီး အဲဒီနိုင်ငံသားအဖြစ်ခံယူလိုက်ပြီတဲ့ ထာရယ်၊ အဲ့ဒီအ ကို ပြန်တွေးမိလိုက်ရင် တကယ်ရင်နာနေတုန်းပဲ၊ ကိုယ်ယုံကြည်ခဲ့ လူက ရက်ရက်စက်စက်လုပ်ရက်လွန်းတယ်ဟာ၊ ဒီလိုနဲ့ အချိန် ကြာလာပြန်တော့ အမေက ငါ့ကို သူ့အသိသားတစ်ယော





က်ထပ်ပေးခဲ့တယ်၊ ငါ အမေ့စကားကို မငြင်းခဲ့ဘူး။ ငါ့ဘဝအတွက် ွယ်စရာ ရင်ခွင်တစ်ခု တကယ်လိုအပ်နေခဲ့ပြီလေ၊ ကိုမိုးဆွေဟာ သားတဲ့သူတစ်ယောက်ပါ၊ ဆောက်လုပ်ရေးတစ်ခုမှာ ပန်းရံသုပ် ယ်လေ၊ သူနဲ့နေခဲ့ရတဲ့အချိန်လေးတွေဟာ ငါ့အတွက်တော့ အပျော် ရဆုံးအချိန်လေးတွေပါပဲဟာ၊ သူက ငါ့ကိုသိပ်ချစ်တယ်လေ၊ ငါ့ ဝရဲ့ပျော်ရွှင်မှုက သိပ်ကြာကြာမခံခဲ့ပါဘူး။ ကိုမိုးဆွေ ဆုံးသွားခဲ့ ယ်''

''ဘယ်လိုဖြစ်ရတာလဲ နန်းရယ်''

''သူ့အလုပ်လုပ်တဲ့ ဆောက်လက်စတိုက်ပေါ်က ပြုတ်ကျ တဲ့ မတော်တဆမှုပေါ့ဟာ၊ ပွဲချင်းပြီးသေသွားတာဟ''

နန်းက ပြောရင်း ငိုပြန်သည်။

''သူ့ ... သူ့အသုဘပြီးတော့ ငါအိမ်နှုံခြံလေးကိုရောင်းလိုက် ယ်၊ အဲဒီရောင်းလို့ရတဲ့ ပိုက်ဆံတွေနဲ့ ကိုမိုးဆွေအတွက် ကုမ္ပဏီက ဲလျော်ကြေးတွေနဲ့ ငါ ဒီအဆောင်ကိုရောက်လာခဲ့တယ်၊ သိပ်မကြာ ာလတစ်ခုမှာပဲ ဦးအောင်မြင့်မြတ်နဲ့ဆုံခဲ့တယ် သူကလည်း သူ့ ့ကွာရှင်းပြီးကာစလေ၊ သူ့ဖနီးကတော့ La မှာ၊ ငါလိုအပ်တဲ့အရာ ကို သူကပေးတယ်၊ သူလိုအပ်တဲ့ ဖြည့်ဆည်းမှုကို ငါ့ဘက်က ည်းပေးတယ်၊ ငါတို့က ပါတနာတွေပါ၊ ကျန်တာတွေကတော့



www.burmeseclassic.com

အရှင်းပြောခဲ့ပေါ့၊ ဒီလောက်ပါပဲ"

"နန်းရယ်"

နန်းက သူမပုခုံးလေးကို အသာဖက်ရင်း ...

"ထာ ... ငါ့ဘဝအကြောင်းကြားလိုက်ရလို့ စိတ်မကော

ဖြစ်သွားပြီလား"

"နန်း"

သူမ မျက်ရည်လေးဝဲဝဲနှင့် ခေါင်းလေးယမ်းကာ တိုးဖွ

ခေါ်လိုက်မိသည်။

"ပြောလေ ထာ"

"ငါ ... ငါလည်းလေ ... အပျို ... အပျိုစင်တစ်ယော

မဟုတ်ပါဘူး နန်းရယ်"

"ဘယ်လို ... ထာ"

သူမ၏စကားသံ ခပ်တိုးတိုးလေးများအောက်တွင်

သက်ပြင်းရှိုက်သံများကို အခန်းငယ်လေးအတွင်း ပျံ့လွင့်နေလေ

သည်။

ရင်ဘတ်ချင်းနီးစပ်သွားတော့ သူမတို့နှစ်ယောက် အ

ထက် ပိုတွဲဖြစ်ခဲ့တော့သည်။ တစ်ရက်တော့ နန်းအပြင်ထွက်သွ

တွင် သူမတစ်ယောက်တည်း ပျင်းလာတာမို့ မြို့ထဲဘက်ထွ





သည်။ ဘောင်းဘီပေါင်လည်လောက် အနက်ရောင်လေးကို စွပ်

ယ်ပုံစံအဖြူရောင်အင်္ကျီအကျပ်ကလေးဖြင့် သူမက တစ်မျိုးလေး

တောက်ပနေသည်။

တော်ဝင်ကိုရောက်တော့ သူမအင်္ကျီနှစ်စုံလောက်ဝယ်ပြီး ဟို

ဒီလေးလှုပ်နေစဉ်မှာပင် ...

"ယမထာ ... ယမထာမလားဟင်"

တရင်းတနှီးခေါ်သံနှင့်အတူ ရှေ့မှပိတ်ရပ်လိုက်သော လူရိပ်

စ်ခုကြောင့် သူမ မျက်ခုံးလေးပင့်သွားမိသည်။

"အန်ကယ်လေးပါလား ... မတွေ့တာကြာပြီနော်"

"ဟုတ်တယ် ကလေး၊ ဒါနဲ့ ...,နန်းရော"

"မပါဘူး အန်ကယ်လေးရဲ့၊ သူ မရှိလို့တစ်ယောက်တည်းပဲ

က်လာခဲ့လိုက်တာ"

"ဝယ်လို့ရောပြီးသွားပြီလား"

"ပြီးပြီ ... အန်ကယ်လေးရော ဘာလာဝယ်တာလဲ"

"ကိုယ်က အလုပ်ကိစ္စနဲ့လာတာပါ၊ အိမ်ကတူတော်မောင်

စာအုပ်တွေမှာလို့ လာဝယ်ပေးတာ၊ ဝယ်လို့ပြီးပါပြီ ...

ရှာသွားစားရအောင်လေ"

ကြည်လင်ပြတ်သားသော သူ့စကားသံတွေကို ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ချင်သေးတာမို့ သူမ သူ့အကြဲကိုလက်ခံလိုက်သည်။

"အေးချမ်းတဲ့ဆိုင်လေးတစ်ဆိုင်ကို သွားရအောင်လေ"

"အိုကေ"

သူမတို့ ကော်ဖီဆိုင်တစ်ဆိုင်တွင်ထိုင်ကာ ကော်ဖီသော

ကြရင်း သူ့အကြောင်းတစ်ပိုင်းတစ်စကို သိခဲ့ရသည်။

"ကိုယ်က ကိုယ့်အကိုကြီးတို့လင်မယားနဲ့ အတူနေတာ

ကိုယ်တို့က အမွေတွေခွဲထားပြီးသား။ အစ်ကိုကြီးတို့လင်မယား

အရမ်းသဘောကောင်းတယ်၊ သူတို့မှာ သားတစ်ယောက်ရှိတ

ကိုယ့်အချစ်ဆုံးတူလေးပေါ့၊ ကိုယ်ကတော့ စီးပွားရေးအစုံလုပ်တ

တချို့တဝက်ကိုလည်း အစ်ကိုကြီးလုပ်ငန်းတွေထဲကို ရှယ်ယာဝင်

တယ်၊ ကိုယ့်ဘဝကတော့ဒီလောက်ပါပဲ၊ ဘာမှထွေထွေထူး

မရှိပါဘူး"

သူမက အလှဆုံးအပြုံးလေး ချွေလိုက်ရင်း ...

"အန်ကယ်လေးရဲ့ဘဝက စိတ်ချမ်းသာစရာလေးပါ

လည်း အဲဒီလိုအေးချမ်းတဲ့ဘဝမျိုးမှာ နေပူးချင်လိုက်တာ"

သူက သူမလက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်ကာ ...

"တစ်နေ့တော့ ဖြစ်လာမှာပါ ကလေးရယ်"

သက်ပြင်းလေး ဂျိုတ်ချရင်း ခေါင်းညိတ်ပြလိုက်မိသ





ဘဝလောက် မဆိုးခဲ့ပေမယ့် ညစ်နွမ်းခဲ့သော သူမဘဝလေးကို

ပြုံးမပျက်တဲ့ ရပ်တည်ချင်မိသည်။ နန်းလို ကိုယ့်ဘဝကို နေပျော်ဖို့

ရုန်းဖို့ သူမ အများကြီးကြိုးစားရပါဦးမည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

ညကတော့ ဘုရားသခင်လက်တွင်းက
သက်ဆင်းတဲ့ မြပန်းဆီရောင်တိမ်တစ်ဆုပ်လို
ပြာလဲ့တောက်စိုလို့။
လောကတစ်ခွင် ပန်းတွေပွင့်ကုန်ပြီ
ဘယ်ရင်ခွင်မှာ ပျော်ဝင်ရမလဲ
အဲလိုမသိခြင်းတွေက . . . ?
အဲလိုမသိခြင်းတွေက . . .
လျှို့ဝှက်စစ်တမ်းတစ်စောင်လို
ဖွင့်မရဖောက်မရနဲ့ . . .
နားလည်မှုနဲ့လွဲနေသ၍တော့
မှုန်ရီမှိုင်းပြာဝေနေတဲ့
ဒီဘဝပင်လယ်ပြင်မှာ
နက်ပြာရောင် သောင်မဲ့ငါ့တမ်းချင်းတွေ
ကမ်းခြေမဲ့စွာ စီးမျောနေဦးမှာပါ။

## အခန်း (၇)

နန်းက ကောင်လေးတစ်ယောက်နှင့် မနက်အစောကြီးက ညနေကတည်းက ထွက်သွားတာမို့ သူမ နေ့လည်စာစားရန် လမ်းထိပ်သို့ထွက် လာခဲ့သည်။ လမ်းထိပ်မရောက်ခင်မှာပင် သူမဘေး mark2 ကား တစ်စီးရပ်လာသည်။ ကားထဲမှပေါ်လာသော မျက်နှာခပ်ချောချော ကြောင့် . . .

"ဟင် . . . အနိကယ်လေး"

"ဘယ်သွားမလို့လဲ"

"lunch သွားစားမလို့လေ၊ နန်းမရှိလို့ တစ်ယောက်တည်းပဲ ထွက်လာခဲ့လိုက်တာ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကားပေါ်တက်လေ၊ ကိုယ်လည်းမစားရသေးဘူး အတူ သွားစားရအောင်"

ဘောင်းဘီတိုကို T shirt တစ်ထည်နှင့် ပေါ့ပါးစွာဝတ်ဆင် ထားသောသူမက ခေါင်းလေးတစ်ချက်ညိတ်လိုက်ကာ ကားပေါ်တက် လိုက်သည်။

"ကလေး အကူအညီလိုရင် ကိုယ့်ကိုပြောနော်၊ အားမနာနဲ့ ကိုယ့်ဘက်က ကလေးအတွက် အမြဲတမ်းအဆင်သင့်ပဲ"

သူမ ခေါင်းညိတ်လိုက်ရင်း အပြင်ဘက်သို့ ငေးနေလိုက် သည်။ ဆိုင်တစ်ဆိုင်တွင် ထမင်းဝင်စားခဲ့ကြသည်။ စားသောက်ပြီး အပြန် သူက ကားမောင်းနေရင်းမှ သူမဘက်လှည့်ကာ ...

"ကလေး ... ကိုယ် ကလေးကို တစ်ခုလောက် မေးလို့ရ လား"

"ရပါတယ် ... မေးလေ"

"ကလေးမှာ ချစ်သူရှိလားဟင်"

သူ့အမေးကြောင့် သူမ သွားတန်းလေးတွေပေါ်သည်အထိ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"အန်ကယ်လေးရယ် ... အန်ကယ်လေးက ဘယ်လိုထင် လဲ၊ အန်ကယ်လေး ထင်တဲ့အတိုင်းပါပဲ၊ ရှိတယ်လို့ထင်ရင်လည်း





ရှိတယ် မရှိဘူးလို့ထင်ရင်လည်း မရှိဘူးပေါ့၊ အန်ကယ်လေးထင်တာ အမှန်ပဲ"

"ဟာကွာ ... ကလေးကလည်းကွာ"

"အလကားစတာပါ၊ ထားမှာ ချစ်သူမရှိပါဘူး"

"ကိုယ်တော့ ပျော်သွားပြီကွာ"

ကားကို သူမတို့အဆောင်ရှေ့တွင် ရပ်ခိုင်းလိုက်ပြီး သူ့ကို နှုတ်ဆက်ကာ အဆောင်ထဲသို့ ဝင်ခဲ့တော့သည်။ သူမအခန်းမရောက်မီ အခန်းတစ်ခုရှေ့မှအဖြတ်တွင် အတွင်းမှစကားသံ ခပ်တိုးတိုးကြားလိုက် ရတာမို့ ...

"ယမထားကို လိုက်ပို့တဲ့ကားကြီးက ကောင်းလိုက်တာနော်၊ အဲဒါ ယမထားရဲ့ဘဲဘဲကြီးလား"

"ချစ်သူတော့မဟုတ်လောက်ပါဘူးဟယ်၊ အဲဒီအခန်းက နှစ် ယောက်စလုံးက sponsor မမတွေလို့ ပြောသံကြားတာပဲ"

"ဟုတ်လောက်တယ်ဟဲ့ သိလား. သူတို့နှစ်ယောက်စလုံး အလုပ်မှလည်းမလုပ်ဘဲ သူဌေးသမီးတွေလို ဝတ်စားနေတာ ..."

"ဟုတ်ပ၊ အလုပ်ရှိတဲ့ ငါတို့တောင် သူတို့လောက် မဝတ်နိုင်၊ ...နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမကို ကြားစေချင်၍ပဲ ပြောနေတာလား။ ဒီအတိုင်းပဲ အတင်းထိုင်ချနေတာလားဆိုတာမသိပေမယ့် သူမ ဆက်နားထောင်နိုင်စွမ်း မရှိတော့ပေ။ နန်းကိုလည်း မပြောပြချင်တော့ ခုတင်ပေါ် မှောက်လျက် အိပ်လိုက်ကာ ခေါင်းပေါ်သို့ ခေါင်းအုံးနှင့်ဖိထားလိုက်မိသည်။

ဒါမှ အတင်းအဖျင်းတွေနဲ့ ဝေးသွားမှာလေ ...

"ထာ ... ဒီနေ့ ဘယ်သွားစရာရှိသေးလဲ၊ အားလား"

နန်း၏အမေးစကားကြောင့် သူမ ရယ်လိုက်ရင်း ...

"ငါ့မှာ အားတာဆိုလို့ ဒီအချိန်တွေပဲရှိတာကို၊ ကဲ ... ဘာပြောမလို့လဲ၊ ပြောလေ"

"party တစ်ခုကိုအဖော်ခေါ်မလို့၊ လိုက်ခဲ့နော်"

"နင့်ကောင်လေးလုပ်တာလား"

"မဟုတ်ဘူး ... ငါ့ကောင်လေးရဲ့သူငယ်ချင်းလုပ်တာဟ။ သူတို့က အရမ်းချမ်းသာတယ်၊ သူတို့တစ်မိသားစုလုံးက ခေတ်လည်းမီတယ် ညီအစ်ကိုဝမ်းကွဲတွေလည်း အများကြီးပဲ၊ အားလုံး လွတ်လွတ်လပ်လပ်နေကြတာ"

သူမက ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ကို ပိတ်လိုက်သည်။

"လိုက်ခဲ့ပါ့မယ်ဟယ်"

"မြန်မာဆန်ဆန်လေးပဲဝတ်နော်"





"ဟဲ့ ... party ဆိုတာ လန်းပျံနေအောင်ဝတ်ရတဲ့နေရာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ်၊ ငါလည်း ခေတ်မီမီပဲဝတ်မှာ၊ ဒါပေမဲ့ ... နင်ကတော့ မဟာဆန်သူပဲလုပ်ရမယ်"

"ဘာလဲဟယ်၊ ငါ နားမလည်တော့ဘူး"

တကယ်လည်း နန်း၏စကားတွေကို သူမ နားမလည်ပါ၊ နန်းက သူမကိုကြည့်ပြီး သဘောတကျရယ်တော့သည်။

"ငါပြောတာ သေချာနားထောင် ထာ၊ ဒီပွဲမှာ အားလုံးက လန်းပျံနေအောင်ဝတ်လာကြမှာ သေချာတယ်၊ အဲဒီထဲမှာမှ နင်က တော်ဝင်မင်းသမီးတစ်ပါးလို မဟာဆန်ဆန်လေးဝတ်သွားရင် အားလုံးက နင့်ကို စိတ်ဝင်စားလာလိမ့်မယ်၊ အဲ့ဒီထဲမှ ဒေမီယမ်လည်း ပါလာလိမ့်မယ်"

"ဒေမီယမ် ... ဒေမီယမ်ဆိုတာ ဘယ်သူလဲ"

"ဒေမီယမ်ဆိုတာ party ပေးတဲ့သူပေါ့၊ သူတို့က အရမ်းချမ်းသာကြတယ်၊ ညီအစ်ကိုတစ်တွေလည်း အရမ်းချစ်ကြတယ်၊ ဘယ်သွားသွား တစ်အုပ်စုလိုက်ကြီးသွားကြတာ"

"အဲဒီတော့"

သူမက နန်း၏စကားကို ဝင်ထောက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ နင့်ကို စိတ်ဝင်စားလာရင် နင်က သူ့ကို သိပ်ဂရုစိုက်မပြ နဲ့နော်"

"ဘာလို့လဲ"

"ဒီလိုတာရယ် . . . ဒေမီယမ်က အရမ်းချောပြီး အရမ်းချမ်းသာတယ်၊ သူ့ကိုဆိုရင် ကောင်မလေးတွေကလည်း သဲသဲလှုပ်ပဲ၊ အဲဒီထဲမှာ နင်မပါဘူးဆိုတဲ့သဘောမျိုးနဲ့ နေပေါ့ဟာ၊ ဒေမီယမ်ရဲ့ အမြင်မှာ နင့်ကို တစ်မျိုးလေးထူးဆန်းနေစေချင်လို့လေ"

နန်းကို သူမက မျက်စောင်းထိုးလိုက်ရင်း . . .

"မိနန်းနော် . . . ငါ့မှာ ဦးလင်းခေတ်နဲ့ကိစ္စက ပြတ်သေးတာ မဟုတ်ဘူး။ အချိုတွေ ကျွေးထားတုန်းရှိသေးတယ်၊ ဒေမီယမ်နဲ့ သွားပတ်သက်လို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဟာ၊ ဒီလိုပဲ ကြည့်ကြက်လှုပ်ရှားကြတာပေါ့"

"ငါကြောက်တယ်"

"ကြောက်နေလို့မဖြစ်ဘူး ထား၊ ဘာကို ရဲရဲရင့်ရင့်ရင်ဆိုင်ပြရမယ်၊ ဒီပွဲမှာ နင်ဟာ နယ်ကနေ အဆောင်မှာလာနေတဲ့ ငါ့ညီမဂမ်းကဲ့အဖြစ် ဟန်ဆောင်ရမယ်၊ ရိုးရိုးယဉ်ယဉ်ဝတ်စားတတ်တဲ့ အေးချမ်းသူလေးဖြစ်ရမယ်၊ မဟာဆန်သူလေးပေါ့ဟာ"

"ဖြစ်ပါ့မလားဟယ်"





"ဖြစ်ပါတယ်၊ ခေတ်မီတဲ့သူတွေဟာ အေးမြတဲ့အလှကို ပိုနှစ်သက်ကြတယ်လို့လည်း ငါ ကြားဖူးတယ်"

နန်းက အဝတ်သေတ္တာအတွင်းမှာ အင်္ကျီတွေကိုထုတ်ရင်းမှ

"ခြောက်နာရီခွဲလောက်ဆိုရင် လာခေါ်မှာ အဆင်သင့်ပြင်ထားနော်"

"ဘယ်သူ လာခေါ်မှာလဲ၊ နင့်ကောင်လေးလား"

"အေး . . . ဟုတ်တယ်"

'အခုမှ လေးနာရီထိုးတာမို့ သူမဖုန်းထဲမှ သီချင်းလေးဖွင့်ကာ နားထောင်နေလိုက်သည်။

လာခေါ်မည့်အချိန် နီးကပ်လာတာမို့ သူမရောနန်းပါ အလှပြင်ဆင်ကြတော့သည်။ သူမမျက်နှာလေးက သိပ်ပြင်ဆင်စရာမလိုပေ။ ဆံပင်နှင့်ရုပ်ရည် ပါရမီထူးသူမို့ သိပ်ပြင်ဆင်စရာမလိုပါပဲ အချိန်ခဏလေးနှင့် အလှပြင်ခြင်းကိစ္စ ပြီးစီးသွားသည်။

ကျောက်စိမ်းရောင် အသားပျော့ပျော့ ချည်ပေါင်းသားဝမ်းဆက်လေးကို ဝတ်ဆင်လိုက်သည်။ ရင်ဖုံးပုံဆန်းလေးတွေ စီကွင့်ခရစ်တယ်လှလှလေးတွေဖြင့် အလှဆင်ထားသော ဝတ်စုံလေးက သူမခန္ဓာကိုယ်လှလှလေးပေါ်တွင် ချပ်ချပ်ရပ်ရပ်နှင့် လှပနေသည်။

ဆံပင်ကို ဒီအတိုင်းပဲ ချထားလိုက်ကာ တစ်ဝက်ကို နောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဆံညှပ်သေးလေးနှင့် ညှပ်ထားလိုက်သည်။ ကျောက်စိမ်းနားဆွဲ လေး ဝတ်လိုက်ပြီး ဟိုက်ဟီး (လ်) ကြီးကို စီးလိုက်ချိန်မှာတော့ party တက်ရန်အတွက် သူမ အသင့်ဖြစ်နေချေပေပြီ။

'နန်း ... အိုကေရဲ့လား။ ဝေဖန်ပေးပါဦး''

နန်းက ဇိနပ်စီးနေရာမှ လက်မလေးထောင်ပြကာ ...

''တကယ့်တော်ဝင်သူပဲ ... အရမ်းမဟာဆန်တယ်''

သူမ ရယ်လိုက်ရင်း နန်းကို ငေးနေလိုက်သည်။ ရင်ပြတ်အင် ရောင်ဂါဝန်တိုတိုလေးဖြင့် နန်းက sexy ကျကျလှပနေသည်။ ထို

''နန်းမိုစစ်ရေ ... ညေ့သည်ဟော့''

အောက်ထပ်မှအော်သံကြောင့် သူမတို့နှစ်ယောက် ဆင်း ခဲ့ကြသည်။ ညေ့ခန်းထဲတွင်ထိုင်နေသော အသားညိုညိုအရပ်ရှ ရှည် ကောင်လေးက မတ်တတ်ထရပ်လိုက်ကာ ...

''နန်း ... အရမ်းမိုက်တယ်''

''thank you ညီမ်း။ ဪ ... မိတ်ဆက်ပေးရဦးမ သူက နယ်ကရောက်တာ သိပ်မကြာသေးတဲ့ နန်းရဲ့ညီအစ်မဝမ်း လေး ယမထာတဲ့''

''တွေ့ရတာ ဝမ်းသာပါတယ်ဗျာ''

''ဟုတ်ကဲ့''





ကောင်လေးက ဖော်ရွေပုံရသည်။

''ထာ ... ဒါ ငါ့ဘော်ဘော် သန့်စင်ညီမ်းတဲ့''

''ဒါနဲ့ ယမထာက ဒီဝတ်စုံနဲ့ လိုက်မှာလား''

''ဟုတ်တယ်လေ၊ အဲဒါတော့ ဘယ်လိုမှပြောမရဘူး ညီမ်း ရေ၊ သူက မဟာဆန်သူလေ၊ sexy girl မဟုတ်ဘူး''

အင်း ... သန့်စင်ညီမ်းဆိုတဲ့ သကောင့်သားလေးဟာ လူ အေးလေးတစ်ယောက်ပဲ ထင်ပါရဲ့။ စကားပြောတာ လှုငယ်ပေမယ့် အဆင့်အတန်းတစ်ခုတော့ရှိတယ်။

ခြံကျယ်ကြီးတစ်ခုအတွင်းသို့ ကားလေးက ဝင်ရောက်လာ ကာ ကားများရပ်သောနေရာတွင်ရပ်ရင်း ...

''ကျွန်တော့်နောက်က လိုက်ခဲ့နော်''

မီးရောင်စုံများကြားတွင် သုံးထပ်တိုက်ကြီးက ခမ်းနားဝင့် ထည်နေသည်။ အလွန်လှပခမ်းနားသော ထိုတိုက်ကြီးကို ငေးရင်း နန်းနောက်မှ သူမ လိုက်လာခဲ့သည်။

''ဟိုမှာ ဒေဒေတို့အုပ်စု''

သန့်စင်ညီမ်းက တစ်နေရာရှိ ကောင်လေးတစ်စုကို မေးငေါ့ ပြရင်းပြောသည်။ ထိုကောင်လေးအုပ်စုကလည်း သန့်စင်ညီမ်းကို မြင်သွားကာ လက်လှမ်းပြသူကပြ၊ အော်ဟစ်ပြီး နှုတ်ဆက်သူ



www.burmeseclassic.com

www.burmeseclassic.com



ဆက်နှင့် သူမတို့ရှိရာသို့ လျှောက်လာနေကြသည်။ ကောင်လေးတွေ အားလုံးဟာ ခေတ်ရှေ့ပြေးနေသော ကောင်လေးတွေပင်။ အဲဒီထဲက တစ်ယောက်ကတော့ ထင်းလင်းတောက်ပနေခဲ့သသည်။

သေချာပါသည်။ ဒေမီယမ်ဆိုတာ ထိုတစ်ယောက်ပဲဖြစ် ရမည်။ သူမ ထိုတစ်ယောက်ကို မမြင်ချင်ယောင်ဆောင်ကာ တခြားကို ပဲ ငေးနေလိုက်သည်။

"နန်းက အရမ်းမိုက်တာပဲ"

"မပြောက်ပါနဲ့ ဒေဒေရယ်၊ ဩော် ... မိတ်ဆက်ပေးဦး မယ်၊ ဒါ နန်းရဲ့ညီအစ်မဝမ်းကွဲတော်တဲ့ ယမထာတဲ့၊ နယ်က ရောက် တာသိပ်မကြာသေးဘူးလေ၊ ဟဲ့ ထာ ... သူက ဒေမီယမ်တဲ့၊ အားလုံး ကတော့ ဒေဒေလို့ပဲခေါ်တယ်"

"တွေ့ရတာဝမ်းသာပါတယ်"

"ဟုတ်ကဲ့"

လက်ကမ်းပေးသော သူ့လက်ကို ပြန်မဆုပ်ကိုင်ဘဲ ဟုတ်ကဲ့ တစ်ခွန်းတည်းပဲ ဖြေလိုက်သည်။ သူရော သူတို့တစ်အုပ်စုလုံးပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြကာ သူက ကမ်းထားသောလက်ဖြင့် သန့်စင်ညိမ်းကို ဖက်လိုက်ကာ ...

"ဟိုဘက်စားပွဲဝိုင်းကို သွားရအောင်လေ"





"ဒေဒေ ... နန်းတို့ မထိုင်သေးဘူး၊ အနီကယ်(လ်)နဲ့ ... တို့ကို နှုတ်ဆက်လိုက်ဦးမယ်"

"ဩော် ... အင်း သွားလေ၊ ဒယ်ကြီးတို့ ဟိုဘက်နားလေး ... ရှိမယ်၊ ညိမ်းရော လိုက်သွားမှာလား"

သူက သန့်စင်ညိမ်းကို မေးစေ့လေးကိုင်ပြီး မေးလိုက်ပုံက ... ညီစားကျနေတာပဲ။ တော်တော်လေးတော့ ချစ်ပုံရသည်။

"တကူးတက နှုတ်ဆက်ရအောင် ငါက တခြားလူလားကွ၊ ... တို့ပဲသွားလိုက်နော်၊ ကျွန်တော် ဒီကပဲ စောင့်နေတော့မယ်"

"အိုကေ ... ဒါဆို သွားတော့မယ်နော်"

သူမလေးတို့ ထွက်သွားရာကို လိုက်ငေးနေသော ဒေမီယမ် ... နှာကို ရစ်ချက်(စ်)က လက်တကာကာနှင့် ...

"ဟော့ရောင် ဒေဒေ ... ကြွေသွားပြီလားကွ၊ ငေးလှချေ ... "

"ဟုတ်တယ်ကွ၊ ဒီတစ်ခါ ဒေဒေ တကယ်ငြိသွားပုံပဲ"

"မင်းဘက်ကသာ ငြိသွားတာနော်၊ ဟိုဘက်က မင်းကို ... တောင်မစိုက်ဘူး"

"မာနခဲလေးထင်တယ်"

"မဟုတ်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြောလိုက်သူက သန့်စင်ညိမ်းဖြစ်သည်။

"မင်းက ဘယ်လိုသိတာလဲ"

"ယမထာက နှိုင်စိတ်အခံကိုက အေးဆေးတာတဲ့ကွာ၊ Pa

ပွဲကို မြန်မာဆန်ဆန် ဝတ်လာတာကိုပဲ ကြည့်လေ၊ နန်းက ခေတ်

တဲ့ အဝတ်တွေ အတင်းဝတ်နိုင်းတာတောင် မဝတ်ဘူးတဲ့"

သူက ပြုံးလိုက်ပြီး ...

"တခြား လေဒီတွေနဲ့တော့ လုံးဝခြားတယ်ကွာ၊ ဒီခေ

မှာ ဒါမျိုးရှားသွားပြီ၊ လုံးဝအမှန်အကန်လေးပဲ၊ အသစ်လေး

ဆန်းတော့ဆန်းတယ်၊ ဒီထဲက တစ်မျိုးလေး ခံစားနေရတယ်

သူက ပြောရင်း ရင်ဘတ်ကို ပုတ်ပြလိုက်တော့ တစ်ဝိုင်း

က ဟေးခနဲ ဝိုင်းအော်လိုက်ကြသည်။ အယ်(လ်)နေးက လက်ခုပ်

ရင်း ...

"သတင်းအသစ်ကွ၊ ငါတို့မင်းသားလေး ရင်ခုန်တတ်

ပြီ၊ မဒီလေးက အရမ်းချောပြီး ကျက်သရေရှိတယ်ကွ၊ အလှ

ဆံပင်ရှည်ကြီးကွ"

"body stucture ပါကွာ"

"မဟုတ်ဘူး ... မျက်နှာလေးကွ"

"နေကြစမ်းပါဦးကွာ'





သူ့အသံကြောင့် တစ်ဝိုင်းလုံး တိတ်ဆိတ်သွားကြသည်။ သူက

သန့်စင်ညိမ်းဘက် လှည့်ကာ ...

"သူ့မှာ ဘဲရှိလား ညိမ်း"

"နန်းပြောတဲ့စကားထဲမှာတော့ သူ့ဘဲအကြောင်းမပါဘူးကွ"

"ရှိလည်း ဘာဖြစ်လဲကွာ၊ လက်မထပ်မချင်း မင်းကြိုးစားလို့

ယ်၊ ဟော့ရောင် ... မတွေ့ဝေပါနဲ့ကွာ၊ တကယ်ချစ်ရင် လိုက်သာ

တ် ငါတို့ပံ့ပိုးပေးမယ်"

"ဟုတ်တယ်ကွ ... ချက်(စ်) ပြောတာ မှန်တယ်၊ ဒေဒေ

စဉ်းစားမနေနဲ့"

"ငါ စဉ်းစားနေတယ်လို့ မင်းတို့က ထင်လို့လား။ ငါ့အတွေး

မှာ သူနဲ့ငါနဲ့ လက်တောင်ထပ်ပြီးနေပြီကွ"

"သေစမ်းကွာ"

အားလုံးက သူ့ကို ဝိုင်းထိုးကြတော့သည်။

"ဟော့ကောင်တွေ တော်ကြတော့၊ ဟိုမှာ ငါတို့ဝိုင်းကို ပြန်

နေပြီ"

သူက ပြောလိုက်တော့ တစ်ယောက်တစ်ပေါက် ဝိုင်းပြော

ကြသော တစ်အုပ်စုလုံး ငြိမ်းသွားတော့သည်။

သူမလေးတို့ရောက်လာတော့ သန့်စင်ညိမ်းက စတင်၍



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်တော့သည်။

"နန်းတို့ကလည်းကွာ ကြာလိုက်တာ"

နန်းက ခပ်ပြုံးပြုံးလေးလုပ်ကာ ခုံတစ်ခုမှာ ဝင်ထိုင်ပြီး...

"အံမယ် ... နန်းက သားက အဖော်ပါနော်၊ ဒေဒေ့ရဲ

က တော့ကို ချစ်လွန်းလို့တဲ့ စကားတွေ ပြောမဝဖြစ်နေတာလေ"

တစ်အုပ်စုလုံးက သူ့ကို ပြုံးစိစိလေးတွေနှင့် ကြည့်နေ

သည်။ သူ့ကိုဆိုလျှင် စကားပြောချင်သည့် ကောင်မလေးတွေ

အများကြီးပါ။ အခု သူမလေးကတော့ ထိုသို့မဟုတ်။ မာနကြီး

ပုံလေးပါ။ သူကတော့ သူမလေးကိုပဲ စွဲမက်သွားချေပြီ။ သူ စိတ်

တွေထဲမှာပင် အစီအစဉ်တွေ ဆွဲနေလိုက်တော့သည်။

"ဒေဒေ ... မင်းတော့ ကျရှုံးတော့မယ်ကွ"

"ဟုတ်တယ် ဒေဒေ၊ မလွယ်လောက်ဖူးထင်တယ်

ဘယ်သူနဲ့မှမတူဘူး"

သူကတော့ အားလုံးရဲ့အပြောများကြားတွင် ခပ်ပြုံးပြုံး

နားထောင်ရင်း သူမထံမှ ပျော်ဝင်လို့။





အဆောင်ရှိ အခန်းတွင်းသို့ပြန်ရောက်တော့ သူမတို့နှစ်

ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရယ်မိလေတော့

သည်။

"နန်းရယ် ... ငါ့မျက်နှာကြီးကို အဂံတေ ကိုင်ထားလား

ကောင် ထင်ရတယ်၊ မလွယ်ဘူးဟာ၊ ဘယ်လိုလဲ ပိပြင်လား"

"ပိပြင်လွန်းလို့ ဒေဒေတော့ မသိဘူး၊ ငါတောင် အသည်း

ယားပြီး ကိုင်ဆောင့်ပစ်ချင်တယ် ... တကယ်"

"သူ ဘယ်လိုခံစားရမလဲဆိုတာ နင်တွေးကြည့်စမ်း"

"သေချာတယ်၊ ဒေဒေ့ရဲ့စိတ်ထဲမှာ နင့်အတွက် တစ်နေရာရှိ

နေပြီ"

"ဟင့်အင်း ... နန်း ငါက သူ့စိတ်ထဲမှာ မလိုချင်ဘူး၊

နှလုံးသားထဲမှာပဲ လိုချင်တာ"

"ဟောတော့ ... ရောဂါက မသေးပါလား"

အခန်းငယ်လေးအတွင်း ရယ်သံလေးများ လွင့်မျောသွားခဲ့

တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သဘာဝကိုက ဆန်ပေးမှ ဆီရတာမဟုတ်လား?
ပေးထားတာနဲ့တန်အောင် ပြန်ယူတယ်ဆိုရင်
ငါ့ကို မှားတယ်လို့ ခေါ်ဦးမလား
ဘာပဲဖြစ်ဖြစ်ပေါ့လေ . . .
ကံကြမ္မာဒိုင်လူကြီးရဲ့ အဆဲအဆိုတွေအောက်မှာပဲ
သက်သောင့်သက်သာအသက်ရှူနေရရင်
ကျေနပ်နေပါတယ်ကွယ်။

## အခန်း (၈)

သူမ လမ်းထိပ်တွင် ရေခဲမုန့်ဝယ်ပြီးအပြန်တွင် အဆောင်၏ ဧည့်ခန်းတွင်းတွင် ထိုင်နေသော နန်းက သူမအား လှမ်းခေါ်သည်။

"ထာ . . . လာထိုင်ဦးလေ"

နန်း၏ရှေ့တွင်တော့ သန့်စင်ညိုပ်းနှင့်ဒေမီယမ်တို့ ထိုင်နေကြတာမို့ သူမ မျက်ခုံးလေးပင့်တက်သွားရသည်။ သူနှင့်တွေ့ပြီးတာ နေ့ဆို ငါးရက်မြောက်နေ့ပဲ ရှိသေးသည်။ အခုတော့ အဆောင်အထိ လိုက်လာပေပြီ။ သူမ နန်းဘေးက ဆက်တီတွင် ဝင်ထိုင်လိုက်ရင်း သူတို့နှစ်ယောက်စလုံးကို ခပ်တည်တည်လေး ကြည့်လိုက်ပြီး . . .

"အလည်လာကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ"

တော်ပါသေးရဲ့ ဒီနေ့ သူမထမီလေးနှင့် အင်္ကျီလက်
ကလေး တစ်ထည် ဝတ်ထားမိလို့သာပဲ။ နောက်မို့ဆို အလိမ်ရှေ
ပေါ်ကုန်တော့မှာ။

ထိုစဉ် သူက . . .

"ကျွန်တော်တို့လည်း ရောက်နေတာကြာပြီဆိုတော
ပြန်လိုက်ဦးမယ် နန်း"

"ပြန်တော့မလို့လား ဒေဒေ"

"အင်းလေ . . . ပြန်တော့မယ်နော် ယမထာ"

"ကောင်းပါပြီ"

သူတို့ပြန်သွားတော့မှ နန်းက သူမလက်ကို ဆွဲခေါ်က
အခန်းထဲရောက်တော့ တံခါးကို သေချာပိတ်ပြီး . . .

"ထာ . . . နင် ငါ့ကို အဝကျွေးဖို့သာ ပြင်ထားတော့၊ ဒေ
က နင့်ကို အရမ်းကြွေနေပြီတဲ့ဟယ်၊ နင့်ကို သူ တော်တော်ချစ်တာ
ဒေဒေက မိန်းကလေးတစ်ယောက်ကို ဒီလောက်အထိ ချစ်တ
လိမ့်မယ်လို့ ငါ လုံးဝထင်မထားခဲ့ဘူးဟယ်"

"အရင်က သူက ဘယ်လိုနေခဲ့လို့လဲ"

"အင်း . . . အရင်ကဆိုရင် ဒေဒေက မိန်းကလေးတွေ





လုံးဝအထင်မကြီးဘူး။ သူ့ကိုဆိုရင် ကောင်မလေးတွေက သိပ်အရေး
ပေးကြတာကိုး။ သူက ငါ့ကိုတောင်မှ ညှိမ်းနဲ့ပတ်သက်လို့ စကားနည်း
နည်းပါးပါးပြောတာ၊ အရင်ကဆို သိပ်အရောဝင်တာ မဟုတ်ဘူးဟ"

"ဒါဆို . . . ငါ ကံကောင်းတယ်ပေါ့"

သူမက ရေခဲမုန့်ဘူးလေးကို ဖွင့်စားရင်း မေးလိုက်သည်။

"အေးပေါ့ . . . ဒါနဲ့ ဒီရက်ပိုင်းတည်းမှာရော ဦးလင်းခေတ်နဲ့
နင်နဲ့ တွေ့ကြသေးရဲ့လား"

"အင်း . . . တွေ့ဖြစ်ပါတယ်၊ ဖုန်းလည်း ဆက်ဖြစ်တယ်၊
သူ ငါ့ကို Propose လုပ်ထားတယ်၊ ပြီးတော့ . . . အန်ကယ်လေးက
ဒီအဆောင်မှာနေရတာ အဆင်မပြေရင် သူဝယ်ထားတဲ့ ကွန်ဒိုကို နင်နဲ့
အတူ ပြောင်းနေဖို့ကိုလည်း ပြောသေးတယ်၊ ငါက ပြောလိုက်ပါတယ်
ကိုယ်ပိုင် ကွန်ဒိုမဟုတ်ဘဲနဲ့တော့ မပြောင်းချင်ဘူးလို့"

"သူ . . . သူက ဘာပြန်ပြောသေးလဲ"

နန်း၏မျက်ဝန်းလေးတွေ တလက်လက်တောက်ပကာ
နေသည်။

"သူက ငါ့နာမည်နဲ့လွှဲပေးရင်ရော နေမှာလားတဲ့"

"ဟယ် . . . နင်တော့ အရမ်းကံကောင်းတာပဲဟယ်"

"ငါက အန်ကယ်(လ်)လေးက တကယ်လွှဲပေးရဲလို့လားလို့



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်လိုက်တယ်လေ၊ သူက ဒီတစ်ရက်နှစ်ရက်အတွင်း ရှေ့နေတွေနဲ့ လွှဲပေးမယ်တဲ့၊ ငါတော့ လက်ခံမယ်,မခံဘူး အတိအကျ ဘာကိုမှ မပြောထားသေးဘူး နန်း''

''နင်လုပ်တာမှန်တယ် ထာ၊ ဦးလင်းခေတ်ကလည်း ဘောစိပဲနော်၊ အခု နင် သူ့ကို အဖြေပြန်မပေးသေးရင်တောင် ဒီလောက်ရက်ရောနေရင် အဖြေများ ပေးလိုက်လို့ကတော့ နင့်ဘဝတော့ လိုတရဖြစ်တော့မှာပဲ''

တကယ်တွေးကြည့်မိရင်တော့ ကြည်နူးစရာတစ်ကွက်မှမရှိပါ။ ကိုယ့်ဘက်က တစ်ခုပေးမှ တစ်ခုပြန်ရတာလေ။ ဦးလင်းခေတ်ကို ရော ဘယ်အချိန်မှာ ပေးရမလဲ။ သူ့ဘက်က သူမဆီမှ လိုချင်တာရှိနေတာမို့ အခုလိုမျိုး ရက်ရောနေတာပဲပေါ့။ ငိုသံပေါက်နေတဲ့ အပြုံးတစ်ခုနှင့် ရယ်သံတွေရဲ့ မျက်ရည်ကြားမှာ သူမဘဝက မတည်ငြိမ်နိုင်သေးပေ။

※

သိပ်မကြာခင်ရက်တစ်ရက်မှာပဲ ဦးလင်းခေတ်တစ်ယောက် သူမကို လာခေါ်သည်။ နန်းလည်း ရှိနေတာမို့ သူက နန်းကိုပါ





သူမနှင့်အတူ လိုက်ခဲ့ပါဟုခေါ်သဖြင့် နန်းလည်း သူမနှင့်အတူ လိုက်ခဲ့တော့သည်။

သူ့ mark2 ရွှေငါးကားကြီးက မြို့ထဲဘက်သို့ ဦးတည်နေကာ တစ်နေရာအရောက်တွင် ကားကိုရပ်လိုက်သည်။

''ကလေးရော နန်းရော ကိုယ့်နောက်ကိုလိုက်ခဲ့ကြနော်''

သူက ရှေ့မှ ကွန်ဒိုမီနီယံတစ်ခုထဲသို့ဝင်ကာ ဓာတ်လှေကားဖြင့် ရှစ်လွှာသို့တက်လာခဲ့ကြသည်။ ဓာတ်လှေကားရပ်သွားတော့ အခန်းတစ်ခုကို သော့ဖြင့် သူက ဖွင့်လိုက်ကာ . . .

''လာ . . . ဝင်ကြ . . . ထိုင်ဦးနော်''

''ထာ နားမလည်တော့ဘူး အန်ကယ်လေး။ ထာ့ကို ရှင်းပြပါဦး''

သူက ပြုံးပြီး သူမခေါင်းလေးကို ပုတ်လိုက်ရင်းမှ . . .

''ခုလို . . . ကလေးတို့ကို မပြောမဆိုဘဲ ခေါ်လာမိတဲ့အတွက် ကိုယ့်ရှိုခွင့်လွှတ်ပေးပါလို့ အရင်ပြောပါရစေနော်၊ ကိုယ် အခုလိုခေါ်လာရတာက ဒီကွန်ဒိုကို ကလေးရဲ့နာမည်နဲ့ အသိသက်သေတွေ ရှေ့နေတွေနဲ့ လွှဲပေးမလို့လေ''

နန်းရော သူမပါ ဘာစကားမှထွက်မရခဲ့။ ကြိုတင်တွေးထားပြီးသားဖြစ်သော်လည်း ဒီလောက်ထိ မြန်ဆန်နေခဲ့လိမ့်မယ်လို့လည်း



www.burmeseclassic.com

တွေးမထားမိခဲ့ပေ။

"အသိသက်သေတွေဆိုတာက"

သူမက တိုးတိတ်သောအသံလေးနှင့် မေးလိုက်မိသည်။

"အသိသက်သေတွေနေရာမှာ ကိုယ့်ဘက်က အောင်မြင့်မြတ်လေး၊ ကလေးဘက်က နန်းမေ့၊ ခဏနေရောက်လာကြလိမ့်မယ်"

ဆယ်မိနစ်ကျော်အတွင်းမှာပဲ ဦးအောင်မြင့်မြတ် ရောက်လာခဲ့သည်။ နန်းကတော့ သူ့ကို အပြုံးချိုချိုလေးတွေဖြင့် ညှို့ဝတ်ပြုနေသည်။ တစ်ချိန်ကျရင် သူမရော ဦးလင်းခေတ်ကို ဒီလိုပုံစံမျိုးနှင့် ညှို့ခံရမှာပဲဆိုတာကိုတော့ ဦးနှောက်အတွင်းမှ အလိုလိုသိနေပြန်သည်။ ထိုအခါ ဒေမီယမ်ကရော သူမဘဝ၏ ဘယ်နေရာတွင် ရှိနေလိမ့်ဦးမည်လဲ။

သူမအတွေး မဆုံးသေးခင်မှာပင် အကျိုးဆောင်ရှေ့နေကြီး ရောက်လာခဲ့သည်။ စာချုပ်ကိစ္စတွေအားလုံး ဆောင်ရွက်ပြီးမှ ရှေ့နေကြီးက ပြန်သွားသည်။ ဦးအောင်မြင့်မြတ်ကလည်း နန်းပခုံးလေးကို ဖက်ရင်းမှ . . .

"လင်း . . . ငါပြန်တော့မယ်ကွာ၊ အစည်းအဝေးလည်း ရှိသေးတယ်ကွ၊ နန်းလေး ကိုကြီးပြန်မယ်နော်၊ နောက်မှတွေ့တာပေါ့ ထာ ကိုယ်ပြန်မယ်"





ဦးအောင်မြင့်မြတ် ပြန်သွားတော့မှ ဦးလင်းခေတ်က ဝင်ထိုင်တာ . . .

"ကလေးတို့ ဒီကို ဘယ်တော့လောက် ပြောင်းလာကြမလဲ၊ အချိန်မဆွဲနဲ့နော်၊ ကိုယ်ကူညီပေးမယ်"

"ထာတို့ ပြောင်းလာတာကတော့ ဟုတ်ပါပြီ ဒီတိုက်ခန်းထဲက ပစ္စည်းတွေကို ထာတို့က ဘယ်လိုလုပ်ရမှာလဲ"

"ဒီထဲမှာရှိတဲ့ ပစ္စည်းတွေအားလုံးကို ကလေးပိုင်တယ်လေကွာ၊ ရေ၊ မီး၊ ဖုန်း၊ ရေခဲသေတ္တာ၊ TV၊ အဝတ်လျှော်စက်၊ ကွန်ပျူတာ၊ ဒီဆိုဖာတွေအားလုံးအားလုံး ကလေးအပိုင်ပဲလေ"

နန်းကတော့ ရယ်၍သာနေတော့သည်။ သူမကတော့ ဘာဆက်ပြောရမည်မှန်း မသိတော့ပဲ ငြိမ်ငြိမ်သက်သက်လေးပဲ နေလိုက်မိတော့သည်။

သူမတို့ ကွန်ဒိုကိုပြောင်းလာတော့ အစစအရာရာကို ဦးလင်းခေတ်က ကူညီပေးခဲ့သည်။ တစ်နေ့ကုန် ပစ္စည်းတွေနေရာချနေရတာမို့ သူမရော နန်းပါ အိပ်ရာပေါ် ခေါင်းချနေချင်ခဲ့ပြီ။

"ဩော် . . . ထာ တစ်နေ့က ဒေဒေနဲ့တွေ့သေးတယ်၊ သူကနင်နဲ့ အရမ်းတွေ့ချင်နေတယ်ဟ"

နန်းစကားမဆုံးခင်မှာပဲ သူမ ဖုန်းလေး ထမြည်လာခဲ့သည်။

www.burmeseclassic.com



♫ ငါ့အနားမှာ နင်သာရှိရင် ××× အရာရာ စွန့်လွှတ်နိုင်သွားပြီ ××× ကျန်တာ ဘာမှထပ်မလိုတော့ဘူးကွယ် ××× နင်နဲ့အတူ ကမ္ဘာမြေတစ်ဖက်ဆီ ××× ငါလေပြေးထွက်လို့သွားချင် ×× လူတေ ♫

ဂူးဂူးရဲ့သီချင်းလေးက ဆူညံစွာပဲ ထွက်ပေါ်လာတာနဲ့ ဦးဗောင်းခေတ်ဆီက ဆိုတာကို သူ အတပ်သိလိုက်သည်။

"အန်ကယ်လေး ... မအိပ်သေးဘူးလား"

"ကလေးကို သတိရနေလို့ ကိုယ်အိပ်မပျော်ဘူးကွာ"

"ဟွန်း ... အန်ကယ်လေးကတော့ ပိုပြီ၊ မနက်ကပဲ တွေ့ သေးတာကို"

သူမက ချွဲချွဲပစ်ပစ်လေး ပြောလိုက်သည်။

"ကလေးရော ... ကိုယ့်ကို သတိမရဘူးလား"

သူမ တစ်ချက်ပြုံးလိုက်ရင်း ...

"ထာ ... အန်ကယ်လေးအကြောင်း တွေးနေတာလေ"

"ဟာ ... တကယ်လား ကလေး။ ကိုယ်တော့ ဒီနေ့ အိ လို့တောင် ပျော်တော့မှာ မဟုတ်ဘူးထင်တယ်"

"အယ် ... အန်ကယ်လေးကလည်း ပျော်အောင်အိပ်ပေါ့"

"ဒါနဲ့ ကလေးက ကိုယ့်အကြောင်း ဘာတွေတွေးနေတာလဲ"





မေ့ရာပေါ် သူမ မှောက်လျက်ကလေး အိပ်လိုက်ပြီး ...

"ဩော် ... အန်ကယ်လေးက ထာကို ကူညီထားတာဆိုတော့ ထာက ဦးကို ဘာပြန်ပေးရမလဲလို့ စဉ်းစားနေတာ"

"စဉ်းစားလို့ရပြီလား"

"ရသေးဘူး"

"ကလေးက ညစ်ပြီကွာ၊ ကိုယ် ဘာလိုချင်တာလဲဆိုတာကို ကလေး သိပါတယ်"

"ဟုတ်ပါဘူး အန်ကယ်လေးရယ်၊ ထာက အန်ကယ်လေး ိုအပ်တာကို ဖြည့်ဆည်းပေးမှာပေါ့ ... တကယ်"

"တကယ်နော် ကလေး ... မနောက်နဲ့နော်"

"ယုံဘူးလား။ မယုံရင် မနက်ဖြန်လာခဲ့လေ၊ နန်းက မနက် ဖြ် မော်ဘီကိုသွားမှာ၊ အဲဒီအချိန်တွေအားလုံး အန်ကယ်လေးကို ပေးမယ်"

"အိုကေလေ ... ကိုယ် လာခဲ့မယ်၊ ဂွတ်နိုက်"

"ဟုတ်"

သူမတွင် ငွေလက်ကျန် သိပ်မရှိတော့ သူလိုချင်တာကိုပေး သူမအတွက် လိုအပ်တာတွေကို ပြန်ယူရပေလိမ့်မည်။ သူမ ယာများ တတ်နေပြီလား။ ဒေမီယမ်ကိုတော့ ခုလောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



ခဏဘေးဖယ်ထားရမည်။

အချစ်မပါဘဲ သူမဘဝကို ဖြတ်ကျော်ရပေလိမ့်မည်။

တကယ်တော့ နှမ်းတစ်ယောက် မနက်ဖြန် ဘယ်မှသွားစရာ မရှိပါ။ သူမ လှည့်ကွက်သုံးလိုက်ခြင်းပင် ဖြစ်သည်။

အဲဒီ့အတွက် ရှောင်ပေးရန် နှမ်းကို အကူအညီတောင်းရပေလိမ့်မည်။



မွှေးကတည်းက ခြွင်းချက်တွေ ဗရပွနဲ့
မနက်ဖြန်ကို ကိုးစားခဲ့မိတယ်
မိစ္ဆာဆန်ဆန်အပြုံးပန်းတစ်ပွင့်ကြောင့်
မှောင်မဲခြင်း ရှုခင်းသစ်တွေထဲ
ကံဆိုးခြင်းတွေက ညကို
တံခါးလာလာ ခေါက်ကြတယ်။
ကြောက်လှပါတယ် လောကရယ်
အချစ်ကို ရောင်စုံခြယ်သခဲ့မိသူအတွက်
ရင်ခုန်ခြင်းကို ဝိုဝိုပြင်ပြင်
အသက်မသွင်းရဲခဲ့တာ
သိပ်တော့မဆန်းပါဘူးလေ။

www.burmeseclassic.com

## အခန်း (၉)

နန်း အပြင်ထွက်သွားပြီး သိပ်မကြာခင်မှာပဲ ဦးလင်းခေ
ရောက်လာခဲ့သည်။ သူမက သူ့အတွက် သံပရာရည်တစ်ခွက်ဖျေ
ပြီး သူ့ကို ကမ်းပေးရင်း သူ့ဘေးမှာတွင် ဝင်ထိုင်လိုက်သည်။ သူ
သံပရာကို တစ်ငုံမျှသောက်ပြီး သူ့ဘေးတွင် ပူးပူးကပ်ကပ်လေးထို
လာသော သူမကို ပြုံး၍ စိုက်ကြည့်ပြီး ပခုံးလေးကို လာပွေ့ဖက်က
သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

အနက်ရောင်ရင်ပြတ်ဂါဝန်ကျပ်ကျပ်လေး သူမခန္ဓာကိုယ်
ကောက်ကြောင်းအလှကို ဖွင့်လှစ်ဖော်ပြနေသလိုပင်။ ဖော်လှစ်ထ
သော လက်မောင်းနှင့်ရင်ဘတ်ဖွေးဖွေးဥလေးက သူ့အတွက် တ





င် ဖိတ်ခေါ်နေသလို။

သူ၏ယုယချော့မြူမှုအောက်တွင် သူမ အလိုက်သင့်ကလေး
မျောနေလိုက်သည်။ မှတ်သိပ်ကြမ်းတမ်းသော အနမ်းခပ်ရိုင်းရိုင်း
ချို့က သူမ မျက်နှာထက်ဆီမှစ၍ ခန္ဓာကိုယ်တစ်လျှောက် တရစပ်
ရောက်လာသည်။ ညည်းညူသံတချို့လည်း အခန်းတွင်း ပျံ့လွင့်
ပြန်သည်။

သူမ ခန္ဓာကိုယ်လေးကို ဆိုဖာပေါ်တွင် လှဲချလိုက်ချိန်မှာ
တော့ နှုတ်ခမ်းတစ်ချက် ဖိကိုက်မိလိုက်သည်။ မှတ်သိပ်သော အနမ်း
နှင့် ရိုက်ချက်ကြမ်းကြမ်းတွေအောက်မှာ သူမခန္ဓာကိုယ်လေးက
းမှု မဲ့နေခဲ့သည်။ နာကျင်မှုကို မျိုသိပ်ရင်း မျက်ရည်တစ်စက်
ကျသွားတာကိုတော့ မည်သူမှ သိလိုက်ကြမည်မထင်။

ဝင်သက်ထွက်သက်ပြင်းပြင်းများအောက်တွင် သူ့ဆန္ဒများ
ပြောက်သွားချိန်မှာတော့ သူမ မျက်နှာသုတ်ပဝါတစ်ထည် ဆွဲယူ
ရေချိုးခန်းထဲသို့ ပြေးဝင်ခဲ့မိသည်။ ရေပန်းကိုဖွင့်ပြီး တစ်ကိုယ်လုံး
ရွှဲစိုသွားအောင် ရေပန်းအောက်တွင် ထိုင်နေမိသည်။ ပြီးနောက်
ကြီးတငင် ငိုကြွေးလိုက်မိတော့သည်။ အချိန်မည်မျှကြာအောင်
ကြွေးမိသည်မသိ။

"ကလေး ...ကလေး ကြာပြီလေကွာ၊ ရေချိုးတာ



www.burmeseclassic.com

www.burmeseclassic.com



တော်တော့လေ၊ အအေးပတ်လိမ့်မယ်''

တကယ်ပဲ စိုးရိမ်၍ ဂရုစိုက်ခြင်းလား လိုချင်တာရှိ… ဟန်ဆောင်ပြတာလားတော့ မသိပေမယ့် ရေချိုးခန်းတံခါးကို … ခေါက်သော သူ့အသံကို ကြားလိုက်ရသည်။ သူမ ရေပန်းကိုပိတ်… မျက်နှာသုတ်ပဝါကို ပတ်လိုက်ပြီး တံခါးကိုဖွင့်လိုက်သည်။ ရေချိုးခ… တွင် ခပ်ပြုံးပြုံးမျက်နှာထားနှင့် ရပ်နေသောသူက သူမကို ဆွဲခနဲ… လိုက်ပြီး အိပ်ခန်းထဲသို့ခေါ်လာကာ ခုတင်ပေါ်တွင်ချပေးရင်း …

''ကလေးက ပထမဆုံးအကြိမ်မို့ ရှက်နေတာလား။ မ… နဲ့ကွာ နောက်ဆို ဒါမျိုးတွေက ရိုးသွားမှာပါ။ ကိုယ်လည်း ကလေ… အရမ်းကို အရမ်းစွဲမက်နေပြီကွ''

သူမ ဘာမှပြန်မပြောတော့ဘဲ ဆံပင်ကို dryer နှင့်မှုတ်… လိုက်သည်။ သူက သူမလက်ထဲမှ dryer ကိုဆွဲယူပြီး မှုတ်ပေးရင်…

''ကလေးမှာ ဘာအလုပ်မှမရှိတော့ မပျင်းရအောင် … ပြီးတော့ လူတွေကလည်း အထင်မသေးတော့အောင် ကိုယ် ဆရာ… တစ်ယောက် ငှားထားတယ်၊ သူက ကလေးကို မြန်မာစာအခြေခံ… အင်္ဂလိပ်စာရော ကွန်ပျူတာပါ သင်ပေးလိမ့်မယ်၊ ပြီးတော့ …''

သူက dryer ကိုဘေးချကာ သူ့ကုတ်အင်္ကျီထဲမှ စာအုပ်… သေးလေးတစ်ခုကိုထုတ်ပြီး သူမထံ ကမ်းပေးသည်။





''ရော့ … ဒါ ကလေးအတွက် ဘဏ်စာအုပ် သိန်းငါးရာ …ည့်ပေးထားတယ်၊ ပြီးတော့ … တစ်လတစ်ခါ သိန်းငါးဆယ် …ည့်ပေးဦးမယ်၊ ကလေး ကျေနပ်ရဲ့လား''

''ဟုတ်''

ကျေနပ်တာပေါ့ရှင်။ ဒါပေမဲ့ သူ့အကုန်ခံနေတာတွေဟာ …ကို အပျိုစင်တစ်ယောက်လို့ သတ်မှတ်နေခြင်းကြောင့်လား။ သူ့ …ပြုံးတွေကရော အပျိုစင်တစ်ယောက်ရဲ့ပထမဦးဆုံးအကြိမ်ကို ခံစား …ာ်ရခြင်းအတွက် ဂုဏ်ယူနေတဲ့အပြုံးတွေလား။

ဘာကိုမှသဲသဲကွဲကွဲ မသိလိုက်သေးခင်မှာပင် သူက နှုတ် …က်အနမ်းတစ်ပွင့် သူမ နှုတ်ခမ်းလေးထက် ခြွေချခဲ့ကာ ထွက်သွားခဲ့ …ပြီ။

သူပေးခဲ့သော ဘဏ်စာအုပ်လေးကိုကိုင်ရင်း သူမခဏတော့ …ာက်မှဲ့နေခဲ့တော့သည်။

![BURMESE CLASSIC]

※

သူ ငှားပေးသောဆရာမနှင့် သူမ အချိန်မှန် စာသင်ခဲ့ရသည်။ …င်ချိန်ပြီးသွားတော့ နန်းနှင့်အတူ junction square သို့ shopping

www.burmeseclassic.com



ထွက်ခဲ့ကြသည်။

"ဟော့ ... နန်း"

အော်ခေါ်သံနှင့်အတူ ဒေမီယမ်တို့ကို တွေ့လိုက်ရသ

နန်းက ...

"ဟယ် ဒေဒေ ... ဘယ်လာတာလဲ"

"ရုပ်ရှင်လာကြည့်တာလေ၊ ညီမ်းတော့ ပါမလာဘူး"

ဒေမီယမ်က နန်းကို စနောက်နေပြန်သည်။

"အတော်ပဲ နန်းတို့လည်း ရုပ်ရှင်ကြည့်မလို့လာတာ၊ အ

ကြည့်ရအောင်လေ၊ လတ်မှတ်ဝယ်ပြီးပြီလား"

နန်းကတော့ အကွက်တွေရှေ့နေပြီ၊ ဟိုသကောင့်သား

ကတော့ နန်းထွင်သည့်အကွက်ကို သိပုံမရဘဲ ...

"အခုမှ လက်မှတ်သွားဝယ်မလို့လေ ... နန်းတို့အတွ

ဝယ်လိုက်မယ်"

သူ့ဘေးမှ ကောင်လေးတစ်ယောက်က လက်မှတ်သွား

နေတာမို့ သူမတို့ ဆိုင်တစ်ဆိုင်တွင်ထိုင်ကာ အအေးမှာသော

သည်။

"ကျွန်တော်လည်း ဟိုတစ်လောက ဘန်ကောက်ကို

နေတာ နည်းနည်းကြာသွားတယ်၊ ပြန်ရောက်တာ နှစ်ရက်လော





သေးတယ်၊ နန်းတို့အဆောင်ကိုတောင် လာလည်မလို့လုပ်နေတာ

လေ"

သူ့စကားကြောင့် သူမတို့နှစ်ယောက်လုံး မျက်လုံးများပင်

ပြူးသွားရသည်။

"နန်းတို့အဆောင်မှာမနေတော့ဘူး ဒေဒေ"

"ဟာ ... ဟုတ်လား၊ အခု ဘယ်မှာနေတာလဲ"

သူမက စားပွဲအောက်မှ ခြေထောက်လေးနှင့် နန်းကို အသာ

တို့ထိလိုက်သည်။ နန်းက မျက်စိတစ်ဖက်မှိတ်ပြရင်း ...

"မြို့ထဲနဲ့နီးတဲ့ ကွန်ဒိုတစ်ခုမှာ နန်းရော ထာရော စပ်တူငှား

နေတယ်လေ၊ အဲဒီကွန်ဒိုက နန်းတို့သူငယ်ချင်းတစ်ယောက် ပိုင်တာ

လေ၊ သူက အမေရိကားမှာ နေတာဆိုတော့ နန်းတို့က အိမ်စောင့်

သဘောမျိုးပေါ့၊ လခကလည်း အဆောင်လခအတိုင်းပါပဲ"

"ဟာ ... ကောင်းတာပေါ့ အဆောင်ထက်အဆင့်မြင့်မြင့်နေ

ရတာပေါ့၊ ကျွန်တော့်ကို လိပ်စာပေးဦးလေ၊ ကျွန်တော် လာလည်

မယ်"

နန်းက လိပ်စာပေးလိုက်သည်၊ သူက သူမကို သေချာကြည့်

ရင်း ...

"ထာက ဒီဗိုင်းပြောင်းသွားတယ်နော်၊ ခေတ်မှီလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



တောက်ရှည်ရှည်လေးနှင့် အတွန့်အဖတ်လေးတွေပါသော အင်္ကျီလေးကို သူမ ဝတ်ထားတာမို့ သူက ဝေဖန်နေခြင်းဖြစ်ရမည်။ နန်းကပဲ ဝင်၍ . . .

"ဩော် . . . ထာက အမြဲရင်ဖုံးနဲ့ထဘီပဲ ဝတ်နေတာဆိုတော့ နန်းက သူ့အစား စိတ်အိုက်လွန်းလို့ အတင်းဆင်ပေးထားတာလေ ဒါတောင် ဒီပုံစံပဲဝတ်တာ၊ ဘယ်လိုမှ စကပ်အတိုတွေ ဘောင်းဘီတွေ ဆင်ပေးလို့မရဘူး ဒေဒေရေ"

နန်း၏ အရွှန်းလေးဖောက်ကာ ပြောသောစကားကို သူတို့ ယုံသွားပုံရသည်။

"နန်းကလည်းဗျာ . . . ထာက ရင်ဖုံးလေးတွေနဲ့ပဲ ပိုလိုက်ပါ တယ်၊ သူ မဝတ်ချင်တာကို အတင်းလိုက်မဝတ်ခိုင်းပါနဲ့၊ ကျွန်တော်က တော့ ထာ့ကို မြန်မာဆန်ဆန်လေးတွေနဲ့ပဲ ကြိုက်တယ်"

သူ့ရဲ့ပွင့်လင်းသောစကားသံအဆုံးတွင် သူမရင်ထဲ တသိမ့် သိမ့်လှိုက်ဖိုသွားရသည်။ ထိုနေ့က သူ့ရဲ့အကြည့်ရှုစူးများနှင့် သူမကို သာ ဦးတည်းပြီးပြောလာသောစကားများကြောင့် ရင်းနှီးမှုပိုခဲ့ရသည်။

သူ့ပုံစံကတော့ သူမ၏အလှအပကြားတွင် ပျော်ဝင်ကျဆုံး လျက် ရှိတာမို့ နန်းက နှုတ်ခမ်းလေးတမဲ့မဲ့နှင့် သူမကို သူတို့မသိ အောင် နောက်နေပြန်သည်။ သူမကို အရှုံးအမူးစွဲလမ်းနေပုံရသော





သူ့ပုံစံက သူမ သေခိုင်းရင်တောင် သေမည့်သဘောဆောင်နေသည်။

နောက်ရက်များတွင်လည်း သူက သူမထံ ဖုန်းညတိုင်းဆက် လာခဲ့သည်။ သူမ သူ့ကို ကြာကြာမညှင်းရက်ဘဲ အဖြေပေးလိုက်မိ သည်။ သူ့ကိုတော့ သူမတို့ ကွန်ဒိုသို့ လုံးဝအလာမခံခဲ့ပေ။ သူက လည်း သူမစကားကို နားထောင်ရှာပါသည်။ သူမ မလာခိုင်းဘဲ လုံးဝရောက်မလာခဲ့။

♫ hey beautiful girl ××× you are my only girl ××× hey beautiful girl ××× you are my baby girl i have not other girl ♫

ဖုန်းသံကြောင့် သူမအတွေးပျက်သွားခဲ့ရသည်။ သူကိုယ်တိုင် ပြောင်းပေးခဲ့သော ဖုန်း ringtone သံကြောင့် ဒေမီယမ်ပဲဆိုတာ ချက်ချင်းသိလိုက်သည်။

"ကို . . . ပြောလေ"

"ချစ် အခုအားလား"

"အင်း . . . အားပါတယ်၊ ဘာလို့လဲ"

"ကို အခု ချစ်ဆီကိုလာနေတာ၊ အိမ်မှာနေရင်းကနေ ချစ်ကို သတိရလာလို့ ထွက်လာတာ၊ မလာနဲ့လို့ မငြင်းပါနဲ့နော် ချစ်နဲ့စကား လေး နှစ်ယောက်တည်းပြောချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့ ဒီနေ့ ဦးလင်းခေတ်က စက်ာပူသွားလို့ နောက်မှဆို သူနှင့်တိုးသွားနိုင်သည်။ နန်းကတော့ အခုတလေ ဘောစိတစ်ယောက်နှင့် အဆင်ပြေနေတာမို့ အိမ်သိပ်မကပ်ပေ။

"ထာလေး ... ချစ် ... ပြန်ဖြေဦးလေ"

"ဩော် ... အင်း လာခဲ့လေ၊ ထာ စောင့်နေမယ်"

"အိုကေ"

သူဖုန်းပိတ်သွားတော့ သူမ ရင်ဖုံးအင်္ကျီတစ်ထည်နှင့် ထ လေးကို လဲဝတ်လိုက်ပြီး သူ့ကို အသင့်စောင့်နေလိုက်သည်။

သိပ်မကြာခင်မှာပဲ တံခါးဘဲ(လ်)သံ ကြားလိုက်ရသည် သူမ တံခါးဖွင့်လိုက်တော့ ချောမောသောသူက အပြုံးလေးနှင့် အိမ် ဝင်လာကာ သူမကို ပွေ့ဖက်နမ်းရှိုက်ရင်းမှ ...

"လွမ်းလိုက်တာ ချစ်ရာ"

ပြောရင်း သူမ မျက်နှာလေးအနှံ့သို့ သူ့အနမ်းဖွဖွ ရောက်ရှိလာသည်။ သူမ မငြင်းမိပေ။ သူက သူမခန္ဓာကိုယ်လေး သူ့ခန္ဓာကိုယ်နှင့် ဖိကပ်လိုက်ပြီး အနမ်းမိုးတွေ ရွာနေရင်းမှပင် ခု ရှိရာသို့ အလိုက်သင့်လေး ခေါ်ဆောင်လာခဲ့တော့သည်။

"ချစ်တယ် ထာရယ်"

တုံးတိတ်သော သူ့ညည်းသံနှင့် အသက်ရှူသံ ခပ်ပြင်း





တချို့ကြောင့် နံရံတွေကတောင် နားပိတ်ထားနေချေပြီ။

"ရော့ ... ချစ်အတွက်"

ပက်လက်လှန်အိပ်နေသော သူက ရင်ခွင်ထဲတွင် အိပ်စက် နေသော သူမကို နက်ပြာရောင် ဘူးပြားလေးတစ်ခု ပေးလာခဲ့သည်။

"ဘာလဲဟင်"

"ဖွင့်ကြည့်လေ"

သူမက ထိုင်လိုက်ကာ သူ့ဘေးမှာပင် ထိုဘူးကို ဖွင့်ကြည့် လိုက်သည်။

"ဟယ် ... စိန်တွေပဲ"

ဘူးထဲတွင် စိန်တစ်ဆင်စာက တောက်ပလင်းလက်နေခဲ့ သည်။

"ဟုတ်တယ် ... အဲဒါ စိန်တစ်စင်စာပဲ၊ ချစ်အတွက်လေ"

"ဘာအတွက်ပေးတာလဲ ကို"

သူမက နားမလည်သလို သူ့ကို မေးလိုက်သည်။

"ကို ချစ်ကို စိန်တစ်ဆင်စာနဲ့ လက်ထပ်ခွင့်တောင်းတာလေ၊ ကိုကို လက်ထပ်ပါ ထာ၊ ကို ထာလေးနဲ့ အတူနေချင်ပြီ"

ရုတ်တရက် ပြောလာသော သူ့စကားကြောင့် သူမ လန့် ပ်သွားကာ လက်ထဲမှဘူးပင် လွတ်ကျသွားခဲ့သည်။ လူက ရိုပ်



www.burmeseclassic.com

www.burmeseclassic.com



မရှာဘဲ သူမကို သူ့ရင်ခွင်ထဲ ဆွဲသွင်းရင်းမှ . . .

"ကို ထားလေးနဲ့ အတူနေချင်ပြီကွာ"

သူ့ရင်ခွင်တွင်းမှ သူမ အသာအယာ ရုန်းထွက်လိုက်ကာ

"ကိုရယ် . . . အခုလည်း ထားတို့ အတူနေရတာပဲ မဟုတ်လား"

"မဟုတ်ဘူးလေ၊ အခုက ထားလေးကို တရားဝင် လူတွေအများကြီးရှေ့မှာ လက်ထပ်ချင်တာ၊ ထားဘက်က ဘာအခက်အခဲရှိနေလို့လဲဟင်၊ ကို လက်ထပ်ခွင့်တောင်းတာကို ထား မပျော်သလိုပဲ၊ ကို့ကို မချစ်လို့လား"

"မဟုတ် . . . မဟုတ်ပါဘူး ကိုရယ်"

သူမ ကမန်းကတန်း ဖြေလိုက်ရသည်။ သူမ မျက်ဝန်းထဲမှာတော့ သူနှင့်အတူ ခမ်းနားသော လက်ထပ်ပွဲကြီးကို မြင်ယောင်လိုက် 'ဦးလင်းခေတ်' မျက်နှာကြီးကို မြင်ယောင်လိုက်နှင့် အတွေးတွေ ရှုပ်ထွေးနေသည်။

"ပြောလေ ထား . . . ဘာမဟုတ်တာလဲ"

"ဟိုလေ . . . ဟို . . . ထား မပျော်တာမဟုတ်ပါဘူး၊ ဒါပေမဲ့ . . . ကိုနဲ့ထားကို ကိုတို့ဘက်က သဘောတူပါ့မလားဟင်၊ ထားက နန်းကလွဲရင် ဆွေမျိုးအသိုင်းအဝိုင်းက ရှိတာမဟုတ်ဘူးလေ"





"ဩော် . . . ထားရယ်"

သူက သူမခေါင်းလေးကို ပွတ်သပ်ပေးပြီး . . .

"မာမီတို့က ကို အိမ်ထောင်ရေးကို လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ပေးထားတာကွ၊ ပြီးတော့ ထားလို ကျက်သရေရှိတဲ့ မိန်းကလေးမျိုးဆိုရင် မာမီက ပိုလို့တောင် သဘောကျဦးမှာ၊ ဘာမှတွေးပြီး စိုးရိမ်မနေနဲ့၊ ကို့ကိုသာ ယုံကြည်ထားလိုက်"

သူမက သူ့မေးဖျားလေးကို ခပ်ဖွဖွလေး နမ်းလိုက်ကာ . . .

"ထားဘက်ကတော့ အလောတကြီး မဆုံးဖြတ်သေးဘူး ကိုရယ်၊ ကို့ကို ထားချစ်ပါတယ်၊ ချစ်ပေမယ့် ထားနဲ့ကိုတို့ရဲ့အဆင့်က အရမ်းကွာလွန်းတော့ ထား ကြောက်နေမိတာတော့ အမှန်ပဲ ကို"

"ဘာကြောက်စရာလိုလို့လဲ ထားရယ်၊ ထားကကွာ သိပ်အတွေးကြောင်တာပဲ"

ထိုနေ့က နန်း ပြန်ရောက်မှ သူ ပြန်သွားခဲ့သည်။ သူမက သူပြောခဲ့သောအကြောင်းအရာများအားလုံးကို နန်းအား ပြန်ပြောပြခဲ့သည်။

"ထား . . . နင် ဘယ်လိုဆုံးဖြတ်မလဲ ထား"

"ငါ . . . ငါကိုယ်ငါ မယုံကြည်ဘူး နန်းရယ်"

"ဟုတ်တယ် ထား၊ သူ့ကို နင် လက်ထပ်လို့မဖြစ်ဘူး၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ လက်ထပ်လိုက်ရင် ဦးလင်းခေတ်က နင့်ကို အလွှတ်ပေးလိမ့်မယ်လို့ ထင်လား ထား၊ ဦးလင်းခေတ် နင့်အတွက် ကုန်ကျခဲ့တဲ့ငွေတွေက နည်းသလား။ ဦးလင်းခေတ်ဘက်ကသာ တစ်ခုခုလုပ်လာခဲ့ရင် ဒေဒေတို့အသိုင်းအဝိုင်းတွေကြားမှာ နင်ပဲ အရှက်ကွဲရမှာ''

သူမ နန်း၏ရင်ခွင်တွင်းသို့ တိုးဝင်ကာ ငိုရှိုက်ရင်း . . .

''ငါ အားလုံး သဘောပေါက်ပါတယ် နန်းရယ်၊ တကယ်တော့ သူ့ကို . . . သူ့ကို လက်ထပ်ရဲလောက်တဲ့ သတ္တိလည်း ငါ့မှာ မရှိပါဘူးဟယ်''

နန်းက သူမ၏ကျောပြင်လေးကို ပွတ်သပ်ပေးရင်းမှ . . .

''ငါတို့လိုဘဝမျိုးတွေက ဘယ်သူ့ကိုမှ တရားဝင် လူသိရှင်ကြား လက်ထပ်လို့မရဘူး ထား၊ အလုပ်သဘောအရပဲ ဆက်ဆံလို့ရမယ်၊ ပြီးတော့ ဘယ်သူ့ကိုမှ တကယ်ချစ်လို့မရဘူး''

သူမ နန်းကို ပိုမိုတင်းကျပ်စွာ ဖက်ထားရင်းမှ သည်းထန်စွာ ငိုကြွေးလိုက်တော့သည်။ နန်းက အလန့်တကြား သူမမျက်နှာကို ဆွဲမော့ကာ . . .

''ထား . . . ထား . . . ဘုရားရေ . . . ထား . . . နင် . . . နင် ဒေဒေ့ကို . . . ဒေဒေ့ကို တကယ်ချစ်သွားပြီလားဟယ်''

သူမ မျက်ရည်များကြားမှ ခေါင်းခါလိုက်ပြီး . . .





''ဟင့်အင်း . . . ဟင့်အင်း . . . ငါ သူ့ကိုမချစ်ဘူး။ မချစ်ခဲ့ပါဘူး နန်းရယ်''

''ထားရယ် . . . နင် သိပ်ပင်ပန်းနေပြီ၊ အိပ်ဆေးလေးသောက်ပြီး ခဏအနားယူလိုက်နော်၊ နောက်မှ အဲဒီကိစ္စ ဆက်ဆွေးနွေးရအောင်နော် . . . ထား''

သူမ နန်းပြောသည့်အတိုင်း အိပ်ဆေးတစ်ပြားသောက်ပြီး အိပ်စက်လိုက်သည်။ အရာအားလုံး အိပ်စက်နေချိန်ကို မေ့ပျောက်သွားခဲ့ရင် သိပ်ကောင်းလိမ့်မည်။

အခုဆိုလျှင် သူမ မြန်မာစာလည်း ကျွမ်းကျင်နေပြီ၊ အင်္ဂလိပ်စာလည်း ကျွမ်းကျင်နေပြီမို့ သူမကိုယ်သူမ ယုံကြည်မှု သိပ်ရှိနေပြီဖြစ်သည်။ ဦးလင်းခေတ်ကလည်း သူမကို သိပ်ဂရုစိုက်ရှာသည်။ အခုဆိုလျှင် ဦးလင်းခေတ်က သူမကို ကားမောင်းသင်ပေးကာ သိန်းထောင်ချီတန်သော လန့်ဗိုကီနီတစ်စီး လက်ဆောင်ဝယ်ပေးထားခဲ့သည်။

ဒေမီယမ်ကိုတော့ သူမတို့ငှားနေသည့် အိမ်ပိုင်ရှင်ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့မှာမို့ အိမ်ပိုင်ရှင်က သူပြန်လာရင်စီးရန်အတွက် ကြိုဝယ်ထားတာ ဟု ညာထားမိသည်။ သူကတော့ သူမဘာပြောပြော ယုံကြည်နေတာပဲ။

သူမအတွက် ကံကောင်းနေတာက အခုထိ ဦးလင်းခေတ်နှ ဒေမီယမ် ထိပ်တိုက်မဆုံသေးတာပါပဲ။

ဒေမီယမ်က သူမတို့ငှားနေသော အိမ်ပိုင်ရှင်ပြန်လာလျှ သူမတို့နေစရာမရှိဖြစ်မှာစိုး၍ ယူဖနှမှာရှိသော သူဝယ်ထားသည့်တို ခန်းတွင် ပြောင်းနေရန် ပြောပြန်သည်။

"ဟင့်အင်း ကို . . . ကိုနဲ့ ထာနဲ့က တရားဝင်လက်ထပ် တာ မဟုတ်သေးတော့ ထာ ကိုပိုင်တဲ့တိုက်ခန်းမှာ လိုက်မနေချင်ဘူ

"ထာကလည်းကွာ မာနကကြီးလိုက်တာ၊ ကဲ . . . ဒါဆို ဘဏ်အကောင့်ပေး"

"ဘာလုပ်မလို့လဲ"

သူက သူမပါးလေးကို ချစ်စနိုးဖြင့် လိမ်ဆွဲလိုက်ရင်းမှ

"ပေးမှာသာ ပေးစမ်းပါကွာ၊ နောက်တော့သိရမှာပေါ့

'သူ သူမဘဏ်အကောင့် ယူသွားပြီး သိပ်မကြာခင်အ အတွင်းမှာပဲ သူမဘဏ်ငွေစုစာရင်းမှာ ငွေတွေ သိန်းရာချီ၍ ဝင် သည်။ သူက သူမကိုယ်တိုင် တိုက်ခန်းတစ်ခုဝယ်နိုင်ရန်အ





ငွေထည့်ပေးခဲ့သည်တဲ့လေ။

ဘဝဆိုတာနေတတ်ရင် ကျေနပ်စရာပဲလား . . .

"လင်နိုးမ . . . လင်တရှူးမ၊ ဟမ် . . . နင်မရှက်ဘူးလား၊ င် . . . နင် သူများလင်ကို ခြူစားနေတာ၊ လာစမ်း ကောင်မ . . . င်က ငါ့လင်ကို"

မာတ်လှေကား ပွင့်ပွင့်ချင်းမှာပင် ကြားလိုက်ရသော ဆူညံ ံများကြောင့် လန့်သွားမိသည်။ ပို၍ ထိတ်လန့်သွားရတာက ထိုအသံ ှသည် သူမတို့အခန်းဘက်မှ ဖြစ်နေသည်မို့ သူမ အပြေးအလွှားပင် ားလိုက်မိသည်။

အခန်းတံခါးကပွင့်ကာ အထဲတွင် ခပ်ဝဝအမျိုးသမီးတစ် ာက်က နန်းကို ထုရိုက်ကုတ်ဖဲ့နေခဲ့သည်။ နန်းကတော့ အောက် နေ ရှန်းကန်ရင်း တောင်းပန်နေခဲ့သည်။

တောင်းပန်ရမှာပေါ့ . . . ဟုတ်တယ် တောင်းပန်ရမှာပဲပေါ့။ တို့လိုဘဝမျိုးတွေမှာ ဘယ်လိုလုပ်ပြန်ပြောပိုင်ခွင့် ရှိပါ့မလဲ။

"ကောင်မ . . . နင့်မှာ ဒီလောက်ပဲ ယောကျ်ားရှားသလား



www.burmeseclassic.com

www.burmeseclassic.com



ဟင်၊ ကိုယ့်အဖေ အရွယ်လောက်ကြီးကိုမှမရှောင် နင် ဓော်တော်… ရှိနေသလား''

''တောင်းပန်ပါတယ် အန်တီရယ် ... နန်း ... နန်းလေ…''

''နန်း''

အော်ခေါ်ရင်း သူမ နန်းရှေ့မှ ကာကွယ်ပေးလိုက်သည်… တရစပ်ထုရိုက်နေသော မိန်းမကြီး၏လက်များ ရပ်တန့်သွားကာ ...

''ညည်းက ဘယ်သူလဲ''

''ထာ ... ထာက နန်းသူငယ်ချင်းပါ အန်တီ၊ တော်ပါတော့… နော်၊ ထာ ... ထာ့သူငယ်ချင်းကို ထိန်းပါ့မယ်၊ အန်တီပြန်လိုက်… မတော့နော်''

နန်းကတော့ သူမရင်ခွင်ထဲတွင် ငိုကြွေးနေခဲ့သည်။

''အေး ... ဒါ နောက်ဆုံးပဲဖြစ်ပါစေ၊ အိမ်က အိုနာကျ… ဘက်ကလည်း ပါနေတော့ ငါ ဒီလောက်နဲ့ပဲ ကျေနပ်လိုက်မ… ဒါပေမဲ့ နောက်ထပ် မင်းသူငယ်ချင်းကို ငါ့ယောကျ်ားနဲ့ လုံးဝမ… သက်စေနဲ့ ရော့ ... ဒီချက်လက်မှတ်ထဲမှာ သိန်းတစ်ရာထည့်… တယ်၊ မင်းတို့အတွက်လောက်ငှမှာပါ၊ နောက်ထပ်လုံးဝမပတ်သ… ပါနဲ့''

ပြောပြီးထွက်သွားသော မိန်းမကြီး၏ကျောပြင်ကိုကြည့်…





သူမနှင့်နန်း ဖက်၍ငိုမိကြသည်။

ဘဝဆိုတာ တကယ်တော့ အခါးတွေချည်းပါပဲလား။

''နန်း ... ငါ ဒီကွန်ဒိုနဲ့ကားကိုရောင်းပြီး တခြားကိုပြောင်း…ယ်ဟား ငါ အားလုံးကိုရှောင်ချင်တယ် ဒီဘဝကြီးကိုလည်း မုန်းနေပြီ…ဒါ ... ငါလေ အစကနေပြန်စချင်တယ်''

သူမစကားကြောင့် နန်း အံ့သြသွားပုံရသည်။

''ဘာဖြစ်လို့လဲ ထာ ... သိပ်မလွယ်လောက်ဘူးနော်၊ သူတို့တွေနဲ့နင် အဆင်မပြေလို့လား''

''ပြေပါတယ်၊ ပြေလွန်းလို့ ငါကြောက်နေတာ နန်း။ တစ်နေ့နေ့ သူတို့နှစ်ယောက် ထိပ်တိုက်ဆုံတွေ့သွားကြရင် ငါ ... ငါ ရှင်း…ထွက်မှာမဟုတ်ဘူး။ ပြီး ... ပြီးတော့ ငါ ဒီဘဝကြီးကိုလည်း စိတ်ကုန်နေပြီ''

''ဒါဆို ဒီတိုက်ခန်းနဲ့ကားကို ပြန်ရောင်းပြီး တခြားမှာ ပြန်…ယ်မယ်၊ အဲလိုလား''

''အင်း''



www.burmeseclassic.com

www.burmeseclassic.com



''လမ်းမှာမတော်တဆဆုံခဲ့ရင်ရော၊ ဒေဒေတို့ ညီအမ်
တစ်တွေက အုပ်စုတောင့်တယ်နော်''

သူမနှုတ်ခမ်းလေးကို တစ်ချက်ကိုက်လိုက်ရင်း ...

''ငါ့ဆံပင်တွေကို ဖြတ်ပစ်မယ် နန်း။ ငါ ဒီဘဝကြီးပြောင်း
သွားဖို့အတွက် အားလုံးစွန့်လွှတ်နိုင်တယ်''

စိတ်အားထက်သန်စွာပြောနေသော သူမကိုကြည့်ကာ န
က မျက်ရည်ဝဲသည်။ ပြီးနောက် အိတ်ကိုကောက်လွယ်ရင်း ..

''ငါ့အသိပွဲစားတစ်ယောက်ဆီ ငါသွားလိုက်ဦးမယ် ထ
အိမ်ရောကားရော ငါအပ်ခဲ့မယ်''

နန်းထွက်သွားပြီး သိပ်မကြာခင်မှာပင် ...

''တီးတောင် ... တီးတောင်''

တံခါးဘဲ(လ်)သံကြောင့် သူမ တံခါးသွားဖွင့်လိုက်သည်

''ဟင် ... အန်ကယ်လေး ... ဘယ်ကလှည့်လာတာ
ဖုန်းဆောင်ကြိုမဆက်ဘူး''

''ဟိုဘက်လမ်းမှာ လူကြုံမှာလိုက်တဲ့ပစ္စည်း ဝင်ယူရ
ကလေးကိုသတိရလာလို့ ဝင်လာတာ၊ မုန့်ဖိုးလည်း ပေးချင်လို့

''ဟုတ် ... ဒါနဲ့ ဒါကြီးက ဘာလဲ''

သူကိုင်လာသောသေတ္တာလေးကို လက်ညှိုးထိုးရင်း သူ





လိုက်သည်။

''အိမ်က တူလေးဟာပါကွာ၊ ဟိုဘက်လမ်းကကိုယ့်မိတ်ဆွေ
စ်ယောက် ဩဇီသွားတာ မှာလိုက်တာလေ၊ ဗီဒီယိုကင်မရာလေ၊
ယ့်တူလေးက လိုချင်နေတာကြာပြီ အခုမှပဲရတော့တယ်''

''အန်ကယ်လေးက တူကိုတော်တော်ချစ်တာပဲနော်''

''ဩော် ... ကလေးကိုပြောရဦးမယ်၊ ကို မနက်ဖြန်ကျရင်
လန်ကို အလုပ်ကိစ္စနဲ့သွားရမယ်၊ နှစ်ပတ်လောက်တော့ကြာမှာ၊
တော့ ဒီနေ့ ကလေးရဲ့အချိန်တွေအားလုံး ကိုယ့်ကိုပေး''

''အန်ကယ်လေးကလည်း ထာ့အချိန်တွေအားလုံးက အန်
ယ်လေးအတွက်ပဲဟာ၊ ထာတော့ အန်ကယ်လေးကို လွမ်းနေရ
ာ့မှာပဲ''

သူမက ချွဲချွဲပစ်ပစ်ပြောရင်း သူ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်
ည်။ နောက်ဆုံးအကြိမ် နှုတ်ဆက်ခြင်းပဲလေ။

''ကလေး ... ဒီနေ့တော့ ကိုယ့်ဘက်က မစချင်ဘူးကွာ၊
လေးပြုစုတာကိုပဲ ကိုယ်က ခံချင်နေတာ''

ပြောပြောဆိုဆို သူက ခုတင်ပေါ်တွင် ပက်လက်လှဲချလိုက်
ည်။ သူမကလည်း အလိုက်တသိပင် သူ့ဘေးဝင်ထိုင်ပြီး သူ့အင်္ကျီ
ယ်သီးလေးဖြုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး၊ နှစ်လုံး၊ သုံးလုံး ...

"ခဏလေး ကလေး ... ခဏ"

ရုတ်တရုတ်ပြောပြီး သူက ထသွားကာ ကင်မရာကြီး ယူချလာသည်။ သူက ခုတင်ဘက်သို့ ကင်မရာကိုသေချာချိန်ပြီး မှန်တင်ခုံပေါ်တွင် တင်လိုက်သည်။ သူမ မျက်လုံးလေး ပြူးသွားရော

"အန်ကယ်လေး ... ဘာလုပ်တာလဲ"

"အေးဆေးပါကွာ ... ကိုယ်တို့နှစ်ယောက်ရဲ့ သုခကမ္ဘာ လေးကို မှတ်တမ်းတင်ထားတာလေ"

"မလုပ်ပါနဲ့၊ အန်ကယ်လေး ... မလုပ်ပါနဲ့"

"မရှက်ပါနဲ့ကွာ၊ ကိုယ်က အဝေးကြီးကို သွားရမှာလေ ဟိုမှာ ကလေးကိုလွမ်းရင် ကြည့်လို့ရအောင် ကိုယ့်ရဲ့ stick ထဲ ထည့်ပြီး ဟိုကိုယူသွားမှာလေ၊ လာပါ ကလေးရယ်"

သူပေးခဲ့ဖူးသည့် ကျေးဇူးတွေကိုထောက်ပြီး သူ့သဘော သူမ လိုက်လျောလိုက်သည်။ သူ့အတွက် ချိုမြိန်လွမ်းနေသည့် အရသာဟာ သူမအတွက် အဆိပ်တစ်ခွက်လို ခါးသက်နေခဲ့သည် ဆိုတာကို သူ သိနေခဲ့မည်ဆိုလျှင် ...

☼ ☼ ☼

ရွှေပဒေသာစာပေ

ညှို့စာတ်တွေ ပျော်ဝင်နေတဲ့
အကြည့်တစ်ချက်
နှလုံးသားကို ခလုတ်တိုက်သွားတယ်။
ဒါတင်မကဘူး
ပန်းငိုတဲ့အပြုံးတစ်ခက်က
လှိုင်းမဲ့တဲ့ရင်ခွင်ကို
ဂယက်ထအောင် ပြုစားသွားခဲ့လေရဲ့။
ခြေလှမ်းစည်းချက်တိုင်းမှာ
ကကွက်ဖော်ရင်း ကပ်ပါသွားတဲ့
နှလုံးသားက မသောက်ရဘဲနဲ့
သွက်သွက်ခါသွားခဲ့ရပြန်တယ်။
ကဲ...ဒါဟာရော ဆန္ဒတစ်ခုပဲလား။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"ဟယ် ... ထား၊ နင့်ဒီဇိုင်း လုံးဝပြောင်းသွားတယ်"

ဆံပင်တိုတိုလုံးလုံးလေးနှင့် တစ်မျိုးလေးချစ်စရာကောင်းနေသောသူမကို နန်းက သဘောကျနေသည်။ ဆံပင်ရှည်ကြီးညှပ်ပစ်လိုက်ရလို့ ဝမ်းနည်းနေပေမယ့် ဘယ်သူမှ မှတ်မိနိုင်တော့မည်မဟုတ်၍ တစ်ခုတော့ စိတ်ချမ်းသာရပြန်သည်။

အခုဆိုရင် သူမတို့တိုက်ခန်းလေးတစ်ခု ဝယ်ထားပြီးပြီ။ စီးပွားရေးတစ်ခုလည်းလုပ်ဖို့ ကြိုးစားနေသည်။ နန်းကတော့ လက်ရှိတွဲနေသော ကောင်လေးတွေနှင့် မပြတ်သေးပေ။ နန်းကပဲ သူမလောက် စိတ်ဓာတ်မခိုင်မာ၍ပဲလား။ ဒါမှမဟုတ် နန်းကိုယ်တိုင်ကပဲ





ပျော်ရွှင်နေတာလား မသိပေမယ့် သူမကတော့ နန်းတစ်ယောက် ဘယ်လိုမိန်းမစားမျိုးပဲဖြစ်နေဖြစ်နေ ညီအစ်မအရင်းလိုချစ်သည်။

"ရော့ ... ငါ လက်ဖက်သုပ်လာတယ် ထား၊ စားလိုက်ဦး။ နင်က ဆံပင်ရှည်ကြီးနဲ့ ကျက်သရေရှိရှိလှသလို ခုလို ဆံပင်တိုတို လုံးလုံးလေးနဲ့လည်း ချစ်စရာလေးပဲ၊ နင့်ဆံပင်အရောင်လေးက လှတယ်ဟာ၊ ငါလည်း နင့်လိုလိုက်ဆိုးမှပဲ"

သူမက လက်ဖက်တစ်ဇွန်းခပ်စားလိုက်ရင်း နန်းကို စိုက်ကြည့်လိုက်ကာ ...

"နန်း ... ငါ နင့်ကိုမေးစရာတစ်ခုရှိတယ်၊ ဒီမေးခွန်းက သိပ်တော့မဖြစ်နိုင်ပေမယ့် နင် ဘယ်လိုဖြေမလဲဆိုတာကိုတော့ ငါသိချင်တယ်"

"အင်း ... မေးလေ၊ ဘာမေးခွန်းမို့လို့လဲ"

နန်း လက်ကလေးကို သူမ ခပ်ဖွဖွဆုပ်ကိုင်လိုက်ပြီး ...

"နင် အခုချိန်မှာ တကယ့်အချစ်ဆိုတာကြီးကို တွေ့လာခဲ့မယ်ဆိုရင်"

"ဟင့်အင်း ... ဟင့်အင်း ထာ ... မဖြစ်နိုင်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး၊ ငါ ဒီမေးခွန်းကို လုံးဝကန့်ကွက်တယ်"

နန်းက သွေးရူးသွေးတန်းငြင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"နန်း ... ဟဲ့ နန်း ... ငါ ပြောထားပြီးသားပဲလေ၊ သိပ် တော့မဖြစ်နိုင်ပါဘူးလို့၊ အကယ်၍ မထင်မှတ်ဘဲ ဖြစ်ခဲ့ရင်တော့"

"ထားရယ် ... ဖြစ်စရာအကြောင်းကို မရှိပါဘူးဟယ်"

"ရှိခဲ့ရင်တော့လို့"

"ထား ... နင်ဟာလေ တကယ့် တစ်ဖွတ်ထိုးပဲ၊ မတွေ့ အောင် ရှောင်မယ်ဟာ၊ မတွေ့မိအောင် နေမယ်ဟာ"

"ရှောင်လို့ လုံးဝမရတော့ဘဲ တကယ်တည့်တည့်ကြီးကို တိုးမယ်ဆိုရင်ရော ... နင် ဘယ်လိုလုပ်မလဲ"

နန်းက သက်ပြင်းလေးလေးပင်ပင် တစ်ချက်ချကာ ပြတင်း ပေါက်မှနေ၍ တစ်နေရာသို့ငေးကာ ...

"နင်ပြောသလိုပဲ ရှောင်နေတာတောင် တွေ့ခဲ့ရင်လည်း ကိုယ့်ဘက်က ပေးဆပ်နိုင်သလောက် သူ့အတွက် ပေးဆပ်ပြီး သူ့ဆီ ကတော့ ဘာတစ်ခုမှ ပြန်မယူဘူးဟာ၊ အဲဒါ ငါတို့အတွက် အရမ်း လိုအပ်တဲ့ အဖြေပဲ၊ သူ့အတွက် ပေးဆပ်ရမယ့်အထဲမှာ သူဟာ သိပ်ဖြူစင်နေတဲ့သူ ဖြစ်နေတယ်ဆိုရင်တော့ ငါတို့ရဲ့ဖွန်းထင်းပေထုံ နေတဲ့ဘဝကြီးကို သူ့လက်ထဲ ပုံအပ်မထည့်လိုက်မိစေနဲ့ပေါ့ ထားရယ်"

"အချစ်ဆိုတာ အဲဒီလိုလား"

"ဟုတ်တယ် ... ငါတို့အတွက် အချစ်ဆိုတာ အဲလိုပဲ"





ဟုတ်သားပဲ။ ဒီလောက် ပုပ်ပွနေသော သူမတို့ဘဝကို သူ့လက်ထဲထည့်ရက်ပါ့မလား။ ထည့်ရက်တယ်ဆိုရင်တော့ ဒါဟာ ဆန္ဒတစ်ခုကြောင့်ပဲ ဖြစ်မယ်။

နန်းကတော့ ပြတ်သားစွာ ပြောရဲသည်။ အချစ်ဆိုတာ သူ့ အတွက် မလိုအပ်ဘူးတဲ့။ သူမဘဝအတွက်ရော အချစ်ဆိုတာ လိုအပ် တဲ့အရာလား။ ဒီလိုပုံစံမျိုးတွေ၊ ဒီလိုဘဝမျိုးတွေ ကမ္ဘာကြီးမှာ ဘယ် လောက်များရှိနေခဲ့ပြီးပြီလဲ။ ဒီလိုဘဝမျိုးကို သူမ ရောက်ခဲ့ရတာ ဘယ်သူ့ကြောင့်လဲ။ ချစ်ဦးသူကြောင့်လား။ ပထွေးယုတ်ကြောင့်လား။ ချိန်ထိ သူမ ဝေခွဲမရ။

နောက်ရက်ပိုင်းများတွင် နန်းက သူမ အပျင်းပြေသဘောမျိုး ခွဲရန်အတွက်ဟုဆိုကာ ဘဲတစ်ပွေနှင့် မိတ်ဆက်ပေးခဲ့ပြန်သည်။ သူမလည်း မထူးဇာတ်ခင်းကာ တစ်လကျော်မျှ တွဲဖြစ်ခဲ့သည်။ သိမ်း ိုက်ဆိုသော ထိုဘဲချောလေးက နိုင်ငံခြားမှာသာ အနေများသူမို့ သွတ်လပ်စွာ ပြောဆိုလို့ရသည်။ နားလည်မှုလည်း ရှိသည်။ သူမကို သောင်ကွတ်မထားဘဲ လိုအပ်မှသာ ဆက်သွယ်တာမို့ သူမအတွက် စိတ်ချမ်းသာရသည်။

ဒီဘဝကို ပြောင်းလဲဖို့ ကြိုးစားကြည့်ပေမယ့် ထင်သ လောက်လည်း မလွယ်တာမို့ အချိန်အခါတစ်ခုကို သူမစောင့်ဖို့ လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း နားလည်လိုက်သည်။

ထိုတဝကြီးကို ပြောင်းလဲပစ်လိုက်ဖို့အတွက် ပြောင်းလဲချင်တဲ့စိတ် ပြင်းပြင်းရှရှပေါ်လာအောင် တစ်စုံတစ်ခုက အတင်းအကျပ် မစေနိုင်ခဲ့ပါပဲ ရင်ထဲသို့ အေးအေးစိမ့်စိမ့်လေးတစ်ခု ဖြတ်သန်းခဲ့တော့သည်။ ထိုနေ့က နေလည်းမသာ မိုးလည်းမရွာဘဲ အုံ့မှိုင်းနေသော နေ့တစ်နေ့ ဖြစ်သည်။ ထိုနေ့မှအစပြု၍ သူမဟာ သူမဘဝကို နာကြည်းချက်ပြင်းသော ကိုယ့်ဘဝကို မနှစ်မြို့သော မိန်းကလေးတစ်ယောက် ဖြစ်မှန်းမသိဖြစ်လာခဲ့တော့သည်။

ထိုနေ့က သူမတစ်ယောက်တည်း ယုဇနပလာဇာတွင် ဈေးဝယ်ရင်းမှ ဟိုငေးဒီငေးနှင့် လျှောက်လာခဲ့စဉ် တစ်နေရာအရောက်တွင် လူတစ်ယောက်နှင့် ဝင်တိုက်မိပြီး သူမလက်ထဲမှ အိတ်များ လွတ်ကျကုန်တော့သည်။

"ဟာ . . . တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် အငေးလွန်သွားလို့ပါ"

"ရပါတယ်"

တစ်ဖက်လူက တောင်းပန်စကားနှင့်အတူ ပစ္စည်းတွေကို ကောက်ပေးရင်း သူမကို မော့အကြည့် . . .

"ဟင်"





"ဟင် . . . မင်း . . . မင်း . . . ယမထာ . . . ယမထာမှုလား"

သူမ သွေးရူးသွေးတန်းနှင့် ခေါင်းခါကာ . . .

"ဟင့်အင်း . . . ဟင့်အင်း . . မဟုတ်ဘူး . . . မဟုတ်ဘူး"

အမှတ်မထင်ပြန်တွေ့သော ဒေဝီယမ်ရှေ့တွင် သူမဘယ်လိုမှ ဟန်မဆောင်နိုင်ခဲ့။ ပစ္စည်းများကို ဆွဲယူပြီး ထိုနေရာမှ ပြေးထွက်ခဲ့တော့သည်။

"ဟေ့ . . . ထာ . . . ဟေ့ နေဦးလေ၊ ထာ . . . ဘာတွေဖြစ်နေလို့လဲ၊ တို့ကို ရှင်းပြပါဦး။ ထာ မပြေးနဲ့လေ၊ ထာ . . . ကိုင်းကို မခွဲနိုင်ဘူးနော်၊ မပြေးပါနဲ့ . . . ထာ"

သူက အရူးတစ်ယောက်လို အော်ခေါ်ကာ သူမနောက်မှ ပြေးလိုက်လာသည်။ သူမ ကြောက်လန့်လွန်း၍ ဘာဆက်လုပ်ရမယ်မှန်း မသိတော့၍ ကားပါကင်ရှိ ကားများကြားတွင် သူမခန္ဓာကိုယ်လေး ဝင်နေသည့်အထိ ဝပ်ဝပ်ကလေး ပုန်းနေလိုက်သည်။ သူမ ထိုင်ချလိုက်သည့်နေရာက ထောင့်နည်းနည်းကျကာ ကားတစ်စီးကွယ်ထားသောကြောင့် အလွယ်တကူမမြင်နိုင်ပေ။

သူကတော့ သူမကို ထိုကားနားတစ်ဝိုက်တွင် ပျောက်သွားသည်မို့ မကျေနပ်ပုံနှင့် 'တောက်' တစ်ချက်ခေါက်ကာ ထွက်သွားတော့သည်။ သူမမှာ အခုမှ အသက်ရဲရဲရှူနိုင်တော့ကာ ထိုကားဘေးမှာပင်



www.burmeseclassic.com

ထိုင်ချလိုက်မိတော့သည်။

သူ့ဘက်က တကယ်တမ်း မျက်နှာချင်းဆိုင်ပြီး မေးလာ လျှင် သူမ ဖြေတတ်မည်မဟုတ်ပေ။ သူ့ပုံစံကလည်း အခုထက်ထိ သူမကို လိုအပ်နေတုန်းလိုပင်။

ထိုစဉ် သူမ ထိုင်ချလိုက်သောနေရာ၏ဘေးမှ ကားဘေး တံခါးပေါက် ပွင့်လာကာ ကားပေါ်မှ သူမထက် ငယ်ပုံရသော ကော လေးတစ်ယောက် ဆင်းလာသည်။ ထိုကောင်လေးပုံစံဟာ ရိုးသာ ကြိုးစားသည့် ဖိုးသခွားပုံစံလေး ပေါက်နေသည်မို့ သူမ သဘော သွားသည်။

မျက်မှန်ပါးပါး ကြည်ကြည်လေးအောက်က မျက်ဝန်းလေး တွေဟာ ဖြူစင်ရိုးသားသူလေးမှန်း သူမ အတွေ့အကြုံအရ တပ်အ သိနေပြန်သည်။ သူလေးက လက်ထဲတွင် Laptop ပါးပါးလေးတ ကိုင်ထားသေးကာ အဖြူရောင်ရှပ်လက်တိုလေးကို ယောပု ကွက်စိတ် ခရမ်းပြာလေးနှင့် တွဲဖက်ဝတ်ထားကာ အလွန်ချော ရှင်းသန့်နေသည်။ ထိုသူလေး၏မျက်နှာပေါ်တွင် အနေအတန်းမြင့် တွင် နေလာခဲ့ပုံရသော မာန်လေးများကိုလည်း တွေ့နေရသေးသ

သူလေးက သူမဘေးတွင် ငုတ်တုတ်လေးထိုင်ချကာ

"ခုနက လူက မမကို နှောင့်ယှက်နေတာ ထင်တယ်၊





ဘော်တော်လေး ကြောက်လန့်နေတဲ့ပုံပဲ၊ ယောကျ်ားလေးတွေက လည်းဗျာ မိန်းကလေးတစ်ယောက်ကို ဒီလိုရမ်းရမ်းကားကားကြီးတော့ လိုက်နှောင့်ယှက်ဖို့ မကောင်းပါဘူး . . . နော့"

သူက သူ ထင်ရာလျှောက်ပြောနေတာမို့ သူမကလည်း ချော်လဲရောထိုင်လုပ်လိုက်ရင်း . . .

"အင်း . . . ဟုတ် . . . ဟုတ်တယ်၊ အခုန ကိုယ် အရမ်း ကြောက်သွားတာ၊ သူက ကိုယ့်ကို နှောင့်ယှက်နေတာ ကြာပြီလေ၊ အခု အပြင်မှာလည်း ဖြစ်နေတယ်၊ အဖော်လည်း ကိုယ့်မှာ မပါလာ တော့ ပိုဆိုးတော့တာပေါ့နော်"

သူမက မျက်လုံးလေးပြူးပြီး တကယ်ကြောက်ချင်ယောင် ဆောင်ပြလိုက်တာကို သူက တကယ်ကြီးကို ယုံကြည်သွားကာ . . .

"မမ အခုထက်ထိ လန့်နေတုန်းထင်တယ်၊ ကျွန်တော့်မှာ ရေဘူးပါတယ် ခဏနော်"

သူက ကားထဲမှရေဘူးသေးသေးလေးကို သူမထံ ကမ်းပေး သည်။ သူမ တစ်ငုံလောက် သောက်လိုက်ပြီး သူ့ကို ပြန်ပေးလိုက် သည်။

"မမမှာ ကားပါလားဟင်"

"ဟင့်အင်း . . . ကိုယ် ဒီနေ့ ကားမယူလာခဲ့ဘူး"

www.burmeseclassic.com



"ဘယ်အထိ ပြန်ရမှာလဲ ... ကျွန်တော် လိုက်ပို့ပေးမ
လေ"

"အားနာစရာကြီး"

"အားမနာပါနဲ့ ... ရပါတယ်၊ ဟိုလူက ဒီနားတစ်ဝိုက်
ရှိချင်ရှိနေဦးမှာ၊ စိတ်ချရတာမဟုတ်ဘူး"

အပြုံးချိုချိုလေးတွေကြောင့် သူမ ထပ်မငြင်းမိတော့
သူ့ Celiar မြိုင်ကားလေးထဲ သူမ ပစ္စည်းတွေကို အရင်တင်လိုက်
လူက နောက်မှဝင်လိုက်သည်။

သူက ကားမောင်းနေရင်းမှ ...

"အခုန မမ ကြောက်နေတဲ့ပုံက တကယ့်ကလေး
အတိုင်းပဲ"

သူမက တစ်ချက်ရယ်ရင်း ကောင်လေးကို ကြည့်လို
သည်။ ကောင်လေးဟာ တကယ့်ရိုးသားဖြူစင်တဲ့ပုံလေးပါ။ သူ
အစကတော့ အချဉ်လေးဆိုပြီး အသုံးချမလို့ပါပဲ။ ဒါပေမဲ့ သူ
တကယ့်ကို ဖြူစင်လွန်းနေတာမို့ သူမ ...

"မမ ဘာတွေတွေးနေတာလဲ၊ ကျွန်တော်မေးတာ
မကြားဘူး"

သူမ ရှက်ရယ်ရယ်လိုက်ပြီး ...





"သြော် ... နောက်ဆို တစ်ယောက်တည်း အပြင်မထွက်
တော့ဘူးလို့ တွေးနေတာ၊ ဒါနဲ့ မောင်လေးက ဘာမေးလိုက်တာလဲ"

"မမ နာမည်လေ"

"ကိုယ့် ... နာမည်"

"ဟုတ်"

ပြောရင်း သူက မျက်မှန်လေး ပင့်ကာ ရယ်ပြုပြန်သည်။
...ရာကောင်းလိုက်တာဟယ်။

"ကိုယ့်နာမည် အ ... အခရာပါ"

"ဟုတ် ... ကျွန်တော်က ရတုဆက်ပါ"

သူမက စိတ်ထဲတွင် ပေါ်လာသော နာမည်တစ်ခုကို ရွတ်ပြ
...တာကို သူက ယုံသွားသည်။

"ကျွန်တော်က ဆေးကျောင်းဒုတိယနှစ် တက်နေတယ်"

သြော် ... သူက ဆရာဝန်လောင်းလေးကို"

"ဒါဆို မမနဲ့ ကျွန်တော်က သူငယ်ချင်းတွေ ဖြစ်သွားပြီနော်၊
...တော့ ထူးဆန်းတယ်ဗျ၊ ကျွန်တော် ဒီအသက်အရွယ်အထိ ဘယ်
...ကလေးနဲ့မှ သူငယ်ချင်း မဖြစ်ဖူးဘူး၊ မမက ကျွန်တော့်ရဲ့ပထမ
...မိန်းကလေးသူငယ်ချင်းပဲ ... ယုံလား"

သူက ချစ်စဖွယ် ရယ်ပြရင်း မေးတာမို့ သူမ အသာအယာ



www.burmeseclassic.com

www.burmeseclassic.com



ဝင် ခေါင်းညိတ်ပြလိုက်သည်။ ယုံပါတယ် ကလေးရယ်။ မင်း
တကယ့် ကလေးလေးပဲ၊ သူမ မတွေ့ချင်တဲ့အရာဟာ သူမရှေ့
ရောက်နေပြီလား။ ကောင်လေးရယ် . . . ငါ့ကို မပြုစားပါနဲ့။ မင်း
မျက်ဝန်းလေးတွေကို ငါ့မှာ ရင်ခုန်ခွင့်မရှိလို့ပါ။

"ကျွန်တော်က ဒီကားကို ဖေဖေ ဝယ်ပေးကတည်းက ဘယ်
မိန်းကလေးမှ ကားပေါ်မတင်ဖူးဘူး၊ ကုန်ကုန်ပြောရရင် မေမေ့
တောင် မတင်ဖူးဘူး။ မမက ပထမဆုံးပဲ"

သူမက ဟက်ဟက်ပက်ပက်ပင် ရယ်မောလိုက်ကာ . . .

"ကိုယ် ဘဝင်မြင့်ရတော့မှာပေါ့နော်၊ ဒါနဲ့ . . . ရတ
အသက်ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော်က လာမယ့် ဂျူလိုင်ဆိုရင် ဆယ့်ကိုးနှစ်ပြည့်
ပြီ"

"ကိုယ့်ထက် ခြောက်နှစ်လောက် ငယ်တာပဲ၊ ကိုယ်
နှစ်ဆယ့်ငါးနှစ် ပြည့်ပြီးသွားပြီ"

"တကယ်လား . . . မနောက်နဲ့နော်၊ ကျွန်တော်က မ
အလွန်ဆုံးရှိမှ နှစ်ဆယ့်နှစ်လောက်ပဲ ရှိမယ်ထင်တာ"

"မမြှောက်ပါနဲ့ကွာ၊ ကိုယ်က အမြှောက်မကြိုက်ဘူး"

တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်မိရင်းမှ





က်လေး ရင်းနှီးခဲ့ကြသည်။ သူ့ကားလေး သူမတို့ တိုက်ရှေ့ကို
ရောက်တော့ . . .

"မမ ကျွန်တော် လာလည်လို့ရမလား"

သူမ တစ်ချက်တွေဝေသွားရကာ . . .

"ရပါတယ်၊ ဒါပေမဲ့ . . . ဖုန်းတော့ ကြိုဆက်လိုက်လေ၊
အပေါ်ကို မလိုက်တော့ဘူးလား"

"နောက်မှပဲ လာတော့မယ်လေ၊ ဘယ်အထပ်မှာလဲ"

"လေးထပ်၊ ညာဘက်အခန်းလေ"

"ဟုတ်ကဲ့ . . . ရော့ မမ . . . ဒါ ကျွန်တော့်ဖုန်းနံပါတ်၊
ဖုန်းနံပါတ်ရော"

သူက ကတ်ပြားလေး ကမ်းပေးရင်းမှ ပြောသည်။ သူမက
ထဲမှ သူ့ဖုန်းနံပါတ်လေးကို သူမ ဖုန်းမှတစ်ဆင့် ခေါ်လိုက်သည်။
နှင်းလေး မြည်လာတော့မှ . . .

"အဲဒါ ကိုယ့်ဖုန်းပဲ"

"ဟုတ် . . . ကျွန်တော် သွားလိုက်ဦးမယ် ခင်ဗျ"

သူထွက်သွားတော့မှ သူမ အထုပ်တွေ သယ်ကာ အပေါ်သို့
ခဲ့သည်။

အိပ်ခန်းထဲရောက်တော့ ပစ္စည်းတွေကို ခုတင်ပေါ်သို့



www.burmeseclassic.com

ပစ်တင်လိုက်ရင်း သူမလည်း ခုတင်ပေါ်မှာ မှောက်လျက် အိပ်
လိုက်သည်။

မျက်လုံးထဲတွင် ဖြူစင်လွန်းသော သူ၏ပုံရိပ်တွေက စို
နေသည်။ သူပေးခဲ့သည့် လိပ်စာကတ်လေးကို ခပ်ဖွဖွပွတ်ရင်း နန်း
ငါတော့ ရှောင်နေတဲ့အရာကို တိုက်တိုက်ဆိုင်ဆိုင်ကြီးကို တွေ့နေ
ဟာ။ ငါ ဘာဆက်လုပ်ရမလဲ နန်းရယ်။

မဖြစ်နိုင်ဘူးဆိုတာကို သိသိရက်နဲ့ ငါ ဖွတ်တိုးချင်နေ
တယ်။

❋ ❋ ❋



အချစ်စစ်နဲ့ တွေ့လိုက်မိတာနဲ့ လူတွေဟာ
အံ့သြလောက်အောင် ပြောင်းလဲသွားတတ်စမြဲပါပဲလေ။
ကြယ်ဝေညရဲ့
အပေါင်းပုံထဲက ရင်ခွင်အိုမှာ
တမ်းတခြင်းရဲ့ ငိုညည်းသံခပ်ပြင်းပြင်းတွေ
တဖျောက်ဖျောက် ကြွေကျနေတာ
ကြားမိရဲ့လား?
တစ်နေ့တစ်နေ့
အဆုံးမဲ့စွာနဲ့ အသက်ဝင်နေတဲ့
မျှော်လင့်ချက်တွေက
လစ်ရင် လစ်သလို ကြိုးကွင်းပြန်စွပ်နေကြတယ်။
ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်
ဟောဒီရင်ခွင်ရိုင်းမှာ တွေးမွေ့ခွင့်ရခဲ့ရင်
ချစ်လွန်းလို့ ရူးပါစေ
ရူးလွန်းလို့ ကြွေပျက်ပါစေ
မြတ်နိုးတတ်သူ နှလုံးသားမှာ
ရာဇဝင်တွင်မယ့် ပေးဆပ်ခြင်းတွေနဲ့
ဘဝဆက်တိုင်း သစ္စာခံနေပါရစေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"လမ်းပြကြယ်ကလေး ... လမ်းပြကြယ်ကလေး။ နှင်
၏ဘဝအတွက် လမ်းပြကြယ်လေး"

ဟာ ... သူ့ဖုန်းပါလား။

"ဟဲလို ... မမ"

"ပြော ... ရတု၊ ကိစ္စရှိလို့လား"

သူ့ဘက်က သက်ပြင်းချသံ ခပ်တိုးတိုးလေး ကြားလိုက်
သည်။

"သတိရလို့ပါ"

သူမ ကောင်လေးကို သနားသွားရကာ အသံခပ်တိုးတိုး





ငြင်သာ ရယ်လိုက်မိသည်။ နှန်းကာ် ဘေးကနေ ကပ်နားထောင်သည်
ီ သူမက နှန်းဘက်ကလေးကိုပါ ကပ်လိုက်ကာ ...

"မမ နောက်ဆိုရင် အပြင်သွားရင် တစ်ယောက်တည်း
သွားနဲ့နော်၊ အဖော်မရှိဘူးဆိုရင် ကျွန်တော့်ကို ဖုန်းဆက်လိုက်၊
ကျွန်တော် လာခေါ်မယ် ... သိလား"

"ဘာလို့လဲ"

"ဩော် ... ဟိုလူ မမကို နှောင့်ယှက်မှာစိုးလို့ပေါ့"

"ဟုတ်ပါပြီဟယ်၊ နောက်ဆို ခေါ်ပါ့မယ်၊ ဒါနဲ့ ...
ဒီနေ့က ရတုက ကားပေါ်မှာ ဘာထိုင်လုပ်နေတာလဲ"

"အေး ... အဲဒီနေ့က ကျွန်တော် ယုဇနမှာ အကျီလာဝယ်
တာ၊ စာတစ်ပုဒ်က လမ်းမှာတည်းက ကျက်လာတာ၊ ပလာဇာရောက်
တဲ့အထိ မရသေးဘူး၊ အဲဒါ ဒီစာမရမချင်း ကားအောက်မဆင်းဘူး
ဆိုပြီး ကားထဲမှာပဲ ဆက်ကျက်နေတာလေ၊ ကျက်နေရင်း မမပြေး
လာတာကို တွေ့တယ်၊ အစအဆုံးပေါ့"

သူက စာဂျပိုးလေးပဲ။

"မမ မနက်ဖြန်အားလား၊ ကျွန်တော် မမကို မုန့်လိုက်ကျွေး
မယ်လေ"

"အိုကေလေ ... ကိုယ် စောင့်နေမယ်"



www.burmeseclassic.com

"ဟုတ် မမ၊ ကျွန်တော် ဆယ်နာရီခွဲလောက် လာခေါ်မယ်"

"ဒါပဲနော် . . . အိုကေ"

ဖုန်းပိတ်လိုက်တော့ နန်းက သူ့ပခုံးလေးကို အသာအယ

ပွေ့ဖက်ထားခဲ့သည်။ နန်းကို သူမ အားလုံး ရင်ဖွင့်ထားပြီးသား

နန်းက အားလုံးကို နားလည်သဘောပေါက်နေခဲ့သည်။

ရတုရေ . . . မင်းနဲ့ငါ ဘာလို့ ဒီထက်စောစော မတွေ့ခဲ့ြ

တာလဲ။ ငါ့အတွက် မင်းဟာ ဘာလို့ ပထမဆုံး မဖြစ်ခဲ့ရတာလဲ

ဆန္ဒဆိုတဲ့ လှေနေရာမှာသာ မင်းဖြစ်ခဲ့မယ်ဆိုရင် ငါ့ကို နာ

လည်ပေးနိုင်ကောင်းပါရဲ့။ ငါ့ဘဝ ဒီလောက်အထိလည်း နစ်မွန်းခဲ့

မဟုတ်ဘူး။ ငါ့ဘဝက ဆိုးလွန်းတယ် ရတုရယ်။ ဆိုးဝါးလွန်းတဲ့

ဘဝထဲကို မင်း မဝင်လာပါနဲ့။ မသန့်ရှင်းတဲ့ ဒီခန္ဓာကြီးကို ငါ မ

လက်ထဲ မထည့်ရပ်လို့ပါကွယ်။

အဲဒီနေ့က ဒေမီယမ်နဲ့သာ ငါ မဆုံဖြစ်ခဲ့ရင် မင်းနဲ့လည်း

တွေ့စရာအကြောင်း မရှိဘူး။ ငါ မခံစားချင်ဘူးဟယ်။

❋

ရေမိုးချိုးပြီး သူမ အလှပြင်လိုက်သည်။ သူ့ရှေ့မှာ အရပ်





လှနေချင်ခဲ့တာပါ။ စကော့တိုကားကားလေးကို ကိုယ်ကျပ်ရှေ့လေးနှင့်

တွဲဝတ်ကာ အဆင်သင့်စောင့်နေလိုက်သည်။

သူက ဖုန်းဆက်ပြီး သူအောက်မှာရောက်နေကြောင်းကို

ပြောသည်မို့ သူမ အောက်ဆင်းလာခဲ့တော့သည်။ နန်းကတော့ မနက်

ဘတည်းက အပြင်ထွက်သွားတာမို့ သူနှင့်မဆုံဖြစ်တော့ပေ။

အောက်ရောက်တော့ သူက ကားတံခါးအဆင်သင့်ဖွင့်ရင်း

စောင့်နေခဲ့သည်။ ရှပ်အင်္ကျီလေးတွေနှင့် ပုဆိုးလေးတွေကိုပဲ ဝတ်

တတ်ပုံရသည့် သူဟာ သူမရှေ့တွင်တော့ မင်းသားလေးတစ်ပါးလို

ဆင်ရှူးတောက်ပနေသည်။

"မမက အရမ်းလှတာပဲ"

သူမက ပြုံးလိုက်ရင်း . . .

"ကဲ . . . နောက်မပြောက်တော့၊ အိမ်ထဲဝင်ပြီး အမောဖြေ

တော့ဘူးလား"

"မဖြေတော့ပါဘူး။ သွားရအောင်လေ၊ ကျွန်တော်က မမကို

မြင်လိုက်တာနဲ့ အမောပြေသွားပြီ"

"ဒီနေ့ ကျောင်းမသွားရဘူးလား"

"တမင်မသွားတာ မမ၊ နေ့လယ်မှ tutarial သွားဖြေမလို့"

သူမ ကားထဲဝင်ထိုင်လိုက်ရင်းမှ . . .

www.burmeseclassic.com



“ကိုယ်က မင်းကျောင်းဖြတ်ပြီး မှန့်လိုက်ကျွေးရလောက်တဲ့ အထိ အရေးပါလို့လား”

သူက ကားမောင်းရင်းမှ သူမကို ပြုံး၍ စိုက်ကြည့်ကာ

“ပါတာပေါ့ . . . မမက ကျွန်တော့်တာဝအတွက် သိပ်အရေး ပါတယ်၊ တကယ်ပြောတာ ကျွန်တော် မညာတတ်ဘူး မမ”

“ဟုတ်ပါပြီ . . . ကိုယ် ယုံပါတယ်”

“တကယ်ယုံတယ်နော် မမ”

သူမ ကောင်လေးကို အနူးညံ့ဆုံးနဲ့အရိုးသားဆုံး ဟန်ဆောင် မှုကင်းတဲ့ အပြုံးလေး ပြုံးပြလိုက်ရင်း ခေါင်းညိတ်ပြလိုက်သည်။ အတိုင်းမသိ ဝမ်းသာသွားပုံရတဲ့ ဟန်မဆောင်တတ်တဲ့ သူ့မျက်နှာ လေးပေါ်မှာ အထင်းသားပေါ်နေသည်။

သူက စိမ်းလန်းစိုပြေတွင် ကားလေးကို ရပ်လိုက်ကာ . . .

“လာ မမ . . . ကျွန်တော်ကတော့ စာကျက်ရင် ဒီမှာ အမြဲ လာကျက်တာလေ၊ ကော်ဖီလေး သောက်လိုက် စာလေးကျက်လိုက် နဲ့လေ”

“ကောင်မလေးတွေရော မပါဘူးလား”

“ဟာ . . . မမကလည်း ကျွန်တော့်မှာ ဘယ်ကောင်မလေး မရှိပါဘူး”





ပျာပျာသလဲ ရှင်းပြနေသော သူ့ပုံစံကိုကြည့်ပြီး သူမ ရယ် မောလိုက်မိသည်။

“မမက နောက်တာပါကွ”

“မမ . . . ဘာသောက်မလဲ”

“ပျားသံပရာသောက်မယ်”

သူက ပျားသံပရာ လက်ဖျော်နှစ်ခွက်ကို မှာလိုက်ပြီး . . .

“မမ ကျောင်းပြီးသွားပြီလား”

“အင်း”

သူမ ယောင်ယောင်မှားမှားနှင့် ခေါင်းညိတ်မိလိုက်သည်။

“ဘာ major နဲ့ ပြီးတာလဲ”

“ဟို . . . အင်္ဂလိပ်စာနဲ့”

သူက ပြုံးပြီး ခေါင်းညိတ်ကာ အအေးခွက်ကို ယူသောက် နေသည်။ ငါ ဘာပြောပြော ယုံနေတာပဲလား ကလေးရယ်။

သူမ သူ့ကို စကားလမ်းကြောင်းလွှဲမှ ဖြစ်တော့မည်။ နောက် ထပ်မေးလာခဲ့ရင် သူမ ဖြေတတ်မည်မဟုတ်တော့။

“ရတုတို့ဆေးကျောင်းက ပျော်စရာကောင်းမှာပဲနော်”

“မမ မရောက်ဖူးဘူးလား”

“ဟင့်အင်း”



www.burmeseclassic.com

www.burmeseclassic.com



သူက သူ့လက်ထဲ ဖုန်းလေးကို ဆော့ကစားရင်း . . .

"ပျော်စရာတော့ ကောင်းပါတယ်၊ စာတွေကတော့ အရမ်း ခက်တယ်၊ နောက်ရက်ကျရင် မမကို ကျောင်းကို အလည်ခေါ်မယ် လေ"

"ဟာ . . . မလိုက်ရဲပါဘူး၊ ကြောက်တယ်"

သူက သွားတန်းလှလှလေးတွေ ပေါ်အောင်ပင် ရယ်ပြီး ကာ . . .

"မမကလည်းလေ ကလေးကျနေတာပဲ၊ ဘာကြောက်စ ရှိလို့လဲ၊ ကျွန်တော်လည်း ပါတာပဲဟာ၊ ပြီးတော့ ကျွန်တော့်သူငယ် ချင်းတွေလည်း ရှိသေးတာ၊ ဒီကောင်တွေက တကယ်ဂျိုကာတွေ သူတို့နဲ့ တွေ့ရင် မမ တကယ်ပျော်သွားမှာ၊ လိုက်လည်မယ်မလား"

သူ့စကားအဆုံး သူမ တွေတွေလေး စဉ်းစားလိုက်ပြီး . . .

"အင်း . . . အခုတော့ မဟုတ်သေးဘူး၊ နောက်များမှပေ နော်၊ တကူးတကကြီးတော့ လိုက်မလည်တော့ပါဘူး၊ ကြုံမှပဲပေ

သူမ မယုတ်မလွန်လေးပဲ ဖြေလိုက်သည်။

ထိုနေ့က သူမနှင့်သူ စကားတော်တော်ကြာကြာ ပြောဖြ ကာ အရင်ကထက် ပိုရင်းနှီးသွားတော့သည်။ တစ်ချက်တစ်ချ စိုက်ကြည့်တတ်သော သူ၏အကြည့်ရှည်ဝေဝေလေးများ၏ဒဏ်





သူမ ကြာကြာခံနိုင်ရည်မရှိခဲ့ပေ။ ထိုအကြည့်များကို မသိကျိုးကျွံပြု ရတာလည်း ခက်ခဲလွန်းလှသည်။

တကယ်ဆို သူမဘဝအနေအထားကြောင့် ရှေ့ဆက်မတိုး သင့်မှန်း သူမကိုယ်သူမ နားလည်နေခဲ့သည်။ ဦးနောက်ရဲ့ဆုံးဖြတ် ချက်ကို နှလုံးသားက တွန်းလှန်ရင်း သူ့အကြည့်များထဲမှာ သူမ အစ်စထက်တစ်စ နစ်မြုပ်နေတော့သည်။

နောက်ပိုင်းနေ့ရက်များတွင်တော့ သူမခေါင်းထဲတွင် သူနှင့် တော်သက်သော အတွေးများ ပြည့်နှက်နေခဲ့သည်။ သူမတစ်ယောက် ာည်း မဆုံးဖြတ်တတ်တော့ . . .

ထိုစဉ် ဖော့ဘူးတွေ ထည့်ထားသော ကျွတ်ကျွတ်အိတ်တွေ ကို ကိုင်ရင်း ဝင်လာသည်။

"ဘာတွေဝယ်လာတာလဲ နန်း"

"ညနေစာ ဘာမှမချက်ရသေးဘူးမလား၊ ဒါ ဒံပေါက်တွေ ယ်လာတာလေ၊ ကြက်ကင်ရောပဲ"

"ကောင်းတယ် . . . ကောင်းတယ်၊ ငါလည်း ထမင်းမချက် ချင်တာနဲ့ အတော်ပဲ၊ နန်းက အရမ်းချစ်စရာကောင်းတယ်၊ အလိုက် ာည်း သိတယ်"

နန်းက သူမပါးလေးကို လိမ်ဆွဲပြီး အကျီလဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နန်း . . . ငါ နင့်ကို ပြောစရာရှိတယ်"

မျက်နှာငယ်လေးနှင့် ပြောလာသော သူမကို နန်းက . . .

"ဟဲ့ . . . ချက်ချင်းကြီး မျက်နှာက ဘယ်လိုဖြစ်ရတာလဲ . . . ပြောပါဦး"

သူမ နန်းကို အားကိုးတကြီး ကြည့်လိုက်ကာ . . .

"နန်း . . . ငါ အချစ်စစ်နဲ့ တွေ့နေပြီ"

"ဘုရားရေ . . . ထာ . . . နင် ရူးနေပြီလား။ ဒါ . . . လုံးဝ မဖြစ်နိုင်တဲ့ကိစ္စလေ၊ နင် ရူးနေလား။ လုံးဝကိုမဖြစ်နိုင်ဘူး"

နန်းက သူမစကားကို ခါးခါးသီးသီး ငြင်းဆန်သည်။

"ငါ . . . ငါ သူ့ကို သိပ်ချစ်တယ် နန်းရယ်"

"ရတု . . . ရတုကိုလား ထာ"

"ဟုတ်တယ်"

နန်းက သက်ပြင်းရှည်ကြီးကို ချကာ . . .

"ငါ နင့်ကို ပြောပြသင့်တာတွေ ပြောပြပြီးပြီ ထာ၊ နင်လည်း သဘောပေါက်ပြီးသားပဲ၊ အခု ဖြစ်လာပြီဆိုတော့ နင့်ဘက်က ကောင်လေးအတွက် ဘယ်လိုတွေးထားပေးလဲ၊ ဘာတွေရော ဆုံးဖြတ်ပြီး ပြီလဲ"

"ငါ့လက်ထဲ ဥစ္စာပစ္စည်းတွေ ရှိသင့်သလောက် ရှိပြီ





နန်း။ အဲဒါတွေနဲ့ ငါ ရိုးရိုးသားသား လုပ်ကိုင်စားသောက်မှာ၊ ငါ အတိတ်ကို မြေမြှုပ်ပစ်မယ်"

"နင့်လိပ်ပြာကို နင် လုံရဲ့လား ထာ"

နန်းမေးတာက တိုးတိုးလေးပေမယ့် သူမနားထဲ မိုးတစ် ချုံးပေါက်ကွဲသလို မြည်ဟီးသွားရသည်။

"ထာ . . . နင်ပြောတာ လွယ်ပေမယ့် လက်တွေ့က ထင်သ လောက် မလွယ်ဘူးနော်"

မလွယ်ဘူးဆိုတာ သူမ သိနေခဲ့သည်ပဲ။ ဒါပေမဲ့ သူမရဲ့ နှလုံးသားကိုယ်တိုင်ကိုက ရူးမိုက်ချစ်နေခဲ့တာကို။ နှလုံးသားရဲ့ဆန္ဒကို ဘယ်လိုမှ လွန်ဆန်မရတော့လို့ သူမ ဆုံးဖြတ်ချက်ချခဲ့ရတာလေ။

နန်းကတော့ သူမကို ကရုဏာသက်သလို ကြည့်နေသည်။ ထိုအကြည့်တွေထဲမှာ အဓိပ္ပာယ်ရှိသောစကားလုံးတွေ အများကြီး ပါဝင်တယ်ဆိုတာ သူမ နားလည်နေခဲ့သည်။ နန်းက သူမကျောပြင် သားကို တစ်ချက်နှစ်ချက်ပုတ်ရင်းမှ . . .

"အေးလေ . . . နင် စဉ်းစားပေါ့ ထာရယ်၊ ကလေးမှ မဟုတ်တော့တာပဲ၊ ဘာဖြစ်နိုင်တယ်၊ ဘာက မဖြစ်နိုင်ဘူးဆိုတာကို သိ၊ ဘာမှအားမငယ်နဲ့ သူငယ်ချင်း။ ငါလည်း ကူညီပေးမယ်၊ ဒါနဲ့ နင် အလုပ်လုပ်ချင်တယ်ဆို internet ဆိုင်လေး မဖွင့်ချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရိုးသားပြီး သမာအာဇီဝကျတဲ့ အလုပ်ပဲဟာ၊ ငါ လုပ်မှာပါ ဘယ်မှာဖွင့်ရမလဲ"

နန်းက သူ့ဖုန်းလေးကို လျှောက်နှိပ်ကာ ...

"ငါ့ဘော်ဒါတစ်ယောက်ရဲ့ဆိုင်ဟ၊ စမ်းချောင်းမှာ ဖွင့်ထား တာလေ၊ ဝန်ထမ်းရော, စက်တွေရော, ဆိုင်ရော အကုန်အစုံ ရှိတယ် ဆိုင်ရှင်က နိုင်ငံခြားပြောင်းမှာမို့ ဆိုင်ကို အပြတ်ရောင်းခဲ့ချင်တာတဲ့ လေ၊ နင် အဆင်ပြေရင် လုပ်ကြည့်ပေါ့"

"နိုင်ပြောသလိုဆိုရင် ငါ့အတွက် ပိုအဆင်ပြေတာပေါ့ လက်လွှဲထူရုံပဲဟာ၊ ဆိုင်က အဆင်ပြေကော ပြေရဲ့လား။ လူရောကျ ရဲ့လား"

"ငါ တစ်ခါရောက်ဖူးတာတော့ လူကျပါတယ်"

"အဲဒါဆိုရင် အဲဒီကိစ္စကို နင်ပဲ လုပ်ပေးတော့ နန်း၊ ပြီး တော့ ... ငါ့နာမည်ကို ပြောင်းထားတယ်၊ အခရာလို့လေ"

နန်းတစ်ယောက်သာ သူမဘဝအတွက် အားကိုးရာ ဆံ တွယ်ရာပဲ မဟုတ်လား။ သူမဘဝအကြောင်းတွေကို သူ့ဆီမှာ ရင်ဖွင့် ချင်လိုက်တာ။ သူကရော ခွင့်လွှတ်ပါ့မလား။ နားရောလည်ပေးနိုင် ပါ့မလား။ သူမကို အထင်သေးသွားမှာတော့ သေချာတယ်။

ငါ့ဘဝ ခုလိုဖြစ်ခဲ့ရတာ သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်





ကြောင့်ပါ။ ငါ့ဘဝကို နားလည်မပေးနိုင်တဲ့ အဲဒီယောကျ်ားက သူ့ကို လက်ထပ်ဖို့အတွက် ငါ့ရဲ့အမေအရင်းကို စွန့်လွှတ်ပေးရမယ်တဲ့လေ။ ဘယ်လောက်များ ရက်စက်လိုက်သလဲ။ ဒါ ဖြစ်သင့်ရဲ့လား။ လုပ်သင့် တဲ့ကိစ္စလား။ အမေတစ်ခု သမီးတစ်ခု နေလာခဲ့ရတဲ့ ငါ့ဘဝလေးမှာ ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့အတွက် ငါ့ရဲ့အမေကို စွန့် လွှတ်သင့်ရဲ့လား။

ဒီလို ကိုယ်ချင်းစာစိတ်မရှိတဲ့ အတ္တသမားဆီမှာ ငါ့ရဲ့အပျို စင်ဘဝလေး ပေးဆပ်လိုက်ရတယ်။ အဲဒီလိုပေးဆပ်လိုက်ရတဲ့အတွက် လျော်ကြေးသိန်းတစ်ရာ ငါ့ကို ပေးခဲ့တယ်။ ထိုက်တန်ပါရဲ့လား ... ငါကတော့ ယူသင့်ယူထိုက်တယ်ထင်လို့ ယူလိုက်မိတယ်။ အမေ့ကို ဆေးကုပေးချင်ခဲ့တဲ့ ငါ့ရဲ့စိတ်ကြောင့်လည်း ပါတယ်။

ဒါပေမဲ့ကွယ် ဘဝဆိုတာ ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်မှ မရှိ ဘာပဲလေ။ ငွေထုတ်ပိုက်ပြီး ပြန်လာခဲ့တဲ့ ငါ့ကို အသက်ဝိညာဉ်ကင်း ခဲ့နေတဲ့ အမေ့ရဲ့ခန္ဓာကိုယ်ကြီးက အဆင်သင့်စောင့်ကြိုနေခဲ့တယ် လေ။ ငါ ဘာဆက်လုပ်ရမလဲ ရတု။ ငါ့နေရာမှာ တခြားတစ်ယောက် ဆိုရင်ရော ဘယ်လိုရွေးချယ်မလဲ။

ပြီးတော့ ငါက အပျိုစင်တစ်ယောက်လည်း မဟုတ်ခဲ့ပြန် ဘူးလေ။ နောက်ပြီး လူယုတ်မာကြီး ငါ့ပထွေးကြောင့်လည်း ငါ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပျက်ခဲ့ရသေးတယ်။ အားလုံးပြီးဆုံးသွားတော့ ငါ့ဘဝကို အသ
ကဂနေ ပြန်စဖို့အတွက် အခေါင်မှာနေရင်း အလုပ်လိုက်ရှာခဲ့တယ်
ဒါပေမဲ့ ပညာမတတ်တဲ့ ငါ့ကို ဘယ်အလုပ်ကမှ မခန့်ခဲ့ကူး။ ဒီလို
ပဲ ပိုက်ဆံအလွယ်ရတဲ့ လမ်းများကို ငါ ရောက်ခဲ့တယ်။

မင်းနဲ့တွေ့ပြီးတဲ့နောက်ပိုင်းမှာတော့ ငါ့ဘဝရဲ့အရိပ်မည်းကြီး
ကို မေ့ပစ်ချင်ခဲ့မိတယ်။ မင်းကို မညာချင်ပါပဲ မင်းရှေ့မှာ ရိုးသား
အခရာအဖြစ် ရပ်တည်ပြချင်ခဲ့မိတယ်။

ငါ မင်းကို သိပ်ချစ်တယ် ကလေးရယ်။

နန်းက အစစအရာရာ ဦးဆောင်ပြီး လုပ်ပေးတာမို့ သူမ
ဆိုင်ကိစ္စ အဆင်ပြေသွားသည်။

"ကျေးဇူးတင်ပါတယ် နန်းရယ်"

"နှင်နဲ့ငါ့ကြားမှာ ဒါတွေလိုလို့လား"

"နန်း ... နန်းလည်း ငါ့လိုပဲ ရုန်းထွက်ကြည့်ပါလား"

"နှင်ထင်သလောက် မလွယ်ဘူး တာရဲ့၊ နှင့်မှာက ရ
အားတစ်ခုခုရှိလို့ ရုန်းထွက်နိုင်ပေမယ့် ငါ့မှာက ဘာအင်အားမှ





ဘာလေ"

သူမက နန်းလက်ကလေးကို သူမပါးလေးနှင့် ကပ်လိုက်
... 

"ဒါဆို ... နှင်လည်း ငါ့လို အချစ်ကိုတွေ့အောင်ရှာပေါ့၊
ကယ်တော့ ဘဝမှာ အချစ်မရှိရင် အဓိပ္ပာယ်မရှိဘူးဟ၊ ငါ့ကိုပဲ
ကြည့် အချစ်မရှိခင်က ငါ့ဘဝဟာ ပေတေလေလွင့်နေခဲ့တာ၊ အခု
ချစ်နဲ့တွေ့တော့ အဓိပ္ပာယ်ရှိတဲ့အလုပ်တွေ လုပ်နေရပြီလေ"

နန်းက သူမအပြောကို ရယ်ရင်း ...

"တော်ပါတော့ အချစ်မမရယ်နော်၊ အဲဒီအချစ်ဆိုတာကြီး
ည်၊ ကျုပ်က မတွေ့ချင်ပါဘူး။ အခုလိုပဲ တစ်ယောက်တည်း
တ်လွတ်လပ်လပ်နေပါရစေ"

သူမက နန်းကို မျက်စောင်းလေးလှမ်းထိုးလိုက်သည်။

"ဒါနဲ့ ရတုက နှင့်ကို propose လုပ်ပြီးပြီလား"

သူမက ရှက်ရယ်ရယ်ရင်း ...

"ဟင့်အင်း"

ဟုဖြေလိုက်သည်။

"အဲတော့ ... သူက ဘာမှမပြောရသေးဘဲနဲ့ နှင်ကဒီ
ာက် အသည်းအသန်ဖြစ်နေတယ်ဆိုတော့ နှင့်ရောဂါက ယဉ်ရုံ



www.burmeseclassic.com

www.burmeseclassic.com



ထင်ကောဘူး ကျွမ်းလောင်နေပြီ ထာ၊ ကုလို့မလွယ်ကောက်ဘူး''

"နောက်တော့ ငါနင့်ကို သူနဲ့ဆုံပေးမယ်လေ"

"ထာ ... နင် သူ့ကိုအရမ်းချစ်တာပဲလားဟင်"

နန်း၏အမေးစကားကြောင့် သူမသက်ပြင်းခပ်ဖွဖွချလိုက်

...

"ဟုတ်တယ် နန်း၊ သူ့ကိုငါ ဘာနဲ့မှနှိုင်းယှဉ်လို့မရအော

ချစ်တယ်၊ သူ့ကို ဆုံးရှုံးရမှာလည်း ကြောက်တယ်"

"သူ့ဘက်ကရော နင့်အပေါ် အလေးအနက်ထားရဲ့လား"

"အင်း ... သူက ငါ့ထက်ငယ်တော့ ငါ့ကိုလေးလေးစား

နဲ့ ဆက်ဆံတယ်၊ သူကအရမ်းရိုးသားတာဟ၊ ဘာအစွန်းအထင်း

သေးတဲ့ အဖြူထည်သက်သက်လေးပဲ၊ သူငါ့ကို ချစ်နေပေမယ့်

တွေ့အကြုံမရှိတော့ ဖွင့်မပြောရဲတာဖြစ်မယ်၊ ငါ သူ့ကိုအထင်

သွားမှာကိုလည်း သူကြောက်နေပုံရတယ်"

"နင် သူ့အပေါ်မှာ တရားရဲ့လား ထာရယ်"

ထိုစဉ် သူမဖုန်းလေးထမြည်လာခဲ့သည်။

"ဟယ်လို"

"ယမထာ ... ကိုယ်ပါ၊ သိမ်းပိုက်ပါ"

"ရှင် ... ကိုသိမ်းပိုက်"





ဒုက္ခပါပဲ ... ဖယားတွေ လာရှုပ်တော့မယ်။

"ထာ ... ကိုယ်ပြောတာ ကြားရဲ့လား"

"ရှင် ... ဘာ ... ပြောလိုက်တာလဲမသိဘူး"

"ကိုယ် ဒီနေ့မှ ဟိုကပြန်ရောက်တာကွ၊ ညကျရင်မင်းနဲ့အတူ

ချင်တယ်၊ မင်းအားတယ်မှုလား"

"sorry ကိုသိမ်းပိုက်၊ ကျွန်မ မအားဘူး"

"ဟာ ... ထာရယ်၊ ကိုယ်ဒီလိုပြန်လာတာ မင်းနဲ့တွေ့ချင်လို့

ကိုယ် အလုပ်တွေမအားတဲ့ကြားက ဖန်တီးထားရတာ၊ ဘာလဲ

ယ်မရှိတဲ့ရက်မှာ ဘောစိတစ်ယောက် ထပ်တွေ့သွားလို့လား"

"မဟုတ်ဘူး ကိုသိမ်းပိုက်"

သူမ စကားမဆုံးခင်မှာပင် သူကဆက်ပြောသည်။

"အဲဒီပုဂ္ဂိုလ်ပေးထာထက် ကိုယ်ပိုပေးပါ့မယ်ကွာ၊ please

... နော် ... ထာ"

"ကျွန်မတကယ်ကိုမဖြစ်လို့ပါ"

"ကိုယ်တို့ ကြေးညှိရအောင်လေကွာ"

"ကျွန်မပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ၊ ရှင်ဟာ ကျွန်မအ

နားလည်မှုရှိတဲ့သူပါ၊ ကျွန်မ အခုဒီအလုပ်ကိုမလုပ်တော့ဘဲ

ာင်းရောင်းကောင်းဝယ် လုပ်စားနေပါတယ်၊ ရှင် တခြားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သာ ထပ်ရှာလိုက်ပါတော့နော်”

သူမ စကားဆုံးတော့ တစ်ဖက်က အသံတိတ်သွားသည်

ပြီးမှ ...

“sorry ယမထ၊ ကိုယ့်ဘက်ကလွန်သွားရင် တောင်းပန် တယ်၊ မင်းရဲ့အခုလို ကောင်းသတင်းလေးကြားရတာ ဝမ်းသာပါတ ကွ၊ အကူအညီလိုရင်လည်း ငါ့ကိုပြောပါ၊ မိတ်ဆွေတစ်ယောက်အ နဲ့ ငါ့ဘက်က ကူညီပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ် ကိုသိမ်းပိုက်”

သူ့ဘက်က ဖုန်းပိတ်သွားပေမယ့် သူမနှင့်နန်းနုစ်ယော သားကတော့ အဓိပ္ပါယ်ရှိသောမျက်ဝန်းများနှင့် တစ်ယောက်ကို ယောက် ကြည့်နေမိခဲ့သည်။

❋ ❋ ❋

ဝက်ပဲတွေများခဲ့တဲ့ လမ်းမှာ
အချစ်က လောင်းကြေး
ဆုံနိုင်မယ့်တစ်နေ့ကို
စိတ်ကူးနဲ့ပဲ အနိုင်ယူမိတယ်။
ဖောက်ထားတဲ့လမ်းမှာ
ပျောက်ရှခဲ့တဲ့
ရန့်တစ်ခုရဲ့ခြေရာတွေကို ရှာဖွေနေရဆဲပဲ။
အဲ...နှလုံးသားကတော့ သူ့အတွက်
ချစ်ခြင်းတွေ အပြည့်အဝနဲ့
ရော့!...
သူ့ကို ပေးပေးစမ်းပါ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သူမ၏ Internet ဆိုင်လေးဖွင့်ခဲ့တာ နှစ်လပင်ကျော်ခဲ့ပြီ ဖြစ်သည်။ ဆိုင်လေးမထင်မှတ်လောက်အောင်ပဲ လူကျတာမို့ သူမ အတွက် တော်တော်လေးကို အဆင်ပြေခဲ့သည်။ အခုဆိုရင် အရင်က ကိစ္စအားလုံး မေ့မေ့ပျောက်ပျောက်ပင် ဖြစ်နေချေပြီ။ သူမလည်း ဆိုင်ထိုင်ပြီးကတည်းက ဆိုင်ရယ်၊ အိမ်ရယ်ပဲ သွားဖြစ်တာမို့ တခြား နေရာပင် မသွားဖြစ်တော့ချေ။ နှန်းနှင့် တစ်ခါတလေ shopping ထွက်သည်။ သူ လာခေါ်လျှင် ကော်ဖီဆိုင် လိုက်ထိုင်သည်။

ဖုန်းလေး မြည်လာတာမို့ . . .

"ဟဲလို"





"မ . . . ကျွန်တော်နဲ့ ညနေကျရင် ဘုရားသွားရအောင်"

"အေး . . . သွားမယ်လေ၊ ဪ . . . နေဦး ဘယ်ချိန် လောက် လာခေါ်မှာလဲ"

သူ လာခေါ်မယ့်အချိန်ကို ပြောပြီး ဖုန်းချသွားသည်။ သူမ ဆိုင်မှ ဝန်ထမ်းလေးတွေနှင့် ထားခဲ့လိုက်ပြီး အိမ်သို့ပြန်ကာ ရေမိုးချိုး ပြီး အဆင်သင့်စောင့်နေလိုက်သည်။

ဘုရားပေါ်ရောက်တော့ သူမတို့နှစ်ယောက်စလုံး နေ့နံတူ နေတာမို့ အတူတူ ဘုရားဖူးဖြစ်သည်။ သူမ ဘုရားကို သေသေချာချာ ဖူးပြီးမှာတော့ သူမဘေးတွင် သူ မရှိတော့ချေ။ ဟင် . . . ဘယ် ရောက်သွားတာလဲ။

သူမ တစ်ယောက်တည်း ဟိုကြည့်ဒီကြည့်လုပ်နေစဉ်မှာပဲ သူ ပြန်ရောက်လာခဲ့သည်။

"မမ စောင့်နေတာ ကြာသွားပြီလား"

"မင်း ဘယ်သွားနေတာလဲ"

"ဟိုနားလေးမှာ ခါးပိုက်နှိုက် မိတယ်ဆိုလို့ သွားကြည့်မိ တာပါ၊ ပြီးတော့ ခါးပိုက်နှိုက်က မိန်းကလေးဖြစ်နေတယ်"

"ခါးပိုက်နှိုက်က မိန်းကလေး ဟုတ်လား"

သူမ၏တအံ့တသြ မေးသံအဆုံး သူက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမ၊ သူတို့မိတော့ ကောင်မလေးက ငိုလည်း ငိုတယ်၊ သူ့အကြောင်းလည်း ပြောပြတယ်၊ သူ့အမေ ဆေးရုံတင်ထားတာ ခွဲစိတ်ဖို့ ပိုက်ဆံမရှိလို့ ဘုရားမှာ လာဆုတောင်းရင်း အခွင့်အရေးရလို့ လုပ်မိလုပ်ရာ လုပ်မိတာတဲ့၊ ကောင်မလေးပုံကြည့်ရတာလည်း မလည်မဝယ်လေးပါ မမရာ၊ ဇ,မရှိမှန်း သိသာပါတယ်"

သူမရင်ထဲ ဘာကိုဝမ်းနည်းမိမှန်းမသိဘဲ အလိုလိုဝမ်းနည်းလာခဲ့သည်။ ကောင်မလေး သနားပါတယ်။ မိခင်အတွက် မလုပ်သင့်တဲ့ အလုပ်ကြီးကို စွန့်စားလုပ်ခဲ့တာပါလား။

"အင်းနော် ... ဒီလိုအဖြစ်မျိုးတွေကြောင့် မိန်းကလေးတွေရဲ့ဘဝတွေကို ပျက်စီးစေတာလေ၊ ပိုက်ဆံလိုနေတာကို ခါးပိုက်နှိုက်မိလို့ တော်သေးတယ်၊ မဟုတ်မဟာတ် အကြံအဖန်သမားတစ်ယောက်နဲ့သာ တွေ့သွားရင် သူ့ဘဝလေး နစ်မွန်းဦးမှာ၊ သူက ဒီအချိန်မှာ ပိုက်ဆံရဖို့အတွက် ဘာပဲလုပ်ရလုပ်ရ လုပ်တော့မှာလေ"

သူမ စကားဆုံးတော့ သူက သူမလက်ကလေးကို ခပ်ဖွဖွလာရောက်ဆုပ်ကိုင်ကာ ပြုံးရင်းမှ ...

"ကောင်မလေးအတွက် အဲဒီလောက်အထိလည်း စိတ်မကောင်းဖြစ်မနေပါနဲ့ မမရယ်၊ ကျွန်တော် စီစဉ်လာခဲ့ပါတယ်၊ ကောင်မလေးဆီက ဆေးရုံနာမည်နဲ့ ခုတင်နံပါတ် မေးခဲ့ပါတယ်၊ အခု အဲဒီကို





သွားပြီး ကျွန်တော် ကောင်မလေးရဲ့အမေအတွက် ခွဲစိတ်မယ့် ကျသင့်ငွေကို သွားလှူမလို့"

"တကယ် ... ဒါဆို မမလည်း တစ်ဝက်လှူမယ်"

"ကောင်းတာပေါ့ မမရယ်"

ထိုနေ့က သူမတို့နှစ်ယောက် ပေါင်းပြီး လှူဖြစ်ခဲ့သော ထိုအလှူလေးက ပြန်တွေးမိတိုင်း ပီတိဖြစ်ချင်စရာပါ။ ဒီလို စိတ်ထားကောင်းလေးရှိသော သူ့ကို သူမက ပိုပိုပြီး ချစ်လာခဲ့မိသည်။

❋

အင်းယားကန်စပ်မှာ ထိုင်နေရင်းမှ ...

"မ"

သူက သူမကို တိုးတိုးတိတ်တိတ်ခေါ်တာမို့ သူမက သူ့ကို တစ်ချက်စိုက်ကြည့်လိုက်သည်။

"ပြောလေ ရတု"

"မကို ကျွန်တော် မေးစရာရှိလို့"

"မေးလေ"

သူက နားထင်လေးကို လက်ညှိုးလေးဖြင့် ကုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မေးလည်း မမေးရဲဘူး"

"ဪ . . . မေးပါဆိုမှပဲ"

"တခြားတော့ မဟုတ်ပါဘူး။ ဟို . . . မမှာ ဟို ရည်းစားရှိလားလို့ မေးမလို့"

သူမက ပြောပြီး ရှက်နေသောသူကိုကြည့်ပြီး ပြုံးလိုက်သည်။

"ရတုရယ် . . . ဒါများ ရှက်နေရသေးတယ်၊ မ,မှာ ရည်းစားမရှိပါဘူးကွယ်၊ ရတုပဲ စဉ်းစားကြည့်လေ၊ မ,မှာသာ ရည်းစားရှိရင် ရတုနဲ့ ခုလို ဘယ်နေလို့ရပါ့မလဲ၊ မ,ရည်းစားက သဝန်တိုမှာပေါ့"

"အင်း . . . ဟုတ်သားပဲနော်"

ဖွင့်မပြောသေးပေမယ့် သူ ရင်ဘတ်ထဲ အချစ်တွေကို သူမဘက်က ခံစားလို့ရနေခဲ့သည်။

"မ . . . မ"

"ပြောလေ . . . ရတု"

"အခုလာမယ့် စနေနေ့ကြရင် ညနေစာကို အပြင်က ဆိုင်တစ်ဆိုင်မှာ မနဲ့ နှစ်ယောက်တည်း စားချင်တယ်"

"အင်း . . . ရတု လာခေါ်လိုက်လေ၊ ဟော . . . ဟိုမှာ နန်း လာခေါ်နေပြီ၊ မ ပြန်တော့မယ်နော်"





နန်းက လမ်းကြိုနေတာမို့ သူမကို ဝင်ခေါ်ခြင်း ဖြစ်သည်။ ကားပေါ်ရောက်တော့ နန်းက . . .

"ဘာမှာတမ်းတွေ ခြွေနေတာလဲ ဟာ"

"စနေနေ့ကျရင် ညနေစာ အတူစားမလို့ ပြောတာပါပါ်ယ်"

"ဒါနဲ့ . . . နင် သူတို့မိသားစုတွေအကြောင်းရော မေးထားပြီးပြီလား"

"အေး . . . သူတို့က အရမ်းချမ်းသာတဲ့ပုံတော့ မဟုတ်ဘူး။ သူ့အဖေက စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်တဲ့၊ သူ့အမေကတော့ ကလေးအထူးကုဆရာဝန်မကြီးတဲ့၊ သူ့ဦးလေးတစ်ယောက်ကတော့ နိုင်ငံခြားမှာတဲ့၊ အဲဒီလောက်ပါပဲ . . . သာမန်မိသားစုလေးပဲ ထင်ပါတယ်"

"ဒီလောက်ဆိုရင်ပဲ လုံလောက်ပါပြီဟာ"

သူမရော နန်းပါ အိမ်ပြန်ရောက်တော့ ခုတင်ပေါ် ဝုန်းခနဲ ပစ်လှဲလိုက်မိကြသည်။

"နန်း . . . ငါလေ နင့်ကို ဒီအလုပ်တွေ ဆက်မလုပ်စေချင်ဘူး။ ငါ့လို ရုန်းထွက်စေချင်တယ်ဟာ၊ ပြီးတော့ ယောက်ျားကောင်းတစ်ယောက်နဲ့လည်း အိမ်ထောင်ပြုစေချင်တယ်"

နန်းက သူမရင်ခွင်လေးထဲ တိုးဝင်ကာ ဖက်ထားရင်းမှ . . .



www.burmeseclassic.com

"နှင့်စေတနာကို ငါ သဘောပေါက်ပါတယ် ထား၊ နားလည် နားလည်ပါတယ်၊ ငါ နားလည်သလို ငါ့ဘဝကို နင်လည်း နားလည် တယ်ဟား၊ ဒါပေမဲ့ . . . ငါ အဆက်အသွယ်တွေက များတယ် ထ ငါ့မှာ ရုန်းထွက်ခွင့်မရှိဘူး။ လှုပ်လေ မြုပ်လေပဲ ထားရယ်၊ ငါလည် မိန်းကလေးတစ်ယောက်ပဲ၊ ကိုယ့်ကို အရမ်းချစ်မယ့်၊ တန်ဖိုးထားမယ့် ကိုယ့်အပေါ်မှာ ဘာတစ်မက်မှုမှမပါဘဲ ရိုးသားစွာချစ်တဲ့လူမျိုး ငါ မျှော်လင့်မိတာပေါ့၊ မျှော်သာ မျှော်လင့်မိပေမယ့် ဖြစ်မှမဖြစ်နိုင် တာ၊ ကိုယ်တွေးထားသလို ဖြစ်မလာရင် ကိုယ်ပဲ စိတ်ဆင်းရဲရမှာလေ အဲဒီတော့ အစကတည်းက ရှောင်နေလိုက်တာပဲ ကောင်းပါတယ် ဟယ်"

ထိုနေ့က နန်း သူမရင်ခွင်ထဲမှာ အိပ်ပျော်သွားသည်အထိ နန်းရဲ့စကားသံတွေဟာ သူမနားထဲတွင် ပြည့်လျှံကျန်နေရစ်ခဲ့သည်

❁ ❁ ❁



ကံကြမ္မာနှင့်အလွဲအမှားဆိုတဲ့
ကြိုးတံတား လျှပ်ခပ်သွားစမ်းပါစေ
ဟိုဘက်ကမ်းက လက်ယပ်ခေါ်နေရင်
အန္တရာယ် ဘယ်လောက်များများ
လာခဲ့မယ်လေ . . .
စေတနာသတ်လို့ မသေတဲ့အရာက
နှလုံးသားမှာ နေရာယူနေခဲ့ပြီးပြီ။
အချစ်စစ်တစ်ခုကြောင့်
ပွက်ပွက်ဆူခဲ့တဲ့ နှလုံးသွေးတွေ
ချစ်သူအတွက် . . .
ဘယ်သူမှ မမြင်ဖူးတဲ့
အရောင်အသွေးတွေနဲ့ ရဲရဲနီတဲ့နှင်းဆီတွေ
ဖြစ်ခွင့်ရချင်တယ်။
ဓားတစ်စင်းနဲ့ ရင်ကို တုတ်ချင်းပေါက်
အထိုးခံရမှာထက်
သူ့အပြုံးတွေ ပျောက်ဆုံးသွားမှာကို
ပိုကြောက်မိတယ်။

www.burmeseclassic.com

## အခန်း (၁၃)

သူမ ဆိုင်သွားရန် ကားပေါ်အတက်တွင် သူမရဲ့ဟန်းဖုန်း
လေး ထမြည်လာခဲ့သည်။ သူ့ထံမှဖြစ်သည်။

"ရတု ... ပြောလေ ... အခု ဘယ်ကဆက်နေတာလဲ
ကျောင်းမှာလား"

"ဒီနေ့ ကျွန်တော် ကျောင်းမသွားဘူး"

"ဘာလို့"

"ဖျားနေလို့"

သူ့ရဲ့ဖျော့တော့သောစကားသံလေးကြောင့် သူမ ရင်ပူသွား
ရသည်။





"ရတု အရမ်းဖျားနေတာလား။ ဆရာဝန်နဲ့ရော ပြပြီးပြီလား။ ဆီ ဖုန်းမဆက်တာ သုံးရက်ရှိပြီနော်၊ ဘယ်နေ့က စ,ဖျားတာလဲ"

သူမ မေးသံဆုံးသွားတဲ့အထိ သူ့ဘက်ကအဖြေ မကြားရ ာ့တာမို့ သူမ အလွန်စိတ်ပူသွားရတော့သည်။ ဖုန်းပြောရင်းနဲ့ း သတိလစ်သွားတာလား။ သူမ ကားဆက်မောင်း၍ မရတော့တာမို့ မ်းဘေးတစ်နေရာတွင် ကားကိုရပ်လိုက်ရင်း ...

"ရတု ... ရတု ... မ, ခေါ်နေတာကြားရဲ့လား"

"အင်း"

တစ်ဖက်မှ ခပ်တိုးတိုးဖြေသံ ကြားလိုက်တာမို့ သူမရင်ထဲ လုံးကြီးတစ်ဝက် သက်သာသွားရသည်။ သူမသူ့ထံသို့ ပြေးသွား စိတ်ကို ချိုးနှိမ်ရင်းမှ ...

"ရတု ... သက်သာရဲ့လား။ မ မေးတာဖြေပါဦး၊ ဘာဖြစ် လို့လဲ"

"မ"

"အင်း ... ပြောလေ"

"ကျွန်တော် ပျော်နေတာ"

"ဘယ်လို"

"မပဲ ခုနကပြောတယ်လေ၊ ကျွန်တော် မ,ဆီကို ဖုန်းမဆက်

www.burmeseclassic.com



တာ သုံးရက်ရှိသွားပြီလို့၊ ကျေးဇူးတင်ပါတယ် မ၊ ကျွန်တော်နဲ့ပ

သက်တဲ့ အကြောင်းအရာလေးကို မှတ်မိနေလို့လေ''

သူမ ဖုန်းလေးကိုင်ရင်း နှုတ်ခမ်းလေးကို ဖိကိုက်လိုက်

သည်။ ကောင်စုတ်လေး ဒီကတော့ စိတ်ပူလိုက်ရတာ သူကတော့

ဖီးလ်တွေတက်နေတယ်။

''မ''

''နားထောင်နေတယ်''

''ကျွန်တော်ဖျားတာ နှစ်ရက်ရှိပြီ၊ ဒီနေ့နဲ့ဆိုရင် သုံးရက်

မြောက်ပေါ့ သက်သာနေပါပြီ၊ ဟိုတစ်နေ့က ဆရာတစ်ယောက်

မွေးနေ့ပွဲမှာ sea food ကျွေးတာကို စားကောင်းကောင်းနဲ့ တော်တော်

များများ စားလိုက်မိတယ်၊ အိမ်ရောက်တော့ ဝမ်းတွေလျှောတော့တာ

ပဲ၊ ဝမ်းသွားတာများတော့ အဖျားက ဝင်လေ၊ အခုတော့ ကောင်း

ပါပြီ''

သူမ သူ့မျက်နှာလေးကို တွေ့ချင်လိုက်တာ။ သူမ အခု

လိုက်ကာ . . .

''မ . . . မင်းဆီလာချင်တယ်''

''မ . . . မ . . . တကယ်ပြောတာလားဟင်၊ ကျွန်တော်

. . . ကျွန်တော့်ဆီကို တကယ်လာမှာလား၊ ကျွန်တော်လည်း





အရမ်းတွေ့ချင်နေတာ၊ ဘယ်တော့လာမှာလဲဟင်''

''ခုပဲ . . . လိပ်စာပြော''

''ဖိုးစိန်လမ်း . . . ခြံနံပါတ် . . .''

''အိုကေ . . . မ မင်းဆီကိုလာနေပြီ''

သူမ ဖုန်းကိုပိတ်ကာ သူပြောသည့်လိပ်စာအတိုင်း ကားလေး

ကို မောင်းနှင်ခဲ့မိသည်။ သူမ၏လုပ်ရပ်တွေကို သူ အထင်သေးသွား

လား။ အိုး . . . သေးရင်လည်းသေးပါစေတော့။ သူမက အရမ်းတွေ့

ချင်မှကို။ သူ့အိမ်မှာ ဒီအချိန်ဆို ဘယ်သူတွေရှိနေမလဲ။ သူ့မိဘတွေ

များ ရှိနေမလား။ ဘာဖြစ်လဲ . . . သူ့မိဘတွေရှိလည်း အလိုက်သင့်

လေး ဆက်ဆံလိုက်ရုံပေါ့။

သူမကိုယ်သူမ ဆန်းစစ်လိုက်မိသည်။ ကော်ဖီရောင်ဇာပါး

လေးကို အတွန့်အဖတ်လေးတွေနှင့်ပါသော ခေတ်မီသည့်အကျီလက်

ရှည်လေးနှင့် ပျော့တွဲသောအဖြူတွင် ကော်ဖီရောင်အပွင့်အခက်လေး

များပါသော စကပ်ရှည်လေးကို ဝတ်ဆင်ထားတာမို့ ခပ်ယဉ်ယဉ်လေး

ဖြစ်နေသည်။ ဆံပင်တိုလုံးလုံးလေးနှင့် နားကွင်းဝိုင်းဝိုင်းကြီးကလည်း

မျက်နှာလေးနှင့် ချစ်စရာကောင်းလောက်အောင် လိုက်ဖက်လွန်းနေ

သည်။

သူပေးသည့် လိပ်စာအတိုင်းဆိုရင်တော့ ဒီခြံကြီးပဲ။ ခြံထဲကို



www.burmeseclassic.com

www.burmeseclassic.com



သူမ အကဲခတ်လိုက်သည်။ ခြံကျယ်ကြီးထဲတွင် နှစ်ထပ်ခွဲတိုက်ကြီ
ခေတ်မီအဆင့်အတန်းမြင့်မားစွာဖြင့် ထည်ဝါနေသည်။ တိုက်ကြီးရှေ့
ရေကူးကန်ကြီးကလည်း အဝေးမှငေးကြည့်မိတာတောင် ပြာလဲ့ကြည်
လင်နေသည်။

သူ့ကို ဒီလောက် ချမ်းသာနေလိမ့်မည်ဟု သူမ မထင်မိခဲ့ပေ
သာမာန်လုပ်ငန်းရှင်တစ်ယောက်ဖြစ်သွားလို့ပဲ ထင်မှတ်ထားခဲ့တာ
ကြွားဝါခြင်းကင်းသော သူ့မျက်နှာလေးက အေးချမ်းလွန်းနေခဲ့တာကို
ရိုးသားသောသူ့ကို ပိုပြီးတော့လည်း ချစ်မိသွားပြန်သည်။ ဒါပေ
သူ့ရဲ့စည်းစိမ်ချမ်းသာမှုတွေကြောင့် မဟုတ်ဘူးဆိုတာကိုတော့ သူ
ရဲ့ပုံစွာ သစ္စာဆိုရဲ့ပါသည်။ ဒီအချိန်မှာ သူဟာ ဆင်းရဲသားလေးတစ်
ယောက် ဖြစ်နေခဲ့လျှင်တောင်မှ သူမ ဆက်ချစ်နေဦးမည်။ သူမကာ
ဟွန်းတီးလိုက်တာမို့ လူတစ်ယောက် ခြံတံခါး လာဖွင့်ပေးသည်။

ထိုလူက သူမကို ရင်းနှီးစွာ ပြုံးပြရင်း ...

"အခရာဆိုတာလားခင်ဗျာ"

"ဟုတ်ပါတယ်"

"တုတု ညှော်ခန်းထဲမှာ စောင့်နေပါတယ်"

"ကျေးဇူးပဲနော်"

သူမ ပြောပြီး အိမ်ကြီးရှေ့သို့ ရေကူးကန်ကြီးကို ပတ်မော





ီး ကားကိုပေါ်တီကိုအောက်တွင် ရပ်လိုက်သည်။ သူမ ကားပေါ်မှ
ဆင်းတော့ ကောင်မလေးတစ်ယောက်က မှန်တံခါးကြီးကို တွန်းဖွင့်
ရင်း လာကြိုသည်။

"လာ ... မမ ... ကိုကိုလေး စောင့်နေတယ်"

သူမ ခေါင်းညိတ်ပြလိုက်ပြီး ကောင်မလေးနောက်က လိုက်ခဲ့
သည်။ အိမ်ကြီးထဲတွင် ခေတ်မီပစ္စည်းအသုံးအဆောင်များကြောင့်
အိမ်ကြီးက ပို၍ခမ်းနားလှပနေသည်။ ခမ်းနားလွန်းသည့် ညှော်ခန်းကြီး
ထဲတွင်တော့ အဖိုးတန် ဆိုဖာထိုင်ခုံကြီးတွေက လှပဝင့်ထည်စွာ..

"ဟင် ... ကိုကိုလေးက ဘယ်ရောက်သွားတာလဲ၊ မမ
ဆိုဖာထိုင်ပါဦးနော်၊ ညီမ ကိုကိုလေးကို သွားခေါ်လိုက်ဦးမယ်"

"ရတယ် သမီး၊ မမ ဒီကပဲ စောင့်နေမယ်"

ကောင်မလေး ထွက်သွားတော့ သူမ ညှော်ခန်းထဲတွင် ထိုင်
စောင့်နေခဲ့သည်။ ညှော်ခန်းထဲတွင် ပန်းကနုတ်များနှင့် ဘောင်ကွပ်ပြီး
ချိတ်ဆွဲထားသော ဓာတ်ပုံများကို တွေ့ရသည်။ သူ ငယ်ငယ်တုန်းက
ပုံတွေပဲ ဖြစ်သည်။ သူမအကြည့်များ တစ်နေရာအရောက်တွင် ရပ်တန့်
သွားရသည်။

ထိုဓာတ်ပုံကြီးထဲမှ အမျိုးသားနှင့်အမျိုးသမီးကြီးဟာ သူ့
မိဘတွေပဲ ဖြစ်ရမည်။ နေစမ်းပါဦး ... ဒီအမျိုးသားကို သူမ ရင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



နှီးနှီး မြင်ဖူးသလိုပဲ။ ဘယ်နေရာမှာ မြင်ဖူးတာပါလိမ့်။ သူမနှ
မပတ်သက်ဖူးတာတော့ သေချာသည်။ ဒါဆို နန်းနှင့်များ ...

"မဲ ... ရောက်နေတာကြာပြီလား၊ sorry ဗျာ ...
ကျွန်တော် မကိုထိုင်စောင့်ရင်း ဗိုက်ထဲက ရစ်ပြီးနာလာလို့ အ
... ဟို ... အထဲကို ခဏသွားနေတာ ကြာသွားတယ်"

ခေါင်းတကုတ်ကုတ်နှင့်ပြောနေသော သူ့ပုံစံက အပြစ်က
စင်နေသည်။

"ရပါတယ်၊ သက်ရောသက်သာရဲ့လား"

"ဟုတ်ကဲ့ ... သက်သာပါတယ်"

သူက စွယ်တာလက်ရှည် ခရမ်းရောင်အကျႌလေးကို ဖ
ဘောင်းဘီလေးနှင့် တွဲဝတ်ထားတာမို့ သူမအမြင်မှာ တစ်မျိုး
ချစ်စရာကောင်းနေသည်။ သူ ဘောင်းဘီဝတ်တာကို တစ်ခါမှ မမြ
တာမို့ သူမ ငေးနေမိသည်။

"ဒါနဲ့ ... ရတုရဲ့မိဘတွေရော မတွေ့မိပါလား"

"ဖေဖေက ကုမ္ပဏီကို သွားတယ်၊ မေမေက အိမ်နော
ဖေးမှာ ထမင်းချက်တွေကို အုပ်ချုပ်နေလေရဲ့၊ ခဏနေရင် ထွက်
လိမ့်မယ်၊ မေမေက လမ်းမတော်မှာ ဆေးခန်းကြီးဖွင့်ထားတ
ညကျမှ ဂျူတီဝင်ရမှာ"





သူ့မိသားစုအကြောင်းပြောနေစဉ် ကောင်မလေးတစ်
ယောက်က နို့အေးနှင့်ကွတ်ကီးများလာချပေးသည်။

"မ ... သောက်လိုက်ဦးလေ၊ ဒါနဲ့ ... မက ဒီနေ့
ဆိုင်မသွားဘူးလား"

"သွားမလို့ပဲလေ၊ ကားပေါ်အရောက် မင်းက ဖုန်းဆက်တာ
လေ၊ နေမကောင်းဘူးဆိုတော့ စိတ်ပူသွားတာပေါ့"

သူမတို့နှစ်ယောက် စကားပြောနေစဉ် အသားဖြူဖြူနှင့် ချော
မောရှင်းသန့်သော အမျိုးသမီးတစ်ယောက် ထွက်လာသည်။ သူ့မေမေ
ဖြစ်ရမည်။ သူမက သူ့မေမေကို အလှဆုံးပြုံးပြလိုက်သည်။ သူ့မေမေ
ကလည်း သူမကို ပြုံးပြရင်း လျှောက်လာကာ ခုံတစ်ခုတွင် ဝင်ထိုင်
သည်။

"မ ... ဒါ ကျွန်တော့်မေမေ ဒေါက်တာဒေါ်လင်းလင်းချိုပါ၊
မေမေ ဒါ သားပြောပြောနေတဲ့ မမအခရာလေ"

"တွေ့ရတာဝမ်းသာပါတယ် အန်တီ၊ ရတုကို သတင်းလာ
မေးတာပါ"

သူမကို သူ့မေမေက အချိုသာဆုံးပြုံးရင်း ...

"တွေ့ရတာဝမ်းသာပါတယ် သမီးရယ်၊ သမီးအကြောင်းကို
သားလေးက ပြောပြောနေလို့ ရင်းနှီးနေတာတော့ကြာပါပြီ၊ ခုမှပဲ



www.burmeseclassic.com

www.burmeseclassic.com



ထူးချွန်း တွေ့ဖူးတော့တယ်၊ သမီးက ချစ်စရာလေးပဲကွယ်၊ အန်တီ
မရှိရင်လည်း ဒီအိမ်ကို ဝင်ထွက်လို့ရတယ်နော် သမီး၊ ဘာမှအားမ
နဲ့ သမီးမောင်ကိုလည်း ဂရုစိုက်ပေးပါဦးကွယ်၊ ဟိုနေ့က ဆရာမွေး
မှာ sea food တွေဘယ်လောက်တောင်မှ စားခဲ့သလဲမသိဘူး သမီး
ရယ်၊ အိမ်လည်းရောက်ရော ဝမ်းတွေလျှောတော့တာပဲ''

''ရတုက ကလေးလေးလိုပါပဲ အန်တီ၊ သူက အရမ်းလို
ပြီး ရိုးသားတဲ့ကလေးပါ၊ အခု သူက နေမကောင်းဘူးဆိုပြီး သမီး
ကို ဖုန်းဆက်တော့ သမီးလည်း စိတ်ပူသွားတာပေါ့''

''သားကတော့ကွယ် သက်သာနေတာကို သက်သက်
သမီးကို စိတ်ပူအောင်သွားလုပ်တယ်၊ ဒါနဲ့ ... သမီးမိဘတွေ
ရောကွယ်''

''သမီးက တစ်ကောင်ကြွက်ပါ အန်တီ၊ ဖေဖေကတော့
သမီးငယ်ငယ်ကတည်းက ဆုံးသွားတာပါ၊ မေမေကတော့ ခြောက်နှ
ကျော်သွားပါပြီ၊ အခု သမီး စမ်းချောင်းမှာ internet ဆိုင်လေး
တစ်ဆိုင် ဖွင့်ထားပါတယ်''

''သမီးဘဝလေးက အထီးကျန်ဆန်လိုက်တာကွယ်၊ အန်
တို့ကို ကိုယ့်မိသားစုလိုပဲ သဘောထားသိလား၊ အန်တီ သမီး
တစ်ခုတော့ ချီးကျူးတယ်သိလား''





''ဘာကိုလဲ အန်တီ''

''ဩော် ... ဒီလိုလေ မိဘတွေမရှိဘဲ သမီးဘဝကို သမီး
ရပ်တည်နိုင်လို့လေ၊ ရိုးသားစွာနဲ့ပေါ့၊ အန်တီ သမီးကို အထင်ကြီး
လေးစားသွားပြီကွယ်''

သူမမေမေစကားကြောင့် သူမ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံ
သလို ခံစားသွားရသည်။ ရိုးသားပြီး စိတ်ဓာတ်အဆင့်မြင့်သော
ဒီမိသားစုရှေ့မှာ ရှေ့ဆက်ဟန်ဆောင်နိုင်ပါ့မလား။

''အခုခေတ်မိန်းကလေးတချို့ဆိုရင် မိဘအထိန်းအကွပ် ရှိ
တာတောင် ပျက်စီးတတ်ကြတယ်ကွဲ့၊ အန်တီ ကြုံဖူးတယ်သိလား၊
အခု သမီးတို့လို ကိုယ့်ဘဝကိုယ်ကျောင်းပြီး သမာအာဇီဝ အလုပ်ကြိုး
စားတဲ့ မိန်းကလေးမျိုးကိုတော့ အန်တီ အထင်လည်းကြီးတယ်၊
ပြီးတော့ ... လေးလည်းလေးစားတယ်''

''ကျေးဇူးတင်ပါတယ် အန်တီ၊ သမီးမှာလည်း လိုအပ်ချက်
တွေရှိပါသေးတယ်၊ ဥပမာ ... ထမင်း၊ ဟင်းကို လက်ရာမြောက်
အောင် မချက်တတ်သေးဘူးရှင့်၊ ဟင်း ... ဟင်း''

သူမက စကားလမ်းကြောင်းလွှဲရင်း ရယ်စရာပြောလိုက်
သည်။

''အို ... သမီးရယ်၊ ဒါ ... ပြဿနာမှမဟုတ်တာ၊ rice



www.burmeseclassic.com

www.burmeseclassic.com



cooker ရှိရင်ထမင်းကျက်တာပဲ၊ ဟင်းကလည်း အိမ်ဖော်တစ်ယောက်ရှိရင် အဆင်ပြေတာပဲ၊ ပြီးတော့ . . . ဟိုတယ်တွေ ထမင်းဆိုင်တွေလည်း ရန်ကုန်မှာ ဘာလုပ်ဖို့ဖွင့်ထားတာလဲ နော့”

“မရေ . . . မေမေကလည်း အခုထက်ထိ ထမင်းဟင်းကောင်းကောင်း မချက်တတ်သေးဘူးဗျ”

“ကြည့် . . . ဒီကလေး မအေကို ဒေါက်ဖြုတ်နေပြန်ပြီ သမီးရေ ပြောပြလိုက်စမ်းပါကွယ်၊ ထက်မြတ်တဲ့မိန်းမတွေဟာ တစ်ခုတော့ လိုအပ်ချက်ရှိတာပဲလို့လေ . . . နော့”

သူမနှင့် သူ့မေမေ တော်တော်လေးရင်းနှီးသွားခဲ့သည်။ ခုချိန်ထိတော့ အားလုံးအဆင်ပြေလွန်းလှသည်။

“သမီး . . . အန်တီတို့အိမ်မှာ ထမင်းစားသွားပါလား”

“ကျေးဇူးတင်ပါတယ် အန်တီ၊ နောက်မှပဲ စားတော့မယ်နော်၊ အခု သမီးက ဆိုင်ကိုသွားရမှာမို့ပါ”

“ဒါဆိုရင် နောက်တစ်ခေါက် လာလည်ရင် စားရမယ်နော်”

“ဟုတ်ကဲ့ပါ အန်တီ၊ ဒါဆို သမီးကို ပြန်ခွင့်ပြုပါဦးနော်၊ ရတု နေကောင်းအောင်နေနော်၊ မ ပြန်တော့မယ်”

“ဟုတ်ကဲ့ မ”

“သား . . . သား မမကို အိမ်ရှေ့ထိ လိုက်ပို့လိုက်ပါကွယ်





သမီး နောက်လည်း လာလည်နော်”

“ဟုတ် . . . အန်တီ”

သူက သူမကို ကားနားအထိ လိုက်ပို့ပေးရင်း ခပ်တိုးတိုးလေး ကပ်ကာ . . .

“မ . . . မနက်ဖြန် စနေနေ့နော်၊ ကျွန်တော် ညနေလာခေါ်မယ်”

“ဟယ် ဖြစ်ပါ့မလား . . . ရတုက နေမကောင်းသေးဘူးလေ”

“ရပါတယ် . . . မ,ကလည်း ကျွန်တော် နေကောင်းနေပါပြီ၊ မသာ စောင့်နေနော်”

သူမ ခေါင်းညိတ်ပြခဲ့ပြီး ကားလေးကို မောင်းထွက်လာခဲ့သည်။ သူ့မိဘတွေနှင့် အဆင်ပြေဖို့အတွက်ပဲ သူမ မျှော်လင့်မိသည်။ အခု လောလောဆယ်တော့ သူ့အမေနှင့် အဆင်ပြေတော့ ပျော်ရသည်။

သူ့အမေက ထမင်းမချက်တတ်ဘူးလို့ သူက ပြောသည်။

အေးလေ . . . ထက်မြတ်တဲ့မိန်းမတချို့ဟာ အိမ်ထောင်ထိန်းသိမ်းမှုဘက်မှာ ညံ့ဖျင်းတတ်တယ်လို့ သူမ ကြားဖူးသည်၊ သူ့အမေက အိမ်ထောင်ထိန်းသိမ်းမှုကတော့ တော်မှာပါ။ သူကတော့ သူ့အိမ်တွင်



www.burmeseclassic.com

www.burmeseclassic.com



မင်းသားပဲ ထင်သည်။

မင်းသားလေး၏ ကြင်ယာတော် ဖြစ်ခွင့်ရချင်မိသည်။ ဘယ်လိုနည်းနဲ့မှ မလွဲချင်တော့ပေ။ သူနှင့်သာ လက်ထပ်ဖြစ်ခဲ့ရင် သူမဘဝလေး အေးချမ်းနိုင်ကောင်းပါရဲ့။

ချစ်တယ် ရတုရယ်။ မင်းကြောင့် ငါ ရှုံးသားခဲ့ရတယ်။ ဒီအမှောင်ဘဝထဲက ရုန်းထွက်နိုင်ခဲ့တယ်။ မင်းဟာ ငါ့ဘဝအတွက် လမ်းပြကြယ်လေးပါ။ ငါ့ဘဝထဲက ထွက်မသွားပါနဲ့နော်။ ငါ တောင်းပန်ပါတယ်။ မင်းမရှိရင် ငါ သေလိမ့်မယ်။

ငါ တစ်ခုထပ်ပြောမယ် . . . မင်းကို သိပ်ချစ်တယ်။

❋ ❋ ❋



လူဆိုတာမျိုးက
အတ္တတွေရောထွေး လိမ်းကြံထားတဲ့
သတ္တဝါတစ်မျိုးပဲလေ . . .
တမြေ့မြေ့ကျွမ်းလောင်နေခဲ့ရတဲ့
ဆည်းဆာမဲ့မနက်ခင်းတိုင်းမှာ
တန်ဖိုးထားတယ်ဆိုတာထက်
ကြီးကျယ်မြင့်မြတ်ခဲ့တဲ့
အချစ်တွေက . . .
အမှတ်တမဲ့ဆိုတဲ့
အခိုက်အတန့်တစ်ခုမှာပင်
အိပ်မက်တွေနဲ့ပုံလောင်းထားပြီးသွားပြီ
အံ့ဩမနေပါနဲ့တော့ လောကရယ် . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သူလာခေါ်တာကို ဝရန်တာထွက်ပြီး သူမ စောင့်နေမိသည်။ သူမက နီညိုရောင်ရင်ဖြတ်ဂါဝန်ကျပ်ကျပ်လေးကို ဝတ်ဆင်ထားလိုက်သည်။ ပေါင်လည်ခန့်သာ လုံတာမို့ ဖြူဝင်းမွတ်နေသော သူမပေါင်သားလေးများ လည်တိုင်ဖွေးဖွေးလေးများက အများအမြင်မှာ [illegible] ကျပေမယ့် သူမ၏သိက္ခာတော်ရ ရသေ့ကြီး၏သမာဓိကို ဖြိုလှဲပစ်[illegible]ရန် အင်္ကျီပုံစံက လိုအပ်လွန်းလှသည်။

သူမ၏ခန္ဓာကိုယ်ကောက်ကြောင်းကို သူ သတိထားမိရုံ[illegible] လောက်ပဲ မျှော်လင့်တာပါ။ တခြားဘာညှို့ယူချက်မှ သူမမှာ မ[illegible] ဘူး။ ဟိုက်ဟီး(လ်) နီညိုရောင်လေး စီးထားတာမို့ သူမ ခါး[illegible]





[illegible]တ်ကာ ကျော့ရှင်းသောကိုယ်ဟန်က မြင်ရသူ ပုရိသအပေါင်းတို့ နှစ်ခါမက ပြန်လှည့်ငေးချင်စရာ။

သူမကိုယ်သူမ ယုံကြည်သည်။ သူမ အရမ်းလှတာ သူမ အသိ။ ထိုအလှအပကြောင့်လည်း သူမ ဒုက္ခရောက်ခဲ့ရတာပင်။ သူမ တွေးနေစဉ်မှာပင် သူ့ကားလေးက တိုက်ရှေ့မှာရပ်ကာ သူမကို လက်ယမ်းပြသဖြင့် သူမ လက်ပြန်ပြကာ နန်းကို နှုတ်ဆက်ပြီး အောက်သို့ အပြေးလေးဆင်းလာခဲ့တော့သည်။ ကားနားရောက်တော့ သူ အသင့်ဖွင့်ပေးထားသော ကားတံခါးဘက်မှ အသာဝင်ထိုင်လိုက်သည်။

“နေကောင်းသွားပြီလား”

“ဟုတ် ... မ ဒီနေ့ အရမ်းလှတာပဲ”

သူက သူမကို ရွှန်းရွှန်းစားစားကြည့်ပြီး ပြောလာခဲ့သည်။ သူမက မျက်စောင်းလှလှလေးထိုးပြီး ...

“အရင်ကတော့ မလှဘူးပေါ့”

“ဟာ ... မဟုတ်ပါဘူး၊ အရင်ကလည်း လှတယ်၊ အခုက အရင်ကထက် ပိုလှတယ်”

“ဟွန်း ... ပိုပြီ၊ [illegible]ဘု မြှောက်လည်း ဒီနေ့ညနေစာကို [illegible]ပဲ ကျွေးရမှာနော်”

“ဟုတ်ကဲ့ပါဗျာ”



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ကားလေး စားသောက်ဆိုင်တစ်ခုသို့ ရောက်လာခဲ့သည်။

"လာ မ ... ဒီဆိုင်လေးက အရမ်းအေးချမ်းတယ်၊ မ သဘောကျသွားမယ်"

သူမက ဆိုင်ထဲဝင်ဝင်ချင်း ဆိုင်ထဲသို့ တစ်ချက်ဝေ့ဝဲအကဲခတ်လိုက်သည်။ ဆိုင်လေးက သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းလေးပါပဲ။ ဒါပေမဲ့ ... ဆိုင်ထဲတွင် တစ်ခုခုထူးခြားနေတာက စားသုံးသူတွေ တစ်ယောက်မှ ရှိမနေတာပါပဲ။ တကယ်ဆိုရင် ဒီအချိန်ဟာ ညနေစာစားချိန်မို့ လူစည်ကားရမယ့်အချိန်လေ။ အခု ဒီလိုအချိန်မှာ လူတစ်ယောက်မှရှိမနေတာမို့ သူမစိတ်ထဲ ထူးဆန်းနေသည်။

ပြီးတော့ ... စားပွဲထိုးတွေလည်း တစ်ယောက်မှမတွေ့ဒါဟာ ထူးခြားနေတာပဲ။ ဆိုင်လေးက မီးရောင်ပြာလဲ့လဲ့လေး ထွန်းထားကာ သီချင်းသံသဲ့သဲ့လေးကြောင့် romantic ဖြစ်လှသည်။

"မ ... သဘောကျရဲ့လား"

သူက စားပွဲတစ်ခုတွင် ဝင်ထိုင်ရင်းမေးတာမို့ သူမက သူနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ရင်းမှ ...

"အင်း ... သဘောတော့ကျပါတယ်၊ ဒါနဲ့ ... ရော ဒီဆိုင်မှာ လူရှင်းလှချည်လား။ စားသုံးသူတွေရော စားပွဲထိုးတွေ



တစ်ယောက်မှ မတွေ့ပါလား"

သူက ပြုံးလိုက်ပြီး ...

"စားသောက်တဲ့သူတွေက ဘယ်လာမလဲ မရဲ့၊ ဒီဆိုင်ကို ကျွန်တော် ဒီတစ်ညလုံးအတွက် ငှားလိုက်တာလေ၊ စားပွဲထိုးတွေသည်း နှစ်ယောက်လောက်ပဲ ရှိလိမ့်မယ်ထင်တယ်၊ ဟင်းတွေလည်း ကျွန်တော် မှာထားပြီးသား မကြာခင် လာချပေးလိမ့်မယ်"

သူမ တကယ်ကိုပဲ အံ့သြသွားရပါသည်။

"ရတုကတော့လေ သိပ်စိတ်ကူးယဉ်တာပဲ"

ထိုစဉ် မွှေးကြိုင်လှသော ဟင်းလျာများကို စားပွဲထိုးလေးနှစ်ယောက်က လာချပေးတော့သည်။ ဟင်းတွေက စားပွဲတစ်ခုလုံး ပြည့်လျှံနေသည်။

"ကဲ ... မ စိတ်ကြိုက်ထည့်စား၊ အားမနာနဲ့နော်"

သူမနှင့်သူတို့ ဟင်းတွေကို တစ်ယောက်ပန်းကန်ထဲ တစ်ယောက် လှထည့်ပေးရင်း ထိုနေ့ညစာကို ပျော်ရွှင်စွာ စားသောက်ခဲ့ကြသည်။ သူမတို့ စားသောက်ပြီးတော့ သူက ...

"မ ... ကျွန်တော်နဲ့ ဟိုဘက်ပြတင်းပေါက်ကို လိုက်ခဲ့ပါလား။ ကျွန်တော် မ,ကို ပြစရာရှိလို့"

သူက သူမကို ပြတင်းပေါက်တစ်ခုနား ခေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်တွင် နှစ်ယောက်အတူရပ်ပြီး အပြင်လောကကို ကြ
လိုက်မိသည်။

"ဟယ်"

မြင်လိုက်ရသောမြင်ကွင်းကြောင့် သူမ တကယ်ကို အံ့ဩ
သွားခဲ့ရတော့သည်။ မြင်လိုင်ရတာက မြက်ခင်းပြင်ကြီးတွင် သူမအတ
မဟုတ်သေးပါဘူး။ ရာတ်ပုံနှင့်ခွဲမရအောင်တူတဲ့ ပန်းချီကားချပ်
ကိုထောင်ပြီး ဖယောင်းတိုင် တိုတိုတုတ်တုတ်လေးများနှင့် တတန်း
ထားသည်။

"မ,ကို ချစ်တယ်" တဲ့။

သူမရင်တွေ ဝုန်းဒိုင်းကျဲအောင် ခုန်လာခဲ့ကာ သူ့ကိုကြ
လိုက်မိသည်။ သူက သူမလက်ကလေးကို အသာလာဆုပ်ကိုင်ရင်း
...

"ဟုတ်တယ် မ ... ကျွန်တော် မ,ကို အရမ်းမြတ်နိုးတ
အရမ်းလည်းချစ်တယ်"

သူမက ဘာမှပြန်မပြောတဲ့ သူ့ကို ပြုံးပြုံးလေး စိုက်ကြည့်
လိုက်သည်။

"မ ... မ မောင့်ကို စိတ်မဆိုးဘူးမှလားဟင်၊ မောင်
တစ်ခုခုဖြေပါဦး"





"မင်း ... မကို တကယ်ပဲ ဖြေစေချင်လို့လား။ တကယ်လို့
ရဲ့အဖြေက မင်းအတွက် ဝမ်းနည်းစရာဆိုရင်ရော ခံနိုင်ရည်ရှိပ့
လား"

သူ မျက်နှာလေး ကွက်ခနဲပျက်သွားကာ ...

"မ,ရင်ထဲမှာရှိတဲ့အတိုင်းပဲ ဖြေပါ"

သူမ ပြုံးလိုက်ပြီး ...

"မလည်း မောင့်ကို အရမ်းချစ်ပါတယ်ကွယ်"

ဟု ခပ်ရှိုးရှိုးလေးပဲ ဖြေလိုက်တော့သည်။ အံ့ဩသွားမျက်နှာ
လေးနှင့်သူက သူမပခုံးလေးနှစ်ဖက်ကိုကိုင်ကာ သူနှင့် မျက်နှာချင်းဆိုင်
ဘက်သို့ ဆွဲလှည့်လိုက်ရင်း ...

"မ ... မ တကယ်ပြောတာနော်၊ မောင် ဝမ်းသာလိုက်တာ
ဗျာ"

သူက သူမကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ရင်း တင်းကျပ်
စွာ ပွေ့ဖက်ထားသည်။

"မောင်လေ မကို မောင့်ကားဘေးမှာ ကြောက်လန့်တကြား
ဘပုန်းနေတဲ့ အချိန်ကတည်းက ချစ်သွားတာဗျ ... သိလား"

"ဒါနဲ့ ... မနဲ့မောင့်ကို မောင့်ဘက်က သဘောတူပါ့မလား
ည်"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်လေးနှင့် မေးမိသော သူမနှုတ်ခမ်းဂေါးကို သူ
လက်ညှိုးလေးနှင့် ကာရင်း ...

"သဘောတူပါတယ်ကွာ၊ မေမေကဆို မ,အကြောင်းကို
တဖွဖွပြောနေတာ၊ ဖေဖေကတောင် တွေ့ချင်နေတယ်၊ မောင်က
ခဏသည်းခံပါဦး သား ဘာမှဖွင့်မပြောရသေးဘူး ရိုးရိုးခင်တာပဲ
သေးတယ်လို့ ပြောထားရတယ်၊ မေမေက အတင်းဖွင့်ပြောခိုင်း
တာလေ"

သူမ အဲဒီနေ့လေးကို ဘယ်တော့မှ မမေ့တော့မည်မဟုတ်
ပါ။

အိမ်ပြန်ရောက်တော့လည်း နှန်းကို အကြောင်းစုံဖွင့်ပြ
ဝရန်တာတွင် ဒရင်းဘက်လေးချကာ စိတ်ကူးယဉ်နေမိသည်။

ထိုစဉ် ...

"လမ်းပြကြယ်လေး ... လမ်းပြကြယ်လေး ... နှင်း
ဌါဘဝအတွက် အလင်းများ ဖန်ဆင်းပေး"

သူ့ထံမှ ဖုန်း ...

"ဟယ်လို ... မောင်"

"မ ... မအိပ်သေးဘူးလား"

"ဟင့်အင်း ... ဝရန်တာမှာ ဒရင်းဘက်လေး





နေတာ၊ မောင်ရော ..."

"မောင်ကတော့ ပျော်လွန်းလို့ ခုထိ အိပ်လို့မရသေးဘူး"

ညအမှောင်တွင် သူ့အသံလေးက ညှို့ငင်နေသလို ...

"မောင့်ကို မေးဦးမယ်၊ ပန်းချီကားကို ဘယ်သူဆွဲထား
တာလဲ"

"မ ... မသိသေးဘူးထင်တယ်၊ ကျွန်တော် ပန်းချီဆွဲတတ်
တယ်လေ"

"တကယ်"

"တကယ်ပေါ့"

"မောင်"

"ဗျာ"

မောင် ထူးပုံလေးက ချစ်စရာကောင်းသည်။

"မောင် ... မ ကို အရမ်းချစ်တာပဲလားဟင်"

"ချစ်တာပေါ့ မ ရဲ့၊ မောင်က မကို လက်ထပ်ဖို့အထိ
ရည်ရွယ်ထားတာပါ၊ အခုလောလောဆယ်တော့ လေးလေးက IA
သွားနေလို့ အိမ်မှာ လူမစုံသေးဘူး၊ လေးလေးက မောင့်အချစ်
ဦးလေးလေ၊ ဖေဖေ့ရဲ့ညီပေါ့၊ လေးလေး ပြန်ရောက်ရင် ဖေဖေ
အားလုံးနဲ့ဆုံဖို့ မကို စီစဉ်ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ ဒီလောက်ဆိုရင် မောင့်ကို ယုံပါပြီ၊ မောင့်ကို အရင်ကတည်းက ယုံပါတယ်၊ မ . . . မ မယုံရဲတာက ကံကြမ္မာကိုပါ"

"ဟာ . . . မကလည်း ကံကြမ္မာဆိုတာ လူက လုပ်တာပါ မောင် မ,နားမှာ အမြဲတမ်းရှိတယ်၊ ဘယ်တော့မှ မခွဲဘူး၊ အဲဒါ ယုံ"

"မောင်ပြောတဲ့အတိုင်းပဲဖြစ်ပါစေ မောင်ရယ်"

"မ . . . မက ဘာကို စိုးရိမ်နေတာလဲဟင်၊ မောင် မကို လုံးဝမညာဘူး သိလား၊ မောင် မကို ဘယ်တော့မှ ထားမသွားဘူး"

"မောင် . . . ညနက်နေပြီ အိပ်တော့နော်"

"ဟုတ် . . . မ"

သူ ဖုန်းပိတ်သွားခဲ့သည်။ သူမမှာသာ စိုးရိမ်စိတ်တွေနှင့် အတူ အိပ်လို့မပျော်နိုင်ပေ။

❋ ❋ ❋



အနာဂတ်ကို ချစ်ခြင်းတွေနဲ့ ဖြန့်ခင်း
လတ်ဆတ်တဲ့ ရင်ခုန်သံတွေ
အလှပဆုံး ဖူးပွင့်စေရအောင်
သံယောဇဉ်ဆိုတာ အကောင်အထည်မဲ့ပေမယ့်
မြဲအောင်တော့ ရှောင်ထွက်တတ်တယ်နော်။
အလွမ်းတွေ ပိုးစိုးပက်စက်ဝေခဲ့တဲ့လမ်းမှာ
အဲလို . . .
ခပ်ညှို့ညှို့တေးသွားတွေကတော့
အချစ်ဆိုတဲ့ နှံ့အိုင်ကြီးထဲမှာ
လှုပ်လေ မြုပ်လေ ဖြစ်နေတုန်းပါပဲ . . .။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မောင်နှင့် ချစ်သူဖြစ်ခွင့်ရတာ သူမအတွက်တော့ ဘုရား
ပေးတဲ့ လက်ဆောင်ပါပဲ။ အရမ်းပျော်ရွှင်ခဲ့ရတဲ့ နေ့ရက်ကလေး
ပင်။ မောင်က သူမကို အရမ်းလည်း ချစ်ကာ အရမ်းလည်း အ
လိုက်သည်။

"ဟိတ် ... ဘာလို့ အဲ့လောက်တောင် ကြည့်နေရတာ
မောင် ရှက်လာပြီကွ"

မောင်က ရှက်ကိုးရှက်ကန်းနှင့် ပြောလာသည်။

"ချစ်လို့ပေါ့ မောင်ရယ်၊ မ,မျက်စိအောက်က ပျောက်
မှာစိုးလို့ပေါ့၊ ဘာလဲ ... ချစ်သူချင်းတောင် ဒီလိုလေး ကြည့်





မရှိဘူးလား"

"မ,ကလည်း အဲဒီပုံလေးကိုပဲ ချစ်နေတာလေ"

"မ,ကကွာ"

အရမ်းရှက်နေသော မောင့်ပုံကိုကြည့်ပြီး သူမ ရယ်လိုက်မိသည်။ ဘာမာယာကောက်ကျစ်မှုမှမရှိတဲ့ မောင့်ကို သူမ ချစ်သူအဖြစ် စတ်သက်ခွင့်ရတာ ဘယ်လောက်ကံကောင်းလိုက်ပါသလဲ။

သူမတို့ ချစ်သူဘဝလေးဟာ ပျော်ရွှင်စရာတွေနဲ့ပဲ ပြီးပြည့်စုံခဲ့ပါတယ်။ မောင့်ဘဝဟာ သူမဖြစ်ခဲ့သလို သူမဘဝဟာလည်း မောင်ပဲ ဖြစ်လာခဲ့တော့တယ်လေ။ ဟန်ဆောင်မကောင်းတဲ့ မောင်ဟာ သူမကို ဘယ်သောအခါမှ လိမ်ညာမှုမပြုခဲ့ပါဘူး။

"ယမေဘာ ... ယမထာမလား"

သူမလက်ကိုကိုင်ရင်း ရုတ်တရက် ပြောလာသူက ယူနီဖောင်းတစ်စုံ ဝတ်ထားသော သူမတို့အရွယ် ကောင်လေးတစ်ယောက်။ သူမက ထိုကောင်လေးကို သေချာကြည့်လိုက်သည်။ မြင်ဖူးသလိုတော့ ရှိပေမယ့် သူမ မမှတ်မိပေ။

ဒီကောင်လေး အကြောင်လာရိုက်တာလား။ ဒီနေ့မှ သူမ တစ်ယောက်တည်း ဒဂုံစင်တာသို့ ရောက်လာမိသည်။

"ယမထာ ... ငါ သတ္တိလေး နှင် ငါ့ကို မမှတ်မိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ငယ်ရုပ်ကို သူမ မှတ်မိသွားသည်။ ဒေါ်လေးနှင်းရဲ့သား သက္ကိပါလား။ သူမနှင့် မောင်နှမဝမ်းကွဲတော်စပ်သော သက္ကိ။

"ငါ ... ငါ မှတ်မိပြီ သက္ကိ၊ အခု နင်တို့ အရင်နေရာမှာပဲ လား၊ ဒေါ်လေးရော နေကောင်းရဲ့လား"

"အမေဆုံးသွားတာ တစ်နှစ်ကျော်ပြီဟ"

"ဒေါ်လေး ဆုံးသွားပြီ"

သူမ စိတ်မကောင်းပေ။ သူမကို သိပ်ချစ်သည့် ဒေါ်လေး အခုတော့ လောကကြီးမှာ မရှိတော့ဘူးကိုး။

"အခု ... နင် အဆင်ပြေတယ် မဟုတ်လား၊ အဆင်ပြေ တယ်ဆိုရင် ဝမ်းသာပါတယ်ဟာ၊ အိမ်က အငယ်မနှစ်ယောက်က တော့ လင်ရသွားပြီဟ၊ တစ်ယောက်က မော်လမြိုင်မှာ၊ တစ်ယောက် က မြစ်ကြီးနားမှာ၊ အခု ငါကတော့ ကလေးအဖေ ဖြစ်နေပြီဟ"

"ဟုတ်လား၊ နင်တို့ရော အဆင်ပြေရဲ့လား"

"အင်း ... ပြေပါတယ်၊ ချော် ... နင့်ကို ပြောရဦးမယ်၊ နင့်အိမ်လေး ရောင်းလိုက်ရပြီ၊ ငါတို့ရပ်ကွက်က အခု ကန်ထရိုက် တိုက်တွေဖြစ်ကုန်ပြီဟ၊ နင့်အိမ်လေး ရောင်းရငွေကို အမေက ဘဏ် မှာ အပ်ခဲ့တာ၊ မသေခင်လည်း မှာသွားတယ်၊ နင့်ကိုတွေ့ရင် ပေး လိုက်ပါတဲ့၊ ငါ ဘယ်ကိုလာပေးရမလဲ မိထော"





သူမ ပြုံးလိုက်ရင်း သက္ကိ၏လက်ကို ဆုပ်ကိုင်ကာ ...

"ငါ့အတွက် ငွေမလိုတော့ပါဘူး သက္ကိရယ် ... အဆင်ပြေ ပါတယ်၊ အဲဒီငွေတွေကို နင့်မိသားစုအတွက်ပဲ သုံးလိုက်ပါ၊ ငါ လက်ဖွဲ့တာလို့ သဘောထားလိုက်ပေါ့ဟာ"

"မဟုတ်တာ မိထာရယ်"

"ကဲပါ ... နင် ယူလိုက်ပါ၊ ငါ့အတွက် တကယ်မလိုအပ် လို့ပါ"

သူမ ထိုနေရာကို တကယ်ပဲ သံယောဇဉ်ဖြတ်လိုက်ပါပြီ။ အဲဒီနေရာကိုရောက်ရင် သူမ ဒဏ်ရာတွေ အသစ်ပြန်ဖြစ်မှာမို့ စော စောစီးစီး မေ့ပစ်လိုက်ခဲ့ခြင်းဖြစ်သည်။

ဘာလိုလိုနှင့် သူမနှင့်မောင် ချစ်သူတွေဖြစ်ခဲ့တာ တစ်နှစ် ပြည့်ခဲ့ပြီ။ တစ်ရက်တွင်တော့ မောင်က သူမထံ ဖုန်းဆက်လာခဲ့သည်။ မောင့်လေးလေး LA မှ ပြန်ရောက်လာပြီမို့ မောင်တို့မိသားစုနှင့် သူမကို ဆုံပေးမည်ဟု ပြောခဲ့သည်။ မောင့်မေမေကတော့ သူမနှင့် မောင့်ကို သဘောတူသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မောင့်အမေနှင့်မောင့်လေးလေးကလည်း မောင်နှင့်မောင့်အမေ သဘောကျလျှင် . . . သူတို့လည်း သဘောတူသည်ဟု ပြောသည်။

ကဲ . . . သူမလောက် ပျော်ရွှင်ရတဲ့လူ ဒီကမ္ဘာမှာ ရှိဦးမလား။ မောင့်မိဘတွေနှင့် တွေ့ဆုံရမည့်ရက်ကို ရင်ခုန်စွာနှင့် မျှော်လင့်နေမိသည်။

နန်းကတော့ အားပေးရှာပါတယ်။ အရာအားလုံး အဆင်ပြေသွားမှာပါတဲ့လေ။ သူမဘဝအတွက် ကံကောင်းခြင်းတွေ ရောက်ရှိလာတော့မှာပါတဲ့။

☼

ညက မောင်နှင့် ဖုန်းပြောတာ ညဥ့်နက်သွားတာမို့ သူမ အိပ်ရာထ နောက်ကျသွားသည်။ အိပ်ရာက နိုးနိုးချင်း နာရီကိုကြည့်လိုက်တော့ ဆယ်နာရီထိုးပြီးနေပြီလေ။ ဒါနှင့် ကမန်းကတန်း သွားကိုက်ရေချိုး အလှပြင်ရတော့တယ်။ မောင့်အိမ်ကို ဆယ့်တစ်ခွဲလောက် ရောက်အောင် သွားရမှာလေ။ အလှပြင်ပြီးတော့ ကော်ဖီနှင့်ကိတ်ခြောက်လေးတွေကို မနက်စာအဖြစ် အဆာပြေ ခပ်မြန်မြန်လေး





စားလိုက်တယ်။

စားသောက်ပြီးသွားတော့ အင်္ကျီလဲဖို့ ပြေးရပြန်တယ်။ ညကတည်းက နန်း စီစဉ်ပေးခဲ့တဲ့ ဝတ်စုံလေးက အဆင်သင့်။ နန်းကတော့ အလုပ်တစ်ခုရှိ၍ သွားချေပြီ။

နန်းစီစဉ်ပေးခဲ့သော စိမ်းပြာရောင်ချည်ပေါင်သားဝမ်းဆက်ကလေးကို ဒီဇိုင်းဆန်းဆန်းလေး ချုပ်ထားတာမို့ သူမနှင့် လိုက်ဖက်လွန်းလှသည်။ စိမ်းပြာရောင် ဒေါက်သေးသေးလေးနှင့် ဖိနပ်ကလေးစီးပြီးချိန်မှာတော့ သူမ အလှပြီးပြည့်စုံသွားချေပြီ။

သူမဘဝမှာ စိတ်ချမ်းသာရတာဆိုလို့ ခုလို လှပတဲ့ ရုပ်ရည်လေးကို ပိုင်ဆိုင်ရတာပဲဖြစ်သည်။ သူမ ကားလေးမောင်းပြီး မောင်တို့အိမ်သို့ ထွက်လာခဲ့သည်။ နန်းကတော့ အဆင်ပြေစေရန် ဆုတောင်းပေးနေမည်တဲ့။ နန်းလောက် သူမအပေါ် စိတ်ထားကောင်းနိုင်သည့် သူငယ်ချင်းမျိုး သူမဘဝတွင် နောက်ထပ်တွေ့နိုင်တော့မည်မထင်ပေ။

ခြံရှေ့သို့ရောက်တော့ သူမ ဟွန်းတီးလိုက်သည်။ ခြံစောင့်က တံခါးလာဖွင့်ရင်း သူမ့ကို ရယ်ပြတာမို့ ခေါင်းညိတ်ပြုံးပြ၍ အသိအမှတ်ပြုလိုက်ပြီး ကားလေးကို ပေါ်တီကိုအောက်တွင် ရပ်လိုက်သည်။ သူမ ကားအရပ်မှာပဲ မောင်က အိမ်ထဲမှ ပြေးထွက်လာကာ

www.burmeseclassic.com



ကားတံခါးဖွင့်ပေးရင်းမှ ...

"လာ ... မ ... မောင်မျှော်နေတာ ကြာလှပြီ၊ စကားမစပ်မှ အရမ်းလှတာပဲ"

"မပြောက်နဲ့၊ ကိုယ့်ကိုယ့်ကိုယ် ယုံတယ်"

ပြောပြီး သူမတို့နှစ်ယောက်လုံး ရယ်လိုက်ကြသည်။ ဧည့်ခန်းထဲရောက်တော့ မောင်က ...

"မ ... ခဏထိုင်ဦးနော်၊ မောင် မေမေ့ကို သွားခေါ်လိုက်ဦးမယ်၊ မေမေ မီးဖိုခန်းထဲမှာလေ၊ သူ့ချွေးမလေးစားဖို့ သောက်ဖို့အတွက် သူကိုယ်တိုင် စီမံနေတာ"

"အန်တီတော့ ပင်ပန်းဦးမှာပဲ"

"ထိုင်ဦးနော်၊ မေမေ့ကို ပြောလိုက်ဦးမယ်"

သူမက ခေါင်းညိတ်ပြပြီး ဆိုဖာတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ခဏကြာတော့ မောင်တို့သားအမိနှစ်ယောက် အတူထွက်လာသည်။

"အန်တီ ... နေကောင်းတယ်နော်"

သူမက မတ်တတ်ရပ်ပြီး နှုတ်ဆက်လိုက်သည်။

"ကောင်းပါတယ် သမီးရယ်၊ ငါ့သမီးလေးက အရမ်းလှတာပဲ၊ ထိုင် ... သမီး ထိုင်၊ ဘာမှအားမနာနဲ့နော်၊ ကိုယ့်အိမ်လိုပဲသဘော





ထား၊ သား ... မင်းဖေဖေနဲ့လေးလေးရော"

"အပေါ်ထပ်မှာ မေမေ ... ဖေဖေက စာဖတ်နေတယ်၊ လေးလေးကတော့ ဘာလုပ်နေလဲမသိဘူး။ သား သွားခေါ်လိုက်မယ်"

"အေး ... သွားခေါ်လိုက်သား"

မောင် အပေါ်ကိုတက်သွားတော့မှ မောင့်အမေက ...

"သားက သူ့လေးလေး ရောက်ရောက်ချင်း သမီးလေးနဲ့ သူ့အကြောင်းကို ပြောပြတယ်လေ၊ သူ့လေးလေးက အရမ်းအံ့သြသွားတာလေ၊ သူ့တူကို ကလေးလို့ပဲ ထင်နေတုန်းလေ၊ အန်တီတို့ကိုတောင် မေးနေသေးတယ်၊ ကလေးမလေးက ဘာလုပ်လဲတဲ့၊ အန်တီက သမီးအကြောင်းလေးပြောပြလိုက်မှ သူ့တူအတွက် စိတ်ချသွားတယ်လေ၊ သူ့လေးလေးက သူ့ကို အရမ်းချစ်တာလေ၊ ဟော ... ဒီမှာလာကြပြီ"

အပေါ်ထပ်ကို အတက်အဆင်းလုပ်သော လှေကားက သူမနောက်ကျောဘက်မှာမို့ အပေါ်ထပ်မှဆင်းလာသော မောင့်အမေနှင့်လေးလေးကို သူမ မမြင်ရပေ။ တကူးတကကြီးတော့ လှည့်မကြည့်တော့ပါဘူးလေ။ အနားရောက်မှ မတ်တတ်ရပ်ပြီး နှုတ်ဆက်လိုက်တော့မယ်။

"လာ ... အဖေကြီး ... ဒါ ချိုတို့ မကြာခင်မှာ တော်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ့် ရွှေးမလောင်းလေး၊ နာမည်က အခရာတဲ့''

သူမ အလှပဆုံးသော အပြုံးလေးနှင့် ထရပ်ပြီး နှုတ်ဆက်လိုက်စဉ် ...

''ဟင်''

မောင့်ဘေးတွင် မောင့်ပခုံးကိုဖက်ပြီး ရပ်နေသော လူတစ်ယောက်နှင့် မျက်ဝန်းချင်းဆုံသွားရတာမို့ ထိုသူကလည်း အံ့သြသွားသလို သူမမှာလည်း အသက်မရှူရဲလောက်အောင်ပင် မျက်နှာပျက်သွားရတော့သည်။

သူမ နှလုံးသွေးရပ်တန့်သွားရလောက်အောင် ကမ္ဘာကြီးချာချာလည်သွားရသည်။

''ထိုင် သမီး ... အန်ကယ်တို့ကို အားမနာနဲ့နော်''

''ဟုတ် ... ဟုတ်ကဲ့''

သူမ စကားတွေ အထစ်ထစ်အငေါ့ငေါ့နှင့် ထိုင်ချလိုက်သည်။ မောင့်ကို အရမ်းချစ်ပြီး မောင်ကလည်း အရမ်းချစ်ရပါတယ်ဆိုတဲ့ မောင့်လေးလေးဟာ သူမနှင့် ပါတနာတွေဖြစ်ခဲ့ဖူးသည့် 'ဦးလင်းခေတ်' ဖြစ်နေတာပါလား။

ကမ္ဘာကြီးက ဒီလောက်ပဲ ကျဉ်းရသလား။ သူမမှာ ပြေးစရာမြေမရှိတော့ဘူးလား။ ဒီပုံစံအတိုင်းဆိုရင်တော့ မောင်နှင့်သူမတို့





ဘဝရှေ့ရေးအတွက် ဘယ်နည်းနဲ့မှ ဆက်ရန်ရှိမှာမဟုတ်ဘူး။

မောင့်မိဘတွေမေးသော မေးခွန်းတွေကိုသာ ဂရုတစိုက်ဖြေဆိုရင်း 'ဦးလင်းခေတ်'၏မျက်နှာကို မသိမသာ ကြည့်မိလိုက်သည်။

ဘုရားရေ ...

မျက်မှောင်ကြီးကုတ်ပြီး စူးစိုက်ကာ သူမကိုကြည့်နေသော ဦးလင်းခေတ်၏မျက်နှာကြီးကြောင့် သူမ ခြေဖျားလေးတွေ၊ လက်ဖျားလေးတွေပင် အေးစက်လာသည်အထိ ကြောက်လန့်သွားရသည်။

ဖြစ်နိုင်ရင် ဒီအိမ်ကြီးထဲမှ ထွက်ပြေးသွားချင်နေမိသည်။ မောင့်မိဘတွေကတော့ ဘာမှမသိဘဲ ဖြူစင်သူတွေမို့ သူမကို ရွှန်းရွှန်းဝေအောင် စကားတွေ ပြောနေကြသည်။ ထိုစဉ် ...

''အခရာကို ကိုယ်တစ်ခု မေးချင်တယ်''

ပြတ်သားသော ဦးလင်းခေတ်အသံကြောင့် သူမကိုယ်လေးဆတ်ခနဲဖြစ်သွားရကာ ...

''ဟုတ် ... မေး ... မေးပါ''

သူမ တုန်လှုပ်သွားတာကို တခြား ဘယ်သူမှ မရိပ်မိပေမယ့် ဦးလင်းခေတ်ကတော့ ရိပ်မိပုံရသည်။

''တခြားတော့ မဟုတ်ပါဘူးကွာ၊ အခရာဆိုတာ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ရင်းလားလို့ သိချင်လို့ပါ၊ တခြားနာမည်ရော ရှိသေးလား''

သူမ မျက်နှာအပျက်ပျက်နှင့် . . .

''မ . . . မရှိပါဘူးရှင်''

''ကဲ . . . ဆယ့်နှစ်နာရီတောင် ကျော်ပြီ၊ လင်းခေ[တ်]ကလည်း ဘာတွေမေးနေမှန်းမသိဘူး၊ လာ . . . အားလုံး ထမင်း[စား]ရအောင်၊ အဆင်သင့်ပြင်ပြီးပြီ သား''

မောင့်အမေက စကားဖြတ်ပြောတာမို့ မောင်က သူမ လ[က်]ကလေးကို လာကိုင်၍ ထမင်းစားခန်းထဲသို့ ခေါ်သည်။ ဦးလင်းခေ[တ်]ကတော့ သူမနှင့်မောင့်အခြေအနေကို တစေ့တစောင်း လိုက်[ကြည့်]ခတ်နေသည်။ ထမင်းစားတော့လည်း လိုက်ရှုးစမ်းနေတော့ [သူမ]စားရတာ မလွတ်လပ်သလို စားချင်စိတ်လည်း မရှိတော့။ မောင်[နှင့်]မောင့်မိဘတွေကို အားနာ၍သာ အတင်းကြိတ်မှိတ်မျိုချနေရ[တာ]သူမပါးစပ်ထဲတွင် ဟင်းတွေက အရသာမတွေ့လှ။

ကြိတ်မှိတ်မျိုချလိုက်တာမို့ ထမင်းတစ်ပန်းကန်တော့ [ကုန်]သွားသည်။ မောင့်အမေက ထမင်းအုပ်ကလေးကိုင်ကာ . . .

''သမီး ထပ်ထည့်ဦးလေ''

''တော်ပြီ အန်တီ၊ သမီး ဒီလောက်ပဲ စားနိုင်လို့ပါ''

''ဟင်းတွေ မကြိုက်လို့လား သမီး''





မောင့်အဖေကပါ ဝင်မေးတာမို့ . . .

''မဟုတ် . . . မဟုတ်ပါဘူး ဦးရယ်၊ ဟင်းတွေကို ကြိုက်ပါတယ်၊ စားလို့လည်း ကောင်းပါတယ်၊ သမီး နည်းနည်း ရင်ပြည့်နေလို့ပါ''

သူမတို့အားလုံး ထမင်းစားပြီးတော့ ဧည့်ခန်းထဲတွင် ထိုင်ဖြစ်ကြသည်။ ဦးလင်းခေတ်ကတော့ ထမင်းစားပြီး အပေါ်ထပ်သို့ ပြန်တက်သွားကာ အောက်ထပ်သို့ ပြန်ဆင်းမလာတော့ပေ။ မောင်က . . .

''လေးလေးကလည်းဗျာ . . . အောက်ကိုတောင် ပြန်ဆင်းမလာတော့ဘူး''

မောင်က မကျေမနပ်နှင့် ပြောသည်။ လေမုန်တိုင်းတိုက်ရန်အတွက် လေငြိမ်သက်နေခြင်းပဲလား။ ဒါမှမဟုတ် သူမကိုပဲ ဘေးမဲ့ပေးလိုက်တာလား။

''သားကလည်းကွယ် အောက်ကိုတောင် မဆင်းလာတော့ဘူးလို့တော့ မပြောပါနဲ့၊ မင်းလေးလေးက မင်းကို ကလေးလိုပဲ သတ်မှတ်ထားတာလေ၊ ခုလိုမျိုး လက်ထပ်တော့မယ်ဆိုတော့ သူ့စိတ်မကောင်းဖြစ်သွားတာနေမှာပေါ့၊ သမီးရေ . . . စိတ်တော့ မရှိပါနဲ့ကွယ်၊ သူ့လေးလေးက သူ့ကို ချစ်လွန်းတော့ ခုလိုဖြစ်နေတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



မောင့်အမေစကားကြောင့် မောင့်အဖေက ...

"ခဏပါကွာ၊ မင်းသားက ကလေးမှ မဟုတ်တော့တာ သိပ်မကြာခင်မှာပဲ အိမ်ထောင်ပြုတော့မှာပဲကို၊ ဘာမှစိတ်မကောင်း မဖြစ်နဲ့ သမီး၊ နောက်တော့လည်း နေသားကျသွားမှာပါကွာ"

ဦးလင်းခေတ်သာ ပေါ်မလာခဲ့ဘူးဆိုရင် သူမဘဝလေး ဒေ စရာတွေနှင့်သာ အထိပြီးတော့မှာလေ။ အခုတော့ ...

မောင့်မိဘတွေနှင့်သာ စကားပြောနေရပေမယ့် သူမစိတ် ကတော့ အလွန်အိမ်ပြန်ရောက်ချင်နေပြီ ဖြစ်သည်။ ဒီနေရာတွ ဆက်ပြီး ထိုင်ချင်စိတ် သူမတွင် မရှိတော့ပေ။

အချိန်လည်း ကြာနေပြီမို့ သူမ မောင့်မိဘတွေထံ ခွင့်တောင ပြီး ပြန်ရန်ပြင်လိုက်သည်။

"အခုလို သမီး တန်ဖိုးထားပေးတဲ့အတွက် သမီးစိတ် မှာ ဒီနေ့လေးကို မှတ်ထားပေးပါ့မယ်၊ သမီးကို ပြန်ခွင့်ပြုပါဦးနော် ဆိုင်ကိုလည်း ခဏသွားရမှာမို့လို့ပါ"

"ဟုတ်ပြီ သမီး၊ သားရော လိုက်သွားဦးမလား"

"သားတော့ မလိုက်တော့ဘူး မေမေ၊ နိုင်သူနဲ့ စာအုပ ကျက်မလို့ ချိန်းထားတာ၊ မ ... မောင် မနက်ဖြန်ညနေလောက ပဲ လာခဲ့တော့မယ်နော်"





မောင်က မောင့်အမေကို ဖြေရင်းမှ သူမနားကပ်ကာ ခပ် တိုးလေး ပြောခြင်းဖြစ်သည်။ သူမက ခေါင်းညိတ်ပြလိုက်ကာ

"ဦးနဲ့အန်တီ ... သမီး သွားမယ်နော်"

သူမ ခွင့်တောင်းပြီး ထွက်လာခဲ့တော့သည်။ သူမဆိုင်ကို က်မသွားတော့ဘဲ အိမ်ကိုပဲ ပြန်ခဲ့လိုက်သည်။ အခု သူမ အငြိမ်း ချင်စိတ်ပေါက်နေသည်။

ဒီပုံစံအတိုင်းဆိုရင်တော့ ဦးလင်းခေတ်က သူမနှင့်မောင့်ကို သသဘောတူမှာမဟုတ်၊ ဟုတ်တယ်လေ ... သူမလို မိန်းကလေး နှင့် အမျိုးကောင်းသား မောင့်လိုလူမျိုးကို ဘယ်သူက သဘော မှာလဲ၊ သူမ ဘာဆက်လုပ်ရမလဲ။

သူမဘဝတော့ သွားပြီ မောင်ရေ။

မောင်နဲ့မဘဝ ဘယ်လိုမှ မဆုံနိုင်တော့ဘူး။

သိပ်မကြာခင် အချိန်အတွင်းမှာပဲ မောင်နဲ့မကြား မဟာ ိုင်းကြီး ခြားတော့မှာ မ ကြိုသိနေတယ်၊ ကံကြမ္မာက ငါ့အပေါ် း အရမ်းရက်စက်လွန်းတယ်။ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင် င်းခေတ်က မောင့်ဦးလေး ဖြစ်နေရတယ်လို့ကွယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ရတုတစ်ယောက် နိုင်သူတို့အိမ်တွင် စာကျက်နေစဉ် သူ့

ဖုန်းလေး ထမြည်လာခဲ့သည်။

"ဟဲလို . . . မေမေ"

"သား . . . သားလေး . . . အခုချက်ချင်း သား အိမ်

မြန်မြန်ပြန်ခဲ့စမ်းပါကွယ်၊ အရမ်းအရေးကြီးနေတယ်၊ မြန်မြန်လာ

နော်"

"ဘာတွေအရေးကြီးနေလို့လဲ မေမေ၊ အခု သားတို့ စာ

ကျက်နေတယ်လေ၊ ပြီးမှ လာခဲ့လို့မရဘူးလား မေမေ"

"မရဘူး သား၊ သား အခုချက်ချင်းသာ လာခဲ့၊ အ

အရေးကြီးနေတယ်၊ မင်းဖေဖေနဲ့ မင်းလေးလေးရော မင်းကို စော

နေကြတယ်၊ သားအတွက်ပါ သားရယ်၊ သားသိထားတဲ့အကြော

အရာတွေနဲ့ လုံးဝမသက်ဆိုင်တဲ့ကိစ္စကြီးကို အခုပဲ သားလေးလေ

ပြောပြလို့ သိလိုက်ရတယ်၊ သိပ်ကြောက်စရာကောင်းတာပဲ"

မေမေ့အသံက တုန်ယင်နေတာမို့ သူ ချက်ချင်းပြ

ဆုံးဖြတ်လိုက်သည်။

"ကဲ . . . သား . . . ခုပဲလာမယ် မေမေ"

သူ ဖုန်းပိတ်လိုက်ကာ စာအုပ်တွေကို ကျောပိုးလွယ်





လေးထဲ ထည့်လိုက်ပြီး နိုင်သူ့ကို . .

"ကဲ . . . ငါ အရေးကြီးကိစ္စရှိလို့ အိမ်ပြန်တော့မယ်ကွာ"

"မဟုတ်မှလွဲရော . . . ဟေ့ရောင် ရတု . . . မင်း မိဘတွေက

ခင်းမမကို အရမ်းသဘောကျသွားပြီး ခုချက်ချင်း တောင်းပေးမလို့

များလား မသိဘူးကွ"

သူငယ်ချင်းတွေ၏ နောက်ပြောင်စကားကို သူက ရယ်မော

လိုက်ပြီး . . .

"မင်းတို့ပြောတဲ့အတိုင်းသာဆိုရင် အိမ်ရောက်ရောက်ချင်း

ငါ ဖုန်းလှမ်းဆက်လိုက်မယ်ကွာ၊ ကဲ . . . ငါ သွားတော့မယ်ကွာ"

"ဟေ့ကောင် . . . ကားကို ဂရုတစိုက်မောင်းသွားဦး၊ တော်

ကြာ မင်္ဂလာမဆောင်လိုက်ရဘဲ မင်းအမေ ဆေးရုံကို ရောက်သွား

ဦးမယ်"

သူ့သူငယ်ချင်းတွေကို လက်ပြရင်း ကားမောင်းထွက်လာခဲ့

သည်။ အင်း . . . မေမေ ဘာများ အရေးကြီးနေပါလိမ့်။ လေးလေး

ကရော ဘာတွေပြောလိုက်လို့လဲ။ သူ တွေးမရပေ။

ခြံရှေ့ရောက်တော့ ခြံတံခါး အဆင်သင့်ဖွင့်ထားတာ တွေ့ရ

သည်။ သူ ကားကို ခပ်မြန်မြန်လေး မောင်းဝင်လိုက်ကာ ပေါ်တီကို

အောက်မှာပဲ ရပ်လိုက်သည်။ ဧည့်ခန်းထဲရောက်တော့ ဖေဖေရော၊



www.burmeseclassic.com

www.burmeseclassic.com



မေမေရော လေးလေးပါ မျက်နှာမကောင်းစွာနှင့် ထိုင်နေတာ တွေ့ရသည်။

သူ့ကိုမြင်တော့ မေမေက ...

"သား ... လာပြီ၊ လာ ... သား ထိုင်ဦး။ လင်းခေတ်မင်း ပြောမလား၊ ငါပဲ ပြောရမလား"

"မမပဲ ပြောပြလိုက်ပါ၊ လိုအပ်တာတွေကို ကျွန်တော် ဝင်ပြောမယ်"

လေးလေးနှင့်မေမေတို့၏တစ်လှည့်စီ ပြောနေသော စကားတွေကြောင့် သူက စိတ်မရှည်စွာဖြင့် လွယ်အိတ်ကို တစ်ဖက်ခုံမှာချပြီး သူက မေမေ့ဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဘာကိစ္စမို့လဲ မေမေ"

မေမေက သူ့ကိုကြည့်ကာ သက်ပြင်းချရင်း ...

"သား ... ဒီကိစ္စကို သားလေးလေးက ပြောပြလို့ မေမေတို့ အခုမှသိရတာ၊ မေမေတို့တော့ အကြီးအကျယ် အလိမ်အညာခံရဖို့ နည်းနည်းပဲ လိုတော့တယ် သားရယ် ...၊

မေမေပြောပြတာကို သေချာနားထောင်နော်၊ သားဖေဖေကတော့ အရမ်းစိတ်မကောင်းဖြစ်လွန်းလို့ ဘာစကားမှ မပြောချင်ဘူးတဲ့"





မေမေ့စကားကြောင့် သူဖေဖေ့ကို ကြည့်လိုက်မိသည်။

ဖေဖေက စိတ်မသက်မသာသောပုံစံမျိုးနှင့် ခေါင်းညိတ်ပြသည်။ အင်း ... ဒီပုံစံအတိုင်းသာဆိုရင် ဒီအရေးကြီးလှပါသည်ဆိုတဲ့ ကိစ္စမှာ သူက တစ်စိတ်တစ်ဒေသ ပါဝင်ပတ်သက်နေပြီ။

"ပြောပါ မေမေ"

"ဒီလိုသားရယ် ... သားလေးလေး မိန်းကလေးတစ်ယောက်ကြောင့် ဘဝပျက်မလိုဖြစ်သွားတာ သားသိတယ်နော်"

သူ ခေါင်းညိတ်ပြလိုက်သည်။ အဲဒါ သူနှင့် ဘာဆိုင်လို့လဲ။ လေးလေး မိန်းကလေးတစ်ယောက်ကို အရူးအမူး စွဲလမ်းလွန်း၍ အဲဒီမိန်းကလေးကို ကွန်ဒိုတွေဝယ်ပေး၊ သိန်းထောင်ကျော်တန် ကားတွေ ဝယ်ပေးခဲ့သည်။ ပြီးတော့ တစ်လကို ငွေတွေ ဘယ်နှစ်သိန်းသည်းမသိ ဘဏ်ထဲတွင် ထည့်ပေးထားသည်။ နောက်တော့ အဲဒီမိန်းကလေးက လေးလေးမသိအောင် ကားတွေ တိုက်ခန်းတွေရောင်းပြီး ထွက်ပြေးသွားသည်။ လေးလေး နိုင်ငံခြားမှ ပြန်ရောက်လာတော့ ဘယ်မှာမှ လိုက်ရှာလို့မတွေ့တော့အောင်ကို အဲဒီမိန်းကလေးက ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အဲဒီတုန်းက လေးလေးမှာ အရူးတစ်ပိုင်းကိုဖြစ်လို့၊ ပစ္စည်းတွေ ဆုံးရှုံး၍ မဟုတ်ဘဲ အဲဒီမိန်းကလေးကို ဆုံးရှုံးလိုက်ရလို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အဲဒီမိန်းကလေးကို လေးလေးက အရမ်းစွဲလမ်းခဲ့သည်ကို သူ အသိဆုံးပင်။ သူကတောင် အဲဒီမိန်းကလေးကို စိတ်နာခဲ့သေးသည်။ မုန်းလည်း မုန်းမိသည်။

အဲဒီကိစ္စတွေအားလုံး သူသိပြီးသားပဲကို မေမေက အခုမှ ဘာလို့ အစပြန်ဖော်ရတာလဲ။

"အဲဒီမိန်းကလေးဟာ သားလေးလေးနဲ့ လွန်လွန်ကျူးကျူး ဖြစ်ခဲ့ဖူးတာတွေကိုလည်း သား အသိပဲနော်"

သူ ခေါင်းညိတ်ပြလိုက်ရပြန်သည်။

"အဲဒီ သားလေးလေးနဲ့ ပတ်သက်ခဲ့ဖူးတဲ့ သားလေးလေးကို ဘဝမပျက်ရုံတမယ် စိမ်းကားခဲ့တဲ့၊ လုပ်ရက်ခဲ့တဲ့ မိန်းကလေးက တခြားလူမဟုတ်ဘူး သား။ သားရော မေမေတို့ရော အခရာအဖြစ် သိထားတဲ့ ယမထာပဲ သား"

"ဗျာ"

သူ့နားကိုယ်သူ မယုံနိုင်လောက်အောင် ဖြစ်သွားရသည်။ အခရာနှင့်ယမထာတဲ့။ ဘာတွေလဲ။ သူ သဘောမပေါက်။ နားလည်မလည်ချင်။ မေမေတို့ မှားနေတာပဲဖြစ်မှာပါ။ ရှာယ်လိုလုပ် လေးလေးရဲ့မိန်းကလေးဟာ မမ ဖြစ်ရမှာလဲ။ မဖြစ်နိုင်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး။

"ဟုတ်တယ် သား။ အဲဒါဟာ အမှန်တွေပဲ၊ သား ယုံအော





ပြဖို့အတွက် လေးလေးမှာ သက်သေတွေရှိတယ်၊ သား မေမေတို့ ပြောတာယုံစမ်းပါ၊ အခု သားချစ်သူ အခရာဟာ သားလေးလေးရဲ့ ယမထာပဲ၊ ဒါဟာ အမှန်တရားပဲ သား"

"ဟင့်အင်း မေမေ . . . ဒါ လုံးဝမဖြစ်နိုင်ဘူး။ မက အရမ်း ရိုးသားတယ်၊ သားရော, သားသူငယ်ချင်းတွေရော သိကြတယ်၊ မဖြစ်နိုင်ပါဘူး မေမေရယ် . . . မက အရမ်းဖြူစင်တာပါ"

သူက သွေးရူးသွေးတန်းနှင့် ဖွတ်ငြင်းနေတာမို့ လေးလေးက . . .

"သား . . . သားကို လေးလေး ဘယ်လောက်အထိ ချစ်တယ်ဆိုတာကို သား သိတယ်နော်၊ သားအတွက်ဆိုရင် လေးလေး ဘာပဲလုပ်ပေးရ လုပ်ပေးရ အားလုံးကို ရင်ဆိုင်ရဲတယ်၊ အခု ဒီကိစ္စမှာ အစကတော့ လေးလေး ဝင်မပြောတော့ဘူးလို့နေတာ၊ ဒါပေမဲ့ . . . လေးလေး ဝင်ပြောမှပဲ ဖြစ်တော့မယ်"

သူ့လေးလေး၏စကားတွေကို ငြိမ်သက်စွာ နားထောင်နေလိုက်သည်။

"တကယ်ပဲ အခရာဟာ ယမထာပဲ သား၊ အစကတော့ တူတာပဲဖြစ်မှာပါလို့ လေးလေး တွေးခဲ့သေးတယ်၊ သူက ဆံပင်ပုံစံ ပြောင်းထားတော့ ရုတ်တရက်ကြီးဆိုတော့ လုံးဝပြောင်းလဲနေတာယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ နောက်တော့ လေးလေး သူ့ကို သေချာအကဲခတ်လိုက်ကြည့်နေလိုက်တယ်၊ ဒါကို သူသိတယ်၊ သူလည်း မျက်နှာပျက်နေတယ်၊ သူ ဘယ်လောက်ပဲ ဖုံးကွယ်ဖုံးကွယ် သူ့ရဲ့လက်မအဆစ်အလယ်တည့်တည့်က မှဲ့နီလေးကိုတော့ ဖုံးကွယ်လို့မရခဲ့ပါဘူး''

သူဦးနှောက်ကို အလုပ်ပေးလိုက်တယ်။ ဟုတ်တာပဲ . . . မမမှာ လက်မအဆစ်အပြင်ဘက်မှာ မှဲ့နီလေးတစ်လုံး ရှိနေခဲ့တယ်။ သူ လက်မခံချင်သေး။ ဒါကို လေးလေးက ရိပ်မိပုံရတာမို့ . . .

''ရော့ သား . . . ဒီ stick လေးကို ဖွင့်ကြည့်လိုက်၊ အားလုံးရှင်းသွားလိမ့်မယ်''

သူ အခန်းထဲဝင်ကာ laptop တွင် stick ကို တပ်ပြီး ဖွင့်လိုက်မိသည်။ Laptop တွင် ပေါ်လာတာက ဘုရားရေ . . .

လေးလေးနှင့်အတူ ခုတင်ပေါ်တွင် . . . ဟာ . . . သွားပြီ။

သူ အခန်းအပြင်ကို ထွက်လာခဲ့သည်။ သူ့မျက်နှာ ပျက်နေတာကိုမြင်တော့ လေးလေးက . . .

''သား . . . မင်း ယုံပြီမို့လား၊ အခုရာနဲ့ယမထာဆိုတာ တစ်ယောက်တည်းပဲဆိုတာလေ၊ လေးလေး နိုင်ငံခြားက ပြန်ရောက်ရောက်ခြင်း သူ့ဆီကိုသွားတာ၊ ကွန်ဒိုကို တခြားလူကိုရောင်းပြီး သူတို့ ဘယ်ပြောင်းသွားကြလည်း မသိဘူး''





''သူတို့ဆိုတာ''

သူက လေးလေး၏စကားကို ဖြတ်၍မေးလိုက်သည်။

''ယမထာ့သူငယ်ချင်း နန်းမိုစစ်လေ''

သေချာခနုပါပြီ၊ တကယ်ပဲ မ,ဟာ အဲဒီလို မိန်းကလေးမျိုးဖြစ်ခဲ့သလား မောင် မယုံဘူးကွာ။

''လေးလေး . . . သူတို့သတင်းကို တစ်စတစ်စ စုံစမ်းရင်းသိခဲ့ရတာက သူတို့ဟာ ကြေးကြီးကြီးကို လက်ခံတဲ့အစားတွေတဲ့၊ နန်းမိုစစ်က ပိုများတယ်၊ သား စဉ်းစားလေ၊ တစ်ခုတော့ လေးလေးပြောမယ်ကွာ၊ သားစိတ်ထဲမှာ လေးလေးကို မစားရတဲ့အမဲ သဲနဲ့ပက်တဲ့လူလို့ မသိစေချင်ဘူး။ အခု သားကို ပြောနေတာဟာ ယမထာနဲ့ပတ်သက်ခဲ့ဘူးတဲ့ လူတစ်ယောက်အနေနဲ့ မဟုတ်ဘဲ သားကိုချစ်တဲ့ သားရဲ့ဦးလေးတစ်ယောက်အနေနဲ့ပဲ ပြောနေတာဆိုတာကို သား ယုံစေချင်တယ်၊ ကဲ . . . သား အခု ဘာဆက်လုပ်မလဲ''

သူ မတ်တတ်ထရပ်လိုက်သည်။

''သား . . . မ,ဆီကို သွားမယ်၊ သူ့ပါးစပ်က ဝန်ခံရင် သား ဆုံးဖြတ်ချက်ချမယ်''

သူ မေမေတို့ဆီမှ ဘာစကားသံမှ ထွက်မလာခင် အိမ်ထဲမှ ပြေးထွက်ခဲ့သည်။



www.burmeseclassic.com

"ဟဲ့ သား ... သား"

မေမေတို့ခေါ်သံက သူ့နောက်ပါးတွင် ကပ်ငြိပါလာသည်။ ဖေဖေကတော့ လူအေးပီပီ သဘောမကျပေမယ့် ဘာမှမပြော။

သူ့ခေါ်သံတွေကို ဂရုမစိုက်တော့ဘဲ ကားမောင်းကာ မ,ထံ သို့ ထွက်လာခဲ့သည်။ သူ့စိတ်တွေက မတည်ငြိမ်သလို ကားကို ကောင်းကောင်းမောင်း၍မရ။ သူ့အမြင်အာရုံတွေမှာ မနှင့်လေးလေး တို့၏ပုံရိပ်တွေသာ ကြီးစိုးနေတော့သည်။

မောင် အခု မကို မေးမယ့်မေးခွန်းတွေကို မဟုတ်ဘူးလို့ တစ်ခွန်းတည်းပဲ ငြင်းလိုက်စမ်းပါ။ ပတ်ဝန်းကျင်တွေ၊ မောင့်အသိုင်း အဝိုင်းတွေကို မောင် ရင်ဆိုင်မယ်။ မ,ဘက်ကသာ မဟုတ်ပါဘူးလို့ ငြင်းလိုက်ပါ။ မဘေးနားမှာ မောင် ရှိနေမယ်။ မ ဘာတွေပဲဖြစ် ဖြစ်ခဲ့ မောင် ခွင့်လွှတ်တယ်။

မောင်လေ မ,တစ်ယောက်တည်းကိုပဲ ချစ်ခဲ့ပြီး မ တစ် ယောက်တည်းကိုပဲ လက်ထပ်မှာပါ။ မောင်မေးမယ့် မေးခွန်းတွေ အ တွက် ငြင်းပေးပါ မရယ်။

သူ မတို့တိုက်ရှေ့မှာ ကားကိုရပ်ခဲ့ပြီး မအခန်းရှိရာသို့ ပြေး တက်လာခဲ့မိသည်။ အခန်းတံခါးရှေ့ရောက်တော့ ဘဲ(လ်)ကို အ မပြတ် နှိပ်ကာ အခန်းတံခါးကို တဒုန်းဒုန်းနှင့် ထုနေမိသည်။





တော်လေးကြာမှ အခန်းတံခါးကို မ,ကိုယ်တိုင် လာဖွင့်သည်။

မ၏နောက်တွင် မနန်းကိုလည်း တွေ့ရသည်။ မက တံခါး ကိုဖွင့်ပြီး ဆိုဖာပေါ်တွင် သွားထိုင်နေသည်။ မမျက်နှာလေးက တစ်မျိုး လေး တည်ငြိမ်နေသည်။

မနန်းက ...

"ရတု ... လာ အထဲကိုဝင်လေ"

သူ အထဲကိုရောက်ရောက်ချင်း မ၏ခုံဘေးက ကြမ်းပြင်တွင် ဒူးထောက်ထိုင်ချလိုက်သည်။ မ,ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်သွား တာကို သူ သတိပြုမိလိုက်သည်။ သူက မ,လက်ကလေးကိုကိုင်ကာ တိုးတိတ်စွာ ခေါ်လိုက်သည်။

"မ"

"ပြောစရာရှိတာ မြန်မြန်ပြောပါ ရတု"

မ၏အသံတွေက အေးစက်မာကျောနေသလို မ၏မျက်ဝန်း တွေကလည်း လိုအပ်တာထက် ပိုမိုတောက်ပနေသည်။ မက သူ့လက် ထဲမှ သူမ၏လက်ကို ရုန်းသည်။ သူ အသာလွှတ်ပေးလိုက်သည်။

"မ ... လေးလေးပြောတာတွေ မဟုတ်ဘူးမလားဟင်၊ လေးလေး လူမှားနေတာမို့လား"

မ မျက်ရည်တွေ ဝဲနေတာပါလား။ သူတောင်မှ ယောင်္ကျား

www.burmeseclassic.com



တစ်ယောက်ဖြစ်ပြီး မျက်ရည်ကျနေသေးသည်ပဲ။

မ,မျက်ရည်ဝဲတာ အဆန်းမဟုတ်ပါဘူး။

"မ ... မဟုတ်ဘူးမို့လားဟင်၊ လေးလေး လွှမ်းနေတာပါနော်၊ မ,က အခရာပဲဟာ၊ ယမထာနဲ့မက ရုပ်ချင်းဆင်တာပါ ဟုတ်တယ်မလား၊ မ ငြင်းစမ်းပါဗျာ၊ မဟုတ်ဘူးလို့ တစ်ခွန်းတည်း ငြင်းလိုက်စမ်းပါ၊ မောင် မကို လက်စွဲရဲတယ်၊ နော် ... မ၊ ငြင်းပါ နော်၊ မဟုတ်ဘူးလို့ ငြင်းလိုက်ပါနော်၊ မောင့်ကို ဘယ်သူတွေ တားတား မကို ရအောင်လက်ထပ်မယ်၊ အားလုံးကို မောင် ရင်ဆိုင် ရဲတယ်၊ မ ... သတ္တိရှိစမ်းပါဗျာ"

သူက အရူးတစ်ယောက်လို တတွတ်တွတ်နှင့် ပြောရင်း ပခုံးကို ကိုင်ကာ လှုပ်ယမ်းနေသည်။ မနန်းကတော့ ဝရန်တာတွင် မတ်တတ်ရပ်ကာ တခြားနေရာကို ငေးနေသည်။

"ဖယ်စမ်း ရတု"

မက သူ့လက်တွေကို ပုတ်ချရင်း ခပ်စိမ်းစိမ်းတစ်ချက် ကြည့်ကာ ...

"မင်း သိချင်တာကို ငါ ပြောပြမယ်၊ ငါ ပြောပြီးရင် မင်း ငါ့အိမ်ထဲက ထွက်သွားတော့၊ နောက်ထပ် ဒီဘက်ကို ဘယ်တော့ ခြေဦးမလှည့်နဲ့"





သူ မ,ရှေ့တွင် ငြိမ်သက်စွာ ဒူးထောက်နေလိုက်သည်။ ပြီးတော့ သူ့ကို မ,က နှုတ်ခမ်းလေးတစ်ချက်ကိုက်ကာ ကြည့်ပြီး ...

"ရတု ... ငါဟာ ယမထာပဲ၊ မင်းလေးလေးနဲ့ ပတ်သက်ခဲ့ဖူးတယ်၊ ငါဟာ မကောင်းတဲ့မိန်းမတစ်ယောက်ပါ၊ မင်းလေးလေး တစ်ယောက်တည်းတင်မဟုတ်ဘူး။ ယောက်ျားလေးငါးယောက်နဲ့ လည်း ပတ်သက်ခဲ့ဖူးတယ်"

"မပြောနဲ့ ... မ ဆက်မပြောပါနဲ့တော့၊ မောင် အားလုံးကို ခွင့်လွှတ်ပါတယ်၊ မောင်တို့ လက်ထပ်ရအောင်ပါ"

မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလာတာမို့ သူ လက်ခုံနှင့် သုတ်လိုက်သည်။

"မင်း ... ရူးနေတာလား ရတု၊ စိတ်ကူးမယဉ်စမ်းပါနဲ့၊ ငါ မင်းကို ပတ်သက်ခဲ့တာကလည်း မင်း့စည်းစိမ်တွေကို မက်လို့ မင်းကို လက်ထပ်ဖို့ အစကတည်းက ငါ့မှာ အစီအစဉ်မရှိဘူး"

မ,စကားအဆုံးတွင် သူ တုန်လှုပ်သွားခဲ့ရသည်။

"မ ... မ မညာနဲ့နော်"

"အမှန်တွေပဲ ရတု"

"မ ... မ ... မဟုတ်တာတွေ မပြောပါနဲ့၊ မောင် မနဲ့အတူ နေချင်တယ်၊ မောင့်ကို လက်ထပ်ပါ မရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတု ... မင်းက ငါနဲ့အတူ နေချင်တယ် ဟုတ်လား။ အတူနေချင်တယ်ဆိုတာ ဘာကိုပြောတာလဲ၊ ငါနဲ့အတူ အိပ်ချင်တာကို ပြောတာလား ... ဟုတ်လား၊ အဲဒါဆို လာလေ ... လာ"

မ,က ပြောပြောဆိုဆို ဝတ်ထားသော သူမအင်္ကျီကို ကြယ်သီးတွေကို ဆွဲဖြုတ်ပစ်လိုက်သည်။

"လာလေ ... လာ ... လက်မထပ်လည်း အတူနေလို့ရပါတယ်၊ လာ ... ငါက အဲဒီလို မိန်းမမျိုးပဲ ... လာ"

"မ ... မ ... ကျွန်တော့်ကို တဏှာရူးလို့ ထင်နေတာလား၊ မ ... ကျွန်တော် ခင်ဗျားကို လက်ထပ်ခြင်းတာ အဖြူသက်သက်ဗျ။ ချစ်လွန်းလို့ လက်ထပ်မှာဗျ။ ခင်ဗျားဗျာ ... ကျွန်တော့်အချစ်ကို မယူချင်ရင်နေပါ မစော်ကားပါနဲ့"

စကားဆုံးတော့ သူ မ,ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး မ,ရှေ့မှ ပြေးထွက်ခဲ့တော့သည်။ တိုက်အောက်ရောက်တော့ ကားထဲသို့ ကမူးရှူးထိုးဝင်ကာ တရကြမ်း မောင်းထွက်ခဲ့တော့သည်။ သူ့အိပ်မက်တွေအားလုံး ပျက်စီးကုန်ပြီ။

မ,က သူ့ကို တကယ်ချစ်ခဲ့တာ မဟုတ်ဘူးတဲ့။ သူ့ငွေစိမ်ဥစ္စာတွေကြောင့်တဲ့။ မရယ် ...

သူ့ကားလေး မီးပွိုင့်ကိုလွတ်အောင် အရှိန်မြှင့်လိုက်သည်။





တစ်ဖက်က ကွေ့ဝင်လာသော ကုန်တင်ကားကြီးကို သူ မမြင်မိလိုက်။

မြင်မိလိုက်သည့်အချိန်မှာတော့ အရာရာ နောက်ကျသွားခဲ့ချေပြီ။

"ဒုန်း"

သူ့ကားလေး နှစ်ပတ်သုံးပတ်လည်ကာ လိမ့်သွားတော့သည်။ သူ့တစ်ကိုယ်လုံး နာကျင်မှုများနှင့်အတူ နားထဲတွင် အသံတွေကြားနေရသည်။ သူ့မျက်စိတွေ ဝေဝါးကာ နောက်ဆုံးမှောင်အတိကျသွားတော့သည်။

သူ့နားထဲတွင် အသံတိုးတိုးလေးတစ်ခု ကြားနေရသေးသည်။

"မောင် ... မောင်ရေ"

❋

သူမရှေ့မှ သူ ရုတ်တရက် ပြေးထွက်သွားတယ်ဆိုရင်ပဲ သူမဟာ အသက်ဝိညာဉ်ကင်းမဲ့သွားခဲ့သလို အရုပ်ကြိုးပျက် လဲကျသွားတော့သည်။ နန်းက အပြေးလေးရောက်လာကာ သူမကို ဆွဲထူလိုက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ထာ . . . ထာ . . . သတိထားပါဦးဟာ၊ နင့်နားမှာ ငါ

တယ်လေ၊ အားလုံးပြီးဆုံးသွားပြီပဲဟာ"

သူမ နန်းကို ဖက်လိုက်ကာ အားပါးတရ ငိုချလိုက်မိတေ

သည်။

"နန်း . . . နန်းရယ် . . . သူ ငါ့ကို မုန်းသွားလောက်ပြီ

ငါတို့နှစ်ယောက် တကယ်ကိုဝေးရပြီ"

"သူ နင့်ကို မမုန်းလောက်ပါဘူးဟယ်၊ သူ နင့်ကို သိပ်

တာ နင်ရော, ငါရော သိတာပဲ"

"မမုန်းရင်တောင် ငါပြောလိုက်တဲ့စကားတွေအတွက်

အရမ်းစိတ်ထိခိုက်သွားမှာပဲ"

"ဒီလိုလုပ်ဖို့အတွက် ငါတို့ သေချာဆုံးဖြတ်ခဲ့ကြတာ

အဲဒါသာ နင့်အတွက်ရော သူ့အတွက်ပါ အကောင်းဆုံးဖြစ်ဖို့အ

ပဲဟာ"

ဟုတ်တာပဲ။ ဒီလိုဖြစ်အောင် နန်းနှင့်သူမ သေချာစဉ်း

ပြီး လုပ်ခဲ့တာပဲ။ သူမနှင့်အတူ ရှေ့ဆက်ဖို့ လုံးဝမဖြစ်နိုင်တေ

သူ စိတ်နာစေမည့်စကားတွေ၊ အပြုအမူတွေကို နန်းနှင့်တိုင်

ပြောလိုက်တာပါ။ ပြီးတော့ . . . ဦးလင်းခေတ်က သိပ်မကြာ

သူ့ကို ဖွင့်ပြောမယ်ဆိုတာကို သူမ ကြိုတွေးလို့ ရနေခဲ့သည်





ဒီအကြောင်းတွေကိုသိရင် သူ သူမထံကို အပြေးရောက်လာမှာပဲ

ဆိုတာသိ၍ နန်းနှင့် စီစဉ်ခဲ့ခြင်းဖြစ်သည်။

"ထာ . . . အခု နင်လုပ်လိုက်တာဟာ၊ ပထမတော့ သူ

ခံစားနေရလိမ့်မယ်၊ ဒါပေမဲ့ . . . ဒီကိစ္စတွေဟာ နောက်တော့

ဖြည်းဖြည်း သူ လက်ခံသွားလိမ့်မယ်၊ အဲဒီအခါကျရင် သူ့မှာ

နောင်တဆိုတာ ရှိတော့မှာမဟုတ်ဘူး။ ခုလိုလုပ်လိုက်လို့ သူ့အတွက်

ရော အကောင်းဆုံးပဲဆိုတာကို သူ သဘောပေါက်နားလည်လက်ခံ

လာလိမ့်မယ်"

ထိုစဉ် သူမ ဖုန်းလေး ထမြည်လာသည်။ ဦးလင်းခေတ်၏

န်းမှ . . .

"နန်း . . . နင်ပဲ ပြောလိုက်ပါ"

သူမ ရေချိုးခန်းထဲ ခဏဝင်ကာ မျက်နှာသစ်လိုက်သည်။

"ထာ . . . ထာ"

ရေချိုးခန်းဝတွင် ဖုန်းလေးကိုင်ကာ နန်းက စိုးရိမ်တကြီး

ကို ခေါ်သည်။

"ထာ . . . ရတု . . . ရတု . . . ကား accident ဖြစ်လို့တဲ့"

"ဘာ !"

သူမနားထဲ မိုးကြိုးပစ်လိုက်သလို ဆူညံသွားသည်။ သူမ



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း နန်းကို ကိုင်လှုပ်ကာ . . .

"အခု ဘယ်လို . . . ဘယ်လို ဖြစ်သွားပြီလဲ"

"နှင့်အိမ်ကအပြန် လမ်းမှာဖြစ်တာထင်တယ်၊ လိုအပ်တဲ့ ခွဲစိတ်မှုတွေ လုပ်နေတယ်တဲ့၊ ဒါပေမဲ့ . . . ဒဏ်ရာက ပျင်းလွန်းလို့ အခြေအနေမကောင်းဘူးတဲ့၊ နှင့်ကိုပဲ သတိတရ ခွဲစိတ်ခန်းမဝင်ခင်မှာ ခေါ်နေလို့ ဖုန်းဆက်လိုက်တာတဲ့၊ ဖြစ်နိုင်ရင် အခုချက်ချင်းလာရေး ပါတဲ့"

"အဲဒါဆို သွား . . . သွားရအောင်၊ ဘယ်ဆေးရုံလဲ ... . . . သူ . . . ဘာမှမဖြစ်ပါစေနဲ့၊ အဲ့ဒါ . . . အဲ့ဒါ . . . ငါ့ကြောင့် . . . ငါ့ကြောင့် ဖြစ်ရတာ"

သူမ၏သွေးရူးသွေးတန်းစကားတွေကြောင့် . . .

"ထာ . . . စိတ်အေးအေးထားစမ်းပါဟာ၊ ရတု ဘာမှမဖြစ် လောက်ပါဘူး၊ အခု သူ့အမေဆေးရုံမှာ"

"သွားရအောင် နန်း"

သူမ နန်းကိုတောင် မစောင့်တော့ဘဲ ပြေးဆင်းလာခဲ့သည်။ နန်းက သူမနောက်မှ ပြေးလိုက်ရင်း . . .

"ထာ . . . ကားကို ငါ မောင်းမယ်၊ နှင် မမောင်းနဲ့၊ ... နှင့်စိတ်တွေ အရမ်းလှုပ်ရှားနေတယ်"





သူမ ကားသော့လေးကို နန်းထံ ပစ်ပေးလိုက်သည်။ ကား လေးက တရိပ်ရိပ်ပြေးနေသည်။ သူမရင်တွေ ဝုန်းဒိုင်းကျဲကာ ခလောင်ဆူနေသည်။ သူသာ တစ်ခုခုဖြစ်ခဲ့လျှင် သူမကိုယ်သူမ ဘယ် လိုမှခွင့်လွှတ်နိုင်လိမ့်မည် မဟုတ်ပေ။

သူမအပေါ် သိပ်ချစ်ရှာခဲ့သော သူ့အပေါ် သူမဘာက်က တရားခဲ့ပါသလား။ သူမ ထားခဲ့တဲ့ မေတ္တာတရားနဲ့ချစ်ခြင်းဟာ သူ့ အတွက် အပြစ်ကင်းခဲ့ပါသလား။ သူမ ပေးအပ်လိုက်တာက သူ့ အတွက် အပြစ်ကင်းခဲ့ပါသလား။ သူမ ပေးအပ်လိုက်တာက သူ့အ တွက် နတ်ရေစင်တစ်ခွက်။ တကယ်တမ်း သူ့လက်ထဲရောက်ရှိသွား တာက ကျိန်စာသင့်နေတဲ့ အဆိပ်ရည်တစ်ခွက်။

ဒါကိုသိရက်နဲ့ နောက်ဆုံးချိန်အထိ သောက်ပြရဲသူ။ အပြစ် ကင်းစင်ပြီး ဘာအတ္တမှမပါတဲ့ ချစ်ခြင်းတွေနဲ့ သူမဟာ တကယ်ပဲ ထိုက်တန်ခဲ့လို့လား။

အပြစ်တွေအားလုံး ဝန်ချတောင်းပန်ဖို့အတွက် ငါ နှင့်ဆီကို လာခဲ့ပြီ။ ငါ့အပြစ်တွေကို ခွင့်လွှတ်ပေးပါ။ ငါ့ကို တစ်သက်လုံး နာင်တ,ရနေအောင်တော့ မလုပ်ခဲ့ပါနဲ့။ တကယ်တော့ ငါဟာ အတ္တ ကြီးခဲ့တာပါ။

ဖြူစင်တဲ့ ငါ့ဘဝကို ဖြူစင်လွန်းလှတဲ့ နှင့်လက်ထဲ ရက်ရက်



www.burmeseclassic.com

www.burmeseclassic.com



ရောရော ထည့်ပစ်ဖို့အထိ ငါ မိုက်မဲခဲ့တယ်။ ငါ့အပြစ်တွေပါ ရတု ရယ်။

ကားလေး ဆေးရုံရှေ့ ရပ်လိုက်တာနှင့် သူမ ကားပေါ်မှ ပြေးဆင်းလိုက်ပြီ၊ ဆေးရုံထဲ ဝင်ခဲ့လိုက်သည်။ အဝင်ဝနားက နာ(စ်) ထံ မေးလိုက်သည်။

"ဆရာမ ... ရတုရဲ့အခန်း ဘယ်မှာလဲဟင်"

နာ(စ်)ညွှန်ပြသောအခန်းကို သူမ သွားလိုက်သည်။ အခန်း ရှေ့အရောက် တံခါးဖွင့်ဖွင့်ခြင်းမှာပဲ တွေ့လိုက်ရသည့် မြင်ကွင်းက သူမဘဝအတွက် အဆိုးဆုံးမြင်ကွင်းတစ်ခုပါပဲ။ ပတ်တီးအဖွေးသား နှင့် သူက ခုတင်ပေါ်တွင် မျက်စိလေးမှိတ်လို့။

သူ့အမေက ထိုခုတင်ပေါ်မှ သူ့ကို လှုပ်နှိုးလိုက် ဖက်လိုက် နှင့် သည်းထန်စွာ ငိုကြွေးနေသည်။ သူ့အဖေကတော့ ခုတင်ဘေး တွင် ခေါင်းငိုက်စိုက်ချလို့။ ဦးလင်းခေတ်ကတော့ တောက်တခေါက် ခေါက်နှင့် နံရံတွင် မျက်နှာအပ်ကာ ငိုကြွေးလို့။

သူမ ခုတင်နားကို တရွေ့ရွေ့ တိုးကပ်သွားလိုက်သည်။ အနားကပ်လာသော သူမကို သူ့အမေက မော့ကြည့်ကာ စိမ်းကား နာကြည်းသောမျက်လုံးများနှင့် စိုက်ကြည့်ပြီး ...

"ယမထာ ... ညည်း ဘာလာလုပ်တာလဲ၊ ဘာလဲ ...





ညည်း သတ်လိုက်တဲ့ သားကောင် သေ ... မသေ ပိုသေချာအောင် လာကြည့်တာလား၊ ညည်း ... အဲဒီမှာ ပျော်လိုက်စမ်း၊ ငါ့သား သေပြီ၊ ငါတို့မိသားစု ညည်းနဲ့ ရန်ငြိုးမရှိဘဲနဲ့ ဘာလို့ အခုလို ဒုက္ခ လိုက်ပေးနေတာလဲ"

"သမီး ... သမီး ... ရတု ... ရတုကို လာတောင်းပန် တာပါ၊ ရတု သတိမေ့နေတာမလားဟင်၊ ရတု ... ရတု အသက် ရှိသေးတယ်မလား။ အန်တီ ... သမီးကို အမှန်အတိုင်း ပြောပြပေး ပါနော်"

သူမ သူ့အမေရှေ့တွင် ဒူးထောက်ထိုင်ချလိုက်သည်။

"ငါက အမေပါ ယမထာ၊ ကိုယ့်သားတစ်ယောက်ရဲ့အသက် ကင်းမဲ့နေတဲ့ ရုပ်အလောင်းကို ရှေ့ထားပြီး ငါ မညာဘူး၊ သား အသက်မရှိတော့ဘူး။ ငါ့သားလေး သေသွားပြီဟဲ့"

သူ့အမေက ပြောပြီး သူ့အလောင်းကို ဖက်ကာငိုသည်။ သူမကတော့ မယုံကြည်နိုင်သေးပေ။

သူ့အမေ သူမနှင့်သဘောမတူလို့ ညာနေတာ ...

"ဟင့်အင်း ... ဟင့်အင်း ... မဖြစ်နိုင်ဘူး၊ သူ မသေဘူး သမီး သိနေတယ်၊ သူ သတိမေ့နေတာပါ၊ သူ ... သူ ... သမီးကို ဘယ်တော့မှမထားခဲ့ဘူးလို့လည်း ပြောသွားသေးတယ်၊ အန်တီ ...



www.burmeseclassic.com

www.burmeseclassic.com



အန်တီက ဆရာဝန်ပဲ၊ သူ့ကို ထပ်ပြီးတော့ စမ်းသပ်ကြည့်ပါဦးနော်၊ ရတုက မသေပါဘူး။ လုပ်ပါ … အန်တီ တစ်ခါလောက်တော့ စမ်းသပ်ကြည့်ပေးပါ''

သူမ ချောက်ချားနေတာ အရူးတစ်ယောက်လို တတွတ်တွတ်နှင့် ပြောနေမိသည်။ ဦးလင်းခေတ်က သူမနားရောက်လာကာ

''မင်း ဘာလို့ လက်မခံနိုင်ရတာလဲ ယမထာ၊ ရတု သေပြီ ဒါ … အမှန်တရားတွေ၊ အဲဒါတွေအားလုံးရဲ့ အဓိကတရားခံက မင်းပဲကွ၊ မင်း … မင်းကြောင့် အပြစ်မရှိတဲ့ ငါ့တူလေး သေခဲ့ရတာ၊ မင်းလိုမိန်းမမျိုးအတွက် အသက်ပေးလိုက်တာ မတန်ဘူးကွာ''

သူမ ခေါင်းတွေ ချာချာလည်သွားခဲ့ရသည်။

တကယ်ပဲ …

သူ … သူ သေဆုံးသွားခဲ့ပြီပေါ့။ အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ လွန်ခဲ့သည့် နာရီပိုင်းလောက်ကပဲ သူမရှေ့တွင် ရှိနေခဲ့သေးသည်။

သူမကို အရာအားလုံး ခွင့်လွှတ်ပြီး လက်ထပ်ပါ့မည်ဟု ကတိပေးခဲ့သော သူ။ အခု … သူ လူ့လောကကြီးထဲမှာ မရှိတော့ဘူးတဲ့။ ဒါဟာ အိပ်မက်လား။ အိပ်မက် … ဟုတ်တယ်။ အိပ်မက်ပဲဖြစ်မှာပါ။ သူကတော့ သူမကို ဒီပုံစံနဲ့ ခွဲသွားချင်မှာ မဟုတ်ပါဘူး။





ရတုရယ်, မောင်ရယ် … ကျေးဇူးပြုပြီး မျက်တောင်လေး တစ်ချက်လောက်တော့ ခတ်ပြပါ။ မျက်လုံးလေး ဖွင့်ပြပါ။ ငါလုပ်ခဲ့တဲ့ အပြစ်တွေအတွက် တောင်းပန်ချင်လို့ပါ။

အပြစ်တွေ များလွန်းတဲ့ ငါ မင်းရှေ့ကို ဒူးထောက်ဖို့အတွက် အပြေးလေးလာခဲ့တာပါ။ ငါ့ကို … ငါ့ကို ဘယ်လိုပုံစံမျိုးနဲ့ ဆီးကြိုလိုက်တာလဲ။

သူ့အလောင်းဘေးတွင် ရပ်ပြီး ငိုကြွေးလိုက်မိသည်။ သူမခေါင်းတွေ ချာချာလည်အောင် မူးလာကာ မတ်တတ်ဆက်ရပ်၍ မရတော့။ မျက်စိတွေလည်း ပြာလာကာ အမြင်တွေ မှုန်ဝါးလာတော့သည်။

နောက်ဆုံးတော့ သူမ ဘယ်လိုမှ မတ်တတ်ဆက်မရပ်နိုင်တော့ဘဲ ယိုင်လဲကျသွားကာ အမှောင်ထုကြီး၏ဆွဲခေါ်ရာနောက်သို့ ထိုစဉ် … ကြယ်ပွင့်လေးတစ်ခု ထွက်ပေါ်လာခဲ့သည်။

သူမ၏တစ်ခုတည်းသော လမ်းပြကြယ်လေး။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

သတိရမိတိုင်း

အလွှမ်းတွေက ကြမ်းရှိင်းခက်ထန်လွန်းတယ်။

ပျော်ဝင်မိုးစက်တွေ …

ကောင်းကင် အထပ်ထပ်ရွာချပေးကြပါ။

လက်တွဲမဖြုတ်ခင်အထိ

လက်ချင်းမြဲချင်တယ်ဆို

ဘယ်သူက ထားသွားခဲ့တာလဲ

ပြောနေရင်းနဲ့ပဲ

ဟော…ကြွေပြန်ပြီ

ဟာ !

မျက်ရည်စက်တွေပါလား

ချစ်သူအတွက်မို့ပါ…

ခွင့်လွှတ်ပေးပါ လောကရယ် …။

## အခန်း (၁၆)

နန်းတစ်ယောက် ထော့နောက်ကို အပြေးလေးလိုက်လာခဲ့ပေမယ့် အခန်းဝကိုရောက်တော့ အဖြစ်အပျက်တွေက မယုံကြည်နိုင်လောက်အောင် ဖြစ်ပျက်သွားတော့သည်။ ဒီလောက်အထိ မြန်ဆန်သွားလိမ့်မည်ဟု သူမ တွေးမထင်ခဲ့မိတာ အမှန်ပင်။

သူမတောင် မတွေးမိခဲ့ဘူးဆိုရင် ထောကရော …

"ထော"

ပုံရက်ကလေး လဲကျသွားသော ထောကို သူမ လှမ်းအော်ရင်း အခန်းထဲသို့ ပြေးဝင်လိုက်ကာ ဆွဲပွေ့လိုက်သည်။ ထောကတော့ ငြိမ်သက်ပျော့ခွေလျှက် …



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ . . . အသက်မှရှိသေးရဲ့လား။

"ထာ . . . ထာ . . . သတိထားဦးလေ၊ ထာ နင့်မှာ ငါ ရှိတယ်လေ၊ ထာ . . . သတိထားပါဦး။ အန်တီ . . . ထာ . . . ထာ့ကိုကယ်ပါဦး၊ ဘာဖြစ်သွားတာလည်း မသိဘူး၊ ခေါ်လို့မရတော့ဘူး"

သူမက ထာ့ကို ဖက်လိုက်ကာ သွေးရူးသွေးတန်းနှင့် အော်ပြောနေမိသည်။

ထိုအချိန်မှာပဲ ရတုရဲ့အလောင်းကို ရေခဲတိုက်သို့ ပို့ရန်အတွက် သက်ဆိုင်ရာဝန်ထမ်းတွေ ရောက်လာသည်။ သူမက ထာ့အတွက် သွေးပျက်နေချိန်တွင် ရတုအမေကတော့ ရတုအတွက် အရူးမီးဝိုင်း ဖြစ်နေသည်။

ဦးလင်းခေတ်က ထာ့အတွက် နာ(စ်) တစ်ယောက်ကို လွှတ်ပေးသည်။ သံယောဇဉ်လက်ကျန် မကုန်သေးဘူး ထင်ပါရဲ့။

နာ(စ်)က စမ်းသပ်ပေးပြီး . . .

"စိတ်ထိခိုက်လွန်းလို့ သတိမေ့သွားတာပါ၊ အားဆေးသွင်းပြီး အနားယူလိုက်ရင် သက်သာသွားမှာပါ၊ ကဲ . . . ဟိုဘက်အခန်းကို ခေါ်သွားရအောင်နော်"

ဝန်ထမ်းနှစ်ယောက်ကိုခေါ်ကာ ထာ့ကို ရွှေ့ချီ၍ တစ်ဖက်အခန်းကို ပြောင်းလိုက်သည်။ အားဆေးတွေ သွင်းထားသော ဖြူ





ဖျော့ဖျော့ မျက်နှာလေးနှင့် ထာကတော့ ခုတင်ပေါ်တွင် ငြိမ်သက်လျက် . . .

ထာ သတိမေ့နေတာ တော်တော်ကြာနေပြီမို့ လာစမ်းသပ်ပေးသော ဆရာဝန်ကို . . .

"ဒေါက်တာ . . . ကျွန်မသူငယ်ချင်းအခြေအနေ ဘယ်လိုလဲဟင်"

"ဒီလို စိတ်ထိခိုက်ပြီး သတိမေ့သွားတဲ့သူတွေဟာ ချက်ချင်း သတိပြန်လည်လာတတ်သလို၊ အနည်းဆုံး တစ်ရက်နှစ်ရက်လောက်လည်း သတိမေ့တတ်ပါတယ်၊ စိတ်မပူပါနဲ့၊ စိုးရိမ်စရာ မရှိပါဘူး၊ အားဆေးတွေလည်း သွင်းထားတာဆိုတော့ သူ အားပြန်ပြည့်ရင် သတိရလာမှာပါ၊ ကျွန်တော်တို့လည်း မကြာမကြာ လာစမ်းသပ်ပေးပါ့မယ်"

"ဒေါက်တာ . . . ဟို ကျွန်မ တစ်ခုလောက်မေးချင်လို့ပါ"

"ရပါတယ် မေးပါ"

"ရတုကို ဘယ်အချိန် သင်္ဂြိုဟ်မလဲဟင်"

"ဒီနေ့ ညနေလေးနာရီလို့ ပြောတယ်ဗျ"

"ဟုတ် . . . ဟုတ်ကဲ့ပါ . . . ကျေးဇူးတင်ပါတယ်"

ဆရာဝန်က ပြောပြီးထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထာရယ် . . . မြန်မြန်သတိရပါတော့။

ရတုရဲ့နောက်ဆုံးခရီးကို နှင်လိုက်ပို့ချင်တယ် မဟုတ်လား
နိုးပါတော့နော်။

နှင့်ကို တစ်သက်လုံး နောင်တမရစေချင်လို့ပါ။

တကယ်တမ်း ထာ သတိရလာခဲ့တဲ့နေ့ဟာ ရတုကို သဂြိုဟ်
ပြီး နောက်တစ်နေ့မှာပါ။

"ထာ . . . ထာ . . . နှင် သတိရလာပြီနော်၊ ငါ အရမ်းဝမ်း
သာတာပဲဟယ်"

ထိုစဉ် ဆရာဝန် လာတာမို့ . . .

"ဒေါက်တာ . . . သူ အခုပဲ သတိရလာတာပါ"

ဆရာဝန်က စမ်းသပ်ပေးပြီး . . .

"လူနာက ကောင်းသွားပါပြီ၊ အားလည်း ပြည့်သွား
အဲ . . . ဒါပေမဲ့ စိတ်ထိခိုက်စရာတွေကို တွေးပြီး ခံစားမနေနဲ့တော့
ပြန်ပြီး stick ဖြစ်သွားမှာစိုးလို့"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဆရာဝန်က ခေါင်းညိတ်ပြကာ သေနားတွင်ရပ်နေသော
နာ(စ်)ကို ပိုက်တွေ အပ်တွေ ဖြုတ်ခိုင်းခဲ့ပြီး ထွက်သွားတော့သည်
နာ(စ်)က ထာ့လက်တွင် သွယ်ထားသော အားဆေးပုလင်း၏ပိုက်





အပ်တွေ ဖြုတ်ပြီး . . .

"မနက်ဖြန်ဆိုရင် ဆေးရုံက ဆင်းလို့ရပါပြီရှင်"

ပြောပြီး ထွက်သွားသော နာ(စ်)ကို သူမက တစ်ချက်ကြည့်
လိုက်ပြီး . . .

"ထာ . . . သက်သာရဲ့လား"

ထာက သူမကို ဖြူဖျော့ဖျော့မျက်ဝန်းများနှင့်ကြည့်ကာ
ခေါင်းညိတ်ပြသည်။ ပြီးတော့ သူမလက်ကို ခပ်ဖွဖွလေးဆုပ်ကိုင်ကာ
အားနည်းဖျော့တော့သော အသံလေးနှင့် . . .

"နန်း . . . ငါ့ကို အမှန်အတိုင်း ပြောပြပါဟာ၊ သူ . . . သူ
တကယ် . . . တကယ်ပဲ . . . လူ့လောကကြီးက ထွက်သွားပြီလားဟင်၊
ပြောပါ နန်းရယ်၊ ငါ အားလုံးကို လက်ခံနိုင်ပါပြီ၊ ငါ . . . ငါ ခံနိုင်
ရည်လည်း ရှိနေပါပြီဟာ"

သူမ ထာ့မေးခွန်းကြောင့် သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"ဟုတ်တယ် ထာ၊ သူ . . . သူ ငါတို့နားမှာ မရှိတော့ဘူး
ဟ၊ သူ . . . သူ့လောကကြီးက ထွက်သွားပြီ"

သူမက ထာကို ပြောပြရင်း စိတ်ထိန်းထားသည့်ကြားကပင်
မျက်ရည်ကျမိသည်။ ထာကလည်း မျက်ရည်ဝဲကာ . . .

"သူ့ကို ဘယ်အချိန် သဂြိုဟ်မှာလဲဟင်၊ ငါလေ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးခရီးလေး လိုက်ပို့ပေးချင်တယ်ဟာ၊ သူ့မိဘတွေက ငါ့ကို အရမ်းမုန်းနေတာဟ၊ ငါ ... ငါ ... သူ့မိဘတွေ မမြင်အောင် တိတ်တိတ်လေး လိုက်ပို့မှာပါ၊ ငါ သွားပါစေနော်၊ နန်း ... ငါ့ကို လိုက်ပို့ပေးပါနော်''

ဩော် ... ထာရယ် ... သနားစရာကောင်းလိုက်တာ။

သူ သတိမေ့နေတာကို ခဏလေးလို့ ထင်နေရှာတာကိုး

ရတုအသုဘ ပြီးဆုံးသွားပြီဆိုတာကို သူမ ဘယ်လိုပြော ထွက်ပါ့မလဲ။ ဒါပေမဲ့ မပြောလို့ကလည်း မဖြစ်တာမို့ သူမ ပြော အတွက် အားယူလိုက်ရသည်။

''ထာ ... နင် သတိမေ့နေတာ ခဏလေး မဟုတ်ဘူးဟ''

''ဟင် ... ဘယ်လောက်ကြာသွားလို့လဲ''

''သူ့ကို ... သူ့ကို မနေ့တည်းက သဂြိုဟ်ပြီးသွားပြီ''

''ဒါဆို ... ဒါဆို ... ငါ ... ငါ ... သူ့နောက်ဆုံးခရီး လိုက်မပို့နိုင်ခဲ့ဘူးပေါ့နော်၊ ဘာ ... သွားပါပြီဟယ်၊ ငါ ဘယ် ... ဘယ်လိုဖြေသိမ့်ရမလဲ၊ နန်း ... ငါ ဘာဆက်လုပ်ရမလဲဟ

သူမကို အားကိုးတကြီး ဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေး သော ထာ့ကို သူမ ဘယ်လိုစကားလုံးမျိုးတွေနဲ့ နှစ်သိမ့်ပေးရ

ထာ့အတွက် ရှေ့ဆက်ပြီး သူမ ဘယ်လိုကူညီပေးရ





ထာကရော သူမဘဝရှေ့ရေးအတွက် ဘာဆက်လုပ်မလဲ။

ထာ့ကို ကူညီမယ့် သူမဘဝကရော ထာ့အတွက် အကောင်း ဆုံးဖြစ်အောင် ဘာတွေလုပ်ပေးနိုင်မလဲ။ သူမကိုယ်တိုင်ကရော သူမ ဘဝအတွက် ရှေ့ဆက် ဘယ်လိုလေး လှမ်းရမလဲ။

ဘုရားရေ ... သူမဘဝအတွက် ဘာမှမလုပ်ရသေးပါလား။ သူမဟာ ခုချိန်ထိ ဘဝတစ်ခုကို မေ့ထားခဲ့တာပါလား။

အခုမှ ...

အခုမှ ...

ဘာလို့ ဒီအကြောင်းတွေကို တွေးမိရတာလဲ၊ ဘယ်သူပေး ခဲ့တဲ့ သင်ခန်းစာတွေလဲ။

ထာ့ကြောင့်လား။

ဒါမှမဟုတ် ...

အားလုံးထဲမှာ ကံဆိုးခဲ့သူ ရတုက ပေးခဲ့တာလား။

သူမ စဉ်းစားလို့မရတော့။

သူမခေါင်းထဲကို ဝင်လာခဲ့သော အသိတရားလေးတစ်ခု အတွက် ထိုအချိန်တွင် ထာကိုရော ရတုကိုပါ ကျေးဇူးတင်သွားခဲ့ရ သည်။

* * *



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ
အရောင်ပြန်တင်လို့မှ
အသက်မဝင်နိုင်တော့တဲ့
အိပ်မက်တစ်ခုပါ။
မဖြစ်နိုင်ချေများစွာထဲ
ဖြစ်ချင်တာတစ်ခုကို
လက်ဆုပ်လက်ကိုင်ပြချင်ခဲ့မိတာ
မှားသွားပြီလား
မနက်ဖြန်များစွာတွေ
ပြီးဆုံးနေဆဲ ...
စတင်နေဆဲ...
ဒီလိုအတိတ်နေ့တွေထဲ
အချစ်တစ်ခုသာ အဓိပ္ပါယ်ရှိကျိုးရင်း
အနာဂတ်တွေ
စုတ်ပြတ်သတ်နေခဲ့ပါပြီ။

## အခန်း (၁၇)

### "တစ်လခန့်ကြာသော်"

နန်းတစ်ယောက် ဆရာလေး ဓမ္မာဝတီကို ကန်တော့ပြီးချိန်တွင် ဆရာလေးက အေးမြချိုသာသော အပြုံးလေးနှင့် ...

"ဒကာမလေးရော အဆင်ပြေတယ်မို့လား၊ အေးလေ ... အခက်တွေ ကျော်လွှားခဲ့ပြီးပြီပဲ အဆင်ပြေမှာပါ၊ ဆရာလေးကတော့ ဝါတဝကြီးထဲက လွတ်မြောက်လာခဲ့တဲ့အတွက် အရမ်းဝမ်းသာရတယ်"

"အလုပ်အကိုင်ကလည်း အဆင်ပြေပါတယ် ဘုရား၊ ဆိုင်ရတဲ့ အကျိုးအမြတ်တစ်ဝက်ကိုလည်း ပရဟိတလုပ်ငန်းတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



လှူပါတယ်၊ လစဉ်လတိုင်းပါပဲဘုရား''

''ဒီလိုသတင်းမျိုးပဲ ကြားချင်ပါတယ်၊ ဆရာလေးကတော့ လူ့ဘောင်လောကကြီးကို စိတ်ကုန်လှပါပြီ၊ ခုလို ဘုရားရိပ်တရားရိပ်မှာပဲ တရားအားထုတ်ပြီး ရာသက်ပန်နေတော့မယ်၊ ဒကာမလေးလည်း ဒီကို ခဏခဏမလာပါနဲ့၊ ဆရာလေးလည်း အားလုံး အဆင်ပြေပါတယ်''

နန်း ဆရာလေးကို ထပ်ကန်တော့လိုက်ပြီး . . .

''တပည့်တော် ပြန်ပါဦးမယ် ဘုရား၊ ဆရာလေး ဒီလို သာသနာ့ဘောင်ထဲမှာ ပျော်မွေ့နေတာကို မြင်ရတာနဲ့တင် တပည့်တော် ဝမ်းသာပြီး စိတ်ချလက်ချနေနိုင်ပါပြီ ဘုရား၊ အရမ်းကို ကြည်နူးပီတိဖြစ်ရပါတယ်''

နန်း ဆရာလေးခေမာဝတီတဖြစ် သူမ၏ချစ်လှစွာသော သူငယ်ချင်းမလေး ယမထာ၏အေးချမ်းတည်ငြိမ်သော မျက်နှာလေးကို တစ်ချက်စိုက်ငေးကြည့်ပြီး သီလရှင်များ သီတင်းသုံးကျောင်းဝန်းလေးမှ ထွက်လာခဲ့တော့သည်။

ဪ . . . ထာတစ်ယောက်ကတော့ လူ့ဘောင်ကို စိတ်ကုန်ကာ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချလိုက်ပြီးပြီကို၊ သူမကတော့ ထာလို ဆုံးဖြတ်ချက် မခိုင်မာနိုင်ခဲ့၊ ထာဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်





တွေဟာ အိပ်မက်မှမဟုတ်ခဲ့တာပဲ။ သွေးပျက်ထိတ်လန့်စရာကောင်းတဲ့ အဖြစ်အပျက်ဆိုးကြီးကို သူမကိုယ်တိုင် ကြုံတွေ့မြင်ခဲ့ရတာပဲ။

သူမကတော့ လူ့ဘောင်ကို မစွန့်ခွာနိုင်ခဲ့ပေမယ့် ထာ ပေးခဲ့သော သင်ခန်းစာတွေကြောင့် သူမ၏အတိတ်ကို မေ့ဖျောက်ခဲ့ပြီး အေးချမ်းတဲ့ဘဝကို မပိုင်ဆိုင်နိုင်ပေမယ့် တည်ငြိမ်တဲ့ အလုပ်အကိုင်လေးနှင့် စိတ်ချမ်းသာစွာ ဘယ်သူ့အကူအညီမှမယူဘဲ တင့်တင့်တယ်တယ် နေနိုင်ခဲ့ပြီလေ။

ဒါတွေအားလုံးဟာ ထာ့ကြောင့်ပေါ့။

ထာ့ကိုလည်း ချီးကျူးမိသည်။ ထာဟာ ဆုံးဖြတ်ချက်ကို ရဲရဲဝံ့ဝံ့ ဆုံးဖြတ်နိုင်တဲ့ မိန်းကလေးတစ်ယောက်။ သူမကတော့ ထာ့လောက် မရဲဝံ့ခဲ့ပေ၊ ဒါဟာ သူမ ညံ့လို့လား။

ဒါပေမဲ့ ထာ့ကြောင့် သူမ၏အမှောင်အတိ ဖုံးလွှမ်းနေခဲ့သည့် ဘဝကြီးမှ ရုန်းထွက်နိုင်ခဲ့သည်။ ထာ့ရဲ့ရှေ့မှာတော့ အလင်းရောင်ပေးနိုင်မယ့် မဟာကွင်းပြင်ကျယ်ကြီးတစ်ခု။

သူမ ကားမောင်းရင်းမှ ပြုံးလိုက်မိသည်။

ပြီးတော့ ရှိုက်သံလေးတစ်ဝက်နှင့် ဆန္ဒပြုလိုက်မိတော့သည်။

''မိန်းကလေးတိုင်း . . . မိန်းကလေးတိုင်း သူမတို့လို ဘဝမျိုး မကြုံတွေ့ရပါစေနဲ့ ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



ထာ နေ့ထိုင်ရာ သီလရှင်ကျောင်းဝန်းလေးကတော့ သူမ၏ ကားလေး ဦးတည်ရာနှင့် ဝေး၍ . . . ဝေး၍ နောက်တွင် ကျန်ရစ်ခဲ့ချေပြီ။

ပရိသတ်များအား

အမြဲထာဝရဆေးစားတန်ဖိုးထားလျက် . . .

ခေတ်ပျိုဖြူ

BURMESE CLASSIC



www.burmeseclassic.com